

မြသန်းတင့် (မြန်မာပြန်)

# အကြာဆုံးစစ်ပွဲ မြန်မာပြည်

(၁၉၄၁-၁၉၄၅)

BURMA : THE LONGEST WAR (1941-45)

by Louis Allen

## မြသန်းတင့်၏ အမှာ

## တောင်ငူ ပြောက်ကျားတစ်ဦး၏ ထမင်းဝိုင်း

မိုးဖွဲလိုက်စဲလိုက်ဖြစ်နေသော လွန်ခဲ့သည့် ဩဂုတ်လကုန်ခါနီးတစ်ရက်၌ ဖြူး ဦးမြင့်ဆွေသည် ကျွန်တော် အပါအဝင် မိတ်ဆွေတစ်သိုက်ကို ထမင်းဖိတ်ကျွေးခဲ့လေသည် ။ ဦးမြင့်ဆွေနှင့် ကျွန်တော် မတွေ့သည် မှာ နှစ်ပေါင်း လေးဆယ်ရှိလေပြီ။ ထိုနှစ်ပေါင်းလေးဆယ်အတွင်းတွင် တစ်ခါမျှ မဆုံဖြစ်ကြတော့။ သူသည် ကုန်သည် ၊ လုပ်ငန်းရှင်၊ ဆန်စက်ပိုင်ရှင်၊ မြန်မာနိုင်ငံဆန်စက်ပိုင်ရှင်များ အသင်း ဥက္ကဋ္ဌ၊ တော်လှန်ရေးအစိုးရတက်လာသည့်အခါတွင် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တွင် အကြံပေးအဖွဲ့ဝင်လူကြီး၊ ကျွန်တော်က စာရေးဆရာ။ တွေ့စရာအကြောင်းရယ်လို့ သိပ်မရှိလှ။

ကျွန်တော်နှင့် သူ စတွေ့စက သူသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂတွင် အမှုဆောင်လူကြီးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ မော်တော်ယာဉ်သမဂ္ဂတွင် ဥက္ကဋ္ဌဖြစ်နေသည် ။ ကျွန်တော်က နယ်မှ လာသည့် အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်ကလေး တစ်ယောက်။

စစ်ပြီးခါစ ၁၉၄၅-၄၆ ခုနှစ် တစ်ဝိုက်တွင်

အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှု ဒီရေကြီးသည် အရှိန် အဟုန်ကောင်းနေသည် ။ စစ်နှင့် တော်လှန်ရေးမုန်တိုင်းတို့ ကို ဖြတ်သန်းလာခဲ့သည့် မြန်မာ လူထုသည် အမျိုးသား လွတ်လပ်ရေးတိုက်ပွဲအတွက် အသင့်ဖြစ်နေသည် ။ လယ်သမားများ ၏ မြေခွန်မပေးရေး တိုက်ပွဲများ ၊ အလုပ်သမားများ ၏ သပိတ်များ ၊ အမှုထမ်းပေါင်းစုံ၏ အထွေထွေ သပိတ်ကြီး။

အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ စစ်မျက်နှာများ သည် ကျောင်းစာသင်ခန်းများ ထဲတွင် လည်း ရှိနေသည် ။ ပျဉ်းမနားလယ်ဝေးတစ်ဝိုက်မှ ကြံခင်းများ ထဲတွင် လည်း ရှိနေသည် ။ ပဲခူးသာယာဝတီတစ်ဝိုက်မှ လယ်ကွင်းများ ထဲတွင် လည်း ရှိနေသည် ။ ရန်ကုန်ဆင်ခြေဖုံးမှ စက်ရုံအလုပ်ရုံများ ထဲတွင် လည်း ရှိနေသည် ။ ရေနံချောင်း၊ ချောက်မှ ရေနံမြေများ ၏ အရိပ်အောက်တွင် လည်း ရှိနေသည် ။ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ မိတ္ထီလာတစ်ဝိုက်မှ ထန်းတောများ ပြောင်းခင်းများ ထဲတွင် လည်း ရှိနေသည် ။ လားရှိုး၊ သီပေါတစ်ဝိုက်မှ လိမ္မော်ခြံများ ၊ ကော်ဖီခြံများ ထဲတွင် လည်း ရှိနေသည် ။ တောင်ကြီး၊ ပင်းတယတစ်ဝိုက်မှ နေကြာခင်းများ ၊ ထင်းရှူးတောများ ထဲတွင် လည်း ရှိသည် ။ ရေး၊ မြိတ်၊ ထားဝယ်နှင့် ကတ္တူကြီးများ ၏ လမ်းယာဉ်ရိပ်တွင် လည်း ရှိသည် ။ နမ္မတူတစ်ဝိုက်က သတ္တုတွင်းများ ၏ ဥမင် အမှောင်ထုထဲတွင် လည်း ရှိသည် ။ တစ်နိုင်ငံလုံးသည် အမျိုးသားလွတ်လပ်ရေး အတွက် စစ်နယ်ဝန်းကြီးတစ်ခု ဖြစ်သည် ။

ထိုမုန်တိုင်း အကြိုကာလတွင် ဖြူး ဦးမြင့်ဆွေကို ကျွန်တော် တွေ့ခဲ့ရခြင်း ဖြစ်၏။ ထိုစဉ်က ကျွန်တော်က အသက်နှစ်ဆယ်ပင် မပြည့်တတ်သေး။ ဖြူး ဦးမြင့်ဆွေက အသက်သုံးဆယ်ကျော်၊ အရပ်မြင့်မြင့်၊ အသားဖြူဖွေးလျက်၊ ဆံပင်ကို သေသပ်စွာ

ဖြီးထားတတ်သည် ။ နယ်မှ အလုပ်သမား သမဂ္ဂ အစည်းအဝေးတို့ ၊ ဘာတို့ လာတက်လျှင် ကျွန်တော်တို့ သည် ဗိုလ်ချုပ်ဈေး (ထိုစဉ်က စကော့ ဈေး) နောက်ဘက်တန်း မြန်မာနိုင်ငံလုံးဆိုင်ရာ မော်တော်ယာဉ်သမဂ္ဂရုံးရှိ ဦးမြင့်ဆွေထံ သွားပြီး မော်တော်ယာဉ်လက်မှတ် အလကား တောင်းကြသည် ။ န ယ် ကို ယ် စား လှ ယ် များ မှာ ပြန်စရာ စရိတ် မရှိကြ။ မီးရထားတွေကလည်း ရန်ကုန်နှင့် မန္တလေးကို နှစ်ည၊ သုံးည ကြာချင်ကြာတတ်သည် ။ တွဲကောင်းကောင်း မရှိ။ ပက်လက်တွဲကြီးတွေပေါ်မှာ လိုက်သွားရခြင်းဖြစ်သည် ။ စစ်လက်ကျန် မော်တော်ကားတွေ ပေါသဖြင့် အများအားဖြင့် ကုန်ကားကြီးများ ဖြင့် လိုက်ကြရသည် ။ ဥက္ကဋ္ဌ ဦးမြင့်ဆွေသည် မြန်မာတစ်နိုင်ငံလုံးရှိ မော်တော်ယာဉ်အားလုံးကို ချုပ်ကိုင်ထားသူဖြစ်လေသည် ။ ကျွန်တော်တို့ တစ်တွေ မော်တော်ယာဉ်လက်မှတ် သွားတောင်းလျှင် "ခင်ဗျားတို့ နယ်ကိုယ်စားလှယ်တွေ သိပ်နှိပ်စက်တယ်ဗျာ၊ ဒီတစ်ခါတော့ ပေးလိုက်မယ်၊ နောက်တစ်ခေါက် ဆိုရင်တော့ လာမတောင်းကြနဲ့ တော့"ဟု ညည်းတတ်သည် ။ ကျွန်တော်တို့ သည် သူ့ကို အားနာသောအားဖြင့် နောက်တစ်ခေါက် သွားတောင်းကြသည့်အခါတွင် လည်း ဦးမြင့်ဆွေသည် ညည်းညည်းညူညူဖြင့် ထုတ်ပေးလိုက်သည် ချည်း ဖြစ်၏။

အနှစ်လေးဆယ်ကြာ၍ ပြန်တွေ့ကြသည့်အခါတွင် ဦးမြင့်ဆွေသည် အသက် ၇၀ ကျော် နေလေပြီ။ ခြောက်ပေခန့်ရှိသော သူ့အရပ်နှင့် လိုက်အောင် ကိုယ်ခန္ဓာကလည်း ဝဖြိုးနေလေပြီ။ အရပ်အမောင်းရော၊ အလုံးအထည်ပါ ကြီးခိုင်သည့် ရောမလူကြီးတစ်ယောက် ဖြစ်နေလေပြီ။ ယခင်က မည်းနက်တောက်ပြောင်နေသော သူ့ဆံပင်များ

သည် ဖြူဖွေးနေကြလေပြီ။

"ခင်ဗျားတို့ ကို သတိရလို့ ထမင်းဖိတ်ကျွေးတာ"ဟု ဦးမြင့်ဆွေက ပြောသည် ။ သူကိုယ်တိုင် အရက်မသောက်တတ်သော ဦးမြင့်ဆွေသည် ကျွန်တော်တို့ အတွက် ယမကာဝိုင်းကလေးတစ်ဝိုင်းကိုလည်း ဖန်တီးပေးသည် ။ သူ့တွင် ဆီးချိုရောဂါ၊ နှလုံးရောဂါတို့ ရှိသဖြင့် ဘယ်ကိုမှ လည်း သိပ်မထွက် ဖြစ်တော့။ အစားကောင်းကိုကြိုက်၍ သူကိုယ်တိုင်လည်း ချက်တတ်ပြုတ်တတ်သော ဦးမြင့်ဆွေသည် မိတ်ဆွေများကို ချက်ပြုတ်၍ ထမင်းဖိတ်ကျွေးတတ်သည် ။ အားလျှင် စာဖတ်သည် ။ ဦးမြင့် ဆွေသည် ဒေါက်တာဂွမ်လျှောင်ခေါ် မောင်ဖြူးနှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူပီပီ စာပေကိုလည်း ဝါသနာထုံသည် ။ တစ်ခါတစ်ရံတွင် ဖက်ဆစ်တော်လှန်ရေးခေတ်က တောင်ငူပြောက်ကျားတို့ ၏ ကိုယ်တွေ့ဆောင်းပါးများကို မိုးဝေမဂ္ဂဇင်းတွင် ရေးနေသည် ကို ကျွန်တော် မကြာခဏ ဖတ်ရ၏။ သူသည် ဂျပန်တော်လှန်ရေးအတွင်း 'တောင်ငူပြောက်ကျား'ဟု နာမည်ကျော်ခဲ့သော တောင်ငူ နယ်မှ ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင် တစ်ဦးဖြစ်လေသည် ။

ကျွန်တော်တို့ သည် ယမကာဝိုင်းပေါ်တွင် စကားတွေ ပြောကြသည် ။ တစ်ယောက်နှင့်တစ်ယောက် ပြောစရာစကားတွေက မကုန်နိုင်။

"ကျွန်တော်တော့ အားရင် စာဖတ်စာရေးနဲ့ အချိန်ကုန်တာပဲ၊ အသက်လည်း ကြီးပြီလေ၊ ဒီအထဲမှာ ကျန်းမာရေးကလည်း သိပ်မကောင်းချင်ဘူး၊ ကျွန်တော့်သမီးနှစ်ယောက်က ဘိလပ်မှာ ဆရာဝန်လုပ်နေကြတယ်၊ သူတို့ ခေါ်တာနဲ့ ဘိလပ်ကို နှစ်ခေါက်သွားဆေးကုပြီး ပြန်လာခဲ့တာ"

ကျွန်တော်တို့ က စီးကရက်ဖြတ်ဖို့ ၊ ဝက်သားကို လျှော့စားဖို့ ပြောကြသည် ။

"စီးကရက်က ငယ်ပေါင်းဆိုတော့ မဖြတ်နိုင်တော့ဘူးဗျ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အဘွားကြီးဆုံးသွားတော့ ယောင်တောင်တောင် ဖြစ်ကျန်ရစ်ခဲ့တယ်။ ဒါနဲ့ ခုမှ တော့ ဆေးလိပ်ဖြတ် မနေတော့ပါဘူးလေဆိုပြီး ဆက်သောက်နေတာပဲ။ ဝက်သားရှောင်ဖို့ ဆိုတာကလည်း တော်တော် ခက်တယ်။ တရုတ်ပဲဗျာ။ ဘယ့်နှယ်လုပ် ဝက်သားမစားဘဲနေနိုင်မှာ လဲ"

ဦးမြင့်ဆွေသည် တဟားဟား ရယ်နေလေသည် ။

"ကျွ န် တော့် မှာ စာအုပ်တစ်အုပ်ပါလာတယ်။ ရေးတဲ့ လူက လူဝီအယ်လင်။ လူဝီအယ်လင် ဆိုတာ ဗိုလ်ချုပ်ဆလင်းရဲ့ အမှတ် ၁၄ တ ပ် မ တော် မှာ ထောက်လှမ်းရေးအရာရှိ၊ အရှေ့တောင်အာရှ စ စ် မြေ ပြ င် မှာ လည်း ထောက်လှမ်းရေးအရာရှိ လုပ်ခဲ့ဖူးတယ်၊ ဂျပန်လိုလည်း တတ်တယ်။ ဗိုလ်ချုပ်ဆလင်းရဲ့ အမှတ် ၁၄ တပ်မတော်နဲ့ ပါလာတော့ တောင်ငူမှာ ကျွန်တော်တို့ နဲ့ အတူတူ အလုပ်လုပ်ခဲ့ကြဖူးတယ်။ ကျွန်တော် ဘိလပ်ရောက်တော့ ကျွန်တော် ရောက်နေတယ်လို့ လှမ်းဖုန်းဆက်လိုက်တော့ သူ ရောက် လာပြီး သူနဲ့ ကျွန်တော်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြတယ်။ ဟိုတလောတုန်းက ‘စစ်တောင်းတံတားတိုက်ပွဲ’ဆိုတဲ့ စာအုပ်တစ်အုပ်ကို ရေးခဲ့တယ်။ ခု သူနောက်ဆုံးရေးတဲ့ ‘အကြာဆုံး စစ်ပွဲ-မြန်မာပြည်’ဆိုတဲ့ စာအုပ်ကို လက်ဆောင်ပေးလိုက်တယ်။ ဒီစာအုပ်က ၁၉၈၅ က ထုတ်ဝေတာ"

ဦးမြင့်ဆွေသည် အဖုံးထူကြီးဖြင့် ချုပ်ထားသည့်

စာအုပ်ကြီးတစ်အုပ်ကို ယူလာ၏။ လူဝီ အလယ်လင်ကိုယ်တိုင် လက်မှတ်ထိုးပေးလိုက်သည့် စာအုပ်ဖြစ်ပြီး ခံ့ညားသည့် စာအုပ်ကြီးတစ်အုပ် ဖြစ်သည် ။

"အဲဒါ ခင်ဗျား စိတ်ဝင်စားရင် ဘာသာပြန်စမ်းပါ"

ကျွန်တော်သည် စာအုပ်ကို လှန်ကြည့်နေမိသည် ။

"ဖတ်ဖို့ တော့ စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ မြန်မာပြန်လောက်အောင် စိတ်ဝင်စားစရာ ကောင်း၊ မကောင်း ဆိုတာကိုတော့ ကြည့်ရဦးမှာ ပဲ"

ကျွန်တော်သည် စစ်မှတ်တမ်းများ ၊ အထူးသဖြင့် မြန်မာပြည်နှင့် ပတ်သက်သည့် စစ်မှတ်တမ်းများကို စိတ်ဝင်စားပါသည် ။ စိတ်မဝင်စားဘဲ ရှိပါမည်လော။ လွန်ခဲ့သည့် လေးဆယ့်ငါးနှစ်က ထိုစစ်ကြီးသည် ကျွန်တော့်အိမ်ရှေ့မှ ဖြတ်သွားခဲ့သည် မဟုတ်လော။

စစ်ကြီး စတင် ဖြစ်ပွားစဉ်က ကျွန်တော်တို့ မှာ ကျည်းသားရိုက်၍ ကောင်းတုန်း၊ ခွေလိမ့်၍ ကောင်းတုန်း၊ ဂေါ်လီကျင်းစိမ်၍ ကောင်းတုန်း၊ တူတူ ပုန်းတမ်းကစား၍ ကောင်းတုန်း။

ကျွန်တော်တို့ တစ်တွေ စပါးကျီထဲတွင် တူတူပုန်းတမ်းကစားနေစဉ် သေနတ်သံတွေ တဝေါ ဝေါပေါ်လာကာ စပါးကျီနံရံကို ကျည်ဆန်တွေ လာမှန်ကြသည် ။ နံရံတွင် ကျည်ဆန်ပေါက်တွေ ဆန် ခါပေါက်ဖြစ်လျက်။ စပါးကျီနံရံ ကျည်ဆန်ပေါက်တွေကြားမှ ကြည့်လိုက်သည့်အခါ၌ အပြင်တွင် ကမ္ဘာစစ်ကြီးတစ်ခု ဖြတ်သန်းသွားသည် ကို ကျွန်တော်တို့ မြင်လိုက်ကြရသည် ။ စစ်ကာလ သုံးနှစ် အတွင်းတွင် သေနတ်သံတွေကို နေ့တိုင်း ကြားနေရသည် ။ ကိုယ့်အိမ်ပတ်ဝန်းကျင်တွင် ဗုံးတွေ တဝုန်းဝုန်း ပေါက်ကွဲနေကြသည် ။

ကျွန်တော် ပုန်းနေသည့် ဖုံးခိုကျင်းနှင့် ကပ်လျက် ဖုံးကျင်းပေါ်သို့ ဖုံးတည့်သည့်ကျသဖြင့် စောစောက ကျွန်တော်နှင့် ကစားနေသော သူငယ်ချင်းနှင့် သူ့မိသားစု တစ်စုလုံး ဖုံးထဲ ပါသွားကြသည် ။ ဖုံးကြဲပြီး၍ ကျွန်တော်သွားကြည့်သည့်အခါတွင် ခန်းဆီးကို အင်္ကျီ ချုပ်ထားသည့် ကျွန်တော့်သူငယ်ချင်း၏ လက်မောင်းကလေးတစ်ဖက်က အနားက မန်ကျည်းပင် ကြီးပေါ်တွင် တွေ့ရသည် ။ အခြားအစအနများကိုမူ ရှာမရတော့။ သူတို့ မိသားစုတွင် စုစုပေါင်း၊ ဆယ့်နှစ်ယောက်ရှိရာ တစ်ယောက်မျှ မကျန်တော့ပြီ။ သို့ဖြင့် သူတို့ အမျိုးသည် ကမ္ဘာ့မြေပြင်မှ အစတုံး ပျောက်ကွယ်သွားခဲ့ကြသည် ။ အိပ်လျှင် ကျွန်တော်တို့ တစ်တွေ ဖုံးခိုကျင်းတွေထဲမှာ အိပ်ရသည် ။ စာသင်တော့ ဖုံးခိုကျင်းတွေဘေးက သစ်ပင်ရိပ်တွင် သင်ရသည် ။ တစ်ကြိမ်တွင် ဖုံးကြဲပြီး ဖုံးကျင်းထဲက ထွက်လာသည့်အခါတွင် အုတ်ခုံသာ ကျန်ရစ်ခဲ့သော ကျွန်တော်တို့ အိမ်ကို တွေ့ရသည် ။ တစ်ခါတွင် ဖျားနာ၍ ကျန်ရစ်ခဲ့သည့် ဂေါ်ရခါးစစ်သားတစ်ယောက် ကျွန်တော်တို့ အိမ်တွင် သောင် တင်ကျန်ခဲ့ပြီး ကျွန်တော့်အိမ်မှာ ပင် ထမင်းချက်လုပ်နေသည် ။ တစ်နေ့တွင် ဂျပန်စစ်တပ်က လာခေါ် သွားရာမှ အိမ်သို့ ပြန်ရောက်မလာတော့။ တစ်ကြိမ်တွင် အင်္ဂလိပ်စပစ်ဖိုင်ယာတိုက်လေယာဉ် တစ်စင်း ထန်းတောထဲ ထိုးကျသွားရာသို့ ကျွန်တော် သွားကြည့်ရာ မီးလောင်ကျွမ်း၍ မည်းနက်သော အလောင်းကိုသာ မြင်ရတော့သည် ။ လေယာဉ်နှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင် ဒိုင်ယာရီ စာအုပ်ကလေး တစ်အုပ်။ အထဲတွင် သူနှင့် ပိုးပဝါမြိတ်ကို တရှုတ်ဆွဲ၍ လျှောက်လာသော မိန်းမပျို တစ်ယောက်။ ပန်းစည်းများကိုကိုင်၍ ပြုံးနေကြသည် ။ အင်္ဂလိပ်ဝင်ခါနီး တစ်နေ့တွင် လက်ပစ်ဗုံးကို ဆုပ်ကိုင်၍ ဖောက်ခွဲကာ

ဟာရာကီရီ လုပ်သွားသော ဂျပန်စစ်ဗိုလ်တစ်ယောက်ကို ကျွန်တော် မြင်လိုက်ရသည် ။

စစ်ကြီးသည် ကျွန်တော်တို့ အား သင်ခန်းစာများ စွာကို ပေးခဲ့လေသည် ။ လူလားမမြောက် တမြောက်တွင် စစ်ကို တွေ့လိုက်ရသည့် ကျွန်တော်သည် စစ်ကို တစ်ခါတည်း မုန်းသွားလေသည် ။

စစ်၏ ထိုနိမိတ်ပုံများ သည် ကြီးသည် အထိ ကျွန်တော့်မျက်ထဲမှ မထွက်တော့။ စစ်အနိဋ္ဌာရုံတို့ သည် ယခုတိုင် တစ်ခါတစ်ရံ အိပ်မက်ထဲတွင် လာ၍ ခြောက်လှန့်နေကြသေးသည် ။

ကြီးလာသည့်အခါတွင် ကျွန်တော်သည် လူမမည်ဘဝက မြင်လိုက်သော မြန်မာပြည်စစ်ကြီး အကြောင်းကို ဖတ်မိသည် ။ ဗိုလ်ချုပ်မောင့်ဘက်တန်၊ ဗိုလ်ချုပ်ဆလင်း၊ ဗိုလ်ချုပ်စတီးဝဲလ်၊ ဖာဂတ်ဆန်၊ ကားလ်ဗတ်၊ ဂျွန်မာစတား၊ အန်ထော်နီ ဘရက်ဂျိမ်းစ်၊ မိုင်းစ်စမီတန်၊ အိတ်အီးဘိတ်စ်၊ ဝေါလ်တာတက်စတား၊ ရစ်ချက်မေဆန်၊ တိုနီမိန်းစ်၊ ကွန်ပတန်မက္ကဇီ စသူတို့ ၏ မြန်မာပြည်တိုက်ပွဲနှင့် ပတ်သက်သော စစ်သမိုင်းများ ၊ မှတ်တမ်းများ ၊ ဝတ္ထုများ ။

ကျွန်တော်သည် ကျွန်တော်လူမမည်က ကိုယ်တွေ့ကြုံလိုက်သော စစ်ကြီးကို စာအုပ်ထဲတွင် ပြန်တွေ့ချင်နေသည် ။ ထိုစစ်ပွဲကြီးတွင် သူတို့ ဘယ်လို ခံစားခဲ့ကြသနည်း။ သူတို့ သတ္တိ၊ သူတို့ အားမာန်၊ သူတို့ သူရဲဘောကြောင်မှု၊ သူတို့ မိုက်မဲမှု၊ သူတို့ မျှော်မှန်းချက်၊ သူတို့ အားငယ်မှု၊ သူတို့ ပျော်ရွှင်မှု၊ သူတို့ ကြေကွဲမှုတို့ ကို သိချင်နေသည် ။ စစ်ပွဲကြီးတစ်ခုသည် ဇာတ်ဆောင်များ ၏ အလွမ်းနှင့် အသော၊

အပြုံးနှင့် အငို၊ အရှက်နှင့် အကြောက်၊ အချစ်နှင့် အမုန်း၊ အကြမ်းနှင့် အနု စသည် တို့ ကို ကြည့်ချင်သည် ။ ထိုလှုပ်ရှားမှုများ နောက်ကွယ်ရှိ ညွှန်ကြားပြသသူတို့ ၏ ရည်ရွယ်ချက်ကို သိချင်သည် ။

ကျွန်တော် ဖတ်ဖူးသမျှသော မြန်မာပြည်စစ်ပွဲအကြောင်း ရေးသားထားသည့် စာအုပ်များ အထဲတွင် ယခုအထိ လူဝီအယ်လင်၏ 'အကြာဆုံး စစ်ပွဲ မြန်မာပြည်'သည် အပြည့်စုံဆုံး ဖြစ်လေသည် ။ ဗိုလ်ချုပ်ဆလင်း၏ မှတ်တမ်းသည် ဖတ်၍ ကောင်းသည် မှန်ပါ၏။ အချက်အလက်များ လည်း စုံလင်ပါ၏။ သို့ရာတွင် ဗိုလ်ချုပ်ဆလင်းသည် စစ်တုရင်ကွက် ခြောက်ဆယ့်လေးကွက်စလုံးပေါ်မှ စစ်တုရင်ရုပ်များကို ကိုင်ရွှေ့နေရသည့် စစ်တုရင်ကစားသမား ဖြစ်လေသည် ။ စစ်တုရင်ကစား သမားသည် စစ်တုရင် ခုံပေါ်မှ အကွက်အားလုံးကို ခြုံကြည့်ရသည် ။ ထိုအရုပ်များ ၏ အရွှေ့ အပြောင်းကို ခြုံကြည့်ရသည် ။ စစ်နယ်ဝန်းကြီးတစ်ခုလုံးကို ခြုံကြည့်ရပြီး စစ်တပ်များ ၏ လှုပ်ရှားမှုများကိုလည်း ခြုံကြည့်ရသည် ။ နယ်ရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ရထား စသည် တို့ ၏ တစ်ရုပ်ချင်း အကြောင်းကို အသေးစိတ် မပြောနိုင်၊ ပြောချိန်လည်း မရ။

ဖာဂတ်ဆန်၊ ကားလ်ဗတ်၊ ရစ်ချက်မေဆန်၊ ဂျွန်မာစတား စသူတို့ ၏ မှတ်တမ်းများ သည် လည်း ဖတ်၍ ကောင်းသည် မှန်ပါ၏။ အချက်အလက်လည်း ပါပါ၏။ သို့ရာတွင် သူတို့ သည် နယ်ရုပ်များ သာ ဖြစ်ကြရာ သူတို့ ဆိုင်ရာ စစ်တုရင်ကွက်လောက်အကြောင်းကိုသာ အသေးစိတ် ပြောနိုင်သည် ။ စစ်တုရင်ခုံကြီး အကြောင်းကို ခြုံ၍ မပြောနိုင်၊ ပြောဖို့ လည်း အချိန်မရ။

လူဝီအယ်လင်၏ 'အကြာဆုံးစစ်ပွဲ မြန်မာပြည်'တွင် ကား စစ်တုရင်ခုံကြီးတစ်ခုလုံး အကြောင်းကိုလည်း တွေ့နိုင်သည် ။ တစ်ကွက်စီ တစ်ကွက်စီတွင် ရှိနေသည့် နယ်ရုပ်များ အကြောင်းလည်း တွေ့နိုင်သည် ။ စစ်တုရင်ကစားသမား၏ စိတ်ကူးကိုလည်း တွေ့နိုင်သည် ။ စစ်တုရင်ကစားသမားနှင့် နယ်ရုပ်တို့ ကြား ဆက်ဆံရေးကိုလည်း တွေ့နိုင်သည် ။

ပို၍ ထူးခြားသည် မှာ သူ့စာအုပ်ထဲတွင် မြန်မာပြည်စစ်ပွဲနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ ထင်မြင်ချက်များ ၊ ရှုထောင့်များ ၊ လှုပ်ရှားမှုများကို တင်ပြထားခြင်း ဖြစ်လေသည် ။ ယခင် စာအုပ်များ ထဲတွင် မူ အင်္ဂလိပ်တို့ ဘက်မှ လှုပ်ရှားမှုကိုသာ တွေ့ရပြီး ယခု စာအုပ်တွင် မူ အင်္ဂလိပ်ဘက်နှင့် ဂျပန်စစ်တုရင်သမားနှစ်ယောက်စလုံး၏ လှုပ်ရှားမှုများကို တင်ပြထားလေသည် ။ အချက်အလက်များကို ယူရာတွင် လည်း အင်္ဂလိပ်ရင်းမြစ်၊ ဂျပန်ရင်းမြစ်နှင့် မြန်မာရင်းမြစ်တို့ မှ ယူထားသဖြင့် အချက်အလက် ပို၍ စုံသည် ဟု ပင် ဆိုနိုင်သည် ။

သူ့စာအုပ်ခေါင်းစဉ် အပြည့်အစုံမှာ 'အကြာဆုံးစစ်ပွဲမြန်မာပြည် ၁၉၄၁-၄၅'ဟူ၍ ဖြစ်သည် ။ လေးနှစ်မျှသာ တိုက်လိုက်ရသော စစ်ပွဲတစ်ပွဲကို အဘယ်ကြောင့် အကြာဆုံးစစ်ပွဲဟု ဆိုရ လေသနည်း။

ဤသည် ကို လူဝီအယ်လင်က သူ့နိဒါန်းတွင် အောက်ပါအတိုင်း အဖြေပေးခဲ့ပါသည် ။

(မြန်မာပြည်စစ်ပွဲသည် ) ရည်မှန်းချက် အသွယ်သွယ်၊ လူမျိုးနွယ်အသီးသီးတို့ အကျုံးဝင်နေသော စစ်ပွဲကြီးဖြစ်ပါသည် ။ ထိုစစ်ပွဲကြီးတွင် ဗြိတိသျှ၊ ဂျပန်၊ တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊

ဂေါ်ရခါး၊ အရှေ့နှင့်အနောက်အာဖရိကလူမျိုးများ ၊ မြန်မာ၊ ကရင်၊ ကချင် စသည် တို့ ပါဝင်ကြပါသည် ။ ဂျပန်ဗိုလ်မှူးကြီး မူဝါ ပြောသကဲ့သို့ စစ်ဆင်ရေးအမျိုးမျိုး ပါဝင်နေသော စစ်ပွဲကြီးလည်း ဖြစ်ပါသည် ။ မြန်မာပြည်က စစ်ပွဲသည် တောတွင်းစစ်ဆင်ရေး၊ တောင်ပေါ်စစ်ဆင်ရေးနှင့် ရေကြောင်းစစ်ဆင်ရေးတို့ ပါဝင်သည့် စစ်ပွဲဖြစ်ပါသည် ။ ကျောက်ခေတ်နှင့်သာထိုက်တန်သော လက်တစ်ကမ်းတိုက်ပွဲများ ပါဝင်သည့် စစ်ပွဲကြီးလည်း ဖြစ်ပါသည် ။ အမြောက်ကြီးများ ၊ မော်တော်ယာဉ်ကြီးများ နှင့်တကွ တပ်မကြီးများကို လေကြောင်းမှ သယ်ဆောင်ရခြင်းမျိုးရှိသလို နှစ်ဆယ်ရာစုနှစ်နှင့် လုံးဝ သင့်လျော်ခြင်း မရှိတော့သော စိတ်ပျက်ဖွယ်ကောင်းသည့် နှေးကွေးမှုတို့ ကို ကြုံတွေ့ရသည့် စစ်ပွဲကြီးလည်း ဖြစ်ပါသည် ။ ဝေးလံသီခေါင်လှသော တောတွင်းကွက်လပ်များ တွင် စက်မဲ့လေယာဉ်ဖြင့် ဆင်းသက်ရသည့်အခါလည်း ရှိ၍ မော်တော်ဘုတ်များ ဖြင့် ပင်လယ်ကမ်းခြေက ကနစို တောကြီးများ ထဲသို့ ထိုးဝင်ဆိုက်ကပ်ရသည့်အခါများ လည်း ရှိပါသည် ။ နှင်းတွေ ပိန်းပိတ်အောင် ဖုံးလျက်ရှိသော တောင်တန်းကြီးများ ပေါ်သို့ တက်ရသလို သည်းထန်စွာ ရွာနေသော မိုးရေထဲ၌ သားရေဖိနပ်တွေ ပုပ်ပွကုန်အောင် ရွှံ့ဗွက်တွေထဲတွင် ချီရသည့်အခါလည်း ရှိပါသည် ။ ရှေ့တွင် ကိုယ်ရင်ဆိုင်တွေ့ရမည့်လူကဲ့သို့ နေရာနှင့် ရာသီဥတုသည် လည်း ကိုယ့်ရန်သူ ဖြစ်နေပါသည် ။ မြန်မာပြည်သည် ကမ္ဘာတွင် အလှဆုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည် ။ ပူပြင်းခြောက်သွေ့သော အိန္ဒိယမှ ထွက်လာခဲ့သည့်နောက်တွင် မြန်မာပြည်မှ စိမ်းမြ ညို့မှောင်သော သစ်တောကြီးများကို လေယာဉ်ပေါ်မှ စီးကြည့်ရသည်

မှာ စကျွပသာဒ အတွက် ကောင်းချီးမင်္ဂလာတစ်ပါး ဖြစ်ပါသည် ။ သို့ရာတွင် ထိုတောအုပ်များ ထဲတွင် တပ်မကြီးတစ်တပ်လုံးကို ပြုတ်ပြုတ်ပြုန်းသွားစေနိုင်သည့် ရောဂါအန္တရာယ်များ ခိုအောင်း နေကြပါသည် ။ တိုက်ပွဲစဉ်ကြီးတစ်ခုလုံးကို ဖရိုဖရဲ ဖြစ်သွားစေနိုင်သည့် ရောဂါအန္တရာယ်များ ခိုအောင်းနေကြပါသည် ။ ပိုးမွှားတစ်ကောင်ကြောင့် သေလောက်သော 'တိုက်ဖတ်စ်' ရောဂါတစ်မျိုး ဖြစ်နိုင်ပါသည် ။ ခြင်တစ်ကောင်ကြောင့် ပင်ပန်းလာသော ထောင်ပေါင်းများ စွာသော တပ်သားတို့ ငှက်ဖျားရောဂါ စွဲကပ်ကုန်ကြပါသည် ။ မျှော့ကြီးများ သည် အတင်းကျပ်ဆုံး စီးထားသည့် ဖိနပ်ရှည်ကြီးထဲသို့ ဝင်လာကာ စီးကရက်မီးဖြင့် တို့ ၍ ခွာချရသည် အထိ ကိုယ်မှ သွေးများကို စုပ်ယူကြပါသည် ။ ထို့ကြောင့် မြန်မာပြည်စစ်ပွဲသည် လုံ့စွပ်စစ်ပွဲ၊ အမြောက်စစ်ပွဲ၊ လေယာဉ်စစ်ပွဲလည်း ဖြစ်ပါသည် ။ မြန်မာပြည်စစ်ပွဲသည် အလွန် ကြမ်းကြုတ်ရက်စက်သော စစ်ပွဲဖြစ်ပါသည် ။ ထိုစစ်ပွဲတွင် ဖမ်းမိ၍ သုံ့ပန်းဖြစ်ရသည် ထက် ချက်ချင်း ကျဆုံးသွားသည် ကမှ တော်ပါသေးသည် ။ တပ်မှူးတွေ စိတ်မထိန်းနိုင်ဖြစ်ကာ တပ်သားများအား အသေခံတိုက်ပွဲများကို အတိုက်ခိုင်းတတ်ကြပါသည် ။ စစ်စည်းကမ်း ဖောက်သဖြင့် ဆယ့်ကိုးရာစုနှစ်ကထက်ပင် ကြမ်းကြုတ်ရက်စက်သော ပြစ်ဒဏ်များကို ပေး တတ်ကြပါသည် ။

ထိုစစ်ပွဲသည် ၁၉၄၀ ပြည့်နှစ်များ အတွင်း ဂျပန်၏ အနောက်ဘက်အကျဆုံးသော ထိုးဖောက်မှုဖြစ်ပြီး ဂျပန်စစ်တပ်ကြီး၏ သမိုင်းတွင် ကုန်းပေါ်၌ အကြီးဆုံးသော ရှုံးနိမ့်မှုကြီး ဖြစ်ပါသည် ။ ထိုစစ်ပွဲသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှတို့ တိုက်ခဲ့ရသော

အကြာဆုံးသော စစ်ပွဲကြီးလည်း ဖြစ်ပါသည် ။ စစ်ရေးအမြင်ဖြင့် ကြည့်လျှင် ထိုစစ်ပွဲသည် အကြောင်းနှစ်ခုကြောင့် တိုက်ခဲ့ရခြင်း ဖြစ်ပါသည် ။

ပ ထ မ အ ကြော င်း မှာ တရုတ်ပြည်သွား လမ်းမကြီးကို ဖွင့်ထားနိုင်ရန်၊ ထိုသို့ဖြင့် တရုတ်ပြည်က ဂျပန်ကို ဆက်လက် ခုခံတိုက်ခိုက်နိုင်ရန်၊ သို့တိုက်နေခြင်းအားဖြင့် အနောက် ဘက်သို့ ရွေ့လာနိုင်ဖွယ်ရှိသော ဂျပန်တပ်မကြီးများကို အားထားရန် ဖြစ်ပါသည် ။

ဒု တိ ယ ရ ည် ရွ ယ် ချ က် မှာ ဗြိတိသျှအင်ပါယာထဲမှ လက်လွတ် ဆုံးရှုံးသွားခဲ့ရသော မြန်မာပြည်ကို ပြန်လည် သိမ်းပိုက်ရန် ဖြစ်ပါသည် ။ သို့ရာတွင် အချိန်နောက်ကျသွားပါပြီ။ စစ်ပွဲသည် ပြီးခါနီးနေပြီ။ ထိုလမ်းမကြီး မဖွင့်ဘဲနှင့်လည်း လက်နက်ရိက္ခာတို့ ကို လေယာဉ် ဖြင့် အလွယ်တကူ ပို့နိုင်နေလေပြီ။ ဗြိတိသျှတို့ ကျားကုတ်ကျားခဲ တိုက်ခိုက်ယူခဲ့ရသော မြန်မာပြည်သည် လည်း လွတ်လပ်ရေးရပြီးနောက်တွင် ဓနသဟာယအဖွဲ့ကို အစောဆုံး စွန့်ခွာသွားခဲ့ပါသည် ။ ထိုအဖြစ်သည် ဗြိတိသျှတို့ အဖို့ ‘ခဲလေသမျှ သဲရေကျ’ဖြစ်ရသည့် ကြေကွဲ ဖွယ်အဖြစ်ပင် ဖြစ်ပါသည် ။

ကိုဟီးမားတိုက်ပွဲတွင် ကျဆုံးခဲ့သူတို့ အတွက် စိုက်ထားသည့် အထိမ်းအမှတ် ကျောက်တိုင်တွင် ထိမိသော ကဗျာလေးတစ်ပုဒ်ကို ရေးထိုးထားပါသည် ။

‘သင်တို့ တစ်တွေ အိမ်ပြန်ရောက်သောအခါ

ငါတို့ အကြောင်းကို ပြောပြပါ

သင်တို့ ရဲ့ မနက်ဖြန်အတွက်

ငါတို့ ရဲ့ ယနေ့ကို ပေးဆပ်ခဲ့တယ်’

သို့ဖြစ်လျှင် မည်သူတွေ မနက်ဖြန်အတွက် သူတို့ အသက်များကို ပေးဆပ်ခဲ့ကြရလေသနည်း။

မိမိတို့ အဖို့ အပျော်ဆုံးစစ်မြေပြင်သည် ဂျာဗားကျွန်းဖြစ်ပြီး အဆိုးဆုံးစစ်မြေပြင်သည် မြန်မာပြည်ဖြစ်သည် ဟု ဂျပန်တို့ က ပြောကြပါသည် ။ မြန်မာပြည် စစ်မြေပြင်သည် သူတို့ အတွက်သာမဟုတ်၊ ဗြိတိသျှတို့ အတွက်လည်း အဆိုးဆုံးဖြစ်ပါသည် ။

စစ်ပွဲဆိုသည် မှာ မည်သို့ရှိသည် ကို ပြောချင်သဖြင့် ဤစာအုပ်ကို ကျွန်တော်ရေးပါသည် ။ ထိုမျှမက စစ်ပွဲနောက်တွင် ရှိသည့် နိုင်ငံရေး အဆောက်အဦကို သိမြင်နိုင်ရန် ထူးခြား ဆန်းကြယ်သည့် စစ်မြေပြင်တွင် ပါဝင်တိုက်ခိုက်နေကြသော စစ်ဗိုလ်၊ စစ်သားတို့ ၏ ခံစားချက်ကို နားလည်နိုင်ရန် ဆိုသည့် ရည်ရွယ်ချက်လည်း ပါပါသည် ။ ထိုသို့ ရေးရာတွင် ကျွန်တော့်တွင် (အင်္ဂလိပ်နှင့်ဂျပန်) နှစ်ဖက်စလုံးမှ အမြင်ကို တင်ပြရန် အားထုတ်ထားပါ သည် ။

ဦးမြင့်ဆွေအိမ်မှ ပြန် လာပြီးနောက် ကျွန်တော်သည် လူဝီအယ်လင်၏ စာအုပ်ကို နှစ်ရက်တည်းဖြင့် အပြီးဖတ်ပစ်လိုက်သည် ။ လူဝီအယ်လင်သည် ထိုစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့တုန်းက အသက်နှစ်ဆယ့်နှစ်နှစ်သာ ရှိသေး၏။ သူကိုယ်တိုင် ပါဝင်တိုက်ခိုက်ခဲ့ရသော်လည်း ထိုစစ်ကြီး အကြောင်းကို ကောင်းစွာ နားမလည်။ ယခု အသက်ခုနစ်ဆယ်တွင်း ရောက်၍ ပြန်ကြည့်လိုက်သည့် အခါတွင် မှ ထိုပန်းချီကားကို အနီးအဝေးမှန်အောင် ကြည့်နိုင်ပုံရသည် ။ လူဝီအယ်လင်သည် ဒါဟမ် တက္ကသိုလ်တွင် ပြင်သစ်စာပေကို ပို့ချလျက်ရှိပြီး

စာပေဝေဖန်ရေးကျမ်းများ၊ စစ်သမိုင်းများကို ရေးသားနေသည်။

ကျွန်တော်သည် ဘုမသိဘမသိဖြင့် ကမ္ဘာစစ်ကြီး ကိုယ့်အိမ်ရှေ့တွင် ဖြတ်သွားသည် ကို အသွားတစ်ကြိမ် အပြန်တစ်ကြိမ် ကြုံခဲ့ရသည်။ စစ်အနိဋ္ဌာရုံတို့ ကို မြင်ခဲ့ရသည်။ သို့ဖြင့် စစ်ကို မုန်းတတ်လာခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် မွေးဖွားလာသည့် မျိုးဆက်သစ်များ သည် ကမ္ဘာစစ်ကြီး အကြောင်းကို ကိုယ်တွေ့မကြုံခဲ့ကြရပါ။ ထို့ကြောင့် စစ်အနိဋ္ဌာရုံတို့ ကိုလည်း မသိနိုင်ကြပါ။ လူဝီ အယ်လင်၏ စာအုပ်သည် မြန်မာပြည်စစ်မြေပြင် စစ်တုရင်ခုံတွင် ကစားသွားခဲ့ကြသော စစ်တုရင် ကစားသမားနှစ်ဦးစလုံး၏ ရှုထောင့်မှ ရော၊ နှစ်ဖက်နယ်ရုပ်များ ၏ ရှုထောင့်မှ ပါ ရေးသားထားသည့် စာအုပ်ဖြစ်ရာ မြန်မာပြည်စစ်မြေပြင်နှင့် ပတ်သက်၍ ယခုအထိ အစုံလင်ဆုံးသော စာအုပ်ဖြစ်ပါ သည်။

နောက်တစ်ခေါက် ဦးမြင့်ဆွေနှင့် တွေ့သည့်အခါတွင် သူက စာအုပ်အကြောင်းကို မေးသည်။

"ကျွန်တော်တို့ စာဖတ်ပရိသတ်တွေ သိသင့်တယ်လို့ ထင်တယ်လေ၊ ကျွန်တော် ကြိုးစားပြီး ပြန်မယ်လို့ ဆုံးဖြတ်ပြီးပြီ"

"သာဓုဗျာ သာဓု သာဓု"

ဦးမြင့်ဆွေ၏ မျက်နှာသည် ဝင်းထိန်သွားပါသည်။

"သာဓု ခေါ်ရမှာ က ကျွန်တော်က ခေါ်ရမှာ ပါ၊ ပထမဆုံး စေတနာ ပေါက်ခဲ့သူက ဦးမြင့်ဆွေ မဟုတ်လား"

ဦးမြင့်ဆွေ တိုက်တွန်းချက်ကြောင့် အချိန်ရသလောက် ကြိုးစားပြီး ကျွန်တော် မြန်မာပြန် လိုက်ပါသည် ။ ‘အကြာဆုံး စစ်ပွဲ မြန်မာပြည်’သည် အရှည်ဆုံး ဆောင်းပါးဖြစ်မည်လားတော့ မပြောတတ်ပါ။

**စားကြွင်း။**  ။ယခု ဆောင်းပါးကို မဂ္ဂဇင်းတိုက်သို့ ပို့ပြီး တစ်ပတ်အကြာ နိုဝင်ဘာလ ၂၃ ရက် နေ့တွင် သခင်လှကွန်းသည် ကျွန်တော့်ထံ ပေါက်လာကာ ယနေ့ ဦးမြင့်ဆွေက ဖိတ်ထားသဖြင့် သူ့အိမ်သွားရန် လာခေါ်လေသည် ။

"ဦးမြင့်ဆွေက ကျွန်တော့်ကို တယ်လီဖုန်းဆက်တယ်။ ခင်ဗျားကို ခေါ်ပြီး လာခဲ့ပါတဲ့ ။ စကားလေး ဘာလေး ပြောရအောင်"တဲ့ ။

"ဟုတ်တယ်၊ ကျွန်တော်လည်း သွားချင်နေတယ်။ တလောက ဦးမြင့်ဆွေ ဆေးရုံတက်တယ်လို့ ကြားလိုက်တယ်။ ကျွန်တော် မရောက်ဖြစ်ဘူး။ ခုမှ သွားမေးရမယ်။ ရောဂါ ဘယ့်နှယ်နေသေး သလဲ"

"သူ့ရောဂါက စုံလို့ ပဲ ဆီးချိုဖြစ်တာကလည်း အနှစ်နှစ်ဆယ်လောက်ရှိပြီ။ နှလုံးကလည်း သိပ်မကောင်းဘူး။ ခုတော့ နည်းနည်း သက်သာသွားပါပြီ။ ဒါကြောင့် ဆေးရုံက ပြန်ဆင်းလာတာ။ ဘယ့်နှယ်လဲ ခုလိုက်မလား"

"ဒီနေ့ ကျွန်တော် မအားဘူး သခင်လှကွန်း၊ သွားစရာကလေးတွေ ရှိနေတယ်"

"ဒါဖြင့် မနက်ဖြန်ရော"

"မနက်ဖြန်လည်း ကျွန်တော် စာရေးစရာကလေးတွေ

အပြီးသတ်ရေးလိုက်ဦးမယ်။ ဦးမြင့်ဆွေဆီ ရောက်ရင် တော်တော်နဲ့ ပြန်ဖြစ်မှာမဟုတ်ဘူး ။ စကားပြောတာနဲ့ ၊ ဘာနဲ့ ဆိုတော့ အေးအေးဆေးဆေး သွားမှ ကောင်းမှာ။ သန်ဘက်ခါ(နိုဝင်ဘာလ ၂၅ ရက်နေ့) မအားဘူးလား။ အဲဒီနေ့သွားမယ်လေ"

"ကောင်းသားပဲ ကျွန်တော် တယ်လီဖုန်းဆက်လိုက်မယ်"

သခင်လှကွန်းသည် ကျွန်တော့်ကို သန်ဘက်ခါတွင် ဦးမြင့်ဆွေဆီ သွားရန် ချိန်းပြီး ပြန်သွား လေသည်။

သခင်လှကွန်းမှာ ဂျပန်တော်လှန်ရေးကာလက ဦးမြင့်ဆွေ၏ ပြောက်ကျားစခန်းတွင် လေထီးနှင့် ဆင်းသွားဖြစ်သဖြင့် သူတို့ ချင်း အမြဲလိုလို တွေ့တတ်သည် ။ တယ်လီဖုန်းတို့ ဘာတို့ လည်း အဆက်အသွယ်ရှိသည် ။ ကျွန်တော့်မှာ တယ်လီဖုန်းမရှိသဖြင့် ဦးမြင့်ဆွေနှင့်ဆက်သွယ်လိုလျှင် သခင်လှကွန်းမှ တစ်ဆင့်သာ ဆက်သွယ်ရပါသည်။

နောက်တစ်နေ့မနက်တွင် သခင်လှကွန်း ကျွန်တော့်ထံ ပေါက်လာပြန်ကာ -

"ဦးမြင့်ဆွေဆီကို မနေ့မနက်က ကျွန်တော် တယ်လီဖုန်းဆက်လိုက်တယ်၊ သန်ဘက်ခါကျရင် လာခဲ့တဲ့ ကြက်သားနဲ့ ပလာတာကျွေးမယ်တဲ့ ။ သူ့အနားမှာ ကြက်သားနဲ့ ပလာတာဆိုင် ကောင်းကောင်း ရှိတယ်တဲ့ ။ စကားပြောကြရအောင်တဲ့ ။ သူကလည်း ညှော်သည် မျှော်နေတာတဲ့ ။ လာဖြစ်အောင် လာခဲ့တဲ့ "

ကျွန်တော်တို့ နှစ်ယောက်သည် မနက်ဖြန် (နိုဝင်ဘာ ၂၅ ရက်နေ့) တွင် ဦးမြင့်ဆွေဆီသို့ သွားပြီး ထမင်းစားရန် ချိန်းလိုက်ကြသည် ။

သခင်လှကွန်း ပြန်သွားပြီး ဘာမျှ မကြာလိုက်ပါ။ သတင်းစာကို ကောက်ကြည့်လိုက်သည့် အခါတွင် ဦးမြင့်ဆွေ မနေ့က ကွယ်လွန်ကြောင်း နာရေးကြော်ငြာကို တွေ့လိုက်ရသဖြင့် ကျွန်တော် အံ့အားသင့်နေသည် ။

နောက်တစ်နေ့တွင် သခင်လှကွန်း ကျွန်တော့်ဆီ ပေါက်လာပြန်ကာ-

"တနင်္လာနေ့ မနက်တုန်းက ကျွန်တော် သူနဲ့ ဖုန်းထဲက စကားပြောတယ်။ လာခဲ့ကွာတဲ့ ။ မြသန်းတင့်ရော ခေါ်ခဲ့တဲ့ ။ ငါ စောင့်နေမယ်တဲ့ ။ အဲဒီတုန်းက အကောင်းကြီးပဲ။ အဲဒီနေ့ ညနေမှာ ဆုံးသွားတာပဲ။ ခု အသုဘကို သွားပို့ကြရမယ်"

ကျွန်တော်နှင့် သခင်လှကွန်းသည် ဦးမြင့်ဆွေအကြောင်းကို ပြောလာမိကြသည် ။

"ငါ စာတွေ ရေးချင်တယ်ကွာတဲ့ ။ အသက်လည်း ကြီးပြီ။ ငါ့မှာ နေရေးထိုင်ရေးလည်း ပူပင်စရာ မရှိတော့ဘူးတဲ့ ။ ဒီတော့ စာဖတ်၊ စာရေးဖို့ အချိန်ရပြီတဲ့ ။ စာတွေ ရေးကြရအောင်ကွာ။ မင်းပါ ငါ့အိမ်လာနေလို့ ကျွန်တော့်ကို ခေါ်နေသေးတယ်"

သူ့အသုဘသို့ မန်းဝင်းမောင်၊ လေထီးဗိုလ်အုန်းမောင်၊ သခင်တင်မြ၊ သခင်လှကွန်း၊ ဦးသာကျော်၊ ဦးစံသာကျော် စသည့် ဂျပန်ခေတ်တုန်းက သူနှင့် လုပ်ဖော်ကိုင်ဖက်တွေ အများ အပြားလာကြသည် ။ ဖြူးမြို့နယ်သူ မြို့နယ်သားတွေ လာကြသည် ။ ရန်ကုန်မှ သူ့မိတ်ဆွေတွေ လာကြသည် ။ လူချစ်လူခင်များ သူတစ်ယောက် ဖြစ်သည့်အတွက် သူ့အသုဘသည် စည်ကားသည့် အသုဘတစ်ခု ဖြစ်ပါသည် ။

ဦးမြင့်ဆွေသည် မကြာခင်က ‘မြန်မာပြည်၏ ဟယ်လင်’အမည်ရှိ

စာအုပ်တစ်အုပ်ကို ထုတ် ဝေခဲ့သေးသည် ။ စစ်အတွင်း မြန်မာပြည်တွင် သုံ့ပန်းအဖြစ် အဖမ်းခံခဲ့ရသော ဟယ်လင်ဆိုသည့် သူနာပြုအမျိုးသမီးကြီး တစ်ဦး၏ မှတ်တမ်းဖြစ်ပြီး တော်တော်ဖတ်ကောင်းသည့် စာအုပ်တစ်အုပ် ဖြစ်လေသည် ။ စာတွေရေးချင်သော ဦးမြင့်ဆွေ၊ စာရေးဆရာတွေနှင့် တွေ့ဆုံပြီး စာကြောင်းပေကြောင်းကို မမောမပန်း ပြောချင်သော ဦးမြင့်ဆွေ အစား ကောင်းကြိုက်၍ အချက်အပြုတ် ဝါသနာ ပါသလောက် မိတ်ဆွေများကိုလည်း ကျွေးချင်မွေးချင်သော ဦးမြင့်ဆွေသည် လူ့ဘဝမှ ရုတ်တရက် ထွက်ခွာသွားလေပြီ။

ကျွန်တော်သည် အလောင်းစင်ဘေးတွင် ရပ်ကာ မျက်နှာကို ဖုံးထားသည့် ဇာပဝါကို လှပ်၍ ကြည့်လိုက်သည် ။ အသက်မရှိတော့သည့်အချိန်မှာ ပင်လျှင် သူ့မျက်နှာသည် ပြုံးလျက်။

ချိန်းထားသည့် ထိုနေ့က ကျွန်တော်နှင့် သခင်လှကွန်းသည် ဦးမြင့်ဆွေထံ ရောက်ခဲ့ကြပါသည် ။ သို့ရာတွင် သူ့ထမင်းစားပွဲသို့မဟုတ်ပါ။ သူ့အသုဘပို့သာ ဖြစ်ပါသည် ။

**မြသန်းတင့်**

***




## BURMA AND SURROUNDING COUNTRIES
### (1940 - 1945)

Key

- - - - - - - International bounderies
——— Roads
............ Tracks
○ Allied airfields, December 1941
◎ Japanese airfields, December 1941
+++++++ Railways
■ Land over 500 metres (1640 feet)


CHINA
BURMA
FRENCH INDO CHINA
SIAM
MALAYA
SUMATRA

## အခန်း (၁)

## စစ်တောင်းတံတား

### မြန်မာပြည်ကို ဂျပန်တို့ သိမ်းယူခြင်း

အလွန်နီးသော တံတား - ဂျပန်၏ အဝေးဆုံးလက်လှမ်း - ကျွန်တော်တို့ ချည်းပဲ ရှိတယ်။

မြန်မာတို့ အဆို - နန်းရင်းဝန်ကို ထောင်ချခြင်း - ဗိုလ်မှူးကြီးဆူဇူကီးနှင့်

ရဲဘော်သုံးကျိပ် - ဗိုလ်မှူးကြီးဆူဇူကီးနှင့်မိန်း - အနောက်ဘက်ပင်လယ်ကို

မျှော်ကြည့်နေသော ဗိုလ်ချုပ် - ကျိုက်သံလံစေတီတော်ခြေရင်းတွင် - စစ်တောင်းတံတားကို

ဖောက်ခွဲသူ ဘရှား - တစပြင်မြို့တော်ကြီး - သီသီကလေးလွတ်သွားသော

ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ - အရှည်လျားဆုံး ဆုတ်ခွာမှု - စစ်ပြေးဒုက္ခသည် များ

## အလွန်နီးသော တံတား

အချိန်-၁၉၄၂ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့၊ နံနက် အရုဏ်မတက်မီ၊ နေရာ-အောက်မြန်မာပြည် စစ်တောင်းတံတား။

ထိုနေရာတစ်ဝိုက်ကို အိန္ဒိယတပ်မ ၁၇ က ထိန်းသိမ်းထားသည် ။ တပ်မ ၁၇ ၏ တပ်မဟာ နှစ်ခုမှာ အရှေ့ဘက်ကမ်းတွင် ရှိနေပြီး တပ်မဟာတစ်ခုမှာ အနောက်ဘက်ကမ်းသို့ ရောက်နေပြီ။ သို့ရာတွင် မြန်မာပြည်ထဲသို့ ရောက်ပြီး သုံးပတ်အကြာ၌ ဂျပန်ကကျူးကျော်သူတို့ သည် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းသို့ ထိုးဖောက်ဝင်လာကြကာ မုပ္ပလင်တစ်ဖက်ရှိ တောအုပ်တွေထဲသို့ ရောက်နေကြပြီ။ ဂျပန်တို့ မသိမ်းနိုင်အောင် တံတားကြီးတစ်ခုလုံးကို ဖောက်ခွဲပစ်ရန် ဝိုင်ယာကြိုးတွေ သွယ်တန်းထားပြီးပြီ။ ရန်ကုန်ကို သိမ်းရာတွင် ထိုလမ်းသည် အလွယ်ဆုံး၊ အသာဆုံး လမ်းဖြစ်သဖြင့် ဂျပန်တို့ ကလည်း စစ်တောင်းတံတားကြီးကို ဗုံးကြဲ တိုက်ခိုက်ခြင်းမပြုကြသေး။

စစ်တောင်းတံတား၏ အရှေ့ဘက်ခံတပ်ဖျားတွင် ကျန်ရစ်ခဲ့သည့် တပ်မှာ ဘားမားရိုင်ဖယ် တပ်ရင်း ၃ ဖြစ်၏။ သို့ရာတွင် တပ်မှ တဖွဲဖွဲ ထွက်ပြေးနေကြသဖြင့် တပ်ပျက်လုမတတ် ဖြစ်နေလေပြီ။ ဂျပန်တို့ မှာ အနားသို့ ရောက်နေကော ဂျပန် စက်ကလေးသမားတစ်ယောက်က

တံတားတစ်လျှောက်ကို ပေါက်ပေါက်ကြဲသည့်နှယ်ရှိအောင် စက်ကလေးဖြင့် မွှေ့ယမ်းနေသည် ။ ထိုအတိုင်းသာ ဂျပန်စက်ကလေးသမားက ဆက်ပစ်နေလျှင် တံတားကို ဖောက်ခွဲရန် စနက်တံကို မီးရှို့ဖို့ ပင် အခက် အခဲရှိကြောင်းဖြင့် ဗြိတိသျှဆက်ပါးတပ်သားက သူ့တပ်မဟာမှူးကို သတင်းပို့သည် ။ တံတားကြီး လုံး၀ ကျိုးကျပျက်စီးသွားအောင် နှစ်နေရာ၊ သုံးနေရာတွင် ဖောက်ခွဲရလိမ့်မည်။ ဂျပန်စက်ကလေးကို တိတ်ဆိတ်သွားအောင် လုပ်နိုင်သည် ထားဦး၊ ယာယီမျှသာ ဖြစ်လိမ့်မည်။ တံတားသည် ဂျပန် အမြောက်တစ်ကမ်းစာတွင် ရှိနေသဖြင့် ဖောက်ခွဲသူများကို အမြောက်ဖြင့် လှမ်းထုနိုင်သည် ။




## SOUTHERN BURMA

Key

- International boundaries
- Roads
- Railways
- All weather airfields
- Fair weather airfields
- Land over 150 metres (492 feet)
- Areas of swamp

(**ဒုတိယဗိုလ်ချုပ်ကြီး စမိုက်** (Major-General Smyth)၏ မှတ်တမ်းအရ) နံနက်လေး နာရီခွဲတွင် တပ်မဟာ ၄၈ ၏ တပ်မဟာမှူး **ဗိုလ်မှူးချုပ် နိုဝယ်ဟူးဂျုန်း** (Brigadier Noel Hugh Jones)သည် အရှေ့ဘက်တံတားထိပ်တွင် အရေးပေါ်စစ်ကွန်ဖရင့်တစ်ခု ပြုလုပ်သည် ။ ဂျပန်တို့ ကို စစ်တောင်းမြစ်၏ အရှေ့ဘက်တွင် ကြာနိုင်သမျှ ကြာကြာအချိန်ဆွဲထားရမည်ဟု တပ်မတော် တပ်မှူးကြီးလက်ထောက် **ဗိုလ်ချုပ်ကြီး ဟက်တန်** (Lieutenant-General Tom Hutton) က အမိန့်ပေးထားသည် ။ အရဏ်မတက်မီတွင် ဂျပန်တို့ က စစ်တောင်းတံတားကို သိမ်းမိသွားလျှင် ရန်ကုန်သို့ လမ်းပွင့်သွားလေပြီ။ မိမိတို့ သည် တံတားကို ဖောက်ခွဲမည်ဆိုလျှင် မလင်းခင် ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ သို့ မဖောက်ခွဲနိုင်ဘဲ မိုးလင်းမှ ဖောက်ခွဲလျှင် တံတားကို တက်၍ ဖောက်ခွဲရမည့် ဆက်ပါးတပ်သားအားလုံး ဂျပန်တို့ ၏ မောင်းပြန်သေနတ်များ ဖြင့် တစ်ယောက်မျှ ကျန်တော့မည် မဟုတ်ကြောင်း၊ စစ်တောင်း၏ အနောက်ဘက်ကမ်းသို့ ဂျပန်တို့ ကူးလာလျှင် တားနိုင်လောက်အောင် မိမိတို့ တွင် အင်အားမရှိတော့ကြောင်းဖြင့် တပ်မှူးငယ်များ နှင့် ဦးစီးအရာရှိများကို ပြောပြသည် ။

ဂျပန်တို့ က စုပြုံ ထိုးနှက်လျှင် မိမိသည် စစ်တောင်းတံတားကို ဆက်လက် ထိန်းသိမ်းထား နိုင်တော့မည် မဟုတ်ကြောင်းဖြင့် ဗိုလ်မှူးချုပ်ဟူးဂျုန်းက တပ်မမှူးဖြစ်သူ ဗိုလ်ချုပ်စမိုက်ကို သတင်းပို့သည် ။ ဖောက်ခွဲရမည်လော။ ဆက်လက် ထိန်းထားရမည်လော။ ဤသည် နှင့်ပတ်သက်၍ တပ်မမှူးထံမှ အမိန့် တိတိကျကျ လိုချင်သည် ။

"တံတားကို ခုချက်ချင်း ဖောက်ခွဲပစ်လိုက်ရင် အရှေ့ဘက်ကမ်းမှာ တပ်မဟာနှစ်ခု ကျန်နေရစ်ခဲ့မယ်၊ မဖောက်ခွဲရင်လည်း ဂျပန်တပ်မကြီးတစ်ခုလုံး တံတားပေါ်ကို ဖြတ် လာပြီး ရန်ကုန်ကို တန်းရောက်သွားမှာပဲ" ဟု ဗိုလ်ချုပ်စမိုက် တွေးနေသည် ။ ထိုဆုံးဖြတ်ချက်ကို သူတစ်ဦးတည်း ချရတော့မည်။ ဗိုလ်ချုပ်စမိုက်သည် ဆုံးဖြတ် အမှားအမှန်နှင့်ပတ်သက်၍ မူ သူ့တွင် တစ်သက်လုံး တာဝန်ရှိနေတော့မည်။ ဗိုလ်ချုပ်စမိုက်သည် ငါးမိနစ်အတွင်းတွင် ဆုံးဖြတ်ချက်ချလိုက်သည် ။

'ဒီဆုံးဖြတ်ချက်ကို ချရတာဟာ ကျွန်တော့်မှာ တော်တော် ပင်ပန်းပါတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ဒီနည်းပဲ ရှိတော့တာပဲ၊ တံတားကို ချက်ချင်း ဖောက်ခွဲပစ်ဖို့ အမိန့်ပေးလိုက်ရတယ်'ဟု ဗိုလ်ချုပ်စမိုက်က ရေးခဲ့သည် ။

တံတား၏ အနောက်ဘက်ထိပ်တွင် စစ်ဦးစီးအရာရှိတစ်သိုက်သည် တော်မီဂန်းများကို ကိုင်ကာ ၁၆၅၀ ပေရှည်သော သံမဏိတံတားကြီးပေါ်တွင် ဂေါ်ရခါးရိုင်ဖယ်တပ်ရင်း ဆုတ်ခွာလာသည် ကို အကာအကွယ်ပေးရသည် ။ အားလုံး အဆင်သင့်ဖြစ်သည့်အခါတွင် တံတားပေါ်ရှိ သဲအိတ်ကာ ကတုတ်အတွင်းတွင် တပ်စုနှစ်စုသာ ကျန်တော့သည် ။ ကံအားလျော်စွာပင် ဂျပန်တို့ ကလည်း တံတားတွင် အစောင့်အကြပ်အင်အား မည်မျှရှိသည် ကို ညအမှောင်ထဲတွင် ဖြစ်၍ လာမစမ်းရဲကြ။ ထို့နောက် ဆက်ပါးတပ်ဗိုလ်၏ အမိန့်ပေါ်လာသည် ။ သို့ရာတွင် ဖောက်ခွဲ၍ မရသေး။ ဂေါ်ရခါး ရိုင်ဖယ်တပ်စိတ်နှစ်စိတ် ကျန်နေသေးသည် ။ သူတို့ ကမ်းပေါ်ရောက်အောင် စောင့်ရဦးမည်။

နောက်ဆုံးတွင် ဂေါ်ရခါးတပ်မှူးနှင့် တပ်သားတစ်ယောက်တို့ က ဖောက်ခွဲရေးတပ်စုကို စက်ကလေးတစ်လက်ဖြင့် အကာအကွယ်ပေးရသည် ။

အရုဏ်သည် အရှေ့ဘက် ကောင်းကင်ကို လက်ချောင်းများ ဖြင့် စမ်းသပ်စ ပြုလေပြီ။ ထိုစဉ် ကြောက်ဖွယ်ပေါက်ကွဲသံကြီး ပေါ်လာသည် ။ ဝင်းထိန်သွားသော အလင်းရောင်ကြီး။ ထို့နောက် အမှောင်ထဲမှ ဖွေ့တက်လာသော လေပူကြီး။ ထို့နောက် မိုးပေါက်ကြွဲသည့်နှယ်ရှိသော သံတိုသံစ အပိုင်းအစများ ။ ထို့နောက်တွင် ပေါက်ကွဲသံကြီးကဲ့သို့ပင် ကြောက်ဖွယ်ကောင်းသော တိတ်ဆိတ်ခြင်း။

တစ်ဖက်ကမ်း တောထဲမှ ပစ်နေသော ဂျပန်စက်ကလေးသံသည် ရပ်သွား၏။ အနောက် ဘက်ကမ်းတွင် ရှိသည့် ဦးစီးအရာရှိများ သည် တံတားအပျက်အစီးကို စစ်ဆေးရန် ငုံးတိကြီး ကျန်ရစ်ခဲ့သော တံတားခုံးကြီးပေါ်မှ ဖြတ်လျှောက်လာခဲ့ကြသည် ။ သံချွာရိုက်ထားသော သူတို့ ဖိနပ်သံများ သည် သံမဏိ တံတားပေါင်ကြီးများ ပေါ်တွင် တဒေါက်ဒေါက်မြည်နေကြ၏။ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့် ပထမဆုံးသော အသံများ ဖြစ်သည် ။ တံတားခုံးကြီးနှစ်ခုမှာ မြစ်ထဲသို့ ကျိုးကျ သွားကြသည် ။ သို့ရာတွင် ဂယက်တွေ ထနေသော မြစ်ရေပြင်တွင် တစ်ပိုင်းတစ်စ ပေါ်နေသော တံတားခုံးအပေါ်ပိုင်းကြီးကို မြင်ရသည် ။ တံတားဖောက်ခွဲခဲ့သည် မှန်ပါ၏။ သို့ရာတွင် လုံးဝ ပျက်စီးသွားခြင်းမရှိသေး။ ပြင်၍ မရလောက်အောင် ပျက်ခြင်း မဟုတ်သေး။ ထိုစဉ် အားတက်သရော အော်ဟစ်ပြောဆိုနေကြသော ဂျပန်တို့ ၏ စကားသံများ သည် တံတားခုံးအစွန်းတွင် ရပ်နေသော အရာရှိများ ဆီသို့ ရောက်လာသည် ။

တံတားအရှေ့ဘက်တွင် ကျန်ခဲ့သော ဗြိတိသျှ၊ အိန္ဒိယနှင့် ဂေါ်ရခါးတပ်များ အဖို့ ကား အားတက်သရောဖြစ်ခြင်းမရှိ။ သူတို့ ကို အရှေ့ဘက်တွင် စွန့်ပစ်ချန်ရစ်ခဲ့သည့်အတွက် (သူတို့ အထင် ဖြစ်သည် ) ဒေါသထွက်ကြသည် ။ ကမူးရှူးထိုးဖြစ်နေကြသည် ။ နာကြည်းနေကြသည် ။ သူတို့ တွင် တပ်ဗိုလ်များ လည်း မရှိတော့။ ပင်ပန်းလှပြီ။ နုံးနေပြီ။ အချို့ အိန္ဒိယတပ်သားများ သည် ဂျပန်တို့ ထံ အသာတကြည် လက်နက်ချ အဖမ်းခံကြသည် ။ အချို့မှာ ကြောက်ကြောက်လန့်လန့်ဖြင့် လှိုင်းတွေ ထနေသော စစ်တောင်းမြစ်ထဲသို့ ဆင်းလာခဲ့ကြသည် ။ သူတို့ အဖို့ အသက်ရှင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ စစ်တောင်းမြစ်ကို ဖြတ်ကူးပြီး အနောက်ဘက်ကမ်းသို့ ကူးလာရန်သာ ရှိတော့သည် မဟုတ်လော။

## ဂျပန်၏ အဝေးဆုံး လက်လှမ်း

ဂျပန်သည် မြန်မာပြည်တွင် ဘာကို လိုချင်သနည်း။

သမိုင်းတစ်လျှောက်တွင် ဂျပန်လူမျိုးသည် စစ်တိုက်သည့်လူမျိုး ဖြစ်သည် ။ ဂျပန်လူမျိုးသည် ကြမ်းကြုတ်ရက်စက်သော ထုံးတမ်းစဉ်လာကို ကိုးကွယ်သည့် ဆာမူရိုင်း စစ်သည် တော်မျိုးနွယ်၏ အုပ်စိုးမှုကို တစ်လျှောက်လုံး ခံခဲ့ရသည့် လူမျိုးဖြစ်သည် ။ ထိုမျိုးနွယ်စုအပေါ်တွင် အကြွင်းမဲ့သစ္စာရှိပြီး ဆုံးရှုံးမှုကို တွေ့သည် နှင့် ပြစ်ဒဏ်အဖြစ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရသော ထုံးတမ်းကို အတိအကျလိုက်နာခဲ့သည့်လူမျိုး ဖြစ်သည် ။ သို့ရာတွင် ထိုစစ်သည်

တော်မျိုးနွယ်စုသည် တစ်စုနှင့်တစ်စု အမြဲလိုလို တိုက်ခိုက်နေကြသည် ။ ပြင်းထန်ကြမ်းတမ်းသည့်ဂျပန်လူမျိုး၏ သမိုင်းတစ်လျှောက်၌ အကြမ်းဖက်မှုကို အပြင်သို့ ဦးတည်သည့် အကြိမ်ဆို၍ ဆယ့်ကိုးရာစုနှစ်ကုန်ခါနီးအထိ တစ်ကြိမ်မျှသာ ရှိဖူးသည် ။ ၁၅၉၂ ခုနှစ်တွင် ရှိုးဂန်းမှူးမတ် **ဟီဒေယိုရှိ** (Hideyoshi) သည် ကိုရီးယားပြည်ကို ဝင်တိုက်ကာ တရုတ်ဧကရာဇ်၏ ရာဇပလ္လင်ကို သိမ်းပိုက်ရန် ကြိုးစားခဲ့ဖူးသည် ။ တရုတ်ဧကရာဇ်က ပြန်တိုက်လိုက်သည့်အခါတွင် ဂျပန်သည် သူ့ကျွန်းကလေးပေါ်သို့ပြန်လာကာ နဂိုကအတိုင်း အထီးတည်းနေခဲ့သည် ။ ခရစ်ယာန်သာသနာပြုများကို တိုင်းပြည်မှ နှင်ထုတ်သည် ။ ခရစ်ယာန်ဘာသာဝင်သူများကို အစုလိုက်အပြုံလိုက် သတ်ပစ်သည် ။ ခရစ်ယာန်များ သည် ဂျပန်ပြည်ကို သိမ်းပိုက်မည့် စပိန်နှင့် ပေါ်တူဂီတို့ ၏ ရှေ့ပြေးများ ဟု မြင်သောကြောင့် ဖြစ်သည် ။ ၁၉၃၆ ခုနှစ် နောက်ပိုင်းမှ စ၍ ဂျပန်ပြည်သည် **ဆာကိုးကု** (Sakoku) ခေါ်တံခါးပိတ်ဝါဒကို ကျင့်သုံးသည့်နိုင်ငံ ဖြစ်လာခဲ့သည် ။

ဆယ့်ကိုးရာစုနှစ်အလယ် ၁၈၅၃ ခုနှစ်တွင် အမေရိကန်ရေကြောင်း ဗိုလ်ချုပ် **ပယ်ရီ** (Perry) သည် ကူးသန်းရောင်းဝယ်ရေးနှင့် သံတမန် စာချုပ်များကို ပြုလုပ်ရန် ဂျပန်တို့ ကို အကျပ်ကိုင်ခဲ့သည် ။ ဤတွင် တိုကူဂါဝါရှိုးဂန်းမှူးမျိုးမတ်နွယ်တို့ ပြုတ်ကျသွားကာ ဂျပန်ဧကရာဇ်၏ စစ်အာဏာစက် ပြန်လည်စိုးမိုးလာခဲ့သည် ။ မြို့တော်ကိုလည်း ကျိုတိုမှ အီဒို (တိုကျို)သို့ ပြောင်းလာခဲ့သည် ။ သို့ရာတွင် နောက်တက်လာသည့် မှူးမတ်များ သည် လည်း နိုင်ငံခြားနှင့် ကူးလူးဆက်ဆံရန် နှစ်လိုခြင်း မရှိကြသေး။ ထိုအတွင်း၌ အရှေ့တောင်အာရှနိုင်ငံအများ အပြား ဥရောပကိုလိုနီအဖြစ်သို့ ကျရောက်နေသည့် သတင်းသည် ဂျပန်ပြည်သို့

ရောက်လာခဲ့သည် ။ အိန္ဒိယပြည်၊ မလေးကျွန်းဆွယ်နှင့် အောက်မြန်မာပြည်သည် ဗြိတိသျှတို့ အောက်သို့ ကျရောက်ထားခဲ့သည် ။ အင်ဒိုချိုင်းနားကျွန်းဆွယ်သည် ပြင်သစ်အောက်သို့ ရောက်ခဲ့သည် ။ အင်ဒိုနီးရှားသည် ဒတ်ချ်အောက်သို့ ရောက်ခဲ့သည် ။ တရုတ်ပြည်ကြီးသည် လည်း ဘိန်းစစ်ပွဲပြီးသည့်နောက်တွင် ဗြိတိသျှ ဩဇာအောက်သို့ ရောက်နေပြီ။ အခြားသော ဥရောပတိုင်းပြည်များကလည်း တရုတ်ပြည်ကြီးကို ဖဲ့ဝေခွဲယူရန် မျက်စောင်းထိုးနေကြလေပြီ။

ဤတွင် မိမိတို့ ကံကြမ္မာသည် လည်း ထိုနည်းအတိုင်း ဖြစ်လာတော့မည်ဟု ဂျပန်တို့ မြင်လာကြသည် ။ ဤတွင် ဂျပန်သည် ဥရောပတိုက်မှ စက်မှုပညာသည် များကို ငှားကာ လက်နက်ထုတ်လုပ်ကြသည် ။ ဂျပန်နှင့် ပြင်သစ်စစ်ပါရဂူများကို ငှား၍ သူတို့ စစ်တပ်ကို ပြန်လည်ထူထောင်ကြသည် ။ အင်္ဂလိပ်ကို ငှား၍ သင်္ဘောဆောက်လုပ်ခြင်းအတတ်ကို သင်ကြားကာ ဂျပန်ရေတပ်ကို ပြန်၍ ထူထောင်သည် ။ ဂျပန်သည် ပြည်ပသို့ မျှော်ကြည့်စပြုလေပြီ။ ဂျပန်သည် မိမိနှင့် ယဉ်ကျေးမှုခြင်း နီးနွှယ်သော တရုတ်ပြည်ကြီးနှင့် ကိုရီးယားကို မျက်စိကျနေသည် ။ ၁၈၉၅ ခုနှစ်တွင် တရုတ်-ဂျပန် စစ်ပွဲ ဖြစ်ပွားခဲ့သည် ။ ၁၉၁၀ ခုနှစ်တွင် ထိုင်ဝမ်နှင့် ကိုရီးယားကို သိမ်းခဲ့သည် ။ အာရှတွင် အင်္ဂလိပ်နှင့်အမေရိကန်တို့ ၏ ဩဇာကို တွန်းလှန်နိုင်သူမှာ သူတစ်ဦးတည်းသာ ရှိသည် ဟု ဂျပန် ထင်လာခဲ့သည် ။

၁၉၂၀ ပြည့်နှစ်တွင် ဂျပန်ပြည်တွင် တက်လာသည့် လစ်ဘရယ် ဒီမိုကရက်တစ်အစိုးရသည် ထိုနယ်ပယ်ချဲ့ထွင်ရေး ပေါ်လစီကို အရှိန်နှေးပစ်လိုက်သည် ။ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကြီး

ပေါ်လာသည့်အခါတွင် ဂျပန်ပြည်တွင် စစ်ဝါဒီများ ခေါင်းထောင်ထလာခဲ့ကြကာ တရုတ်ပြည်ထဲတွင် ဂျပန်နယ်မြေတစ်ခု ထူထောင်ဖို့ အစိုးရကို တိုက်တွန်းလာခဲ့ကြသည် ။ ထိုဒေသရှိ ဂျပန် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် တရုတ်ပြည်မြောက်ပိုင်းနှင့် မန်ချူးရီးယားကို ဝင်သိမ်းကာ ဂျပန်ရုပ်သေးအစိုးရကို တည်ထောင်ခဲ့သည် ။ ဂျပန်စက်မှုလုပ်ငန်းအတွက် ကုန်ကြမ်းများ ရရှိရန် ဥရောပနိုင်ငံများ သိမ်းပိုက်ထားသော အာရှတိုင်းပြည်များကို အုပ်စီးရန် ပြင်ဆင်လာခဲ့သည် ။

ပထမသော် ဗြိတိသျှတို့ သည် ဂျပန်၏ အရှေ့အာရှ ရည်မှန်းချက်များကို ဆန့်ကျင်ခြင်းမပြုခဲ့ကြ။ မန်ချူးရီးယားနှင့် တရုတ်ပြည်မြောက်ပိုင်းတွင် ဂျပန်စစ်တပ်ကြီး ရှိနေသည် ဆိုလျှင် အရှေ့ဖျားသို့ ရုရှား ဩဇာပြန့်မလာအောင် အကာအကွယ်ပင် ရနေသေးသည် ဟု ယူဆခဲ့သည် ။ ထို့ပြင် တရုတ်ပြည်တွင် ဖြစ်ပျက်နေသည့် ပြည်တွင်း ကသောင်းကနင်းဖြစ်မှုများ သည် လည်း ဂျပန် ရောက်လာလျှင် ပြေလည် အေးငြိမ်းသွားလိမ့်မည်ဟု ထင်ခဲ့ကြသည် ။ သို့ရာတွင် ဗြိတိသျှတို့ အထင်သည် ဘာမျှ မကြာလိုက်။ မကြာမီတွင် ဂျပန်သည် အာရှတွင် ရှိသည့် အနောက်တိုင်း စီးပွားရေးလက်ဝါးကြီးအုပ်မှုကို ဆက်လက်သည်းခံမည်မဟုတ် ဟူသော သဘောများကို ပြလာခဲ့သည် ။ တရုတ်ပြည် မြောက်ပိုင်းတွင် ဂျပန်တို့ ၏ အုပ်စိုးနေပုံသည် လည်း အီတလီနှင့် ဂျာမနီတို့ တွင် ရှိသည့် ဖက်ဆစ် အုပ်စိုးမှုနှင့် အတူတူပင် ဖြစ်သည် ဟု ဗြိတိသျှတို့ မြင်လာခဲ့ကြသည် ။

၁၉၄၀ ပြည့် တစ်ဝိုက်တွင် ပြင်သစ်၊ ဘယ်လဂျီယန်နှင့် ဒတ်ချ် စသည့် အနောက်တိုင်း ကိုလိုနီနယ်ရှင် ပယ်ရှင်များ အာရှမှ

အရေးနိမ့်သွားသည့်အခါ အာရှတွင် ဗြိတိန်တစ်ဦးတည်း အထီးတည်း ကျန်ရစ်ခဲ့သည် ။ ဂျပန်သည် အာရှတိုက်ရှိ ဒတ်ချ်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းများ နေရာတွင် လည်း အတင်းဝင်လာခဲ့သည် ။ ဂျပန်၏ အမြင်တွင် အနောက်တိုင်းသားများ သည် အာရှသို့ လာ၍ သွေးစုပ်နေကြသည် ဟု မြင်သည် ။ အင်္ဂလိပ်နှင့် အမေရိကန်တို့ အမြင်၌ အာရှတွင် ရှိသည့် မိမိတို့ 'တရားဝင်'ထူထောင်ထားသည့် စီးပွားရေးလုပ်ငန်းများကို ဂျပန်စစ်ဝါဒီခေါင်းဆောင်တို့ က လုယူရန် ခြိမ်းခြောက်နေသည် ဟု မြင်သည် ။ ဤတွင် အနောက်နိုင်ငံများ သည် ဂျပန်၏ ခြေလှမ်းကို ရပ်တန့်စေရန်အတွက် အရှေ့အာရှတွင် စစ်တပ်များကို တိုးချဲ့လာခဲ့ကြရသည် ။ ရန်သူတို့ မချိုး ဖောက်နိုင်သည့် စင်ကာပူခံတပ်ကြီးကို တည်ဆောက်ခဲ့ကြသည် ။ အမှန်အားဖြင့် ထိုခံတပ်သည် ဂျပန်တို့ ကို ခြောက်လှန့်ရန်အတွက် တမင် လုပ်ကြံဝါဒဖြန့်ထားခြင်းသာ ဖြစ်သည် ။ စင်ကာပူခံတပ်သည် ထိုမျှ အင်အားတောင့်တင်းလှသည် မဟုတ်။

ဂျပန်တို့ သည် လည်း လူနုံလူအများ မဟုတ်။ ဥရောပနိုင်ငံများ သည် သူတို့ ကို စစ်တပ်အင်အား မည်မျှဖြင့် ရင်ဆိုင်နိုင်သည် ကို တွက်ပြီးသားဖြစ်သည် ။ အာရှတွင် ရှိသည့် သူတို့ စစ်အင်အားလောက်ကိုမူ အလွယ်ဖြင့် နိုင်နိုင်သည် ဟု ယူဆသည် ။ အတိုချုပ်ရလျှင် ဂျပန်သည် အရှေ့အိန္ဒိယကျွန်းစုများမှ ရေနံနှင့် အရှေ့တောင်အာရှမှ ထွက်သော ကုန်ကြမ်းတို့ ကို လိုချင်သည် ။ ထိုတိုင်းပြည်များမှ ကုန်ကြမ်းများကို သင်္ဘောများ ဖြင့် ဂျပန်ပြည်သို့ တင်သွင်းမည်။ သို့ရာတွင် ခက်သည် မှာ ထိုပင်လယ် လမ်းကြားများ ထဲတွင် အမေရိကန်နှင့် ဗြိတိန်တို့ ၏ ရေကြောင်းအင်အားက လွှမ်းမိုးထားသည် ။ **မလေးယား** (Malaya)နှင့် ဘော်နီယိုတွင်

ဗြိတိသျှတို့ ရှိနေသည် ။ ဖိလစ်ပိုင်တွင် အမေရိကန်တို့ ရှိသည် ။ သို့ဖြစ်ရာ အရှေ့အိန္ဒိယကျွန်းစုမှ ကုန်ကြမ်းများကို လိုချင်လျှင် သူတစ်ခုတည်းကို သိမ်း၍ မရ။ သူတို့ ကို နှောင့်ယှက်မည့် ဖိလစ်ပိုင်နှင့် မလေးယားတို့ မှ အမေရိကန်နှင့် ဗြိတိသျှတို့ ၏ ဩဇာကို လည်း တစ်ခါတည်း ဖြိုချပစ်ဖို့ လိုသည် ။

ဤသည် တို့ မှာ အခြေခံအားဖြင့် အရှေ့တောင်အာရှတွင် ထားရှိသည့် ဂျပန်တို့ ၏ ရည်မှန်း ချက်ဖြစ်သည် ။ ထိုအထဲတွင် မြန်မာပြည်မပါ။ ဂျပန်ဘုရင်ဧကရာဇ်စစ်ဌာနချုပ်၏ မူလစီမံကိန်း၌ မြန်မာပြည်ကို တိုက်သိမ်းရန် စီမံကိန်းမရှိ။ မိမိတို့ တပ်များက မလေးယားကို တိုက်သိမ်းလိုက်လျှင် ဗြိတိသျှတို့ သည် မြန်မာပြည်အရှေ့တောင်ပိုင်းမှ တန်ပြန်ထိုးစစ်ဆင်လာနိုင်ဖွယ်ရှိသည်ဟု ကား တွက် ထားကြ၏။ သို့ရာတွင် အရေးမကြီးပါ။ **ကရား** (Kra)တူးမြောင်းကို ဖြတ်ပိတ်ထားနိုင်သည် ။ စင်ကာပူ-ဘန်ကောက် မီးရထားလမ်းကို ပိတ်ထားနိုင်သည် ။ တပ်ကူများကို အိန္ဒိယမှ ပို့ပေးရာတွင် မြန်မာပြည်မှ စစ်တွေနှင့် ဝိတိုရိယအငူတို့ တွင် တပ်စခန်းများ ချထားကာ ထိုနေရာများမှ တစ်ဆင့် စင်ကာပူကို ပြန်တိုက်ဖို့ ပြင်ဆင်နိုင်သည် ။ ဂျပန်တပ်မတော်ဌာနချုပ်သည် မလေးယားတွင် ရှိသည့် မိမိ၏ တောင်ပံကို ကာကွယ်ထားရန်အတွက် မြန်မာပြည်တွင် ‘ကန့်သတ်’စစ်ပွဲလောက်ကိုသာ တိုက်ဖို့ လိုလိမ့်မည်ဟု တွက်ထားခဲ့သည် ။ အလွန်ဆုံး တနင်္သာရီကို သိမ်းရုံ၊ ရန်ကုန်ဆိပ်ကမ်းကို သိမ်းထားလိုက်ရုံလောက်သာ ရှိမည်ဟု မှန်းထားခဲ့သည် ။

သို့ရာတွင် အထက်မြန်မာပြည်တွင် အရေးကြီးသော အခြေအနေကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့သည် ။ ရန်ကုန်မှ

တရုတ်ပြည်နယ်စပ် **ဝမ်တိန်** (Wating) သို့သွားသော တရုတ်-မြန်မာ လမ်းမကြီး ရှိသည် ။ ထိုလမ်းမကြီးသည် ဂျပန်နှင့် စစ်ဖြစ်နေသော **ချန်ကေရှိတ်** (Chiang Kai-Shek) ၏ တရုတ်ပြည်သို့ လက်နက်ရိက္ခာများ ထောက်ပံ့ရာ အဓိကလမ်းမကြီးနှစ်ခုအနက် တစ်ခုဖြစ်သည် ။ ဂျပန်သည် တရုတ်ပြည်ဆိပ်ကမ်းမြို့ကြီးများကို ပိတ်ဆို့ထားကာ တရုတ်ကို ဒူးထောက်ခိုင်းသည် တွင် တရုတ်တို့ သည် အတွင်းဘက် **ချုံကင်း** (Chaungking) သို့ ပြောင်းလာကြကာ ဂျပန်ကို ဆက်တိုက်ကြသည် ။ တရုတ်သည် အတွင်း မိုဂိုလီးယားမှ တစ်ဆင့် ရုရှားတို့ ထံမှ လက်နက်ရိက္ခာများကို ရနေသည် ။ တရုတ်-မြန်မာလမ်းမကြီးမှ တစ်ဆင့် အနောက်နိုင်ငံများ ထံမှ ရိက္ခာလက်နက်တို့ ကို ရနေသည် ။ ဤလမ်းမကြီး ပိတ်သွားရန် ဗြိတိသျှတို့ အား သံတမန်နည်းဖြင့် ချဉ်းကပ်ခဲ့သော်လည်း မအောင်မြင်ခဲ့။ သို့ဖြစ်လျှင် မြန်မာပြည်သူလူထုများကို အုပ်ချုပ်ရာတွင် ဗြိတိသျှတို့ အခက်အခဲ တွေ့အောင် လှုံ့ဆော်မည်လော။ ဤတွင် ဂျပန်သူလျှိုများ သည် မြန်မာပြည်ရှိ ဗြိတိသျှဆန့်ကျင်ရေး နိုင်ငံရေးခေါင်းဆောင်များ ၊ အထူးသဖြင့် လူငယ်ကျောင်းသားခေါင်းဆောင်များ နှင့် သခင်များကို ချဉ်းကပ်လာခဲ့ကြသည် ။ သူတို့ သည် ဗြိတိသျှတို့ ကို မြန်မာပြည်မှ မောင်းထုတ်လိုကြသူများ မဟုတ် လော။ သို့ဖြင့် ဂျပန်တို့ သည် မြန်မာပြည်တိုက်ပွဲစဉ်အတွက် တိကျသော စီမံကိန်းမချရသေးမီ ပဝေသဏီကတည်းကပင်လျှင် ရန်ကုန်နှင့် မြန်မာပြည်အနှံ့အပြားတွင် လှုပ်ရှားနေခဲ့ကြကာ ဆူပူမှုများကို ပေါ်ပေါက်ရန် လှုံ့ဆော်နေခဲ့ကြသည် ။

## 'ကျွန်တော်တို့ ချည်းပဲ ရှိတယ်'။ မြန်မာတို့ အဆို

၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ဖြစ်ပြီး ရခိုင်နှင့်တနင်္သာရီကမ်းမြောင်ဒေသတို့ ကို သိမ်းခဲ့သည် ။ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်ဖြစ်ပြီး ပဲခူးနယ်ကို သိမ်းခဲ့သည် ။ ၁၈၈၅ ခုနှစ်တွင် တတိယစစ်ဖြစ်ပြီး အထက်မြန်မာပြည်ကို သိမ်းခဲ့သည် ။ ငြိမ်သက်မှုမရှိသဖြင့် တပ်သား ၃၀၀၀၀ သုံးကာ ငါးနှစ်တိုင်တိုင် နှိမ်နင်းခဲ့ရသည် ။ ၁၉၂၃ ခုနှစ်တွင် အိန္ဒိယပြည် အခြားနယ်များကဲ့သို့ ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့သည် ။ သို့ရာတွင် မြန်မာတို့ သည် ကျေနပ်ခြင်းမရှိကြ။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သည် ပထမကမ္ဘာစစ်အပြီးတွင် ဆူပူလှုပ်ရှားလာခဲ့ကြသည် ။ ၁၉၃၀ ပြည့်နှစ်နှင့် ၁၉၃၈ ခုနှစ်များ တွင် ဗြိတိသျှနှင့် အိန္ဒိယလူမျိုး ဆန့်ကျင်ရေး အဓိကရုဏ်းများ ပေါ်ပေါက်ခဲ့သည် ။ ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲလိုက်သည် ။ သို့ရာတွင် လုံး၀ လွတ်လပ်ရေးကို တောင်းဆိုကာ အိန္ဒိယကွန်ဂရက်နှင့် အိုင်ယာလန် **ဆင်ဖိန်း** (Sinn Fein)လှုပ်ရှား မှုတို့ ကို အားကျနေသော မြန်မာလူငယ်များ အဖို့ ကား ထိုမျှလောက်နှင့် မကျေနပ်နိုင်။ သူတို့ ကို ဂျပန်က ကူညီနိုင်မည်လော။ နိုင်ငံရေးစိတ်ဓာတ် နိုးကြားသော မြန်မာလူမျိုးတိုင်း၏ စိတ်ထဲတွင် ထိုမေးခွန်းကို မေးနေကြသည် ။ ၁၉၃၆ ခု စာမေးပွဲကြီး မတိုင်မီတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သည် သပိတ်မှောက်ခဲ့ကြပြီး ရွှေတိဂုံစေတီတော်ကြီးတွင် စခန်းချကာ လူထု၏ ထောက်ခံမှုကို ယူခဲ့ကြသည် ။ သဘောအားဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးကို မကျေနပ်၍ သပိတ်မှောက်ခြင်းဖြစ်သည် ဆိုသော်လည်း အမျိုးသားရေးစိတ်ဓာတ် အခြေခံဖြစ်သည် ။

နောက်နှစ်နှစ်ခွဲအကြာတွင် စာရေးဆရာ **အိတ်၊ ဂျီ၊ ဝဲလ်စ်** (H.G Wells) မြန်မာပြည်သို့ ရောက်လာခဲ့သည် ။ ကမ္ဘာ့ဥပဒေကြီးတစ်ခုအောက်တွင် လူမျိုးပေါင်းစုံ ပါဝင်သော ဖက်ဒရေးရှင်း ကြီးတစ်ခု ဖွဲ့စည်းရန် လိုအပ်ကြောင်း ကမ္ဘာအနှံ့ လှည့်လည်ဟောပြောရင်း ဝင်ရောက်လာခြင်းဖြစ်သည် ။ မြန်မာတို့သည် သူ၏ စိတ်ကူးယဉ်လှသော အတွေးအခေါ်ကို နားမဝင်နိုင်ကြသည့်အခါတွင် ဝဲလ်စ် စိတ်ပျက်သည် ။ ဝဲလ်စ်သည် အစိုးရကို အကြည်ညိုပျက်စေမှုဖြင့် မကြာမီက ထောင်မှ လွတ်လာသော နိုင်ငံရေးခေါင်းဆောင် ဦးဘလှိုင်နှင့် မနက်စာစားစဉ် သူ့စိတ်ကူးကို ပြောပြသည် ။ ဦးဘလှိုင်သည် သူ့စကားဆုံးအောင် သည်းခံ၍ နားမထောင်နိုင်။ "ဒါတွေ ကျွန်တော်တို့ ကို လာပြော မနေနဲ့ ၊ ခင်ဗျားတို့ အင်္ဂလိပ်တွေကို သွားပြော"ဟု ဦးဘလှိုင်က အော်သည် ။

ဦးဘလှိုင်၏ အတွေးအခေါ်မှာ ပြင်းထန်သည့် အမျိုးသားရေးဝါဒနှင့် အကြမ်းထည် ကွန်မြူ နစ်ဝါဒတို့ ရောနေသည့်အတွေးအခေါ်ဟု ဝဲလ်စ်က မှတ်ချက်ချသည် ။ ဝဲလ်စ်က လွတ်လပ်သော တရုတ်ပြည်ကို ကူညီဖို့ ဖျောင်းဖျသည့်အခါတွင် လည်း ဦးဘလှိုင်သည် သူ့စကားကို နားမဝင်။ 'တရုတ်ပြည်၏ လွတ်လပ်ရေးကို တောင်ပို့ကလေးတစ်ခုလောက်ထက် ပို၍ အရေးတကြီး ထားခြင်း မရှိ'ဟု ဝဲလ်စ်က နောင်တွင် ရေးခဲ့သည် ။

အရှေ့တိုင်းတွင် ရှိသည့် အင်္ဂလိပ်အင်ပါယာစနစ်ကြီးသည် မလှုပ်နိုင်မရှားနိုင် ဖြစ်နေပြီမှာ သေချာနေပြီ။ မြန်မာပြည်ရှိ ကလောင်ရှင်များက သူ့ကို အင်းလျားကန်အနီး **ဘုတ်ကလပ်** (Boat Club) တွင် လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသောအခါတွင် ကလောင်ရှင်

အမျိုးသား၊ အမျိုးသမီးအားလုံးသည် မြန်မာအမျိုးသား အဝတ်အစား အပြည့်အစုံကို တမင်ဝတ်ဆင်လာခဲ့ကြသည် ။ ဝဲလ်စ်က အင်္ဂလိပ်လူမျိုး အခြေခံသော ကျယ်ပြန့်သည့် ကမ္ဘာ့လူမျိုးပေါင်းစုံအဖွဲ့ကြီး တစ်ရပ်တည်ထောင် သင့်ကြောင်း၊ ထိုအဖွဲ့ကြီးသည် သေးဖွဲသော အမျိုးသားရေးဝါဒထက်သာလွန်ကြောင်း ရှင်းပြသည် ။ သူတို့ က လများ မကြာမီက ကျောင်းသားများအား ပုလိပ်တို့ က နံပါတ်တုတ်ဖြင့် ရိုက်နှက်နေကြသည့် ဓာတ်ပုံများကို ထုတ်ပြ၍ အဖြေပေးကြသည် ။ အင်္ဂလိပ်အစိုးရ သတင်းစာများ ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်ပုံ၊ သူတို့ မြန်မာများအား စာရေးများ နှင့် ကုန်တိုက်စာရေးများ လောက်သာဖြစ်မည့် ပညာရေးစနစ်ကိုသာ ပေးထားပုံ စသည် တို့ ကို ပြောပြကြသည် ။ တစ်နေ့တွင် နယ်ချဲ့စနစ်နှင့် အမျိုးသားရေးဝါဒတို့ ကို ကျော်လွန်သွားမည့် ကမ္ဘာကြီးတစ်ခုသို့ ရောက်မည်ဖြစ်ကြောင်းဖြင့် ဝဲလ်စ် က ပြောသည် ။

"ဟုတ်တယ်၊ ကမ္ဘာသစ်ကြီးတစ်ခုရှိတယ်၊ အဲဒီကမ္ဘာမှာ ကျွန်တော်တို့ ဟာ လွတ်လပ်စွာ တွေးနိုင်တယ်၊ လွတ်လပ်စွာ ပြောနိုင်တယ်၊ အဲဒီကမ္ဘာကြီးဟာ လစ်ဘရယ်တို့ ရဲ့ ကမ္ဘာကြီးဖြစ်တယ်၊ ဒီကမ္ဘာကြီးကို ကျွန်တော်တို့ မျှော်မှန်းသင့်တယ်"

သူ ထင်သည့် အဖြေကို သူ ရခဲ့သည် ။ "ဒါပေမဲ့ ကျွန်တော်တို့ အစိုးရကတော့ ဒါတွေကို ခွင့်မပြုဘူး။ ကျွန်တော်တို့ ဆင်ဆာက ဒါတွေကို ခွင့်မပြုဘူး၊ အတိတ်ကို ကျွန်တော်တို့ မမေ့သေးဘူး။ ကျွန်တော်တို့ ကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ ထိုင်နေရတာထက် သပိတ်မှောက်တာ၊ ငြင်းခုံ ဆွေးနွေးတာ၊ ပိတ်ပင်ထားတဲ့ စာပေတွေကို ဖတ်တာက ပိုပြီး အကျိုးရှိတယ်။ မြန်မာပြည်အတွက် ကျွန်တော်တို့ လူငယ်တွေမှာ တာဝန်ရှိတယ်လို့

ကျွန်တော်တို့ နားလည်လာကြပြီ"ဟု သူတို့ က အဖြေ ပေးခဲ့သည်။

အံ့ဩဖို့ တော့ ကောင်းသည် ။ ကျောင်းသားတို့ ၏ တောင်းဆိုချက်ကို ပယ်ချခဲ့သော အိန္ဒိယနှင့် ခွဲရေးအပြီး ပထမဆုံး နန်းရင်းဝန်ဖြစ်သည့် ဒေါက်တာဘမော်သည် မြန်မာတို့ ၏ အမျိုးသားရေး စိတ်ဓာတ်ကို ဗြိတိသျှဆန့်ကျင်ရေးအတွက် အသုံးချရန် ကြိုးစားနေသော ဂျပန်တို့ ကမ်းလှမ်းမှုကိုမူ ကြိုဆိုလက်ခံခဲ့သည် ။ ရန်ကုန်တွင် ရှိသည့် ဂျပန်ကောင်စစ်ဝန်သည် ဒေါက်တာဘမော်၏ ဗြိတိသျှ ဆန့်ကျင်ရေးသဘောထားကို သိနေသည် ။ ထို့ကြောင့် ၁၉၃၈ နှင့် ၁၉၃၉ ခုနှစ် သူ နန်းရင်းဝန် ဖြစ်လာသည့်အခါတွင် တရုတ်-မြန်မာလမ်းမကြီးမှ တစ်ဆင့် တရုတ်ပြည်သို့ လက်နက်များ ပို့သည့်ကိစ္စကို ရပ်ဆိုင်းအောင် လုပ်ပေးရန် ချဉ်းကပ်လာသည် ။ ဂျပန်တို့ က ဒေါက်တာဘမော်ကို ငွေတော်တော် များများ ပေးသည် ။ သို့ရာတွင် ထိုလမ်းမကြီးနှင့် ပတ်သက်၍ မြန်မာအစိုးရတွင် ဘာမှ ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်းဖြင့် ဂျပန်တို့ ကို ပြောလိုက်သည် ။ သို့မဟုတ်လျှင် တရုတ်-မြန်မာလမ်းမကြီး ပိတ်သွားအောင် ဒေါက်တာဘမော် ခေါင်းဆောင်၍ လက်နက်ကိုင် ပုန်ကန်ရန်လည်း မဖြစ်နိုင်။ မြန်မာတို့ သည် ပုန်ကန်ထကြွရန် အဆင်သင့် မဖြစ်ကြသေး။

ဂျပန်တို့ အဖို့ ဒေါက်တာဘမော်နှင့် အဆက်အသွယ်ရရန် အခက်အခဲများ စွာ မရှိလှ။ ရန်ကုန်ရှိ ဂျပန်ကောင်စစ်ဝန်နှင့် ရင်းနှီးပြီး မြန်မာပြည်အနှံ့အပြားရှိ ဂျပန်သူလျှိုများ နှင့် အဆက်အသွယ်ရှိသည့် **ဒေါက်တာဆူဇူကီး** (Dr. Suzuki) သည် ဒေါက်တာဘမော်၏ မိသားစုဆရာဝန်ဖြစ်သည် ။ ဆူဇူကီးကို ဒေါက်တာဘမော်က စ၍ ချဉ်းကပ်ဟန်တူသည် ။ ဒေါက်တာဘမော်မှာ မိုးတွင်းတွင် ခါးကိုက်ရောဂါ ပြန်ပေါ်တတ်ရာ ဒေါက်တာဆူဇူကီးကို ခေါ်၍

ကုတတ်သည် ။ ဤသို့မကြာခဏ တွေ့ဆုံစဉ်တွင် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုအတွက် ဂျပန်အနေဖြင့် မည်သို့သော အကူအညီကို ပေးနိုင်မည်နည်းဟု ဒေါက်တာဘမော် တီးခေါက်ကြည့်သည် ။ ဒေါက်တာဆူဇူကီးကောင်စစ်ဝန်ထံ သတင်းပို့သည် ။ ဤတွင် သူ့လုပ်ငန်း လည်ပတ်စပြုလာသည် ။ ဒေါက်တာဘမော်သည် ဒေါက်တာ သိမ်းမောင်ကို ခေါ်ကာ ဂျပန်ကောင်စစ်ဝန်နှင့် မကြာခဏ တွေ့သည် ။ ဂျပန်ဘုရင့်ရေတပ်မတော်မှ အရာရှိများ လည်း သူ့ထံသို့ လာတတ်သည် ။ ဂျပန်ရေတပ်အရာရှိများ သည် သခင်လူငယ်ခေါင်းဆောင်အချို့နှင့် အဆက်အသွယ် ရနေသည် ကို သူ ရိပ်မိသည် ။ ၁၉၃၉ ခုနှစ် နိုဝင်ဘာလထဲတွင် ဂျပန် တို့ ၏ အကူအညီဖြင့် ဒေါက်တာသိမ်းမောင် တိုကျိုသို့ ထွက်သွားသည် ။ ဒေါက်တာဘမော်က လွတ်လပ်ရေးလှုပ်ရှားမှုအတွက် စတင် လှုံ့ဆော်လျှင် ဂျပန်တို့ က ငွေကြေးအကူအညီပေးမည်ဟူသော ကတိကို ရလာခဲ့သည် ။ ဤသည် အထိ နိုင်ငံရေးသဘောမျှသာ ရှိသေးသည် ။ စစ်ရေး၊ လက်နက်ကိုင် ပုန်ကန်ရေး ကိစ္စအထိ မရောက်သေး။

ဒေါက်တာဘမော်ကို လာတွေ့သည့် ဂျပန်အရာရှိများ သည် ဂျပန်ရေတပ်မတော်မှ အရာရှိ များ ဖြစ်သည် မှာ လည်း ဘာမျှမဆန်း။ ဗြိတိသျှရေတပ်စခန်းများ ပွစာကြဲနေသော အရှေ့တောင်အာရှသည် ဂျပန်ရေတပ်မတော်အတွက် ခေါင်းခဲစရာ ပြဿနာကြီး ဖြစ်နေသည် ။ ဂျပန် ကြည်းတပ်မတော်သည် နောက်ပိုင်းကျမှ လှုပ်ရှားလာခြင်းဖြစ်သည် ။ ဂျပန်ရေတပ်မတော်မှ အရန် အရာရှိတစ်ဦး၏ ဇနီးသည် မှာ မြန်မာပြည်တွင် သွားစိုက်ဆရာလုပ်နေသည် ။ မြန်မာစကားကို ရေလည်စွာ တတ်ကျွမ်း သည် ။ ဗြိတိသျှတို့ သည် ဂျပန်နှင့် ဘာမျှ မဖြစ်သေး။ ဥရောပတွင်

အလုပ်များ နေကြသည် ။ ထို့ကြောင့် ထိုရေတပ်အရာရှိအနေဖြင့် မြန်မာပြည်အနှံ့အပြားတွင် လွတ်လပ်စွာ လှုပ်ရှားနိုင်နေသည် ။ ထိုအရာရှိမှာ **ကိုကူဘူရှိုဇို** (Kokubu Shozo) ဖြစ်သည် ။ ကိုကူဘူသည် မြန်မာပြည်နှင့် ပတ်သက်၍ ဆောင်းပါးများ ၊ စာအုပ်များ အများ အပြား ရေးခဲ့သည် ။ သူ့ဆောင်းပါးများမှာ သူလျှိုတစ်ယောက်၏ သာမန်ကာလျှံကာ ဆောင်းပါးမျိုးမဟုတ်။ ခြေခြေမြစ်မြစ်ရှိသည့် ဆောင်းပါးများ ဖြစ်သည် ။ သို့ရာတွင် ကိုကူဘူသည် သူ့ကိုယ်သူယုံကြည်လွန်းသည် ။ ထိုအတိုင်းသာ ရမ်းနေလျှင် တစ်နေ့နေ့တွင် ပြဿနာဖြစ်မည်ဟု ဂျပန်ကောင်စစ်ဝန် စိုးရိမ်မကင်းဖြစ်နေသည် ။

ထင်သည့်အတိုင်းပင် ပြဿနာပေါ်လာသည် ။

ကိုကူဘူသည် ဂျပန်သံတမန်တစ်ဦးဖြစ်သူ **အိုဟာရှိချူအီချိ** (Ohashi Chuichi) နှင့် အတူ အထက်မြန်မာပြည်သို့ သွားကာ နာမည်ကျော် **ဂုတ်ထိပ်** (Gokteik) တံတားကြီးကို သွားကြည့်သည် ။ ဂျပန်ဗိုလ်ချုပ်တစ်ဦးဖြစ်သည့် **ဆူချီဟာရှိ** (Tsuchihashi) သည် ဂုတ်ထိပ် တံတားကြီးကို သွား၍ ဖောက်ခွဲပစ်မည်ဆိုသည့် သတင်းကို ဗြိတိသျှတို့ က ရထားသည် ။ ဆူချီဟာရှိမှာ အင်ဒိုချိုင်းနားရှိ ဂျပန်တပ်များ ၏ စစ်သေနာပတိ ဖြစ်သည် ။ ဗြိတိသျှတို့ သည် အိုဟာရှိနှင့် ဆူချီဟာရှိကိုပင် မှားသလော၊ သို့မဟုတ် သူတို့ နယ်မြေထဲတွင် ဂျပန်တို့ လှုပ်ရှားနေသည် ကို မကြိုက်၍ လော မသိ။ ကိုကူဘူနှင့် အိုဟာရှိတို့ ကို ကောက်ဖမ်းလိုက်သည် ။ ကိုကူဘူက သူတို့ ကို အစောင့်လိုက်လာသည့် စန္ဒရီ၏ ရိုင်ဖယ်သေနတ်ကို လုယူ၍ စန္ဒရီကိုသာ ပစ်သတ်ပြီး ထွက်ပြေးချင်သည် ။ သို့ရာတွင် အိုဟာရှိက

သဘောမတူ။ ဤသို့ လုပ်လိုက်လျှင် မြန်မာပြည်တွင် ဂျပန်တို့ ၏ နောက်ထပ်လှုပ်ရှားမှု များ အတွက် အခက်အခဲ တွေ့သွားနိုင်သည် ဟု ဆိုသည် ။

ဂျပန်ကောင်စစ်ဝန်ကို အကြောင်းကြားသည့်အခါတွင် ဂျပန်ကောင်စစ်ဝန်က တောင်းပန်သဖြင့် သူတို့ နှစ်ယောက်ကို ဗြိတိသျှ အစိုးရ ပြန်လွှတ်ပေးလိုက်သည် ။ ဂျပန်ကောင်စစ်ဝန်က နောင်တွင် ကိုကူဘူနှင့် အဆက်အသွယ်မလုပ်ရန် ဒေါက်တာဘမော်ကို သတိပေးသည် ။ ကိုကူဘူသည် ဒေါက်တာဘမော်ကို အစိုးရဖမ်း၍ ထောင်ထဲသို့ ထည့်ထားသည့်အခါ ထောင်ထဲသို့ မကြာခဏ သွားတွေ့ပေးသည် ။ သို့ရာတွင် ဒေါက်တာဘမော်သည် ကိုကူဘူနှင့် အဆက်ဖြတ်လိုက်ပြီ။ ဤတွင် ကိုကူ ဘူသည် သခင်ဗစိန်၏ သခင်ဂိုဏ်းနှင့် အဆက်ရသွားသည် ။ ဒေါက်တာဘမော်နှင့် သခင်အောင်ဆန်းတို့ သခင်များက သခင်ဗစိန်နှင့် အဆက်အသွယ်ယူရန် တိုကျိုရှိ သူ့ဌာနချုပ်သို့ အကြောင်းကြား သည် ။ သခင်ဗစိန်ကို မြန်မာပြည်မှ ခိုးထုတ်ပြီး အရှေ့တောင်အာရှရှိ ဂျပန်သူလျှိုဂိုဏ်းခေါင်းဆောင် **ဗိုလ်မှူးကြီး တာမူရာ** (Colonel Tamura) နှင့် တွေ့ဆုံပေးရန် စီစဉ်သည် ။ ထိုစဉ်က တာမူရာမှာ ဘန်ကောက်ရှိ ဂျပန်သံရုံးတွင် စစ်သံမှူး လုပ်နေသည် ။ သခင်ဗစိန်သည် ယိုးဒယားနယ်စပ်သို့ ထွက်လာခဲ့ရာ နယ်စပ်တွင် ဗြိတိသျှတို့ ၏ အဖမ်းကို ခံလိုက်ရသည် ။ သခင်ဗစိန်၏ သတင်းကို ကြားသည့်အခါ သခင်ခေါင်းဆောင်တစ်ယောက်ဖြစ်သော သခင်အောင်ဆန်းသည် လည်း ဂျပန်ထံမှ အကူအညီ ယူရေးကို စဉ်းစားလာခဲ့သည် ။ ဂျပန်တို့ သည် ဒေါက်တာဘမော်နှင့် ပလူးရုံမျှမက မြန်မာခေါင်းဆောင်များ ထဲသို့ စိမ့်ဝင်ထိုးဖောက်လာခဲ့ကြသည် ။

ဒေါက်တာဘမော်၏ အစိုးရသည် ၁၉၃၉ ခု မတ်လတွင် ပြုတ်ကျသွားကာ ဦးပုခေါင်းဆောင်သော အစိုးရ တက်လာသည် ။ ဦးပုက ဂျာမနီကို တိုက်နေသည့် ဗြိတိန်၏ စစ်ပွဲသည် တရားသော စစ်ဖြစ်ကြောင်း ကြေညာကာ ဗြိတိန်ကို ထောက်ခံကြောင်း ကြေညာသည် ။ သို့ရာတွင် ဦးပု၏ ပေါ်လစီကို မြန်မာလူထုက တညီတညွတ်တည်း ထောက်ခံခြင်းမပြုကြ။ ဦးပု အစိုးရအဖွဲ့ဝင် ဦးဘသီက မြန်မာပြည်ကို **ဒိုမီနီယန်** (Dominion) အုပ်ချုပ် ရေးပေးမှသာ ဗြိတိသျှတို့ ကို ထောက်ခံသင့်ကြောင်းဖြင့် ၁၉၄၀ ပြည့် မတ်လ ဥပဒေပြုလွှတ်တော်တွင် အဆိုတစ်ရပ်တင်ခဲ့သည် ။ ဦးပု၏ အစိုးရသည် ၁၉၄၀ ပြည့် စက်တင်ဘာလထဲတွင် ပြုတ်ကျသွားခဲ့ပြန်သည် ။

ခွဲရေးပြီးသည့်နောက် တတိယနန်းရင်းဝန်ကြီးဖြစ်လာသူမှာ ဦးစောဖြစ်သည် ။ ဦးစောသည် ‘သာမန်လောက်မျှသာ ပညာအဆင့်အတန်းရပြီး စကားပြောကောင်းသူဖြစ်သည် ။ မျှော်မှန်းချက် အားကြီး၍ သူ့အတွက် ဘာမဆို လုပ်ရဲကိုင်ရဲသူဖြစ်သည် ’ဟု **မောရစ်ကောလစ်** (Maurice Collis)က ရေးခဲ့သည် ။ သို့ရာတွင် မြန်မာပြည်ကို ထိန်းရန် အခက်တွေ့နေသည့် ဘုရင်ခံ **ဒေါ်မန်စမစ်** (Dorman-Smith) သည် ဦးစော၏ ခပ်ရမ်းရမ်းနည်းကို သဘောကျနေသည် ။ ဦးစောသည် ဉာဏ်များ သူဖြစ်ကြောင်းကို ဒေါ်မန်စမစ် သိပါသည် ။ သို့ရာတွင် ဦးစောသည် လှိုက်လှဲပျူငှာရှိသည် ။ တစ်ခါတွင် အစိုးရအိမ်တော် ဧည့်ခံပွဲတစ်ခု၌ မန္တလေးတွင် ရာထူးတစ်ခု ခန့်ထားရေးနှင့် ပတ်သက်ပြီး ဦးစော ငွေတစ်သောင်း လာဘ်ယူသည် ဟု ကြားကြောင်းဖြင့် ဘုရင်ခံက မြောင်မေးသည် ။ ဦးစောက ဤသို့ရာထူးကို ရောင်းစားသူ မဟုတ်ကြောင်းဖြင့်

ဒေါ်သတကြီးငြင်းပြီးနောက် လာဘ်ယူသည့်ငွေမှာ တစ်သောင်းငါးထောင်ဖြစ်သည် ဟု ပြောင်ပြောင်ပင် ပြောကာ နောင်တွင် မလုပ်တော့ပါဟု ပြောသည်။

ဒေါက်တာဘမော်ကဲ့သို့ပင် မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်းသူဖြစ်သည့် ဦးစောသည် သူ့ကိုယ်ပိုင်တပ်ဖြစ်သော ဂဠုန်တပ်ဖွဲ့ကို ထူထောင်သည်။ သတင်းစာများကို ကိုင်ထားသည်။ သို့ရာတွင် ထိုလုပ်ငန်းများမှာ ဟန်ပြမျှသာ ဖြစ်လေသည်။ နန်းရင်းဝန်မဖြစ်မီ ငါးနှစ်ခန့်က ဦးစောသည် ဂျပန်ပြည်သို့ သွားလည်ခဲ့ပြီးအပြန်တွင် ဂျပန်၏ ငွေကြေးထောက်ပံ့မှုကို ယူလာခဲ့သည် ဟု ကောလာဟလများ ပေါ်ပေါက်ခဲ့သည်။ မြန်မာပြည်အား ဒိုမီယန် အုပ်ချုပ်ရေးပေးရန် ဘုရင်ခံဒေါ်မန်စမစ်က ထောက်ခံသည့်တိုင် ဗြိတိသျှကက်ဘိနက်က မရေမရာ လုပ်နေသည့်အခါတွင် သူကိုယ်တိုင် ဘိလပ်သို့သွား၍ အရေးဆိုရန် ဘုရင်ခံက တိုက်တွန်းသည်။ ဦးစောကလည်း သွားရန် သဘောတူသည်။ သူ သွားမည့်ကိစ္စမှာ စစ်အောင်ပြီးသည့် နောက်တွင် မြန်မာပြည်အား လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် အရေးဆိုဖို့ ဟု အကြောင်းပြသည်။ **ချာချီ** (Churchill) က ထိုစကားအသုံးအနှုန်းကို လက်မခံသော်လည်း ဦးစောသည် ကာကွယ်ရေးကောင်စီ အတွင်းဝန် ဦးတင်ထွတ်နှင့်အတူ ၁၉၄၁ ခု၊ အောက်တိုဘာလထဲတွင် လန်ဒန်သို့ ထွက်လာခဲ့သည်။

ဘိလပ်သို့ ရောက်သည့်အခါတွင် ဦးစောသည် နန်းရင်းဝန် ချာချီနှင့်လည်းကောင်း၊ ကိုလိုနီ ဆိုင်ရာ အတွင်းဝန် **အေမရီ** (Amery) နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။ သူတို့ ထံမှ ဘာမှ တိတိကျကျ အဖြေမရ။ စစ်ပြီးလျှင် မြန်မာပြည်နှင့်ပတ်သက်၍

ဦးစားပေး၍ စဉ်းစားပါမည်။ ယခု လောလောဆယ် ဂျာမနီနှင့် စစ်ဖြစ်နေချိန်တွင် အုပ်ချုပ်ရေးကိစ္စများကို မစဉ်းစားနိုင်သေးဟု အကြောင်းပြန်ကြသည် ။ ဦးစောသည် စိတ်ပျက်လက်ပျက်၊ ဒေါသထွက်ထွက်ဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့သည် ။ မူလခရီးစဉ်မှာ အမေရိကန်ပြည်ထောင်စု ထိုမှ ဖိလစ်ပိုင်ကျွန်းကို ဖြတ်ကာ မြန်မာပြည်သို့ ပြန်ရန် ဖြစ်သည် ။ သို့ရာတွင် ဂျပန်တို့ က **ပါးလ်ဟားဘား** (Pearl Harbour) ဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်လိုက်ပြီဖြစ်သဖြင့် အရှေ့ဘက်မှ ပြန်၍ မရတော့။ ဒီဇင်ဘာလ ၈ ရက်နေ့ **ဟာဝိုင်ယီ** (Hawaii) ကျွန်းသို့ ရောက်သည့်အခါတွင် ဂျပန် ဗုံးကြဲသဖြင့် မီးဟု န်းဟု န်းတောက်နေသော အမေရိကန် ပစိဖိတ်ရေတပ်ကြီးကို ဦးစော မြင်ခဲ့ရသည် ။

ဦးစောနှင့် ဦးတင်ထွတ်တို့ သည် လာလမ်းအတိုင်း ပြန်လာခဲ့ကြသည် ။ ပေါ်တူဂီပြည် **လစ္စဘွန်း** (Lisbon) သို့ အရောက်တွင် ဦးစောသည် ဂျပန်ကောင်စစ်ဝန်ချုပ်နှင့် ဝင်တွေ့သည် ။ နောက်တစ်နေ့၌ လစ္စဘွန်းရှိ ဂျပန်သံအမတ်ဝန်ချုပ်က တိုကျိုသို့ ကြေးနန်းတစ်စောင် လှမ်းရိုက် လိုက်သည် ။ ထိုကြေးနန်းထဲတွင် မိမိနှင့် မြန်မာနန်းရင်းဝန်တို့ တွေ့ဆုံကြောင်း၊ ဂျပန်က မြန်မာပြည်ကို ဝင်တိုက်လျှင် မြန်မာတို့ က ဗြိတိသျှတို့ ကို ပုန်ကန်ပြီး ဂျပန်တို့ ကို အကူအညီပေးမည်ဟု ပြောကြောင်းနှင့် ထိုကြေးနန်းတွင် ပါသည် ။

ဗြိတိသျှတို့ က ဂျပန်တို့ ၏ သံတမန်လျှို့ဝှက်စာများကို ကြားဖြတ် နားထောင်နေချိန်ဖြစ် သည် ။ ဤတွင် လစ္စဘွန်းမှ ရိုက်လိုက်သည့် ဂျပန်သံအမတ်၏ ကြေးနန်းကို ဗြိတိသျှတို့ က ကြားဖြတ်ယူကာ အဓိပ္ပာယ်ဖော်ကြည့်သည် ။ ခဏကြာလျှင် ထိုသတင်းသည်

လန်ဒန်ရှိကိုလိုနီအတွင်းဝန် အေမရီ၏ စားပွဲပေါ်တွင် ရောက်နေလေပြီ။ ဂျပန်သံအမတ်၏ အစီရင်ခံစာသည် သာသာထိုးထိုး ရေး သားသည့် အစီရင်ခံစာဖြစ်သည် ထားဦး။ ဦးစောကိုမူ မြန်မာပြည်သို့ ပြန်လွှတ်၍ မဖြစ်တော့ပြီ။ ဦးစောနှင့် ဦးတင်ထွတ်တို့ သည် **ဟေဖာ** (Haifa) လေဆိပ်သို့ ရောက်သည့်အခါတွင် အဖမ်းခံကြရသည် ။ ဦးတင်ထွတ်မှာ ထိုအထဲတွင် မပါသဖြင့် နောင်တွင် သူ့ကို လွှတ်လိုက်သည် ။ ဦးစောကိုမူ စစ်ကာလတစ်လျှောက်လုံး ဖမ်းဆီးထားခဲ့သည် ။

သို့ဖြင့် အိန္ဒိယနှင့် ခွဲပြီးနောက် တက်လာခဲ့သော နန်းရင်းဝန်သုံးဦးအနက် နှစ်ဦးသည် ဂျပန်နှင့် ဆွေးနွေးခဲ့ကြသည် ။ ထိုအချိန်တွင် ကျောင်းသားများအား နိုင်ငံရေးနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဂျပန်တို့ က သင်တန်းတွေ ပေးနေခဲ့လေပြီ။

## ဗိုလ်မှူးကြီးဆူဇူကီး (Colonel Suzuki Keiji) နှင့် ရဲဘော်သုံးကျိပ်

၁၉၄၀ ပြည့်၊ မေလထဲတွင် သူ့ကိုယ်သူ **မီနာမီမာဆူယို** (Minami Masuyo) ဟု အမည်ပေး ထားသည့် ဂျပန်ပြည် **ယိုမီယူရီရှင့်ဘွန်း** (Yomiuri Shimbun) သတင်းစာမှ သတင်းထောက် တစ်ဦး ရန်ကုန်သို့ ရောက်လာသည် ။ မီနာမီက စကားနည်းနည်း၊ မျက်နှာထားပြုံးပြုံးနှင့် ဖြစ်သည် ။ ကိုကူဘူ၏ ဆောင့်ကြွားကြွား အမူအရာနှင့် တခြားစီ။ မီနာမီသည် သတင်းစာဆရာကောင်းတစ်ယောက်ပီသစွာ မျက်စိကိုဖွင့်၍ နားကို စွင့်ထားသည် ။ သူနှင့်အတူ **ရှန်ဟဲ** (Shanghai)တွင် ဖွင့်ထားသည့် ဂျပန်စီးပွားရေး

ဗျူရိုအဖွဲ့ဝင်တစ်ဦးဖြစ်သည့် **ဆူဂီအီမစ်ဆူရူ** (Sugii Mitsuru) နှင့် သူ့အ ဖော် **မီဇူတာနီ** (Mizutani) ဆိုသူတို့ လည်း ပါလာကြသည် ။ မီ နာ မီ စ ကား န ည်း ခြ င်း မှာ သူ့ လုပ်ငန်းအတွက် နာမည်နှင့် အလုပ်အကိုင်ကို ပြောင်းထားသလို ပုံပြောင်းထားခြင်းဖြစ်သည် ။ အမှန်အားဖြင့် မီနာမီသည် အခြားသူမဟုတ်။ ဂျပန်စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဆူဇူကီးကေဂျီဖြစ်သည် ။ သူ့ တာဝန်မှာ မြန်မာတို့ ၏ နိုင်ငံရေးသဘောထားကို တီးခေါက်ကြည့်ရန်နှင့် တရုတ်ပြည်သို့ လက်နက် ရိက္ခာ ထောက်ပံ့နေသော တရုတ်-မြန်မာလမ်းမကြီးကို ဖြတ်တောက်ရာတွင် မြန်မာတို့ ၏ နိုင်ငံရေး သဘောထားကို အသုံးချ၍ ဖြစ်၊ မဖြစ် အကဲခတ်ရန် ဖြစ်သည် ။ ဆူဂီအီနှင့် မစ်ဇူတာနီတို့ မှာ သူ့လုပ် ငန်းတွင် လက်ထောက်များ ဖြစ်ကြသည် ။

ဗိုလ်မှူးကြီးဆူဇူကီးသည် မြန်မာပြည်၏ အနာဂတ်တွင် အရေးပါသူတစ်ယောက် ဖြစ်လာခဲ့သည် ။ လက်ရဲဇက်ရဲရှိသူတစ်ယောက်ဖြစ်ပြီး ရှန်ဟဲတွင် ဂျပန်ကြည်းတပ်နှင့် ရေတပ်တို့ ပြဿနာ ပေါ်သဖြင့် တိုကျိုသို့ ပြန်သွားရသူဖြစ်သည် ။

ဂျပန်ဘုရင်၏ ဗဟိုစစ်ဌာနချုပ်သည် မြန်မာပြည်ရေတပ်မှ ကိုကူဘူ၏ အဆက်အသွယ်များ နှင့်အပြိုင် ကြည်းတပ်အဆက်အသွယ်များ လိုချင်နေသည် ။ ဤတွင် ဆူဇူကီးကို တာဝန်ပေးလိုက်၏။ ဆူဇူကီးသည် ထိုတာဝန်ကို စိတ်ရောကိုယ်ပါ ဆောင်ရွက်သည် ။ ဆူဇူကီးသည် တိုကျိုရှိ ဂျပန်- မြန်မာအသင်း၏ အတွင်းရေးမှူး ဖြစ်လာခဲ့သည် ။ ထိုအသင်းသည် အာရှတိုင်းပြည်များနှင့် ယဉ်ကျေးမှုပေါင်းကူးရန်ဖြစ်သည် ။ ထိုမှ နိုင်ငံရေး အမြတ်ထွက်လာနိုင်သည် ။ ၁၉၃၉ ခုနှစ်ထဲတွင် ဒေါက်တာဘမော်၏ လူဖြစ်လာသော ဒေါက်တာသိမ်းမောင်သည် တိုကျိုသို့ ရောက်လာကာ

ဂျပန်-မြန်မာအသင်းနှင့် အဆက်အသွယ် လုပ်သွားသည် ။ ဒေါက်တာသိမ်းမောင်၏ **နယူးဘားမား** (New Burma) သတင်းစာက နိုင်ငံရေးမျှော်မှန်းချက်များ ထားရာတွင် အရှေ့အာရှတိုက်သို့ လှမ်းမျှော်ကြည့်ကြရန် တစ်လျှောက်လုံး လှုံ့ဆော်ရေးသားလာခဲ့သည် ။ မြန်မာပြည်ရှိ နိုင်ငံရေးရာများ နှင့် အဆက်အသွယ်ယူရာတွင် ဒေါက်တာသိမ်းမောင်သည် အဓိက ကွင်းဆက်ဖြစ်သည် ။

ရန်ကုန်သို့ ဆူဇူကီး ရောက်လာသည့်အခါတွင် ပို၍ ကောင်းသည့် ကြားအဆက်အသွယ်တစ်ခုကို တွေ့သည် ။ ထိုသူမှာ မြန်မာပြည်တွင် အတန်ကြာကပင် ရောက်ရှိနေခဲ့သော ဂျပန်ဘုန်းတော်ကြီး **နာဂါအီ** (Nagai) ဖြစ်သည် ။ နာဂါအီသည် ခေါင်းလောင်းထိုးခြင်းဖြင့် တ ရား ကျ င့် သော **နီချီရင်** (Nichiren) ဂျပန်ဗုဒ္ဓဘာသာဂိုဏ်းဝင် တစ်ဦးဖြစ်ပြီး မြန်မာဘုန်းကြီးများကဲ့သို့ပင် ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် ဆွမ်းခံတတ်သည် ။ သူ့ကို ဘယ်သူကမျှ သံသယဖြစ်စရာ အကြောင်းမရှိတော့။ ဂျပန်ထောက်လှမ်းရေးတွင် အမှုထမ်းနေသူနှစ်ဦးအဖို့ ကား အလွန်စိတ်ချရသည့် အကာအကွယ်ပေတည်း။ နာဂါအီသည် ဒေါက်တာသိမ်းမောင်နှင့် ဆူဇူကီးတို့ ကြားထဲတွင် အဆက်အသွယ်လုပ်ပေးသည် ။ ထိုမှ တစ်ဆင့် ဆူဇူကီးသည် သခင်လူငယ်များ နှင့် အဆက်အသွယ်ရလာခဲ့သည် ။ ဆူဇူကီး၏ ထိုစဉ်က ရည်ရွယ်ချက်မှာ ရှင်းသည် ။ တရုတ်-မြန်မာလမ်းမကြီးကို ပိတ်ချင်လျှင် မြန်မာတို့ ၏ လက်နက်ကိုင် ပုန်ကန်မှုရှိရမည်။ သို့ဆိုလျှင် သခင်လူငယ်များကို အားပေးရမည်။ ကူညီရမည့်ဆိုလျှင် ရည်ရွယ်ချက်ဖြစ်သည် ။ ရန်ကုန်ရှိ ဂျပန်သံတမန်များက ဗြိတိသျှဆန့်ကျင်သူများကို အားပေး ရမည်လောဟု ဗြိတိသျှငြိုငြင်မည်ကို စိုးရိမ်နေကြသော်လည်း

ဆူဇူကီးကမူ ရဲရဲတင်းတင်းပင် လုပ် သည် ။ ထိုမျှမက ဆူဇူကီးသည် ဗြိတိသျှတို့ လက်မှ မြန်မာပြည်လွတ်လပ်ရေးရရမည်ဟု တကယ် ယုံကြည်ခဲ့သည် ။ မြန်မာပြည်ကိစ္စသည် ဂျပန်၏ အရှေ့တောင်အာရှစစ်ပွဲထဲမှ အစိတ်အပိုင်း ပြဿနာကလေးတစ်ခုမဟုတ်။ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ပြည်၏ လွတ်လပ်ရေး ပြဿနာဖြစ်သည် ဟု သူ ယုံကြည်သည် ။ သို့ဖြင့် တကယ် ရိုးရိုးသားသားယုံကြည်သော ဆူဇူကီးသည် နောင်တွင် ဂျပန်တပ်မှူးများ နှင့် ပြင်းပြင်းထန်ထန် သဘောထားကွဲလာခဲ့သည် ။

ဒေါက်တာဘမော်သည် ၁၉၄၀ ပြည့် နွေရာသီတွင် ဥရောပ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို စောင့်ကြည့်နေသည် ။ ဤတွင် သူ့အဖို့ အချက်ပေါ် လာပြီး ဒေါက်တာဘမော်သည် ဒေါက်တာ ဆူဇူကီး (ဗိုလ်မှူးကြီး ဆူဇူကီးမဟုတ်) ဂျပန်ကောင်စစ်ဝန် **ကူးဂါး** (Kuga) တို့ နှင့် မကြာခဏ တွေ့ဆုံဆွေးနွေးပြီး အိန္ဒိယပြည် အခြေအနေသည် လည်း မြန်မာပြည်နှင့် အတူတူပင် ဖြစ်ကြောင်း၊ ကာလကတ္တား မြို့တော်ဝန်ဖြစ်သည့် **ဆူဘတ်စ်ချန်ဒရာဘို့စ်** (Subhas Chandra Bose) သည် အိန္ဒိယပြည် လွတ်လပ်ရေးအတွက် ဂျပန်တို့ ထံမှ အကူအညီရရန် တောင်းထားကြောင်း။ ဘို့စ်က သူ့ကို ငွေဆယ်သန်းနှင့် ရိုင်ဖယ်တစ်သောင်းပေးဖို့ တောင်းထားကြောင်းပြောသည် ။ "ကျုပ်တို့ က အဲဒါထက်ဝက်လောက် ရရင် အလုပ်စနိုင်တယ်။ ပြီးတော့ ကျုပ်နည်းပြဆရာတွေလိုတယ်" ဟု ဒေါက်တာဘမော်က ပြောသည် ။

ဗြိတိသျှတို့ သည် သူတို့ မျက်စိရှေ့တွင် လှုပ်ရှားနေကြသော ဂျပန် ဘက်တော်သားများ ၏ အခြေအနေကို မသိဘဲမနေ။ ထို့ကြောင့် ၁၉၄၀ ခု၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကာကွယ်ရေးပုဒ်မအရ ဒေါက်တာဘမော်ကို ဖမ်းဆီးပြီး ထောင်တစ်နှစ်ချလိုက်သည် ။

သခင်အောင်ဆန်းကိုလည်း ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်ကြသည် ။ သခင်အောင်ဆန်းတို့ အစုသည် မြန်မာပြည်လွတ်လပ်ရေး အတွက် တရုတ်ပြည်မှ အကူအညီကို ရယူရန် ကြိုးစားခဲ့ဖူးသည် ။ ထို့နောက် ၁၉၄၀ ခုနှစ် **ရ မ်း ဂါး** (Ramgarh) တွင် ကျင်းပသည့် အိန္ဒိယအမျိုးသားကွန်ဂရက်ညီလာခံသို့ သွားတက်ခဲ့ကြဖူးသည် ။ သခင်အောင်ဆန်းတို့ တစ်သိုက်သည် တရုတ်ပြည်၏ ရန်သူဖြစ်၍ **ဂန္ဒီ** (Gandhi) ၏ အကြမ်းမဖက် ရေးလမ်းစဉ်နှင့် ဆန့်ကျင်သောဂျပန်ကို မျှော်ကိုးခြင်းမပြုတန်ရာ။

သို့ရာတွင် မြန်မာ့လွတ်လပ်ရေးကို ဗြိတိသျှလက်မှ ရယူလိုလျှင် ဂျပန်နှင့် ဝင်ရိုးတန်းနိုင်ငံများ သည် အကူအညီပေးနိုင်ဖွယ်ရှိသည့် တိုင်းပြည်များ ဖြစ်နေသည် ။ အချို့ မြန်မာခေါင်းဆောင်တို့ ကလည်း ဂျပန်တို့ နှင့် အဆက်အသွယ်ရနေကြပြီ။ ဗြိတိသျှတို့ ကလည်း သူ့ကို လိုက်ဖမ်းနေကြပြီ။ ဒေါက်တာဘမော်ကို ဖမ်းပြီးနောက် ရှစ်ရက်အကြာတွင် သခင်အောင်ဆန်းသည် အခြားသခင်တစ်ဦး ဖြစ်သူ သခင်လှမြိုင် (ဗိုလ်ရန်အောင်)နှင့်အတူ **အမွိုင်** (Amoy) သို့ ဆန်သွားပို့သည် နော်ဝေ သင်္ဘောတစ်စင်းဖြစ်သော **ဟိုင်လီ** (Hai Lee) သင်္ဘောဖြင့် တိတ်တဆိတ်လိုက်ပါသွားကြသည် ။ အမွိုင်မြို့မှာ ထိုစဉ်က ဂျပန်တို့ အောက်တွင် ရောက်နေသည် ။

အမွိုင်မြို့သို့ ရောက်သည့်အခါတွင် သခင်အောင်ဆန်းတို့ နှစ်ယောက်သည် ယောင်လည်လည် ဖြစ်နေကြသည် ။ ပါသမျှ ပိုက်ဆံကလေးလည်း ကုန်ပြီ။ အကူအညီရမည့် အဆက်အသွယ်ကိုလည်း ရှာမတွေ့။ ရန်ကုန်တွင် ရှိသည့် ဂျပန်ကောင်စစ်ဝန်က ဆက်သွယ်ထားသဖြင့် သူတို့ ကို

လာကြိုမည့်သူရှိမည်ဟု ထင်ခဲ့ကြသည် ။ သို့ရာတွင် သခင်အောင်ဆန်းကလည်း သူ မည်သည့်နေ့တွင် ထွက်မည်ကို ဂျပန်ကောင်စစ်ဝန်သို့ ပြောမထားခဲ့။ တရုတ်ပြည်တွင် ရှိသည့်ဂျပန်အာဏာပိုင်များ နှင့် မြန်မာပြည်ရှိ ဂျပန်ကောင်စစ်ဝန်ရုံးကလည်း အဆက်အသွယ် ကောင်းဟန် မတူ။ သို့မဟုတ်လျှင်လည်း ဂျပန်ကောင်စစ်ဝန်၏ စာသည် ထုံးစံအတိုင်း အဆင့်ဆင့်ကို ဖြတ်သန်းနေရသဖြင့် တော်တော်နှင့် ရောက်ပုံမရ။ သခင်အောင်ဆန်းသည် နာမကျန်းဖြစ်ကာ အမွိုင်မြို့အပြင်ဘက်တွင် **ကွန်လုံစု** (Kun Long Su) ရွာကလေးရှိ ညစ်ပတ်သောတည်းခိုခန်းကလေးထဲတွင် ရောက်နေသည် ။ ပိုက်ဆံလည်း မရှိတော့။

ဆူဇူကီးသည် သခင်အောင်ဆန်း၏ အခက်အခဲကို ကြားသည် နှင့် ချက်ချင်းပင် စတင် လှုပ်ရှားသည် ။

ဆူ ဇူ ကီး သ ည် **ဆူဂီ** (Sugii) နှင့်အတူ ဘန်ကောက်သို့ လေယာဉ်ပျံဖြင့် လိုက်လာကာ ဂျပန် သံရုံးသို့ သွားသည် ။ ထို့နောက် (ဒေါက်တာသိမ်းမောင်မှ တစ်ဆင့်ရခဲ့သည့်) သခင်အောင်ဆန်းတို့ နှစ်ယောက်၏ ဓာတ်ပုံများ နှင့် အကျိုးအကြောင်း အပြည့်အစုံကို သတင်းပို့ကာ တောင်တရုတ်ပင် လယ်ကမ်းခြေမြို့များ တွင် သူတို့ နှစ်ယောက်ကို လိုက်ရှာပေးရန် **ကင်ပေတိုင်** (Kempei) (ဂျပန် စစ်ထောက်လှမ်းရေး) ဌာနချုပ်သို့ အကူအညီတောင်းသည် ။ အမွိုင်တွင် ရှိသည့် ကင်ပေတိုင် **ဗိုလ်မှူးကန်ဒါ** (Major Kanda) သည် သူတို့ နှစ်ယောက်ကို ခြေရာကောက်၍ လိုက်လာခဲ့သည် တွင် ကွန်လုံစုရွာကလေးမှ တည်းခိုခန်းတစ်ခုတွင် သွားတွေ့သည် ။

ထိုအချိန်၌ သခင်အောင်ဆန်းမှာ ဝမ်းကိုက်ရောဂါစွဲကပ်ကာ ချည့်နဲ့ ပိန်ချုံးနေလေပြီ။ ထိုတွေ့ဆုံမှုသည် သခင်အောင်ဆန်း၏ ရည်မှန်း ချက်ပန်းတိုင်ကို အဆုံးအဖြတ်ပေးလိုက်သည် ။ ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလထဲတွင် သူနှင့် သခင် လှမြိုင်တို့ ကို တိုကျိုသို့ ပို့လိုက်ရာ လေဆိပ်တွင် ဆူဇူကီးက လာ၍ ကြိုသည် ။

ဆူဇူကီး စောင့်မျှော်လျက်ရှိသည့် အခွင့်အရေးသည် ရောက် လာလေပြီ။ မြန်မာပြည်တွင် ဂျပန်တို့ ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် စစ်ဌာနချုပ်သို့ ပြစရာ သက်သေရသွားလေပြီ။ ဆူဇူကီးသည် သခင်လူငယ်များကို မြန်မာပြည်ထဲမှ ခိုးထုတ်ရန်၊ သူတို့ ကို စစ်ပညာသင်ပေးရန်၊ ထို့နောက် ဘန်ကောက်မှ တစ်ဆင့် မြန်မာပြည်တွင်းသို့ ထိုးဖောက် ဝင်ရောက်စေရန် စီမံကိန်းတစ်ခု ဆွဲ၍ တင်ပြလိုက်သည် ။ သို့ဖြင့် ဆူဇူကီး ခေါင်းဆောင်သည့် **မီနာမီကီကန်း** (Minami Kikan) အဖွဲ့သည် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလထဲတွင် တရားဝင် အကောင်အထည်ပေါ်လာခဲ့သည် ။ ဌာနချုပ်ကို တိုကျိုတွင် ထားရှိပြီး စစ်ဆင်ရေးဌာနချုပ်ကို ဘန်ကောက်တွင် ထားရှိသည် ။ မြန်မာပြည်နှင့် ကပ်နေသော နယ်စပ်မြို့လေးမြို့ဖြစ်သည့် **ဇင်းမယ်** (Chiengmai)၊ **ရဟိုင်း** (Rahaeng)၊ **ကန်ဘူရီ** (Kamburi) နှင့် **ရနောင်း** (Ranaung) မြို့များ တွင် လည်း ကူးသန်းရောင်းဝယ်ရေးဌာနများ အသွင်ဖြင့် မီနာမီကန်း၏ ဌာနခွဲများ တည်ထောင်လိုက်သည် ။ ထိုမြို့လေးမြို့သည် မြန်မာပြည်ကို တိုက်ရန်အတွက် အချက်အချာနေရာများ ဖြစ်လာနိုင်သည် ။ ထိုဌာနခွဲလေးခုမှ အကြီးအကဲများ သည် နယ်မြေအခြေအနေကို လေ့လာကြသည် ။ ဥပမာအားဖြင့် ရဟိုင်းဌာနခွဲအကြီးအကဲဖြစ်သူ **ဗိုလ်လေး တကာဟာ ရှိဟာချီရို** (Lt.

Takahashi Hachiro)သည် သစ်တောပါရဂူတစ်ဦး ဟန်ဆောင်ကာ နယ်စပ်ရှိ လမ်းများ ၊ တောလမ်းများကို ကြည့်ရှုလေ့လာခဲ့သည် ။ ကန်ဘူရီဌာနခွဲ အကြီးအကဲဖြစ်သူ **ဗိုလ်လေး နိုဒါတာကီရှိ** (Lt. Noda Takeshi) သည် ကုန်စုံဆိုင်တစ်ဆိုင်ကို ဖွင့်ကာ ထိုဒေသရှိ **ကွေ** (Khwae) မြစ်တစ်လျှောက်တွင် ရေကြောင်းသွားလာရေး အခြေအနေကို စုံစမ်းခဲ့သည် ။ ထိုလမ်းသည် ထားဝယ်နှင့် အနီးဆုံးလမ်းဖြစ်ကြောင်း သိလာခဲ့ရသည် ။ ရနောင်းဌာနခွဲ တာဝန်ခံသည် ငါးနှင့် သစ်တောပါရဂူ၏ အသွင်ဖြင့် မြန်မာပြည်နယ်စပ်အစွန်ရှိ ကော့သောင်းမြို့လေးအကြောင်းကို လေ့လာခဲ့သည် ။ အိန္ဒိယမှ စင်ကာပူသို့ ရိက္ခာလက်နက် ထောက်ပံ့ရာတွင် အရေးကြီးသည့် ဗြိတိသျှ လေယာဉ်ကွင်း တစ်ခုကိုလည်း တွေ့လာခဲ့ရသည် ။

မြန်မာလူငယ်များအား ဂျပန်တို့က စစ်ပညာသင်ကြားပေးပြီးနောက် ထိုဒေသများ တွင် စိမ့်ဝင်ထိုးဖောက်စေခဲ့သည် ။ ဂျပန်အရာရှိများမှာ သူလျှိုလုပ်ငန်းနှင့် ပတ်သက်၍ ဂျပန်ပြည်တွင် ကောင်းစွာ သင်ကြားလေ့ကျင့်ပြီး သူများ ဖြစ်ကြသည် ။ ယင်းတို့ အနက် ထက်ဝက်ကျော်ကျော်တို့ သည် တိုကျိုရှိ ကြည်းတပ်သူလျှိုကျောင်း တစ်ကျောင်းဖြစ်သော **နာကာနို** (Nakano) သင်တန်းကျောင်းမှ ဘွဲ့ရလာခဲ့ကြသူများ ဖြစ်သည် ။ သို့တိုင်အောင် ဆူဇူကီးကမူ မြန်မာလူငယ်များကို သင်တန်းပေးရာတွင် သမားရိုးကျအတိုင်း ပေးခြင်းမရှိ။ သမားရိုးကျအတိုင်းဆိုလျှင် သူလျှိုများအား အရက်နှင့် မိန်းမတို့ ကို တင်းကျပ်စွာ အရှောင်ခိုင်းသည် ။ ဆူဇူကီးသည် ထိုသမားရိုးကျနည်းများကို လက်မခံ။

"မင်းတို့ တစ်တွေ အရက်သောက်ချင်ရင် ကြိုက်သလောက် သောက်နိုင်တယ်၊ ကြိုက်တဲ့ မိန်းမရှိလည်း ပိုးနိုင်တယ်၊ ဒါပေမဲ့ ဘယ်တော့မှ မထိန်းနိုင်အောင် မသောက်နဲ့ ၊ ဘယ်တော့မှ မိန်းမနဲ့ ပတ်သက်ရင် အရှုးအမူးမဖြစ်နဲ့ ၊ ရာထူးတိုးချင်လို့ ၊ တံဆိပ်တွေ ချိတ်ချင်လို့ စစ်မတိုက်နဲ့ ၊ စစ်သား ဆိုတာ ဒါမျိုးကို မက်တတ်တယ်၊ သူတို့ နောက်မှာ စစ်ဦးစီးဌာနချုပ် စောင့်ကြည့်နေသလို နောက်ပြန်လှည့်ကြည့်ကြည့်ပြီး စစ်တိုက်တတ်တယ်၊ ငါပြောချင်တာကတော့ နောက်ပြန်မကြည့်နဲ့ ၊ ရန်သူဟာ ရှေ့မှာ ရှိတယ်"ဟု ဆူဇူကီးက သူတို့ ကို ပြောသည် ။

အမှန်အားဖြင့် ရန်သူသည် နောက်မှာ ရှိနေသည် ။ သူ့တပ်မတော် ဌာနချုပ်အတွင်းမှာ ရှိနေသည် ။ နောက်ပိုင်းတွင် ဆူဇူကီးနှင့် ရဲဘော်သုံးကျိပ်ဝင် သခင်လူငယ်များ သည် ထိုရန်သူကို တွေ့လာခဲ့ကြသည် ။ သို့ရာတွင် လောလောဆယ်တွင် မူ ဆူဇူကီးနှင့် သူတို့ တစ်တွေသည် စိတ်အားထက်သန်နေကြသဖြင့် အရာရာကို နောက်တန်းသို့ ပို့ခဲ့ကြသည် ။ မိမိတို့ က သခင်လူငယ်သုံးဆယ်ကို ပြည်ပသို့ရောက်အောင် ခိုးထုတ်မည်ဖြစ်ကြောင်း၊ သင်တန်းပေး၍ လက်နက်တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ မြန်မာပြည်ထဲသို့ စိမ့်ဝင်ထိုးဖောက်ရမည် ဖြစ်ကြောင်း၊ ထို့နောက် ပြောက်ကျားစစ်ပွဲကို ဆင်နွဲရမည်ဖြစ်ကြောင်း၊ သို့ဆိုလျှင် မြန်မာပြည်တောင်ပိုင်းကို ဗြိတိသျှလက်အောက်မှ လွတ်မြောက် စေကာ မြန်မာတို့ ကိုယ်ပိုင် လွတ်လပ်သော အစိုးရကို ထူထောင်နိုင်မည်ဖြစ်ကြောင်းနှင့် ဆူဇူကီးက သခင်အောင်ဆန်းကို ပြောပြသည် ။

မကြာမီတွင် ဆူဇူကီးသည် သူ့သင်တန်းသားသုံးဆယ်ကို တိုကျိုသို့ ရောက်အောင် ခေါ်လာခဲ့သည် ။ ထို့နောက် သူတို့ ကို

ဟိုင်နန်ကျွန်းသို့ပို့ကာ ပြင်းထန်သော စစ်သင်တန်းများ ပေးသည် ။ သူတို့ သင်တန်းဆရာမှာ 'နာကာနို'ကျောင်းဆင်း၊ စစ်တက္ကသိုလ်ကျောင်းဆင်း ဗိုလ်ကြီးတစ်ဦးဖြစ်သူ **ကာဝါရှီမာ တာကီနိုဘူ** (Kawashima Takenobu) ဖြစ်သည် ။ ပြင်းထန်သည့် စစ်လေ့ကျင့်ခန်းများ ၊ တောတွင်းတိုက်ပွဲ လေ့ကျင့်ခန်းများကြောင့် သ ခ င် လူ င ယ် များ မှာ ပင်ပန်းနွမ်းနယ်နေကြပြီး 'ညနေ သင်တန်းပြီးတာနဲ့ မောပန်းပြီး ခြေကုန်လက်ပန်းကျနေပြီ'ဟု သခင်ထွန်းအုပ်က ရေးခဲ့သည် ။

သို့ရာတွင် ပြင်းထန်သည့် မျိုးချစ်စိတ်နှင့် မကြာမီတွင် တိုက်ပွဲဝင်ရတော့မည်ဆိုသည့် အသိကြောင့် ထိုဒဏ်ကို သူတို့ တစ်တွေ ခံနိုင်ခဲ့သည် ။ ဆူဇူကီးသည် ထိုသင်တန်းပြီးလျှင် ရဲဘော်သုံးကျိပ်တို့ ကို ပြန်လွှတ်နိုင်မည်ဟု မျှော်မှန်းခဲ့၏။ သို့ရာတွင် တိုကျိုရှိ စစ်ဌာနချုပ်သည် သူတို့ ကို ပြန်မလွှတ်သေးဘဲ ဆိုင်းထားသည် ။ ဤတွင် ဆူဇူကီးသည် သူတို့ ကို ပြန်မလွှတ်ရသေးဟူသော စစ်ဌာနချုပ်၏ အမိန့်ကို ချိုးဖောက်ကာ ဘန်ကောက်မှ တစ်ဆင့် မြန်မာပြည် နယ်စပ်သို့ ပြန်ရန် သခင်လေးယောက်ကို ပြန်လွှတ်လိုက်သည် ။ တစ်ပြိုင်နက်တည်းတွင် မီနာမီကီကန်းတွင် ရှိသည့် ဂျပန်ရေတပ်မတော်မှ အရှိန်သြဇာကို ဖယ်ရှားလိုက်သည် ။ ဤသို့ ဖယ်ရှားလိုက်ရခြင်းမှာ သူနှင့် ကိုကူဘူတို့ ကြားတွင် ပြဿနာရှိ၍ တစ်ကြောင်း၊ အစဉ်အလာက ရှိခဲ့သည့် ဂျပန်ကြည်းတပ်မတော်နှင့် ရေတပ်မတော် ကြားက ပြဿနာများကြောင့် တစ်ကြောင်း ဖြစ်သည် ။ ၁၉၄၁ ခု သြဂုတ်လတွင်မူ ဂျပန်ရေတပ်မတော်သည် မီနာမီကီကန်းမှ တရားဝင် နုတ်ထွက်သွားခဲ့သဖြင့် မီနာမီကီကန်းကို ဂျပန်ကြည်းတပ်မတော်

တစ်ခုတည်းကသာ ချုပ်ကိုင်ခဲ့သည် ။ ထိုအဖြစ်အပျက်သည် နောင်နှစ်ပေါင်း အတန်ကြာသည့်အခါတွင် မြန်မာပြည် နိုင်ငံရေးတွင် ဂယက်ရိုက်ခဲ့လေသည် ။ မြန်မာပြည်သို့ ဂျပန်က အကူအညီပေးခဲ့ခြင်းမှာ ဆူဇူကီးနှင့် မီနာမီကီကန်းတို့ မှ တစ်ဆင့် ဖြစ်သဖြင့် အကူအညီကို ပထမဆုံး ရသူများမှာ လည်း သခင်အောင်ဆန်းနှင့် သူ၏ ရဲဘော်များ ဖြစ်လာကြသည် ။ ထို့ကြောင့် အနာဂတ် မြန်မာပြည်တွင် နိုင်ငံရေးခေါင်းဆောင်မှုသည် လည်း အခြား နိုင်ငံရေး ပါတီများ လက်ထဲသို့ မရောက်တော့ဘဲ သခင်အောင်ဆန်းနှင့် သူရဲ့ ဘော်များ လက်ထဲ ရောက်လာခဲ့ကြသည် ။

ဆူဇူကီးနှင့် ရဲဘော်သုံးကျိပ်တို့ အကြားမှ ရဲဘော်စိတ်ဓာတ်သည် သစ္စာရေသောက်လိုက်သည့် အခါတွင် ပို၍ ခိုင်မာလာခဲ့လေပြီ။ ဆူဇူကီးသည် ဗိုလ်မိုးကြိုး ဟူသော မြန်မာအမည်ကို ခံယူလိုက်သည် ။ မီနာမီကီကန်းမှ အခြားသော အဖွဲ့ဝင်များ သည် လည်း မြန်မာနာမည်တို့ ကို ခံယူကြသည် ။ ထို့နောက် ငွေဖလားတွင် သွေးဖောက်၍ သစ္စာဆိုကြသည် ။

၁၉၄၁ ခု ဒီဇင်ဘာလ ၃၁ ရက်၊ ဂျပန်က ဗြိတိန်ကို စစ်ကြေညာပြီး သုံးပတ်အကြာတွင် စစ်ထွက် အခမ်းအနားကို ဘန်ကောက်မြို့တွင် ကျင်းပကြသည် ။ ရဲဘော်သုံးကျိပ်တို့ သည် ဘန်ကောက်ရှိ မြန်မာများ နှင့် နယ်စပ်တစ်လျှောက်ရှိ မြန်မာများကို စည်းရုံးကြသည် ။ တပ်သား ၃၀၀ ခန့်သည် ဗိုလ်မှူးကြီး ဆူဇူကီးခေါ် ဗိုလ်မိုးကြိုးရှေ့တွင် တန်းစီသည် ။ ဗိုလ်မိုးကြိုးက မီနာမီကီကန်းအဖွဲ့ကို ဖျက်သိမ်းကြောင်း ကြေညာပြီး ဘီအိုင်အေခေါ် **ဗမာ့လွတ်လပ်ရေးတပ်မတော်** (Burma Independence Army (BIA)) တည်ထောင်ကြောင်း ကြေညာသည် ။ ဗိုလ်မိုးကြိုးက တပ်မတော်သေနာပတိအဖြစ် ဆောင်ရွက်ကြောင်း

ကြေညာပြီး ဗိုလ်ကြီးကာဝါရှိမာကို လက်ထောက် တပ်မှူးအဖြစ် ကြေညာကာ သူ့ကိုလည်း ဗိုလ်အေးဟူသော မြန်မာနာမည်ကို ပေးလိုက်သည် ။ ဒုတိယ တပ်မှူးမှာ ဗိုလ်တေဇခေါ်သခင်အောင်ဆန်းဖြစ်သည် ။ သူ့ရာထူးမှာ **မေဂျာဂျင်နရယ်** (Major-General) ခေါ် ဗိုလ်ချုပ်ရာထူးဖြစ်သည် ။ အခြားသော ရဲဘော်သုံးကျိပ်ဝင်များ နှင့် ဂျပန်အရာရှိ များကိုလည်း အသီးသီးရာထူးများ ခန့်အပ်သည် ။

တပ်မတော်ကို စစ်ကြောင်းကြီးခြောက်ကြောင်း ခွဲမည်။ ဆူဇူကီးနှင့် ဗိုလ်တေဇတို့ က ပထမ စစ်ကြောင်းနှစ်ကြောင်းကို ခေါင်းဆောင်ကာ ရဟိုင်းနှင့် မဲဆောက်ကိုဖြတ်ပြီး ပင်မ ဂျပန်ကြည်း တပ်မတော်နှင့်အတူလိုက်မည်။ နယ်စပ်ကို ဖြတ်ကျော်မိသည် နှင့် ဗိုလ်နေဝင်းနှင့် ဂျပန်စစ်ဗိုလ်လေး တစ်ဦးတို့ က လျှို့ဝှက်ဖျက်ဆီးရေးလုပ်ငန်းများကိုလုပ်ရန် စစ်ကြောင်းတစ်ကြောင်း ချီမည်။ စတုတ္ထ စစ်ကြောင်းက တနင်္သာရီနယ်ထဲသို့ ဝင်မည့် ဂျပန်တပ်မ ၅၅ နှင့် အတူလိုက်ပါပြီး ဆက်သွယ်ရေး တပ်စုအဖြစ် ဆောင်ရွက်မည်။ ပဥ္စမစစ်ကြောင်းနှင့် ဆဋ္ဌမစစ်ကြောင်းတို့ က တိုက်ခိုက်ရေး စစ်ကြောင်းများ အဖြစ် ချီတက်မည်။ စစ်ကြောင်းတစ်ကြောင်းမှာ ကန်ချနပူရီမှ ထားဝယ်သို့ ချီတက်မည်။ နောက်တစ်ကြောင်းမှာ ရနောင်းမှ နေ၍ တနင်္သာရီသို့ ဝင်မည်။ ပထမဆုံးစစ်ကြောင်းသည် ထိုနေ့ညမှာ ပင် စစ်မြေပြင်သို့ ထွက်လာခဲ့သည် ။

၁၉၄၂ ခု ဇန်နဝါရီလတွင် မူ စစ်ကြောင်းအားလုံးသည် နယ်စပ်ကို ဖြတ်ကျော်ခဲ့ကြလေပြီ။ အချို့စစ်ကြောင်းများမှာ တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေလေပြီ။ သူတို့ အမြင်တွင် မူ ထိုစစ်ပွဲသည်

မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ၏ အစဖြစ်ပြီး အင်္ဂလိပ်-မြန်မာစစ်ပွဲများ အနက် စတုတ္ထနှင့် နောက်ဆုံး စစ်ပွဲဖြစ်သည် ဟု မြင်ကြသည် ။

## ဗိုလ်မှူးကြီး ဆူဇူကီးနှင့်မိန်းမ

ရဟိုင်းတွင် ရှိသည့် မီနီမီကီကန်း၏ တာဝန်ခံ ဗိုလ်လေး တာကာဟာရှိဟာချီရှိသည် သစ်ပါရဂူတစ်ဦး အဖြစ် ကျွန်းသစ် ထင်းရှူးဆီ စသည် တို့ ကို ဝယ်ရင်း မြန်မာ နယ်စပ်သို့ သွားမည့် **မီနာဒို** (Menado) လမ်းတစ်လျှောက်ကို လေ့လာခဲ့သည် ။ နယ်စပ်တွင် ဗြိတိသျှသူလျှိုများ နှင့် ယိုးဒယားအရာရှိတို့ က မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည် ။ ထိုဒေသတွင် နေထိုင်သူ အများ စုမှာ မြန်မာသွေးရောသူများ ဖြစ်ကြသည် ။ ယိုးဒယားစစ်စစ်ဆို၍ လေးဦးသာ ရှိသည် ။

သို့ရာတွင် တာကာဟာရှိမှာ ကိုယ်လုံးကိုယ်ပေါက်ထွားကျိုင်းသူဖြစ်ပြီး ဂျပန်တစ်ယောက်မှန်း ချက်ချင်းသိနိုင်သည် ။ ရွာသားများ နှင့် ရင်းနှီးအောင် မိတ်ဆွေဖွဲ့သော်လည်း သူတို့ က ခပ်ရှောင်ရှောင် လုပ်နေကြပြီး အဝင်အထွက် သိပ်မလုပ်ကြ။ သူ့တာဝန်မှာ ထိုဒေသရှိ မြေပြင်အနေအထားကို လေ့လာရန် ဖြစ်သည် ။ မြစ်များ ၊ ချောင်းများ ၊ လမ်းများကို စူးစမ်းရန် ဖြစ်သည် ။ ရဟိုင်း-မီနာဒိုလမ်းသည် ဂျပန်တပ်မတော်အတွက် စစ်လမ်းဖြစ်သည် ။ မော်လမြိုင်သို့ တိုက်ရိုက် ရောက်နိုင်သည် ။ ထို့ကြောင့် ထိုဒေသခံလူတွေနှင့် တစ်သားတည်း ဖြစ်နေဖို့ လိုသည် ။

ဆူဇူကီးသည် သူ့ထံသို့ ရောက်လာကာ မှတ်လောက်သားလောက်သည့် အကြံကို ပေးသွားသည် ။

"အန္တရာယ်များ တဲ့ နေရာတစ်နေရာကို ရောက်ပြီဆိုရင် မိန်းမတစ်ယောက်ကို ကောက်ယူ လိုက်တာ အကောင်းဆုံးပဲ၊ အဆိုးတကာ့ အဆိုးဆုံးကို တွေ့လာရင် မင်းမိန်းမရဲ့ ဆွေမျိုးတွေဆီက အကူအညီရနိုင်တယ်၊ မင်းကို သူတို့ ဆီမှာ အတည်တကျလာနေသူလို့ ထင်စေချင်ရင် မိန်းမတစ်ယောက်ရှာပါ၊ ပြီးတော့ လက်ထပ်လိုက်ပါ" ဟု ဆူဇူကီးက အကြံပေးသည် ။

တာကာဟာရှိသည် ရဟိုင်းတွင် သတို့ သမီးလိုက်ရှာသည် ။ ဤတွင် ကိုယ်လုံးကိုယ်ပေါက် အသင့်အတင့်၊ ရုပ်ရည်အသင့်အတင့်နှင့် ကျောင်းဆရာမလေးတစ်ယောက်ကို တွေ့သည် ။ အင်္ဂလိပ် စကားလည်း ပြောတတ်သည် ။ သူတို့ ဒေသ မျက်စိဖြင့်ကြည့်လျှင် အနည်းငယ်ဟိုင်းနေလေပြီ။ သို့ရာတွင် တာကာဟာရှိက ကမ်းလှမ်းသည့်အခါတွင် ဆရာမကလေးကလည်း ချက်ချင်းလက်ခံလိုက်သည် ။ တာကာဟာရှိသည် မင်္ဂလာဆောင်ဖိတ်စာရိုက်ပြီး ရွာရှိ သူကြီး၊ ပုလိပ်နှင့် ရွာလူကြီးများကို ဖိတ်သည် ။ ယခင်က သူ့ကို ခပ်ရှောင်ရှောင် လုပ်ခဲ့ကြသော်လည်း ယခု သူ့မင်္ဂလာဆောင်သို့ ရောက်လာကြကာ လက်ဖွဲ့ပစ္စည်းတွေ၊ ဘာတွေ လာပို့ကြသည် ။ ပုလိပ်ဌာနနှင့် မျက်နှာချင်းဆိုင်တွင် အိမ်တစ်လုံးရသဖြင့် သူ့ပစ္စည်းများကို ထိုအိမ်သို့ ရွှေ့ခဲ့သည် ။

ပစ္စည်းတွေ ပြောင်းရွှေ့နေစဉ် သူတို့ အနီးမှ လူငယ်တစ်ယောက် ဖြတ်သွားသည် ။ သူ့လုံချည်က ညစ်ပတ်လျက်၊ ခရီးအဝေးကြီးက လာခဲ့ရသူလို မောပန်းနွမ်းနယ်ကာ ခြေတရွတ်ဆွဲလျက်။

တာကာဟာရှိသည် သူ့ကို လှမ်းကြည့်လိုက်သည် တွင် အကြည့်ချင်း ဆုံသွားကြသည် ။ တာကာဟာရှိသည် နောက်တွင် ဆိုင်းနေပြီး လွန်သွားသည် နှင့် သူ့နောက်မှ လိုက်လာခဲ့သည် ။ တာကာဟာရှိက လှမ်း၍ စကားပြောသည် တွင် ထိုလူငယ်က "ကျွန်တော် သခင်တစ်ယောက်ပါ"ဟု ပြန်ပြောသည် ။

ပုလိပ်ဌာနရှေ့တွင် ဖြစ်၍ ကြာကြာ ရပ်စကားပြောဖို့ မကောင်း။ သူ့ကို အိမ်ထဲသို့ ခေါ်၍ လည်း မဖြစ်။ "ရွာထိပ်က ဘုရားကျောင်းနားမှာ စောင့်"ဟု သူ့ကို မှာ လိုက်သည် ။ ပစ္စည်းများကို ရွှေ့ပြောင်းပြီး ဘုရားကျောင်းနားသို့ လိုက်လာသည့်အခါတွင် ဆောင့်ကြောင့်ထိုင်စောင့်နေသော လူငယ်ကိုတွေ့ရသည် ။ တာကာဟာရှိသည် သူ့ဆီသို့ လျှောက်သွားကာ **အက်စ်** (S) ဟု အင်္ဂလိပ်လို ပြောလိုက်သည် ။ လူငယ်က ဘာမျှ ပြန်မပြော၊ 'အက်စ်'ဟု သူတစ်ခါ ထပ်ပြောသည် ။ လူငယ်သည် သူ့ကို ကြောင်ကြည့်နေသည် ။ 'အ က် စ် 'မှာ နယ်စပ်ကို ဖြတ်ကျော်ပြေးလာသည့် သခင်လူငယ်များကိုပေးထားသည့် လျှို့ဝှက်စကားဖြစ်သည် ။ သူက 'အက်စ်'ဟု ပြောလိုက်လျှင် **ကေ** (K) ဟု ပြန်ပြော ရမည်။ ယခု ဘာမျှပြန်ပြောခြင်းမရှိ။

'လျှို့ဝှက်စကားလုံးကို မသိဘူး ဆိုရင်တော့ ကေန္တ ဗြိတိသျှသူလျှိုပဲ ဖြစ်မှာ ပါ၊ ငါ ဘယ်သူလဲဆိုတာ ရိပ်မိပုံရတယ်၊ သူ့ပါးစပ်ကို ပိတ်ပစ်မှ ဖြစ်တော့မှာ ပဲ'ဟု တာကာဟာရှိ တွေးနေသည် ။ တာကာဟာရှိသည် လူမသတ်ချင်။ သူ့ကို မသတ်လျှင်လည်း သူ့ဇာတိပေါ်သွားနိုင်သည် ။ တာကာဟာရှိသည် တစ်ညလုံး အိပ်မပျော်နိုင်ဘဲ စဉ်းစားပြီးနောက် သူ့ကို သတ်ဖို့ ဆုံးဖြတ်လိုက်သည် ။ မနက်စာ စားပြီးနောက် တာကာဟာရှိသည် စာရွက်လွတ်တစ်ရွက်ပေါ်တွင် 'အက်စ်'ဆိုသော

စကားလုံးကိုရေးလိုက်သည် ။ လူရွယ်က သူ့စာရွက်ကိုကြည့်ပြီး စာရွက်ပေါ်တွင် 'ကေ'ဟု ပြန်ရေး ပြသည် ။ ထိုအခါကျမှ ပင် ရင်ထဲက အလုံးကြီးကျသွားကာ သက်ပြင်းကြီးချနိုင်တော့သည် ။ ထိုလူရွယ်မှာ နယ်စပ်ကို ဖြတ်ကျော် ထွက်ပြေးလာသည့် လူငယ်များ အနက် သခင်သန်းတင် ဖြစ်သည် ။

များ မကြာမီအတွင်း၌ ရဟိုင်းတွင် ဂျပန်တွေ တဖြည်းဖြည်း ရောက်လာကြလေပြီ။ **ဒုတိယ ဗိုလ်ချုပ်ကြီး တာကီအူချိ** (Lieutenant-General Takeuchi) ကွပ်ကဲသည့် ဂျပန်တပ်မ ၅၅ သည် **ပိဆာနလောက်** (Pitsanuloke) မှ ပြောင်းလာခဲ့ကာ ရဟိုင်းတွင် တပ်စွဲလိုက်သည် ။ ရဟိုင်းသည် မြန်မာပြည်ကို ဝင်တိုက်ရာတွင် ခြေနင်းခုံဖြစ်သည် ။

ဂျပန်တပ်မ ၅၅ တွင် မြေပုံများ ကောင်းကောင်း မရှိ။ တပ်မ ၅၅ သည် ဒီဇင်ဘာ ၂၂ ရက်၌ ဘန်ကောက်တွင် စုရုံးကာ နယ်စပ်ကို ဖြတ်ကျော်ပြီး မော်လမြိုင်ကို သိမ်းပိုက်ရန် ဗိုလ်ချုပ်တာကီအူချီက စစ်ဆင်ရေး အမိန့်ထုတ်ပြန်လိုက်သည် ။ အမှတ် ၁၅ ဂျပန်တပ်မတော်သို့ မြေပုံများ တောင်းသည့်အခါတွင် ဘာမျှ မရှိဟု ဆိုသည် ။ မြေပြင်အနေအထားကို ကိုယ်တိုင်သွားကြည့်ရမည်ဟု တပ်မတော်ဌာနချုပ်က အကြောင်းပြန်သည် ။ နောက်ဆုံးတွင် တိုကျိုစစ်ဌာနချုပ်မှ စကေး မကိုက်သော ယိုးဒယားနယ် မြေပုံအချို့ရသည် ။ ယိုးဒယားမြေပုံများမှာ ဘာမျှ မတိကျ။ တကယ့် မြေအနေအထားနှင့် တခြားစီ ဖြစ်နေသည် ။ မြန်မာမြေပုံများမှာ မူ အတော်အတန် တိကျသည် ဟု ဆိုရမည်။

နယ်စပ်တွင် တွေ့ရသည့် မြေအနေအထားကြောင့် ပို့ဆောင်ရေး

နည်းလမ်းများကို ပြောင်းရသည် ။ မော်တော်ယာဉ်များကို စွန့်ကာ လားများ ၊ နွားများကိုသုံးရသည် ။ တောင်ပေါ်ပစ် အမြောက်ကြီးများကို တပ်ခွဲတစ်ခွဲလျှင် တစ်လက်ကျ သယ်လာရန် ပြန်၍ ခွဲပေးရသည် ။ အဝေးပစ် အမြောက်ကြီးများကိုမူ ဘန်ကောက်တွင် ထားပစ်ခဲ့ရသည် ။ မော်လမြိုင်ကျပြီးမှ ရေကြောင်းမှ ဖြစ်စေ၊ ကုန်းမော်တော်ကားလမ်းမှ ဖြစ်စေ သယ်ရတော့မည်။ ၁၉၄၂ ခု ဇန်နဝါရီ ၁ ရက်နေ့ ဤတပ်မ ၅၅ ဌာနချုပ်သည် ဘန်ကောက်မြို့မှ ပိဆာနလောက်သို့ ရွှေ့လာကာ တပ်မ ဆက်သွယ်ရေးရုံးကို ဖွင့်သည် ။ ထို့နောက် ရဟိုင်းသို့ ပြောင်းသည် ။ ယိုးဒယားများကလည်း အကူအညီပေးကြသည် ။ ဗိုလ်ချုပ်တာကီအူချိက ပိဆာနလောက်မြို့ အုပ်ချုပ်ရေးမှူးနှင့် **သောက္ကတဲ** (Sukhotai) သူကြီး တို့ ကို ဆုလက်မှတ်များ ချီးမြှင့်ခဲ့သည် ။ ဒေသခံများ နှင့် ဆက်ဆံရာတွင် လွယ်ကူအောင် ယိုးဒယား တပ်မတော်ဦးစီးအရာရှိတစ်ဦး ထည့်ပေးလိုက်သည် ။ ပစ္စည်းများ သယ်ရန် မြင်းများ ၊ ကျွဲနွားများ အမြောက်အမြားပါရ၏။ သို့ရာတွင် ဂျပန်က ဝန်တင်ကာ ဇက်ကြိုး၊ နဖားကြိုးတပ်သည် နှင့် မြင်းများ ၊ နွားများ သည် ရုန်းကန် ထွက်ပြေးကြသည် ။ တပ်မ ၅၅ နယ်စပ်ရောက်သည့်အခါတွင် ထိုမြင်း၊ နွားများ တစ်ကောင်မျှ ပါမလာကြတော့။ သောက္ကတဲသို့ ရောက်သည် နှင့် တောကြီးများ သည် ပို၍ ထူထပ်လာခဲ့ကြလေပြီ။ ဂျပန်တပ်များ သည် တောရိုင်းများကို ပထမဆုံး တိုးကြရသည် ။ အဆုံးမရှိ ထင်ရသော တောင်ကြီးများ ပေါ်သို့ တက်ကြရသည် ။ စစ်ကြောင်းကလည်း ရင်ပေါင်တန်း မတက်နိုင်။ တန်းစီ၍ တက်ကြရသည် ။ ထိုအထဲတွင် ကျားကြောက်ရသေးသည် ။ အဆိုးဆုံးမှာ ချောက်ကမ်းပါးကြီးများ ဖြစ်သည် ။ မြင်းတွေ၊ လားတွေ ခြေချော်ကာ တောင်ကမ်းပါးအောက်

ချောက်ကြီးများ ထဲသို့ ကျသွားကြသည် ။ မဲဆောက်သို့ ရောက်သည့်အခါတွင် မြင်းသုံးပုံ တစ်ပုံမျှပင် မကျန်တော့။ အမှတ် ၁၄၃ ခြေလျင်တပ်ရင်းမှ **ဗိုလ်ကြီး ဟွန်ဂျိုဆိုင်ကိုင်း** (Captain Honjo Seikei) ၏ နေ့စဉ်မှတ်တမ်းတွင် ဇန်နဝါရီလ ၁၁ ရက်နေ့စွဲဖြင့် အောက်ပါအတိုင်း ရေးသားထား သည် ။

ကြ ည့် လေ ရာ ရာ မှာ တောင်တွေချည်းပဲ။ ဒါပေမဲ့ တောင်တက်တွေက ပြေလို့ တော်ပါသေးရဲ့ ။ တောင်ကမ်းပါးယံတွေမှာ လည်း ဝါးရုံတောကြီးတွေက ပိန်းလို့ ။ ဇန်နဝါရီလ ၅ ရက် နော က် ပို င်း မှာ တော့ တောင်မတ်မတ်ကြီးတွေကိုချည်း တက်နေရတာပဲ၊ တောကြီးကလည်း ဆုံးပဲ မဆုံးနိုင်တော့ဘူး။ ပင်လယ်ကြီး ကျနေတာပဲ။

တစ်ယောက်ချင်း တန်းစီပြီး တက်ရတယ်။ ကျောက်ဆောင်တွေ၊ ချောက်ကမ်းပါးတွေ၊ သစ်မြစ်ကြီးတွေကို သတိထားပြီး ချီတက်ရတယ်။ ခြေချော်ကျသွားလို့ ကတော့ အောက်က ချောက် ထဲကျသွားမှာ ပဲ။ တစ်ခါတလေကျတော့လည်း နွယ်ကြိုးကြီးတွေကို ဆွဲပြီး တစ်လှမ်းချင်း တက်ရတယ်။ နေ့လယ်အပူချိန် တစ်ရာကျော်လောက်ရှိပြီ။ ညဆိုရင် အရိုးခိုက်အောင် အေးတယ်။ တို့ တပ်တွေ ချီတက်နေတာကို တောင်ထိပ်တစ်ခုကနေ တစ်ခု လှမ်းမြင်နေရတယ်။ အဝေးကနေ ကြည့်ရင် သားရေကြိုးကြီးတစ်ချောင်းကို ချထားသလိုပဲ။ တစ်နေ့ကို ဆယ်မိုင်လောက်ပဲ ခရီးပေါက်ပြီး ရဟိုင်းကို ဇန်နဝါရီလ ၁၇ ရက်နေ့မှ ရောက်တယ်။

တောင်ထိပ်ကြီးတွေက ဆုံးပဲမဆုံးနိုင်တော့ဘူး။ တချို့တောင်ထိပ်တွေက ပေ လေးထောင် ကျော်မြင့်တယ်။ မဲဆောက်နဲ့

ရဟိုင်းကြား မှာ ရှိတဲ့ တောင်ကြီးတွေက နံရံကြီးတွေ အထပ်ထပ် ကာထားသလိုပဲ။ ခရီးကြမ်းနှင်ပြီး လေးရက်မြောက်တဲ့ နေ့ ဇန်ဝါရီလ ၂၂ ရက်နေ့မှာ တို့ တပ်တွေ ကျွန်းတောကြီးတွေထဲကို ရောက်သွားကြတယ်။ မဲဆောက်ကို ရောက်ပြီပေါ့။ မြန်မာနယ်စပ်ကို ရောက်ပြီပေါ့။

ဗိုလ်ချုပ်ကြီးတာကီအူချီသည် ဇန်ဝါရီလ ၁၇ ရက်နေ့တွင် မဲဆောက်သို့ ရောက်လာကာ နောက် တစ်နေ့တွင် ကော့ကရိတ်သို့ ချီတက်ပြီး မော်လမြိုင်ကို တိုက်ရန် သူ့တပ်မကို အမိန့်ထုတ် ပြန်လိုက်သည် ။

***

## အနောက်ဘက်ပင်လယ်ကို မျှော်ကြည့်နေသော ဗိုလ်ချုပ်

ဂျပန်ဗိုလ်ချုပ်တာကီအူချီက သူ့တပ်များ ဖြင့် မြန်မာပြည်နယ်စပ်ကို ကျော်ဖြတ်လာသည့် အချိန်၌ အနောက်ဘက် မိုင် ၁၀၀ ခန့်ရှိ အိန္ဒိယတပ်မ ၁၇ ၏ တပ်မမှူးသစ်သည် သူ ထမ်းဆောင်ရမည့် တာဝန်များကို စဉ်းစားနေသည် ။ ဗိုလ်ချုပ်စမိုက်သည် အခြေအနေအရပ်ရပ်ကို မြင်သည့်အခါတွင် လန့်သွားသည် ။ သို့ရာတွင် ဣန္ဒြေမပျက် ဟန်ဆောင်သည် ။ ဒီကို မလာခင် သူ တွေ့ခဲ့သည့် မိတ်ဟောင်း ဆွေဟောင်းများက အားပေးစကားပြောလိုက်ကြသည် ။ တချို့ကလည်း စိတ်ပျက်စရာတွေကို ပြောလိုက်ကြသည် ။

၁၉၄၂ ခု၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်စမိုက်သည် ကာလကတ္တားမှ လေယာဉ်ပျံဖြင့် ထွက်လာခဲ့သည် ။ ရန်ကုန်သို့ရောက်သည့်အခါ၌ မြန်မာပြည် တပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်ကြီး တွမ်ဟတ်တန်နှင့် ဆွေးနွေးသည် ။ မြန်မာပြည်ဘုရင်ခံ ဆာဒေါမန်စမစ်နှင့်လည်း ဆွေးနွေးသည် ။ ဒေါမန်စမစ်သည် တစ်ခါက သူ့တပ်ရင်းတွင် အရာရှိကလေးတစ်ယောက် ဖြစ်၏။ (ယင်းမှာ **ဆစ်** (Sikhs) တပ်ရင်း ၁၅ ဖြစ်သည် ) မြန်မာပြည်သူတို့ သည် ဂျပန်တို့ ဝင်လာသည့်အခါတွင် ဒေါသ အမျက်ခြောင်းခြောင်းထွက်ကာ ဂျပန်တို့ ကို ခုခံတိုက်ထုတ်လိမ့်မည်ဟု ဒေါမန်စမစ် ထင်နေသည် ။ ထိုအချိန်၌ ဂျပန်သည် ဝိတိုရိယအငူကို ဖြတ်ကာ တနင်္သာရီနယ်ထဲသို့ ရောက်နေလေပြီ။ စစ်သေနာပတိဟက်တန်နှင့် ဗိုလ်ချုပ်စမိုက်တို့ သည်

မြိတ်နှင့် ထားဝယ်သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြသည် ။

မြိတ်တွင် ရှိသည့် ဘားမားရိုင်ဖယ်တပ်ရင်း တပ်မှူးမှာ သူ့မိတ်ဆွေဟောင်းတစ်ယောက် ဖြစ်သည် ။ သူ့မိတ်ဆွေသည် မြိတ်မြို့၊ လေယာဉ်ကွင်းနှင့် မြိတ်လူထုကို မနိုင်မနင်း ကာကွယ်နေရသည့်ကြားထဲက တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်နှင့် မရေတွက်နိုင်သော မြတ်ကျွန်းစုများ ပေါ်မှ ဂျပန်တို့ ဝင်ရောက်တိုက်ခိုက်မည့် အန္တရာယ်ကို စောင့်ကြည့်နေရသည် ။ ဒီနားတစ်ဝိုက်တွင် ရှိသည့် အခြားတပ်ရင်းမှာ ထားဝယ်တွင် ရှိသည့် ဘားမားရိုင်ဖယ် တပ်ရင်း ၆ ဖြစ်ပြီး ပုလိပ်များကို စုစည်းကာ မကြာမီကမှ ဖွဲ့စည်းထားရသည့် တပ်ဖြစ်သည် ။ လေ့ကျင့်မှုလည်း ဘာမျှမရှိ။ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စစ်သေနာပတိ ဟတ်တန်သည် ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လာရာ ဗိုလ်ချုပ်စမိုက်သည် တပ်မ ဌာနချုပ်ကို ဖွဲ့စည်းရန် မော်လမြိုင်တွင် နေခဲ့ရသည် ။

စစ်သေနာပတိဟတ်တန်က ရန်သူတို့ မလာနိုင်ရန် ရှေ့တန်းရောက်နိုင်သမျှ ရောက်အောင် ထွက်ပြီး တပ်များကို ဟိုတစ်စုဒီတစ်စု ဖြန့်ကာ ခုခံရမည်ဟု အမိန့်ပေးသွားခဲ့သည် ။ ဗိုလ်ချုပ်ဟတ်တန်သည် **ဗိုလ်ချုပ်ကြီးဝေဗယ်** (General Sir Archibald Wavell) ၏ အိန္ဒိယပြည် စစ်မိန့် ပေးဌာနချုပ်မှ စစ်ဦးစီးချုပ် ဖြစ်ခဲ့သည့်အတွက် ဝေဗယ်သဘောအတိုင်း လုပ်ရခြင်းဖြစ်သည် ဟု ဗိုလ်ချုပ်စမိုက် ယူဆသည် ။ ဗိုလ်ချုပ်ဝေဗယ်သည် ဂျပန်တပ်များကို အထင်သေးကာ မြန်မာပြည်ကို တစ်လက်မမျှ ဂျပန်တို့ လက်သို့ အကျမခံချင်သူ ဖြစ်သည် ။ (ဗိုလ်ချုပ်ကြီးဝေဗယ်သည် မလေးယားနှင့် စင်ကာပူတွင် လည်း ထိုအမှား ကျူးလွန်ခဲ့ပြီးပြီ) ယခု ပြဿနာသည် နိုင်ငံရေးဆိုးဖြတ်ချက်နှင့် စစ်ရေးဆိုးဖြတ်ချက်တို့ ၏ ပဋိပက္ခဟု

ဗိုလ်ချုပ်စမိုက် ယူဆသည် ။ နိုင်ငံအရေးအရ ကြည့်လျှင် မြန်မာပြည်နယ်မြေကို တတ်နိုင်သမျှ ထိန်းသိမ်းထားချင်သည် ။ စစ်ရေးအရကြည့်လျှင် သင့်လျော်မည့် နေရာတစ်ခုသို့ အရောက်ဆုတ်ခွာပြီး ကိုယ်ကြိုက်သော စစ်မြေပြင်တွင် ကိုယ်ကြိုက်သော နည်းလမ်းများ နှင့် တိုက်ချင်သည် ။ ရန်သူ ရွေးပေးသော စစ်မြေပြင်တွင် သူကြိုက်သော နည်းလမ်းများ နှင့် မတိုက်သင့်။ ယခုကိစ္စသည် စစ်ရေးနှင့် နိုင်ငံရေးအမြင်နှစ်ခုတို့ လွန်ဆွဲသည့်ပွဲဖြစ်သည် ။

မြန်မာပြည်တပ်မတော် သေနာပတိဟတ်တန်သည် ပြဿနာကို ထိုအတိုင်း မြင်ဟန်မတူ။ ဂျပန်တို့ ကို မြန်မာပြည်အစွန်းတွင် တတ်နိုင်သမျှ ဟန့်တားထားရမည်ဆိုသည့် သေနာပတိဟတ်တန်၏ အကြောင်းပြချက်သည် နိုင်ငံရေးအမြင် ဘာမျှမရှိ။ စစ်ရေးသက်သက် ဖြစ်နေသည် ။ မြန်မာပြည်ကို ကာကွယ်နေခြင်းမှာ တရုတ်-မြန်မာလမ်းမကြီး ဖွင့်ထားနိုင်အောင် ဖြစ်သည် ဆိုလျှင် ဂျပန်ကို ပြည်တွင်းရောက်အောင် ခွင့်မပြုသင့်။ သူတို့ တစ်တွေ မြန်မာပြည်တွင်း ရောက်လာသည် နှင့်အမျှ တရုတ်-မြန်မာလမ်းမကြီးကို အချိန်မရွေး အန္တရာယ်ပေးလာနိုင်သည် ။ အကယ်၍ တနင်္သာရီနယ်ကို ဂျပန်တို့ သိမ်းမိသွားသည် ဆိုလျှင် ရန်ကုန်ကို ဗုံးကြဲတိုက်ခိုက်ဖို့ နှင့် ယာဉ်တန်းများ ရန်ကုန်သို့ တက်လာဖို့ ပို၍ လွယ်သွားနိုင်သည် ။ ထို့ပြင် မြန်မာပြည်မှ အင်္ဂလိပ်တပ်များကို ရွှေ့ပြောင်းသည် ဆိုလျှင်လည်း ရန်ကုန်ဆိပ်ကမ်းမှ သာ ရွှေ့ပြောင်းနိုင်လိမ့်မည်။ မြန်မာပြည်မှ အင်္ဂလိပ်တို့ ဆုတ်ခွာသွားသည် ဆိုလျှင် တရုတ်တို့ အဖို့ များစွာအခက်အခဲ တွေ့နိုင်သည် ။ ထို့ကြောင့် စစ်သေနာပတိဟတ်တန်သည် ဂျပန်တို့ အား တတ်နိုင်သမျှ

အပြင်စည်းဝိုင်းတွင် ခုခံတိုက်ရန် အထူးခွင့်ပြုချက်မရဘဲ မည်သည့်နည်းနှင့်မျှ ဆုတ်ခွာခြင်းမပြုရန် ဗိုလ်ချုပ်စမိုက်ကို အမိန့်ပေးခဲ့ခြင်း ဖြစ်သည် ။

ဗိုလ်ချုပ်ဟတ်တန်သည် အချိန်လိုချင်သည် ။ အချိန်ရလျှင် ရန်ကုန်တွင် ရှိသည့် တပ်မဟာ ၄၆ ကို တနင်္သာရီသို့ ပြောင်းရွှေ့နိုင်သည် ။ တပ်မဟာ ၄၈ ကိုလည်း ရန်ကုန်သို့ ချောချောမောမော အရောက်ခေါ်နိုင်သည် ။ ရှမ်းပြည်တွင် ရှိသည့် တပ်မ ၁ ကိုလည်း တောင်ငူတစ်ဝိုက်သို့ ခေါ်ယူ၍ ပြင်ဆင်ထားနိုင်သည် ။ သို့ရာတွင် ရှမ်းပြည်နယ် တပ်မ ၁ ၏ နေရာတွင် ချန်ကေရှိတ်၏ တရုတ်ကူ မင်တန်တပ်များက ဝင်၍ ရှမ်းပြည်တွင် မြို့စောင့်တပ်နေရာကို ယူရပေလိမ့်မည်။ (တရုတ်တပ်များ ရှမ်းပြည်တွင် ဝင်ထိန်းရေးအတွက်မူ နိုင်ငံရေးအရ အခက်အခဲတွေတော့ ရှိသည် ။) ထိုသို့ တပ် အပြောင်းအရွှေ့များကို လုပ်နိုင်ရန်အတွက် ဗိုလ်ချုပ်ဟတ်တန်သည် ဂျပန်တပ်များကို တနင်္သာရီ နယ်စပ်အပြင်ဘက်ဆုံး ကျနိုင်သမျှ ကျကျ တားထားစေလိုသည် ။

ဤသည် မှာ စစ်သေနာပတိ ဗိုလ်ချုပ်ဟတ်တန်၏ အမြင်ဖြစ်သည် ။

သို့ရာတွင် ထိုအမြင်သည် စစ်ရေးအရ ကြည့်လျှင် ဘာမျှ အဓိပ္ပာယ်မရှိဟု ဗိုလ်ချုပ်စမိုက် ယူဆသည် ။ ယခု သူ့ကို အတိုက်ခိုင်းနေလေပြီ။ သူ တိုက်ရမည့် ရန်သူသည် သူ့ထက် အင်အားသာလွန်ကြီးမားသော ရန်သူဖြစ်သည် ။ သူ့တွင် နောက်ကျော၌ ဘာမျှမရှိ။ ကျယ်ပြန့်သည့် သံလွင်မြစ်ဝကို ကျောပေး၍ တိုက်ရတော့မည်။ ဆက်သွယ်ရေးလမ်းကြောင်းများကလည်း

ကောင်းကောင်း မွန် မွန် မဟုတ်။ ရေတစ်တန်၊ မီးရထားတစ်တန်၊ မော်တော်ကားတစ်တန်ဖြစ်သည် ။ ထိုအထဲတွင် မော်တော်လမ်းမှာ ဖောက်လုပ်၍ ပင် မပြီးသေး။ ဖောက်လက်စ ရှိသေးသည် ။

'မော်လမြိုင် မြောက်ဘက်ရှိ ဘီးလင်းစစ်တောင်းစသည် တို့ သို့ သွားသော ဆက်သွယ်ရေး လမ်းကြောင်းမှာ ကြောက်စရာကောင်းလှသည် ။ မော်လမြိုင်နှင့် မုတ္တမကြားတွင် ကိုက် ၇၀၀၀ ကျယ်သည့် သံလွင်မြစ်ကြီး ဆီးပိတ်နေပြီး ထိုမြစ်ကို ကူးရန်မှာ ခေတ်မမီတော့သည့် ကူးတို့ သင်္ဘော အနည်းငယ်သာရှိသည် ။ မုတ္တမကိုလွန်လျှင် ကတ္တရာစေးလမ်းတစ်လမ်းနှင့် တစ်လမ်းသွား မီးရထားလမ်းတစ်လမ်း ရှိသည် ။ ထိုလမ်းနှစ်လမ်းသည် သထုံကိုဖြတ်၍ ကျိုက်ထိုသို့ ရောက်သည် ။ ကျိုက်ထိုမှ လွန်လျှင် ဖုန်ထူသည့် လမ်းကြမ်းအတိုင်း စစ်တောင်းတံတားသို့ ရောက်သည် ။ ထိုနေရာသို့ရောက်လျှင်မူ ကျွန်ုပ်၏ တာဝန်ကုန်လေပြီ'ဟု နောင်တွင် ဗိုလ်ချုပ်စမိုက်က ရေးခဲ့သည် ။

ဗိုလ်ချုပ်စမိုက်သည် မော်လမြိုင်မြို့ကာကွယ်ရေး အခြေအနေကို လိုက်ကြည့်သည် ။ ချက်ချင်းပင် မော်လမြိုင်မှ ဆုတ်ခွာချင်စိတ်ပေါ်လာ၏။ သူ့မိဘများ သည် မြန်မာပြည်တွင် နှစ်ပေါင်းများ စွာ နေလာခဲ့သည့်တိုင် ဗိုလ်ချုပ်စမိုက်အဖို့ သော်မူ ထိုအကြိမ်သည် မြန်မာပြည်သို့ ပထမဆုံး အကြိမ် ရောက်ဖူးခြင်းဖြစ်သည် ။ သူ့ခင်သည် အိန္ဒိယပဋ္ဌိညာဉ်ခံဝန်ထမ်းတစ်ဦးအဖြစ် မြန်မာပြည်တွင် အမှုထမ်းခဲ့ဖူးသည် ။ ဗိုလ်ချုပ်စမိုက်သည် မြို့နောက်ဘက်ရှိ စေတီသို့ အဖွေးသား ရှိနေသည့် တောင်ကုန်းပေါ်သို့ တက်လာခဲ့သည် ။ မနက်ခင်း မြူနှင်းတို့ ဖုံးနေသဖြင့် မြစ်ကို ကောင်းကောင်း မမြင်ရသေး။

ဗိုလ်ချုပ်စမိုက်သည် မြောက်ဘက်နှင့် အနောက်ဘက်ပင်လယ်ဘက်သို့ မျှော်ကြည့်မိသည် ။ မုတ္တမပင်လယ်ကွေ့အလွန်တွင် ရန်ကုန်ရှိသည် ။ အုန်းပင်တွေ ပေါက်နေသည့် ကမ်းရိုးတန်း တစ်လျှောက်တွင် ချောင်းငယ်၊ မြောင်းငယ်တွေ ရှုပ်ယှက်ခတ်လျက်။ စိမ်းလန်းသော မြက်ခင်း စားကျက်များ ထဲတွင် အစာစားနေသော နွားအုပ်များကို မြင်ရသည် ။ အရောင်စုံတောက်နေသည့် လိပ်ပြာကြီးများ သည် မြစ်ကမ်းစပ်က လှေများ ၊ သမ္ဗန်များ ကြားထဲတွင် လူးလာ ဝဲပျံနေကြသည် ။ ဖျိုင်းဖြူတို့ က သောင်စပ်တွင် လမ်းသလားလျက်။ တောင်စောင်းမှ စေတီများ သည် နေခြည်နုနုထဲ တွင် ဖွေးဖွေးပေါ်နေကြသည် ။

မော်လမြိုင်သည် လူဦးရေ ငါးသောင်းကျော်ခန့် ရှိသည့် ကျွန်းသစ်နှင့် ဆန်စပါး တင်ပို့သည့် သင်္ဘောဆိပ်ကမ်းမြို့ကြီးဖြစ်သည် ။ ယှဉ်လျက် ပြေးနေသည့် လမ်းမကြီးသုံးသွယ်တို့ ဖြင့် ကိုလိုနီခေတ်ဦးပိုင်း၏ အငွေ့အသက်တွေ လွှမ်းနေသည် ။ အောက်မြန်မာပြည်သို့ အင်္ဂလိပ်တို့ မဝင်ရောက်မီ ပဝေသဏီကတည်းကပင်လျှင် ပေါ်တူဂီတို့ ရောက်ခဲ့ကြသည် ။ သွပ်မိုးအိမ်တွေ ရှိသည့်တိုင် အချို့သော နေရာများ တွင် သရက်ပင်တွေ အုပ်ဆိုင်းနေသော ကျောက်တုံးအိမ်ကြီးများ ၊ တံခါးနှင့် ပြတင်းပေါက်များ တွင် ကျောက်လုံးတိုင်ကြီးတွေ ပုံဖော်ထားသည့် ရှေးအိမ်ကြီးများ ၊ သံပန်းသံဆန်ခါတွေ တပ်ထားသည့် လသာဆောင်ကြီးများ စသည် တို့ သည် ပေါ်တူဂီ ပြန်လည်ဆန်းသစ်ရေးခေတ် ဗိသုကာနှင့် အိန္ဒိယဗိသုကာတို့ ရောနေသည် ဟု ထင်ရသည် ။ **ဂိုအာ** (Gao) နှင့် **မာလက္ကာ** (Malacca) တို့ မှ ပေါ်တူဂီရပ်ကွက်များ နှင့် တူသည် ။ ကျီးကန်းများက

ဝရန်တာပန်းအိုးများမှ ပန်းများကို ထိုးဆိတ်နေကြသည် ။

တောင်ကုန်းအောက်တွင် မူ သွပ်မိုးအိမ်များ သည် မနက်ခင်း နေရောင်ထဲတွင် ပြောင်လက် နေကြသည် ။ ဗိုလ်ချုပ်စမိုက်သည် တောင်ဘက်နှင့် အရှေ့ဘက်သို့ မျှော်ကြည့်လိုက်ပြန်သည် ။ ထူထပ် စိမ်းမှောင်နေသော တောကြီးများက မျှော်၍ မဆုံးနိုင်တော့။ မြို့ထဲတွင် မူ မြို့သူမြို့သားများ သည် ရှေ့တွင် ဖြစ်ပေါ်လာမည့် အဖြစ်အပျက်များကို မသိကြဘဲ ထိုမှ ဤမှ သွားလာလျက်။ သူတို့ ပြုဖွယ် ကိစ္စတို့ ကို ဆောင်ရွက်မြဲ ဆောင်ရွက်လျက်။ သူ့အထက် တောင်ကုန်းပေါ်တွင် မူ ရွှေရောင်ဝင်းနေသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ရှိသည် ။

'တောင်ကုန်းပေါ်တွင် ထိုင်ရင်း မော်လမြိုင်မြို့ကို ကွျန်တော် ကြည့်မိသည် ။ သေးငယ်သည့် အင်အားစုကလေးဖြင့် ဒီနေရာမှ ခုခံဖို့ ဆိုသည် မှာ ဖြစ်နိုင်ဖွယ်မရှိ၊ ကျယ်ပြန့်သည့် ပင်လယ်ဝကိုဖြတ်၍ ကူးတို့ သင်္ဘောကလေးများ ဖြင့် ဆုတ်ခွာရမည်ဆိုသည် မှာ သာ၍ ပင်ဖြစ်နိုင်ဖွယ်မရှိ'ဟု နောင်တွင် ဗိုလ်ချုပ်စမိုက်က မှတ်တမ်းတင်ခဲ့သည် ။

ထိုအချိန်တွင် မော်လမြိုင်တွင် ဘားမားရိုင်ဖယ်တပ်ရင်း ၈ တစ်ခုတည်းသာ ရှိသည် ။ ထိုတပ်ရင်းတွင် သံဆူကြိုး အကာအရံမရှိ၊ သဲအိတ်အကာအရံမရှိ။ ကာကွယ်ရေးအတွက် ထုံးစံအတိုင်း ရှိမည့်အရာဆို၍ ဘာမျှမရှိ။ ကတုတ်ကျင်းများ ပင် တူးထားခြင်း မရှိ။ သင်္ဘောဆိပ်၊ ရိက္ခာနှင့် လက်နက်ဂိုဒေါင်များ ၊ လေယာဉ်ကွင်း စသည် တို့ မှာ တစ်ညနေ လျှောက်ကြည့်လိုက်သည့်အခါတွင် ဘာမျှ အကာအကွယ် မရှိ။ သူကာကွယ်ထိန်းသိမ်းရမည့်

စက်ဝိုင်းခြမ်းပတ်ပတ်လည် ဧရိယာသည် နှစ်ဆယ့်ငါးမိုင်ပတ်လည်လောက် ရှိလိမ့်မည်။ နောက်သုံးရက်အကြာတွင် ဗိုလ်ချုပ်စမိုက်သည် ဒေါန တောင်ခြေရှိ အိန္ဒိယခြေလျင်တပ်မဟာ ၁၆ (**ဗိုလ်မှူးချုပ် ဂျုန်း** (Brigadier J.K. Jones) က ကွပ်ကဲသည် )ရှိရာသို့ ထွက်လာခဲ့သည် ။ ကော့ကရိတ်သို့ သွားသည့် လမ်းမှာ ကောင်းပါ၏။ သို့ရာတွင် မြစ်ကြီးနှစ်မြစ်ကို ကူးတို့ဖြင့် ဖြတ်ရသည် ။ ကူးတို့ မှာ တစ်ခါကူးလျှင် မော်တော်ကားတစ်စီးသာ တင်ကူးနိုင်ပြီး နာရီဝက်ကြာသည် ။ မြန်မာပြည်တွင် တံတားဆောက်ရန် ပစ္စည်းဆို၍ ဘာမျှ မရှိ။ ဗိုလ်ချုပ်စမိုက်သည် သူ့ကားကို တစ်ဖက်ကမ်းသို့ ကူးတို့ ဖြင့် ကူးရန် စောင့်ဆိုင်းရင်း စိတ်မရှည် နိုင်အောင် ဖြစ်နေသည် ။ ရန်သူလေယာဉ်တို့ ၏ တိုက်ခိုက်မှုအောက်တွင် သာ ထိုကူးတို့ ကို ကူးရလျှင် မည်သို့ရှိမည်ကို တွေးပင် မတွေးရဲပေ။

တပ်မဟာ ၁၆ မှာ လည်း အင်အားအပြည့်မရှိ။ တပ်ရင်းနှစ်ရင်းသာ ရှိသည် ။ (ဂေါ်ရခါးတပ်ရင်း ၁/၇နှင့် ဘားမားရိုင်ဖယ်တပ်ရင်း ၄) ထိုအထဲတွင် ဘားမား ရိုင်ဖယ်တပ်ရင်းမှ တပ်သား ၄၀၀ မှာ ငှက်ဖျားစွဲ၍ လဲနေကြသည် ။ တပ်များမှာ ခြေကျင်ချီတက်ကြရသည် ။ လော်ရီကားမရှိ။ တပ်မဟာတစ်ခုလုံးတွင် ကြိုးမဲ့ကြေးနန်းစက်တစ်လုံးသာ ရှိသည် ။ ထိုစက်မှာ လည်း ကြီးလွန်းသဖြင့် လော်ရီတစ်စီးဖြင့် သယ်ရသည် ။ အများအားဖြင့် တပ်မဌာနချုပ်နှင့် အဆက်အသွယ် ယူရန်အတွက် သုံးနေရသည် ။ ဗိုလ်မှူးချုပ်ဂျုန်းသည် အိန္ဒိယတပ်မတော်မှ အရာရှိတစ်ဦးဖြစ်လျက် အိန္ဒိယ အနောက်မြောက်နယ်စပ်တွင် တိုက်ပွဲအတွေ့အကြုံရှိသူ ဖြစ်သည် ။ အသက်ငါးဆယ်ကျော်ပြီဖြစ်သည့်တိုင် အခြား အရာရှိများ

နှင့်စာလျှင် ကျန်းမာရေး တောင့်တင်း ပြည့်စုံသည် ဟု ဆိုနိုင်သည် ။ ဗိုလ်ချုပ်စမိုက်သည် ထိုညတွင် တပ်မဟာ အရာရှိရိပ်သာတွင် ညစာစားသည် ။ သူတို့ ညစာစားနေစဉ် အနီးရှိ တောထဲမှ ကျားတစ်ကောင်ဟိန်းသံကို ကြားနေရသည် ။ ထိုကျားဟိန်းသံသည် နောက်ရက် များ မကြာမီ သူတို့ တွေ့ရမည့် ကံကြမ္မာ၏ ရှေ့ပြေးနိမိတ်လောဟု မဆိုနိုင်။ ရန်ကုန်စစ်ဌာနချုပ်ရှိ အရာရှိများထက် သတင်းပိုစုံသည့် တပ်မဟာ ထောက်လှမ်းရေးအရာရှိတစ်ဦးက ဂျပန်တို့ သည် ယိုး ဒယားတပ်များ အကူအညီဖြင့် တစ်ပတ်အတွင်းတွင် ကော့ကရိတ်ကိုဖြတ်၍ မြန်မာပြည်ထဲသို့ ဝင်တိုက်မည်ဟု သတင်းရကြောင်းဖြင့် သတင်းပို့သည် ။ ကင်းလေထောက်လေယာဉ်ပျံများ လွှတ်ထားသည့်တိုင် ဘာသတင်းမျှမရ။ ဤသည် မှာ လည်း ဘာမျှမဆန်းပါ။ ကြည့်လေရာရာတွင် တောကြီးတွေ ပိတ်ဖုံးနေသည့် ဒေသဖြစ်သဖြင့် စစ်တပ်တစ်တပ်သည် ရန်သူလေယာဉ်ပျံများ မမြင်အောင် အလွယ်နှင့် ပုန်းကွယ်နိုင်သည် ။ ဗြိတိသျှထောက်လှမ်းရေးအရာရှိမှာ ထိုဒေသတွင် စီးပွားရေးလုပ်ငန်း လုပ်ခဲ့ဖူးသူ ဖြစ်သဖြင့် သတင်းစုံရသူဖြစ်သည် ။ ဗိုလ်ချုပ်စမိုက်သည် တပ်မဟာ ဌာနချုပ်ရှိ ထိုထောက်လှမ်းရေးအရာရှိကို သူ့တပ်မဌာနချုပ်သို့ ခေါ်လာခဲ့သည် ။ သူရှိလျှင် ပို၍ သတင်းစုံစုံလင်လင် ရနိုင်သည် မဟုတ်လော။

သို့ရာတွင် ဂျပန်တို့ ကမူ မိမိတို့ ကဲ့သို့မဟုတ်။ သတင်း ပြည့်ပြည့်စုံစုံ ရနေသည် ။

'ဂျပန်တို့ သည် ကျွန်ုပ်တို့ ၏ လှုပ်ရှားမှုတိုင်းနှင့် ပတ်သက်သည့် သတင်းများကို ပြည့်ပြည့်စုံစုံ ရနေရုံမျှမက လမ်းပြများ ၊ ဖောင်များ ၊ မြင်းများ ၊ ဆင်များ နှင့် အခြားလိုအပ်သည့်အရာများ

အားလုံးရနေကြသည် ’ဟု ဗိုလ်ချုပ်စမိုင်က **အရုဏ်မတက်မီ** (Before the Dawn) ဆိုသည့် သူ့ စစ်မှတ်တမ်းတွင် ရေးခဲ့သည် ။

ဂျပန်တို့ က သူတို့ နှင့် မတူဘဲ အစစအရာရာ ပြ ည့် ပြ ည့် စုံ စုံ ရ နေ ခြ င်း မှာ အခြားကြောင့် မဟုတ်။ နိုင်ငံရေးအကြောင်းကြောင့် ဖြစ်သည် ။ ဗိုလ်လေးတာကာဟာရှိနှင့်အဖွဲ့သည် ဗြိတိသျှ ဆန့်ကျင်သော မြန်မာလူငယ်တို့ ၏ ပူးပေါင်းမှုကို ရရှိနေကြလေပြီ။

မော်လမြိုင်သို့ ပြန်ရောက်သည့်အခါတွင် ဗိုလ်ချုပ်စမိုက်သည် ဆက်သွယ်ရေးလမ်းကြောင်းများကို လေ့ လာပြီးနောက် အခြေအနေ သုံးသပ်ချက်တစ်စောင်ကိုရေးကာ ဗိုလ်ချုပ်ဟတ်တန်ထံသို့ ပို့လိုက်သည် ။ ထိုဒေသကို ကာကွယ်ဖို့ ဆိုလျှင် အနည်းဆုံး တပ်မနှစ်ခုလောက် လိုလိမ့်မည်။ ထိုအချက်ကို ဗိုလ်ချုပ်ဟတ်တန်ကလည်း သဘောမတူစရာ အကြောင်းမရှိ။ သို့ရာတွင် ခက်သည် မှာ တနင်္သာရီဒေသတစ်ခုတည်းကို ကာကွယ်ဖို့ အတွက် တပ်မနှစ်ခု မပေးနိုင်သည့်အချက်ဖြစ်သည် ။ အကယ်၍ သာ တရုတ်တပ်များ မြန်မြန်ရောက်လာလျှင် တပ်မ ၁၈ ကို စင်ကာပူသို့ မပို့ဘဲ မြန်မာပြည် သို့ ပို့လိုက်သည် ဆိုလျှင်မူ မြန်မာပြည်ကို ကောင်းကောင်း ကာကွယ်နိုင်မည်ဟု ဗိုလ်ချုပ်ဟတ်တန် နောင်တွင် တွေးမိသည် ။

ဗိုလ်ချုပ်စမိုက်သည် ရှိသမျှ အင်အားနှင့်ပင် ကာကွယ်ရတော့မည်။

ဗိုလ်ချုပ်ဟတ်တန်သည် အိန္ဒိယ ခြေလျင်တပ်မဟာ ၄၆ နှင့် မန္တလေးမှ တပ်မဟာ ၁၆ ကို မော်လမြိုင်သို့ ပြောင်းပေးကာ ဗိုလ်ချုပ်စမိုက်၏ ကွပ်ကဲမှု အောက်သို့ ပို့လိုက်သည် ။ သို့ရာတွင်

ထိုမျှလောက်သော အင်အားဖြင့် တနင်္သာရီနယ်ကို ထိန်းထားနိုင်လိမ့်မည်ဟု မည်သူကမျှ မယုံကြည်ကြ။ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဂျပန်တပ်မ ၅၅ မှ တပ်ရင်း ၁၁၂ သည် ထားဝယ်မြို့စောင့်တပ်ကို မောင်းထုတ်လိုက်သဖြင့် တောင်ဘက်တွင် ရှိသည့် မြိတ်သည် အလိုလို ဖြတ်တောက်ပြီးသား ဖြစ်သွားသည် ။ ဗိုလ်ချုပ်ဟတ်တန်က မြို့စောင့်တပ်ကို ဆုတ်ခွာလာရန် အမိန့်ပေးလိုက်သည် ။ ၁၉၄၂ ခု၊ ဇန်နဝါရီလ ၂၃ ရက်တွင် မှုကား ထားဝယ်၊ မြိတ်နှင့် ဝိတိုရိယအငူတို့ ရှိ တနင်္သာရီနယ်ထဲမှ အရေးကြီးသော လေယာဉ်ကွင်း သုံးခုစလုံးသည် ရန်သူလက်ထဲသို့ ရောက်သွားခဲ့လေပြီ။ တိုက်လေယာဉ်ပျံများ သည် ရန်ကုန်သို့ ရွှေ့လာခဲ့ကြရတာ ရန်ကုန်ကို လာရောက် တိုက်ခိုက်သော ရန်သူ လေယာဉ်တို့ ကို ခုခံတိုက်ခိုက်ရုံသာ တတ်နိုင်တော့သည် ။

စစ်ကူများ မြန်မာပြည်သို့ ချက်ချင်းရောက်မလာလျှင် ရန်ကုန်မြို့၏ ကံကြမ္မာသည် ဆယ်ရက် အတွင်း ဆုံးဖြတ်ပြီးသားဖြစ်တော့မည်ဟု ဗိုလ်ချုပ်ဟတ်တန်က မြန်မာပြည်ဘုရင်ခံကို ဇန်ဝါရီ ၂၂ ရက်နေ့တွင် သတိပေးသည် ။ ထိုနေ့မှာ ပင် မြိတ်မြို့ကို ပြောင်းရွှေ့ဆုတ်ခွာခဲ့ရသည် ။ ဂျပန်တို့ သည် တပ်သားတစ်သောင်းရှိသည့် တပ်မကြီးတစ်ခုဖြင့် နယ်စပ်ကို ဖြတ်ကျော် လာပြီဖြစ်ကြောင်းဖြင့် ဗိုလ်ချုပ်ဟတ်တန်ထံ သတင်းပို့သည် ။

ဂျားဗားကျွန်းတွင် ရှိသည့် သူ့စစ်ဌာနချုပ်တွင် မှု ဗိုလ်ချုပ်ဝေဗယ်သည် မလေးယား ကျဆုံးသွားသဖြင့် အလုပ်များ နေသည် ။ ထိုအထဲတွင် ဗိုလ်ချုပ် ဟတ်တန်ကလည်း စစ်ကူတောင်းနေပြီ။

'ကျွန်တော့်တွင် ကူညီနိုင်သော အခြေအနေမရှိ၊ ရှိသမျှ အင်အားနှင့် မော်လမြိုင်ကို ထိန်းမထားနိုင်ခြင်းကို နားမလည်နိုင်။ ထိန်းထားနိုင်အောင် ကြိုးစားလိမ့်မည်ဟု ယုံကြည်သည် ။ နယ်မြေအခြေအနေအရ ဂျပန်တို့ ထိထိရောက်ရောက်လှုပ်ရှားနိုင်မည် မထင်'ဟု ဗိုလ်ချုပ်ဝေဗယ်က သူ့ပြန်ကြားချက်တွင် ဖော်ပြထားသည် ။

နောက်တစ်နေ့တွင် ဗိုလ်ချုပ်ဝေဗယ်သည် သူကိုယ်တိုင် သွားကြည့်ရန် ဆုံးဖြတ်ကာ ရန်ကုန်သို့ လေယာဉ်ဖြင့် လာခဲ့သည် ။ ရန်ကုန်တွင် မြန်မာပြည်တပ်မတော် စစ်သေနာပတိဟတ်တန်ကို မတွေ့ရ။ ဟတ်တန်မှာ ဗိုလ်ချုပ်စမိုက်ရှိရာ ရှေ့တန်းသို့ ရောက်နေသည် ။ ဗိုလ်ချုပ်ဝေဗယ်ရောက် မည်ဆိုသည့် သတင်းကို မရသဖြင့် ရှေ့တန်းသို့ ထွက်သွားခြင်း ဖြစ်သည် ။

ဗိုလ်ချုပ်ဟတ်တန်သည် တပ်မမှူး ဗိုလ်ချုပ်စမိုက်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တပ်မဌာနချုပ်ကို မြောက်ဘက် မိုင်ငါးဆယ်အကွာရှိ ကျိုက်ထိုသို့ ပြောင်းထားရန်၊ သို့ရာတွင် မော်လမြိုင်ကိုမူ တပ်မဟာ တစ်ခုဖြင့် ထိန်းထားပြီး ဂျပန်တို့ လက်သို့ အကျမခံရန် အမိန့်ပေးပြီး ရန်ကုန်သို့ ပြန်လာခဲ့သည် ။

ဗိုလ်ချုပ်ဝေဗယ်သည် ဗိုလ်ချုပ်ဟတ်တန်၊ ဘုရင်ခံဒေါ်မန်စမစ်တို့နှင့် ဆွေးနွေးပြီးနောက် လေယာဉ်ပျံဖြင့် ဂျားဗားသို့ ပြန်လာခဲ့သည် ။ ထို့နောက် လန်ဒန်ရှိ တပ်ပေါင်းစု စစ်ဌာနချုပ်သို့ အချက်ပြကြေးနန်းဖြင့် မြန်မာပြည်အခြေအနေကို သတင်းပို့လိုက်သည် ။

တနင်္သာရီတွင် ဂျပန်တို့ ၏ ချီတက်မှု ထိုမျှ မြန်ဆန်ခြင်း မရှိသင့်။ သို့ရာတွင် ထားဝယ်ရှိ ဘားမားရိုင်ဖယ်တပ်ရင်းများ အငိုက်မိသွားပြီး

ခုခံခြင်းမရှိ ဆုတ်ခွာလာကြသည့်အတွက် ထိုမျှ အခြေအနေဆိုးသွားခြင်း ဖြစ်သည် ။ 'မြိတ်တွင် ရှိသည့် တပ်များ လည်း ရန်သူတိုက်ခိုက်ခြင်း မခံရမီ လျှင်မြန်စွာ ဆုတ်ခွာလာခဲ့ကြသည် 'ဟု သူ့အစီရင်ခံစာတွင် ဖော်ပြထားသည် ။

ဂျပန်တို့ သည် အစုကလေးများ ဖြင့် ခွဲ၍ တိုက်ခိုက်နေသဖြင့် သူတို့ ကို အလွယ်တကူ ခုခံ နိုင်မည်ဟု ယူဆသည် ။ သို့ရာတွင် ရန်သူတို့ ၏ စိမ့်ဝင် ထိုးဖောက်သည့် နည်းပရိယာယ်များကြောင့် တပ်သားများ စိတ်ဓာတ်ကျနေကြသည် ဟု ယူဆသည် ။ ဝေဗယ်သည် ဗိုလ်ချုပ်စမိုက်ကိုလည်း 'တိုက်ခိုက်ရေး ကောင်းသော တပ်မှူး'ဟု ချီးကျူးသည် ။ (သို့ရာတွင် များ မကြာမီ ထိုဆုံးဖြတ်ချက်ကို ပြန်၍ ပြင်သည် ) ဘားမားရိုင်ဖယ်တပ်များ သည် စိတ်မချရသော တပ်များ ဖြစ်ပြီး အိန္ဒိယ တပ်များမှာ လည်း လမ်းမကြီးများ နှင့် ဝေးကွာသွားသည် နှင့် စိတ်ဓာတ်ပျက်ပြားကုန်ကြသည် ဟု ဗိုလ်ချုပ်ကြီးဝေဗယ် ယူဆသည် ။

အမှန်အားဖြင့် ဂျပန်တပ်မ ၅၅ သည် တောင်ဘက်၊ အရှေ့တောင်ဘက်ရှိ ဘုရားသုံးဆူတောင်ကြားနှင့် ဒေါနတောင်ကို ကျော်ကာ ကော့ကရိတ်မှ တစ်ဆင့် မော်လမြိုင်သို့ ရောက်လာခဲ့ခြင်း ဖြစ်သ်ည။ ကော့ကရိတ်လမ်းရှိ ကူးတို့ မှာ ဗိုလ်ချုပ်စမိုက် ထွက်သည့်အတိုင်း ပြဿနာဖြစ်လာသည် ။ ဂျိုင်း (Kyaing) မြစ်ကိုဖြတ်၍ ကူးတို့ ဖြင့် လက်နက်တင် လော်ရီတစ်စင်းကို ပို့ရာတွင် ကူးတို့ မှာ အလေးချိန်ကို မခံနိုင်တော့ဘဲ ရေလယ်တွင် မြုပ်သွားခဲ့သည် ။ တရားဝင် စစ်မှတ်တမ်းတွင် မူ ထိုအဖြစ်အပျက်ကို 'ကံမကောင်းသော မတော်တဆဖြစ်မှု'ဟု ဖော်ပြထားသည် ။

ထိုကူးတို့ မြုပ်သွားသည် နှင့် တပ်မဟာ ၁၆ သည် ပို့ဆောင်ရေးယာဉ်များအားလုံးကို တစ် ဖက်ကမ်းတွင် စွန့်ပစ်ခဲ့ရသည် ။ တပ်သားများအားလုံး ဂျိုင်းမြစ်ကို ဖြတ်ကူးပြီး မော်လမြိုင်သို့ ခြေကျင် ဆုတ်ခွာလာခဲ့ကြရသည် ။ နောက်နှစ်ရက်အကြာတွင် တူ တပ်မဟာ ၁၆ သည် မုတ္တမ ဆိပ်ကမ်းသို့ ရောက်နေကြလေပြီ။ တပ်မဟာ ၁၆ အ ကျ အ ဆုံး မှာ မများ လှ။ သို့သော် စိတ်ဓာတ်များ လည်း ပျက်ပြားနေကြလေပြီ။ တပ်မဟာမှူး ဗိုလ်မှူးချုပ်ဂျုန်းသည် 'အလျင်စလို ဆုတ်ခွာလာ သည် 'ဟု နောင်တွင် ဗိုလ်ချုပ်စမိုက်က မှတ်ချက်ချသည် ။

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဂျပန် ဗုံးကြဲလေယာဉ်ဆယ့်လေးစင်းက မော်လမြိုင်ကို ဗုံးကြဲ တိုက်ခိုက်သည် ။ ထိုစဉ်က တပ်မမှူး ဗိုလ်ချုပ်စမိုက်သည် ညဝတ်အင်္ကျီဖရိုဖရဲနှင့် ယူနီဖောင်းပင် လဲချိန်မရလိုက်။ သူ့တပ်တွင် ခေတ်မမီတော့သည် လေယာဉ်ပစ် အမြောက်လေးလက်ရှိသည် ။ ဗိုလ်ချုပ်စမိုက်သည် ထိထိရောက်ရောက်ပင် မပစ်နိုင်သည့် ထိုအမြောက်လေးလက်ကိုကြည့်၍ လည်းကောင်း၊ မော်လမြိုင်တွင် ဗြိတိသျှလေတပ် အကာအကွယ်မရှိဘဲ ငုတ်တုတ်စင်းခံရသည့်အဖြစ်ကိုကြည့်၍ လည်းကောင်း စိတ်ဆိုးနေသည် ။ အပျက်အစီး သိပ်မရှိလှသည့်တိုင် ဈေးဆိုင်တွေ ပိတ်ကုန်ကြပြီ။ အရပ်သားအလုပ်သမားတွေ မရှိကြတော့။ ဘဏ်တိုက်၊ စာတိုက်နှင့်ကြေးနန်း၊ မီးရထားနှင့် မုတ္တမကူးတို့ ကို စစ်တပ်က ဝင်ကိုင်ကာ စစ်သားများကိုယ်တိုင် ဝင်လုပ်နေရသည် ။ ထားဝယ်ကို သိမ်းပြီး နောက်တစ်နေ့တွင် ဂျပန်တို့ က မော်လမြိုင်ကို နှစ်ကြိမ် ထပ်၍ ဗုံးကြဲသဖြင့် မော်လမြိုင် ဈေးကြီး မီးလောင်သွားခိုက်တွင်

စုရုံးခွင့်ပေးရန် ဗိုလ်ချုပ်ဟတ်တန်ထံ အမိန့်တောင်းသည် ။ သဘောမှာ အဓိက အတားအဆီးဖြစ်သည့် စစ်တောင်းမြစ် တစ်ဖက်သို့ကူးလာကာ သူ့တပ်များကို တောတောင်မရှိသော လွင်ပြင်တွင် စုရုံး ခုခံလိုသည့် သဘောဖြစ်သည် ။ ဗိုလ်ချုပ်ဟတ်တန်က ဤသို့ နားလည်သည် ။

သို့ရာတွင် ဗိုလ်ချုပ်ဟတ်တန်သည် သူ့အယူအဆကို လက်မခံ။ ရန်သူကို အတွင်းစည်းဝိုင်းထဲသို့ အရောက်မခံနိုင်၊ တတ်နိုင်သရွေ့ အပြင်ဘက် စည်းဝိုင်းထဲတွင် သာ ထားလိုသည် ။ မော်လမြိုင်ကို ဖြစ်သည့်နည်းနှင့် ထိန်းထားစေလိုသည် ။ သူ့တောင်းဆိုချက်ကို ဗိုလ်ချုပ်ဟတ်တန်က ပယ်ချ လိုက်သည့်အခါတွင် ဗိုလ်ချုပ်စမိုက် စိတ်ဆိုးသည် ။ ဆုတ်ခွာမှုနှင့်ပတ်သက်၍ သူ့တွင် အခွင့်အာဏာ ဘာမျှ မရှိသည့်အတွက်လည်း သူ စိတ်ဆိုးသည် ။ အမှန်အားဖြင့် မိမိသည် ရှေ့တန်းစစ်မျက်နှာတွင် ကိုယ်တိုင်ကိုယ်ကျ ဝင်တိုက်နေရသည့် တပ်မှူးဖြစ်သည် ။ ယခု မိမိတွင် ဘာမျှ ဆုံးဖြတ်ပိုင်ခွင့်မရှိ။ အစစအရာရာကို ရန်ကုန်တွင် ရှိသည့် တပ်မတော်သေနာပတိက ချုပ်ကိုင်ထားသည် ။ ဗိုလ်ချုပ်ဟတ်တန်သည် ဗိုလ်ချုပ်စမိုက်အား ဆုတ်ခွာခွင့် အာဏာကို ပေးထားသင့်သည် ဟု နောင်တွင် တရားဝင် စစ်သမိုင်းဆရာက ရေးခဲ့သည် ။ သို့ရာတွင် ဗိုလ်ချုပ်ဟတ်တန်သည် ထိုအချက်ကို လက်မခံခဲ့။ အကယ်၍ ဗိုလ်ချုပ်စမိုက်ကိုသာ အာဏာကုန် ပေးထားလိုက်လျှင် သူသည် ဘီးလင်းချောင်းတွင် စတိသဘောလောက်သာ တိုက်ပြီး ရန်ကုန်သို့ အမြန်ဆုံး ဆုတ်ခွာလာမည်သာ ဖြစ်သည် ဟု သူ့ကိုယ်ရေးမှတ်တမ်းတွင် ဗိုလ်ချုပ်ဟတ်တန်က ရေးခဲ့သည် ။ ဗိုလ်ချုပ်ဝေဗယ်က သူ့ကို နောက်ထပ် ဆုတ်ခွာမှုများ မလုပ်ရဟု အမိန့်ပေးထားခဲ့သည် မဟုတ်လော။ ထိုကြားထဲမှ ဆုတ်မိန့်ပေးလိုက် လျှင်

တပ်မတော်သေနာပတိတစ်ယောက်အနေဖြင့် မိမိတာဝန်ဖြစ်နေတော့မည် မဟုတ်လော။

### ကျိုက်သံလံစေတီတော် ခြေရင်းတွင်

ဗိုလ်ချုပ်ဝေဗယ်သည် ဂျားဗားရှိ သူ၏ **အေဘီဒီအေ** (ABDA – American-British-Dutch-Australian) (အမေရိကန်၊ ဗြိတိသျှ၊ ဒတ်ချ်နှင့် ဩစတြေးလျ) စစ်မိန့်ပေးဌာနချုပ်မှ မြန်မာပြည် စစ်မျက်နှာကို ကြည့်ရန် လေယာဉ်ဖြင့် ရန်ကုန်သို့ ထွက်လာခဲ့ပြန်သည် ။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာပြည်စစ်မြေပြင်တွင် ရှိနေပြီး ညပိုင်းတွင် ဂျားဗားသို့ ပြန်လာခဲ့သည် ။ မလေးယားကျပြီးနောက် စင်ကာပူကို အခြိမ်းခြောက်ခံနေရသည့်အချိန်မျိုးတွင် မြန်မာပြည်အခြေအနေသည် ထိုမျှလောက် မဆိုးဟု သူယူဆသည် ။

'မြန်မာပြည်အခြေအနေမှာ ကျွန်ုပ် မျှော်လင့်ထားသလောက် ဆိုးရွားခြင်းမရှိသေး။ လေတပ်နှင့် ကုန်းတပ်အကူအညီများ ရောက်လာလျှင် အခြေအနေသည် ဘာမျှ စိုးရိမ်ဖွယ်မရှိ' ဟု ရေးခဲ့သည် ။ သူ့စကားကို တပ်သားများက ယုံကြည်ခြင်းရှိ၊ မရှိကိုမူ သူ ထည့်၍ မစဉ်းစား။ ဘုရင်ခံဒေါ် မန်စစ်မသည် ဗိုလ်ချုပ်ဝေဗယ်နှင့် တွေ့ပြီးနောက် အားတက်လာသည် ။ ထို့ကြောင့် ဝေဗယ်နှင့် တွေ့ဆုံဆွေးနွေးပြီးသည့်နောက်တွင် 'အဆိုးဆုံးအခြေအနေသို့ မရောက်နိုင်သေး'ဟု ထိုနေ့ညတွင် ကိုလိုနီဆိုင်ရာ အတွင်းဝန် အေမရီထံသို့ ကြေးနန်းဖြင့် အကြောင်းကြားလိုက်သည် ။ ထိုနေ့၌ ကော့ကရိတ်တွင် ဂျပန်တို့ နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် တပ်မဟာ ၁၆ သည် ဖရိုဖရဲဖြင့် မော်လမြိုင် သို့ ထွက်လာခဲ့သည် ။ တပ်မဟာတွင်

ကျန်ရစ်ခဲ့သည့် လော်ရီများ ၊ ဝန်တင်တိရစ္ဆာန်များ နှင့် အချက်ပြ ဆက်သွယ်ရေးကိရိယာများအားလုံးကို
သံလွင်မြစ်အနောက်ကမ်းခြေသို့ ပြောင်းရွှေ့ကာ မုတ္တမနှင့် ဘားအံကြား မြစ်ကမ်းတစ်လျှောက်တွင် နေရာချထားသည် ။ ထိုနေရာမှ ခုခံ တိုက်ခိုက်ရန်လည်း အမိန့်ထုတ်ထားသည် ထိုအတောအတွင်း၌ မြန်မာပြည် တပ်မဟာ ၂ သည် ဂျပန်တပ်မ ၅၅ ကို ခုခံရန် အသင့်ပြင်ထားသည် ။ မော်လမြိုင်မှာ ဟင်းလင်းပွင့်နေသဖြင့် တပ်မဌာနချုပ်ထားရန် မသင့်တော့။ ထို့ကြောင့် တပ်မမှူး ဗိုလ်ချုပ်စမိုက်သည် **ဗိုလ်မှူးချုပ်ဘို့** (Brigadier Bourke) ကို တပ်ရင်းသုံးရင်းနှင့် မော်လမြိုင်တွင် အစောင့်ထားခဲ့ပြီး တပ်မဌာနချုပ်ကို မြောက်ဘက်မိုင် ၅၀ တွင် ကျိုက်ထိုသို့ ရွှေ့လာခဲ့သည် ။ သူ့တပ်မတွင် နယ်ခြားစောင့်တပ်ရင်း ၃ နှင့် ၇၊ **ဟော်ဝစ်ဇာ** ()(howitzer) အမြောက်လေးလက်ပါသည့် တောင်ပေါ်ပစ် အမြောက်တပ်စုတစ်စု၊ **ဘော်ဖာ** (Bofor) အမြောက်လေးလက်နှင့် လေယာဉ်ပစ် အမြောက်တစ်လက်တို့ ပါပြီး တပ်သား ၃၀၀၀ ခန့် ပါသည် ။ မော်လမြိုင်တွင် မူ တပ်မအုပ်ချုပ်ရေး အမှုထမ်း အနည်းငယ်၊ ထောက်ပံ့ရေးတပ်ဆွယ် အချို့နှင့် ဆေးတပ်ဆွယ်အချို့ အပါအဝင် တပ်သား ၂၀၀၀ ကျန်ရစ်ခဲ့သည် ။ ဘားမားရိုင်ဖယ်တပ်ရင်းများမှ တပ်သား အနည်းစုမှာ အမှုထမ်းသက် နှစ်နှစ်မျှသာ ရှိကြပြီး အများ စု မှာ အမှုထမ်းသက် လအနည်းငယ်နှင့် အချို့ဆိုလျှင် သီတင်းပတ်အနည်းမျှသာ ရှိကြသည် ။

ဂျပန်များ သည် မော်လမြိုင်ကို အလုံးအရင်းဖြင့် ဝင်မလာကြဘဲ အစုကလေးများ ခွဲ၍ ဝင်လာကြသည် ။ ဇန်နဝါရီလ ၂၆ ရက်မှ ၂၉ ရက်အတွင်း၌ ဂျပန်တို့ သည် မော်လမြိုင်မြို့ထဲသို့ စနစ်တကျ

စိမ့်ဝင်ထိုးဖောက် လာခဲ့ကြသည် ။ မြို့ပြင်သို့ ထွက်သွားသည့် တပ်များကို ဂျပန်များ နှင့် သွားတိုးကြသည် ။ ရွာသားများ ထဲမှ သတင်းများ အရ မြို့ခြေသို့ကပ် လာပြီဟု ကြားရသည် ။ သို့ရာတွင် တစ်ခါမျှ တိုက်ပွဲမဖြစ်သေး။ မိမိတို့ တပ်သားများ လည်း ဖမ်းဆီးခြင်း မခံရသေး။ ဤတွင် ဂျပန်တို့ က မည်သို့မည်ပုံ တိုက်မည်ဆိုသည် ကို ဗိုလ်ချုပ်တို့ စဉ်းစားမရဘဲ ဖြစ်နေသည် ။

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် မူ ဂျပန်တို့ သည် တောင်ဘက်နှင့် အရှေ့တောင်ဘက်မှ နေ၍ အပြင်စက်ဝိုင်းခြမ်းကို ပြင်းပြင်းထန်ထန် ဝင်တိုက်ကြသည် ။ မနက် ၈ နာရီတွင် ဘို့သည် သူ့တပ်မဟာဌာနချုပ်ကို ကျိုက်သံလံတောင်ကုန်းပေါ်သို့ ရွှေ့လာခဲ့သည် ။ မနက် ၉ နာရီတွင် မူ ဂျပန်တို့ သည် အရှေ့ဘက်မှ နေ၍ ကျိုက်သံလံတောင်ကုန်းကို အမြောက်ကြီးများ ဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည် ။ ဘို့၏ တပ်များက အပြင်းအထန် ခုခံကြ၏။ မွန်းတည့်ချိန်လောက်တွင် ချောင်းမြောင်း ပစ်ခတ်သည့် သေနတ်သံတစ်ချက်တလေမှ အပ တိုက်ပွဲသည် တိတ်ဆိတ်သွားသည် ။

တိုက်ပွဲ ငြိမ်သက်နေချိန်၌ ကျိုက်ထိုတွင် ရောက်နေသည့် တပ်မဟာ ၁၆ မှ တပ်မဟာမှူး **ရိုဂျားအက်ကင်း** (Roger Ekin) မော်လမြိုင်သို့ ရောက်လာခဲ့သည် ။ ဗိုလ်ချုပ်ဟတ်တန်၏ အမိန့်အရ တပ်မဟာမှူးဘို့ထံမှ ကွပ်ကဲမှုအသစ် လွှဲပြောင်းလက်ခံရန် ရောက်လာခဲ့ခြင်း ဖြစ်သည် ။ တိုက်ပွဲတိုက်နေရင်း တန်းလန်းတွင် တပ်မှူးအပြောင်းအလဲလုပ်ခြင်းဖြစ်သည် ။ အက်ကင်းသည် လူတော်တစ်ယောက်ဖြစ်သည့်တိုင် နယ်မြေအနေအထားကိုလည်း မသိ။ တပ်များ အကြောင်းကိုလည်း မသိသည့်အတွက် သူ ရောက်လာသည့်တိုင် အခြေအနေ ဘာမျှ ပြောင်းလဲခြင်း မရှိ။

ညနေ ၄ နာရီတွင် ဂျပန်တို့ က နောက်တစ်ချီ တိုက်ပြန်သည် ။ မြို့အရှေ့ဘက်ရှိ ဘားမား ရိုင်ဖယ် တပ်များ သည် ဆုတ်ခွာလာခဲ့ရကာ သူတို့ ကာကွယ်နေသည့် စက်ဝိုင်းခြမ်းနယ်မြေကို ကျဉ်းပစ်လိုက်သည် ။ အက်ကင်းသည် လေယာဉ်ကွင်းကိုကာကွယ်ရန် တပ်ဆွယ်ကလေးတစ်ခုထားခဲ့ပြီး မြို့ထဲတွင် 'သေတ္တာဖုံး'ပိတ်၍ ခံသည် ။ လေယာဉ်ကွင်းတွင် အစောင့်ထားခဲ့သည့် တပ်ဆွယ်မှာ ဆစ်တပ်သားများ ဖြစ်သည် ။ 'ဆစ်'တပ်သားများ သည် ခုခံတိုက်ခိုက်သော်လည်း ဖြတ်တောက်ခံ လိုက်ရကာ နောက်ဆုံးတွင် ဂျပန်ပိတ်ဆို့မှုကို ဖောက်ထွက်ပြီး မုတ္တမသို့ ဆုတ်လာရသည် ။ ဤအထဲတွင် ဘားမားရိုင်ဖယ်တပ်ရင်း တစ်ရင်းက ထွက်ပြေးသဖြင့် 'သေတ္တာပေါင်'ကျိုးသွားကာ ဟင်းလင်းပွင့်သွားသည် ။ ညနေပိုင်းသို့ ရောက်သည့်အခါတွင် မူ မဆုတ်လျှင် မဖြစ်တော့သည့် အခြေအနေသို့ရောက် လာလေပြီ။ အက်ကင်းက ဂျပန်တပ် ၁၀၀၀ လောက် ရှိမည် ထင်သဖြင့် မော်လမြိုင်ကို ထိန်းထားနိုင်သေးကြောင်း မြို့ကို မစွန့်သေးဘဲ ဆက်၍ ခံတိုက်မည်ဖြစ်ကြောင်းဖြင့် တပ်မမှူး ဗိုလ်ချုပ်စမိုက်ကို တယ်လီဖုန်းဖြင့် သတင်းပို့သည် ။ အက်ကင်းသည် တစ်ညလုံး ခံတိုက်ပါ၏။ သို့ရာတွင် ည ၇ နာရီနောက်ပိုင်းတွင် ဂျပန်တို့၏ ဖိအားသည် ပြင်းထန်လာကာ မနက် ၇ နာရီတွင် မူ ဂျပန်တို့ သည် သူ့တပ်မဟာဌာနချုပ်ကို ဝိုင်းတိုက်နေကြလေပြီ။ အက်ကင်းသည် သူ့ဌာနချုပ်ကို ကျိုက်သံလံ ကုန်းတော်ပေါ်မှ သံလွင်ပန်းခြံထဲရှိ လမ်းဌာနဘန်ဂလိုသို့ ပြောင်းသည် ။ ထို့နောက် **မစ်ရှင်လမ်း** (Mission Street) သင်္ဘောဆိပ်အနီးရှိ တယ်လီဖုန်းရုံသို့ ပြောင်းသည် ။ သို့ရာတွင် ဂျပန်တို့ က အတင်းဖိသဖြင့် နောက်ဆုံးတွင် စက်ဝိုင်းခြမ်းသည် ကျဉ်းသည် ထက် ကျဉ်းလာကာ ကမ်းနားသို့ ရောက်လာသည် ။

အဆောက်အအုံများမှာ မီးဟုန်းဟုန်း တောက်နေကြလေပြီ။

မြန်မာအသွင် ရုပ်ဖျက်ဝတ်ထားသည့် ဂျပန်တပ်သားများ သည် ဆိပ်ကမ်းရှိ သစ်ဂိုဒေါင်ဝင်းထဲသို့ ရောက်နေကြကာ ဆုတ်ခွာလာသည့် ဘားမားရိုင်ဖယ်တပ်တွေနှင့်အတူ ရောပါလာကြသည် ။ မြစ်ကမ်းတွင် ရှိနေသည့် ဘော်ဇာ အမြောက်တပ်သားများ သည် သူတို့ အထဲသို့ ရောက်လာသည့် ဂျပန်များကို ကြည့်ကာ အံ့အားသင့်လျက်ရှိကြစဉ် ဂျပန်တို့ က သူတို့ ကို လှံစွပ်ဖြင့် ထိုးသတ်ကြ သဖြင့် အမြောက်ကြီးများကို စွန့်ပစ်ခဲ့ကြရသည် ။ အက်ကင်းက ဆုတ်တော့မည်ဟု ဗိုလ်ချုပ်စမိုက်ထံ သတင်းပို့သည် ။ စမိုက်က ချက်ချင်း ဆုတ်မိန့်ပေးသည် ။ စိတ်ဓာတ်ရေးအရကြည့်လျှင် မော်လမြိုင်သည် အရေးကြီးသော မြို့တစ်မြို့ဖြစ်ကြောင်းကို ဗိုလ်ချုပ်စမိုက်က ကောင်းကောင်း သိသည် ။ ဗိုလ်ချုပ်ကြီးဝေဗယ်နှင့် ဗိုလ်ချုပ်ဟတ်တန်တို့ က မော်လမြိုင်ကို ဖြစ်သည့်နည်းနှင့် ထိန်းထားရမည်ဟု အမိန့်ပေးခဲ့သည် မဟုတ်လော။

သို့ရာတွင် ဗိုလ်ချုပ်စမိုက်သည် သူတို့ နှင့် သဘောမတူနိုင်။ ကော့ကရိတ်မှ တပ်များ အပြေးအလွှား ဆုတ်ခွာလာခဲ့ရပြီး ဂျိုင်းမြစ်ကို အဖြတ်တွင် လက်နက်တွေ၊ ပစ္စည်းတွေ ဆုံးရှုံးခဲ့ရပြီ။ ရှေ့တန်းစစ်မြေပြင်ရောက် တပ်မှူးတစ်ဦးအနေဖြင့် သူ သင့်လျော်သည်ဟု ထင်သည့်အချိန်တွင် ဆုတ်ခွာပိုင်ခွင့်ပေးထားသင့်သည် ဟု သူ ယူဆသည် ။ တပ်မမှူးဖြစ်သူ မိမိနှင့် စစ်သေနာပတိဖြစ်သူ ဟတ်တန်တို့ ကြားထဲတွင် ကြားဝင်မည့် တပ်ဖွဲ့တပ်မှူး မရှိ။ မော်လမြိုင်ကိုသာ ထိန်းနေရလျှင် နောက်ရံတပ်တိုက်ပွဲဆင်ဖို့ ပြင်ဆင်ချိန်ပင် ရတော့မည်မဟုတ်။ ထို့ကြောင့် ဗိုလ်ချုပ်စမိုက်သည် သူ့ သဘောကွဲလွဲချက်ကို ဖုံးကွယ်ခြင်းမပြုတော့ဘဲ

ပြောင်ပြောင်တင်းတင်းပင် ထုတ်ဖော်သည် ။ တပ်မ တော်စစ်ဌာနချုပ်ရှိ စစ်ဦးစီးချုပ်ကလည်း သူ့အမြင်ကို ထောက်ခံသည် ။

နောက်ဆုံးတွင် ဗိုလ်ချုပ်ဟတ်တန်သည် ဗိုလ်ချုပ်စမိုက်၏ ဆန္ဒကို လိုက်လျောလိုက်ရကာ မော်လမြိုင်တွင် 'နောက်ရံတပ်'တိုက်ပွဲများ ဆင်နွှဲပြီး ဆုတ်လာရန် အမိန့်ပေးလိုက်သည် ။ နောက်ဆုံး ကတုတ်အထိ ခံတိုက်ရန် ပြဿနာ မပေါ်တော့။ ထိုအချိန်တွင် မိမိတပ်များ ၏ စိတ်ဓာတ်မှာ များ စွာ ကျဆင်းနေသည် ။ ထိုအထဲတွင် အိန္ဒိတပ်များ နှင့် ဘားမားရိုင်ဖယ်တပ်များကလည်း တစ်ဦးကို တစ်ဦး မယုံသင်္ကာဖြစ်နေကြသည် ။ သူတို့ တွင် အမြောက်တပ်နှင့် လေတပ် အကာအကွယ် မရှိတော့ကြောင်းကိုလည်း သိနေကြလေပြီ။ ထို့ကြောင့် ဗိုလ်မှူးအက်ကင်းက ဆုတ်မိန့်တောင်းသည့် အခါတွင် ဗိုလ်ချုပ်စမိုက်သည် ချက်ချင်းပင် ဆုတ်ခွာခွင့်ပေး လိုက်လေသည် ။

ဂျပန်တို့ မှာ မြစ်ဆိပ်နားသို့ နီးသည် ထက်နီး လာလေပြီ။ သင်္ဘောဆိပ်တွင် ကျန်သည့် တပ်များ မုတ္တမဘက်သို့ ပြောင်းရွှေ့ရန်အတွက် ကူးတို့ သင်္ဘောတွေ ဆိုက်ထားသည် ။ အိန္ဒိယ တောင်ပေါ်ပစ် အမြောက်တပ်စု ၁၂ မှ တပ်စုမှူးသည် သူ့တပ်စိတ်ကလေးတစ်စိတ် ပျောက်နေသ ဖြင့် နယ်ခြားစောင့်တပ်ရင်းမှ အမြောက်တပ်သားအချို့ကို ခေါ်ကာ ဂျပန်တို့ သိမ်းပိုက်ထားသည့် နယ်မြေထဲသို့ ဝင်ပြီး အမြောက်အချို့ကို ပြန်ယူလာခဲ့သည် ။ ဘော်ဖာအမြောက်အချို့ကို ဂျပန်တို့ သိမ်းဆည်းရမိသွားသည့်တိုင် ယင်းတို့ ကို ဂျပန်တို့ က အစောင့်မထားဘဲ ထိုအတိုင်းပင် ပစ်ထားခဲ့သည် ကို သိသဖြင့် မြစ်ကို လက်ပစ်ကူးကာ အမြောက်အချို့ကို ပြန်ယူသည် တွင် ထိုအရာရှိမှာ ဂျပန်တို့ အဖမ်းကို ခံလိုက်ရသည် ။ ဂျပန်တို့ သင်္ဘောဆိပ်သို့

ချီတက်လာကြသည့်အခါတွင် ဗြိတိသျှတပ်များ သည် သင်္ဘောများ ဖြင့် တစ်ဖက်ကမ်း မုတ္တမဘက်သို့ ကူးလာခဲ့ကြသည် ။ မိုးသီးမိုးပေါက်ပမာ ကြဲချ နေသော အမြောက်ဆန်များ ၊ စက်သေနတ်ဆန်များ အောက်မှ နေ၍ မုတ္တမသို့ ကူးရခြင်းဖြစ်သည် ။

မနက် ၁၀ နာရီတွင် ဂျပန်တို့ က မော်လမြိုင် တယ်လီဖုန်းရုံးနှင့် စာတိုက်ကို မီးရှို့လိုက် ကြသည် ။ တပ်မဟာဌာနချုပ်နှင့် 'နောက်ရံတပ်'သည် ဂျပန်တို့ မလာမီကလေးတွင် ပင် ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ကြသည် ။ သင်္ဘောတစ်စင်း အမြောက်ဆန်ထိသဖြင့် မြစ်လယ်တွင် နစ်သွားလေသည် ။ အချို့မှာ ဖောင်များ ၊ လှေများ ဖြင့် မုတ္တမဘက်ကမ်းသို့ ရောက်လာကြခြင်း ဖြစ်သည် ။ အရပ်သားကူးတို့ သင်္ဘောဆလင်များ မရှိတော့သဖြင့် ဆက်ပါးမိုင်းနားတပ်သားများက သင်္ဘောများကို မောင်းလာခဲ့ရသည် ။ ဗိုလ်မှူးချုပ်အက်ကင်းသည် ဗိုလ်မှူးချုပ်ဘို့နှင့် တပ်မဟာဌာနချုပ်ကိုင်ကာ မုတ္တမဘက်ကမ်းသို့ မော်တော်ကလေးဖြင့် ရောက်လာခဲ့သည် ။ တောင်ပေါ်ပစ်အမြောက်များကိုလည်း ဖောင်တစ်စင်းဖြင့် တွဲယူလာခဲ့သည် ။ မုတ္တမမှ ကျိုက်ထိုတွင် ရောက်နေသည့် တပ်မဟာဌာနချုပ်ရှိရာ ရောက်လာခဲ့သည် ။

မော်လမြိုင်တိုက်ပွဲသည် ပြီးဆုံးသွားလေပြီ။

မော်လမြိုင်တိုက်ပွဲသည် 'ကြီးမားသော နည်းဗျူဟာ အမှား'ဟု ဗိုလ်ချုပ် စမိုက် ယူဆသည် ။ ဗိုလ်ချုပ်ဟတ်တန်သည် မူလက မော်လမြိုင်ကို ထိန်းထားရန် အမိန့်ပေးခဲ့သော်လည်း ပြန်စဉ်းစားသည့်အခါတွင် မူ ဂျပန်တို့ က အရှေ့ဘက်နှင့် တောင်ဘက်တွင် အခိုင်အမာ နေရာယူပြီး ဖြစ်သည့်အတွက်

မော်လမြိုင်ကို ဆက်လက် ထိန်းသိမ်းထားရန် မဖြစ်နိုင်တော့ကြောင်းကို သဘော ပေါက်လာခဲ့သည် ။ မော်လမြိုင် အရှေ့ဘက်စက်ဝိုင်းခြမ်းကို ထိန်းထားလိုလျှင် တပ်မဟာ နှစ်ခု လောက်တော့ လိုပေလိမ့်မည်။ ထိုသို့ စက်ဝိုင်းခြမ်းကို ထိန်းထားနိုင်သည့်တိုင် တပ်များ အတွက် အရေးကြီးလိုအပ်ချက်ဖြစ်သော သောက်ရေမှာ စက်ဝိုင်းခြမ်းအပြင်ဘက်တွင် ရှိနေသည် ။ ထို့ပြင် မော်လမြိုင်တိုက်ပွဲ၌ ဂျပန်တပ်ရင်းတစ်ရင်းသာ ပါဝင်တိုက်ခိုက်သော်လည်း လိုအပ်လာလျှင် နောက်ထပ် ဝင်ရန် တပ်ရင်းတစ်ရင်း အဆင်သင့်ရှိနေသည် ။ ဗိုလ်ချုပ်ဟတ်တန်သည် မော်လမြိုင် ကျဆုံးကြောင်းကို ဗိုလ်ချုပ်ဝေဗယ်ထံ ကြေးနန်းရိုက်၍ အကြောင်းကြားလိုက်သည် ။

ရန်သူနှင့်တွေ့ဆုံကာ ဟန့်တားထားရန် ကြိုးစားသည့်တိုင် ရန်သူသည် မနေ့က မော်လမြိုင်ကို ဘက်ပေါင်းစုံမှ တိုက်ခိုက်ခဲ့ပါသည် ။ ညနေပိုင်းအထိ အခြေအနေကို ကောင်းစွာ ထိန်းသိမ်းထားကာ တန်ပြန် ထိုးစစ်တိုက်နိုင်ခဲ့ပါသည် ။ တပ်မှူး၏ ကွပ်ကဲမှုဖြင့် တစ်ညလုံး ခံစစ်ဦး တစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည် ။ ခြွင်းချက်တစ်ခုမှ အပ ကျန်တပ်အားလုံးသည် ကောင်းစွာ တိုက်ခိုက်ခဲ့ကြပါ သည် ။ ဟု ဗိုလ်ချုပ်ဟတ်တန်၏ ကြေးနန်းတွင် ဖော်ပြထားသည် ။

ထိုခြွင်းချက်မှာ အခြားမဟုတ်။ ဘားမားရိုင်ဖယ်တပ်ရင်း ၃ နှင့် တပ်ရင်း ၇ တို့ ကိစ္စဖြစ်သည် ။ ထိုတပ်ရင်းနှစ်ရင်းသည် တိုက်ပွဲတွင် ထွက်ပြေးကြကာ မော်လမြိုင် ဆိပ်ကမ်းရှိ ကူးတို့ သင်္ဘောများ ပေါ်သို့ အတင်းတက်ကြသည် ။ အရာရှိများက သေနတ်ဖြင့် ချိန်၍ သူတို့ ကို သင်္ဘော ပေါ်မှ ဆင်းခိုင်းယူရသည် ။

ဤသို့ဖြင့် မော်လမြိုင်သည် ရန်သူ့လက်သို့ ကျရောက်ခဲ့လေပြီ။

**စစ်တောင်းတံတားကို ဖောက်ခွဲသူ ဘရှား** (Lieutenant Bashir Ahmed Khan)

တပ်မဟာနှစ်ခုကို အရှေ့ဘက်ကမ်းတွင် ထားပစ်ခဲ့ကာ စစ်တောင်းတံတားကြီးကို ဖောက်ခွဲခဲ့ရခြင်းသည် မြန်မာပြည် ပထမတိုက်ပွဲစဉ်တွင် အလှည့်အပြောင်းကြီးတစ်ခုဖြစ်သည် ။

တံတားကြီးကို ဖောက်ခွဲရန် စနက်တံများကို တပ်ဆင်သည့် ဆက်ပါး တပ်ဗိုလ်နှင့် စနက်တံ ခလုတ်ကို နှိပ်လိုက်သည့် ဆက်ပါးတပ်ဗိုလ်တို့ သည် ယခုတိုင် အသက်ရှင်လျက် ရှိနေကြသေးသည် ။ ယခု ယိုးဒယားပြည် ဇင်းမယ်တွင် ဟတ်ဆန်ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် လုပ်ကိုင်နေသည့် **ရွိုင်းဟတ်ဆန်** (Roy Hudson) သည် ထိုစဉ်က ဘုရင့်အင်ဂျင်နီယာတပ်ဗိုလ်ကလေး ဖြစ်၏။ သူတို့ တပ်ကို **မာလာကော့လာ ဆက်ပါး အင်မိုင်းနား** (Malerkotla Sappers and Miners) တပ်စစ်မြေပြင်တပ်ခွဲမှ တွဲပေးရစ်ခဲ့ပြီး **ဗိုလ်မှူးရစ်ချက်အော်ဂီးလ်** (Major Richard Orgill) က ကွပ်ကဲသည် ။ သူတို့ တပ်သည် ၁၉၄၁ ခု၊ နိုဝင်ဘာလထဲတွင် မြန်မာပြည်သို့ ရောက်လာခဲ့ပြီး တောင်ကြီးတွင် ရှိသည့် မြန်မာ့တပ်မဟာနှင့် တွဲထားလိုက်သည် ။ ဂျပန်တို့ တနင်္သာရီကို ဝင်ရောက်လာသည့်အခါ

အိန္ဒိယတပ်မ ၁၇ တပ်ခွဲထားရာ ကျိုက်ထိုသို့ တပ်ကူအဖြစ် ပို့လိုက်သည်။

ရှိုင်းဟတ်ဆန်သည် ဘီးလင်းမြစ်ရိုးတစ်လျှောက်တွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို လုပ်ခဲ့ရသည် ။ ကျိုက်ထိုမြို့ကို ဖောက်ခွဲပစ်ခဲ့ပြီးနောက် မုပ္ပလင်သို့ ဆုတ်လာခဲ့သည် ။ လမ်းတွင် သူ့တပ်စုကို ဘုရင့်လေးတပ်မတော် လေယာဉ်များက မှား၍ အပစ်ခံရသဖြင့် တပ်သားနှစ်ယောက် ဒဏ်ရာရခဲ့လေသည်။


ဖေဖော်ဝါရီလ ၂၂ ရက်နေ့ အရုဏ်တက်တွင် ရှိုင်းဟတ်ဆန်သည် ဖောက်ခွဲမိန့် တောင်းရန် အတွက် သူ့စစ်ထရပ်ကားဖြင့် လမ်းမကြီးပေါ်သို့ ထွက်လာခဲ့သည် ။ လမ်းမတစ်လျှောက်တွင် ထရပ်ကားတွေ ပိတ်ဆို့နေသဖြင့် ရှိုင်းဟတ်ဆန်သည် ကားပေါ်မှ ဆင်းကာ စစ်တောင်းတံတားဆီသို့ ခြေကျင်လျှောက်လာခဲ့သည် ။ တံတားပေါ်တွင် အိန္ဒိယတပ်မ ၁၇ မှ အရာရှိ စားသောက်ခန်းလုပ်ထားသည့် သုံးတန်းထရပ်ကားကြီးသည် သံလမ်းပေါ်တွင် ယာယီထပ်ခင်းထားသည့် မော်တော်ကားပေါ်မှ ဘီးတစ်ဘီး ချော်ကျသွားသဖြင့် မော်တော်ကားတွေ မသွားနိုင်ဘဲ ပိတ်ဆို့နေခြင်းဖြစ်ကြောင်း သိရသည် ။ ထိုသုံးတန် စားသောက်ခန်းကားကြီးကို လမ်းပေါ်ရောက်ရန် နှစ်နာရီကျော်အောင် ဆွဲတင်နေရသည်။

ရှိုင်းဟတ်ဆန်သည် အကျိုးအကြောင်းကို သိရပြီဖြစ်သဖြင့် မိမိ ထရပ်ကားဆီသို့ ပြန်လာခဲ့၏။ တံတားနှင့် ကိုက်နှစ်ရာခန့်အကွာသို့ ရောက်သည့်အခါတွင် သေနတ်သံများကို ကြားရသည် ။ (ထို သေ န တ် သံ များ မှာ တံတားထိပ်ရှိ မိမိတပ်များကို စတင်

တိုက်ခိုက်သည့် ဂျပန်တပ်မ ၃၃ မှ သေနတ်သံများ ဖြစ်သည် ) ရှိုင်းဟတ်ဆန်သည် ရန်သူကျည်ဆန်ကြားထဲမှ ထရပ်ကားကို စစ်တောင်းမြစ် အနောက်ဘက်ကမ်းသို့ အရောက်မောင်းလာခဲ့သည် ။ အနောက်ဘက်ကမ်းသို့ရောက်မှ ကားကို ဒရိုင်ဘာထံလွှဲပေးလိုက်ပြီး တော်မီဂန်းကိုကိုင်၍ တံတားကြီးဆီသို့ ပြန်လျှောက်လာခဲ့သည် ။ သူ့လိုပင် ဘရင်းဂန်းတစ်လက်ကို ကိုင်ကာ တံတား ဘေးတစ်ဖက်မှ တက်လာသော အရာရှိ တစ်ဦးကို တွေ့ရ၏။ သူတို့ နှစ်ယောက်သည် ဂျပန်တို့ မကြာမီ တက်လာတော့မည်အထင်ဖြင့် တံတား မြောက်ဘက်တွင် နေရာယူထားလိုက်ကြသည် ။ ထိုအချိန်တွင် ဂျပန်တို့သည် တဖြည်းဖြည်း နီးကပ် လာလေပြီ။ မြန်မာရှာသားအချို့သည် စစ်တောင်းမြစ်ကို ဖြတ်၍ အနောက်ဘက်ကမ်းသို့ လက်ပစ် ကူးလာကြသည် ။ ထိုစဉ် ဘယ်က ပစ်လိုက်မှန်းမသိ။ သေနတ်သံတွေ ပေါ်လာကာ ရှာသားများကို ထိမှန်ကာ အားလုံး ရေနစ် သေဆုံးကုန်ကြသည် ။

ဟတ်ဆန်သည် တံတားဆီသို့ လှည့်ကြည့်လိုက်၏။ သူ့တပ်မှူး ဗိုလ်မှူးအော်ဂီးလ်ကို လှမ်းမြင်လိုက်ရသည် ။ တံတားအရှေ့ဘက်ထိပ်တွင် အရာရှိများကို ဖွဲ့စည်းထားသည့် ကင်းက တပ်တွေ ဆုတ်နိုင်အောင် အကာအကွယ်ပေးထားသည် ။ အရာရှိအားလုံးမှာ တံတားဆီသို့ အရမ်း ကာရော ထွက်ပြေးနေကြသည့် တပ်သားများကို တားဆီးရန် ပစ္စတိုများကို ထုတ်ကိုင်ထားကြသည် ။ ဟတ်ဆန်သည် သူ မည်သူဖြစ်ကြောင်းကို တပ်သားများအားရှင်းပြကာ ဗိုလ်မှူးအော်ဂီးလ်ဆီသို့ လာခဲ့သည် ။ သူတို့ နှစ်ယောက်သည် တံတားကို ဖောက်ခွဲဖျက်ဆီးရန်အတွက် အဖွဲ့ကလေးများ ဖွဲ့ပေးကြသည် ။

စစ်တောင်းတံတားကြီးကို ဖောက်ခွဲရန် သူတို့ ကို ဘာကြောင့် တာဝန် ပေးလိုက်သည် ကို ယခုတိုင် ဟုတ်ဆန်နားမလည်။ အိန္ဒိယတပ်မ ၁၇ ၏ တပ်မမှူး **အာမစ်တိတ်** (Tuffett Armitage) တွင် မြေပြင်အင်ဂျင်နီယာတပ်ခွဲ သုံးခွဲပါသည် ။ ထိုတပ်များ သည် သူတို့ ရှေ့တွင် ဖြတ်သွားကြသည် ။ သူတို့ တစ်တွေ ကျိုက်ထိုတွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြစဉ် ထိုတပ်ခွဲများ သည် သူတို့ ကို ဖြတ်ကျော်ပြီး မုပ္ပလင်၊ စစ်တောင်းဘက်သို့ ဆုတ်ခွာသွားကြသည် မဟုတ်လော။ စစ်တောင်းတံတားကြီးကို ကျကျနနဖောက်ခွဲဖျက်ဆီးလိုသည် ဆိုလျှင် ထိုအင်ဂျင်နီယာတပ်ခွဲများကို ဖောက်ခွဲရန် တာဝန်ပေးသင့်သည် မဟုတ်လော။ မိမိတို့ ဆက်ပါးများကို ယခုကဲ့သို့ ဖြစ်ကတတ်ဆန်း တာဝန်မပေးသင့်ဟု ဟတ်ဆန် ယူဆသည် ။


SITTANG BRIDGE
SITTANG RIVER
Rice Fields
Ferry
Rice Fields
Sittang
Pagoda Hill
Buddha Hill
Bungalow Hill
Mokpalin R.S.
Rice Fields
0
500
1000 Yds

စစ်မြေပြင် အင်ဂျင်နီယာတပ်ခွဲသုံးခွဲက စစ်တောင်းတံတားကို ဖောက်ခွဲ မသွားခြင်းမှာ အကြောင်းရှိပါသည် ။ အိန္ဒိယတပ်မ ၁၇ ၏ တပ်မှူး အာမစ်တိတ်သည် မော်လမြိုင်မြို့စောင့်တပ်ကို မုတ္တမဘက်ကမ်းသို့ လွတ်လွတ်ကျွတ်ကျွတ် ရောက်အောင် ပြောင်းရွှေ့နေရသည် ။ ထိုအချိန်၌ အာမစ်တိတ်မှာ များ စွာပင် ပင်ပန်းနေလေပြီ။ "ဒီလူသိပ်ပင်ပန်းနေပြီ၊ မကြာခင် ဆေးရုံကို ပို့ရတော့မယ်" ဟု ဗိုလ်ချုပ်စမိုက်က အာမစ်တိတ်ကို ကြည့်၍ ပြောသည် ။ ထိုပင်ပန်းသည့်ဒဏ်ကြောင့် အာမစ်တိတ် သည် အမှားမှားအယွင်းယွင်း ဖြစ်နေသည် ။ ထို့ကြောင့် သူ့ကွပ်ကဲမှုအောက်တွင် ရှိနေသည့် အင်ဂျင်နီယာတပ်ခွဲသုံးခွဲကို စစ်တောင်းတံတားအား ဖောက်ခွဲပစ်ဖို့ ပြင်ဆင်ထားရန် အမိန့်မပေးလိုက်မိဘဲ မေ့နေသည် ။

ထိုမှုမက ဟတ်ဆန်ကို ခေါ်ကာ စစ်တောင်းမြစ်နှင့် မုပ္ပလင်ကြားတွင် ရှိသည့် တံတားတစ်ခုကို ဖျက်ဆီးရန် ခိုင်းလိုက်သည် ။ ဟတ်ဆန်သည် တပ်ဆွယ်ကလေးတစ်ခုနှင့်အတူ မုပ္ပလင်အထိ ထိုတံတားကို လိုက်ရှာသည် ။ သို့ရာတွင် ပြောလိုက်သည့် တံတားကို ရှာမတွေ့။ ဤတွင် စိတ်ကူး ရသဖြင့် စစ်တောင်းတံတား ဖောက်ခွဲရန်အတွက် ဝိုင်ယာကြိုးများ တန်းချပြီးနောက် သူ့ထရပ်ကား ဆီသို့ ပြန်လာခဲ့သည် ။ ဟတ်ဆန်သည် စစ်တောင်းတံတားကို နောက်ဆုံးဖြတ်ကူးသူများ ထဲတွင် တစ်ယောက် ဖြစ်သည် ။

ဗိုလ်မှူးအော်ဂီးလ်က တံတားကို ဖောက်ခွဲရေးအတွက် အမြန်ဆုံး ပြင်ဆင်ခိုင်းသည် ။ သို့ရာတွင် လွယ်သည့်ကိစ္စမဟုတ်ပါ။ တံတားကို

နောက်ဆုံးယာဉ်များ ဖြတ်ကူးနိုင်ရန်အတွက် ပြင်ဆင်ရသည် ။ သစ်သားခင်းကလည်း ဘာမျှ မကျယ်လှ။ ဆက်ပါး ဗိုလ်ကလေးနှစ်ဦးဖြစ်သော **မက္ကလင်း** (Macklin) နှင့် **မီးလ်** (Mills) တို့သည် တံတား သံရက်မကြီးများ တွင် ဖောက်ခွဲရန် တပ်ဆင်ထားသော ထင်းရှူးသေတ္တာများ ထဲသို့ ယမ်းတွေကို တစ်ညလုံး လိုက်ထည့်ကြရသည် ။ သူတို့ က ယမ်းတွေ လိုက်ထည့်နေစဉ် ဂျပန်တို့က တံတားကို လာတိုက်ကြသေးသည် ။ သို့ရာတွင် ထိုးဖောက်၍ မရဘဲ ဆုတ်သွားကြသည် ။

သူတို့ ဆက်ပါးတပ်တွင် ပါလာသည့် ဖောက်ခွဲရေး ပစ္စည်းများမှာ ကျိုက်ထိုမြို့ကို ဖောက်ခွဲခဲ့စဉ် တော်တော်များများ သုံးပစ်ခဲ့သဖြင့် လက်ကျန်မရှိတော့။ ထို့ကြောင့်ရှိသမျှ ယမ်းအားနှင့်ရှိသမျှ စနက်တံကလေးတို့ ဖြင့်သာ တံတားကို ဖောက်ခွဲရန် ပြင်ဆင်ကြရသည် ။ စနက်တံဆိုလျှင် တံတား အလျား ပြည့်အောင်ပင် မသွယ်နိုင်တော့။ အနောက်ဘက်ကမ်းသို့ ရောက်ဖို့ ကိုက်တစ်ရာ အလို လောက်တွင် စနက်တံကုန်သွားသည် ။ ဖောက်ခွဲရမည့် နေရာမှာ အရှေ့ဘက်ကမ်းမှ ရေတွက်လျှင် တံတားခုံးနံပါတ် ၄၊ ၅ နှင့် ၆ တို့ ဖြစ်သည် ။ ထို့ထက်ပိုဖောက်ခွဲရန်လည်း ပစ္စည်းမရှိတော့။ ထို ပစ္စည်းကလေးများ ဖြင့်ပင်လျှင် တံတားခုံးသုံးခုကို တစ်ဆက်တည်း ဖောက်ခွဲ၍ မရဘဲ တစ်ခုစီ ဖောက်ခွဲရမည် ဖြစ်၏။ တံတားခုံးနံပါတ် ၅ တစ်ခုသာလျှင် လျှပ်စစ်နှင့် ဖောက်ခွဲစေသည့် စနက်တံမျိုးကို တပ်နိုင်သည် ။ အခြားခုံးများကိုမူ ထိုသို့ ဖောက်ခွဲခြင်းမပြုနိုင်။

ဆက်ပါးတပ်သားများက တံတားကြီးကို ဖောက်ခွဲရန် ဝိုင်ယာကြိုးများကို သွယ်တန်း ပြင်ဆင်နေကြစဉ် ဂျပန်လက်ဖြောင့်တပ်သားများက ချောင်းမြောင်းပစ်ခတ်နေကြသည် ။

သေနတ် ကျည်ဆန်များ သည် တံတားပေါင်ကြီးများကို တဒင်းဒင်း လာ၍ မှန်နေကြသည် ။ သို့ရာတွင် မည်သူမျှ ဒဏ်ရာရခြင်း မရှိ။ အမှန်အားဖြင့် ဂျပန်တို့ ၏ ကျည်ဆန်ထက် ကြောက်စရာကောင်းသည့်အရာမှာ ဝိုင်ယာကြိုးများကို သွယ်တန်းရန် တံတားခုံးကြီးပေါ်သို့ တက်ရခြင်းဖြစ်သည် ။ တပ်သားများမှာ အမြင့်ကိုတက်ရန် ကြောက်နေကြသည် ။ ထိုနေ့ ညနေ ၃ နာရီတွင် မူ တံတားကို ဖောက်ခွဲရန် အားလုံး ပြင်ဆင်ပြီးလေပြီ။

ဤတွင် ဟတ်ဆန်သည် နောက်ထပ် ပြဿနာတစ်ခုနှင့် ကြုံရပြန်သည် ။ ခုံးနံပါတ် ၅မှ နေ၍ ဝိုင်ယာကြိုးများကို ခလုတ်နှိပ်ဖောက်ခွဲရမည့် ကမ်းဘက်သို့ သွယ်တန်းလာခဲ့ရာကမ်းသို့ မရောက်ခင် ဝိုင်ယာကြိုး ကုန်သွားသည် ။ ဤတွင် ဖောက်ခွဲမည့် ယမ်းသေတ္တာကို တံတားအောက်ရှိ သံမဏိ ရက်မကြီး၏ ပေါင်တွင် ကပ်ပစ်ခဲ့ရသည် ။ ဟတ်ဆန်သည် လျှပ်စစ်ဓာတ်စီးခြင်း ရှိ၊ မရှိ စမ်းသပ်ပြီးနောက် သေချာတော့မှ နံပါတ် ၅ ခုံးကို ဖောက်ဖွဲရန် အဆင်သင့်ဖြစ်ပြီဟု သတင်းပို့ရသည် ။

ဂျပန်တို့ သည် အရှေ့ဘက်ကမ်းတွင် ကျန်ရစ်ခဲ့သော တပ်ဖျားကင်းကို ကျည်အားကောင်းကောင်း ဖြင့် မဲ၍ ပစ်လာကြလေပြီ။ ထို့ကြောင့် တံတားကိုဖြတ်၍ ဆုတ်လာခဲ့ရန် တပ်များကို အမိန့် ပေးရ၏။ တပ်သား ၅၀၀ ခန့် တံတားကို ဖြတ်ကူးလာခဲ့ကြသည် ။ အရှေ့ဘက်ကမ်းတွင် မာလာ ကော့လာဆက်ပါးတပ်ခွဲမှ ကျည်ကွယ်ပေးမည့် တပ်စုများ နှင့် **ဗစ်ကား** (Vicker) အမြောက်တစ်လက်ကို ချန်ထားခဲ့သည် ။ ဗစ်ကားအမြောက်ကြီးကို တံတားထိပ်သံလမ်းပေါ်တွင် ရွှေ့ကာ သဲအိတ်များ ကာ၍ တပ်ဆင်ထားပြီး အရာရှိသုံးဦးတို့ ကိုယ်တိုင်

ကိုင်တွယ်ပစ်ခတ်နေကြသည် ။ သူတို့ အနီးတွင် မူ ဟတ်ဆန်သည် မီးရထားသံလမ်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ရင်း ဖောက်ခွဲရေး သေတ္တာမှ ခလုတ်ကို ကိုင်ထားသည် ။ ဂျပန်တို့ တံတားဆီသို့ ချီတက်လာပါက တံတားကို ဖောက်ခွဲ ပစ်ရန် ဖြစ်သည် ။ သို့ရာတွင် ဘာမျှမဖြစ်။ တပ်သားများ သည် တံတားထိပ်သို့ နှစ်ယောက်တစ်တွဲ ချီတက်လာကြကာ တံတားကို ကျော်ဖြတ်လာကြသည် ။

ဤတွင် တံတား အရှေ့ဘက်ထိပ်တွင် 'နောက်ရံတပ်'ကင်းကို ပြန်၍ ဖွဲ့ထားပစ်ခဲ့ရန် ဆုံးဖြတ်သည် ။ တပ်မဟာ ၁၆ သည် မမှောင်ခင်တံတားထိပ်သို့ ရောက်လာလိမ့်မည်ဟု တပ်မဟာမှူး ဗိုလ်မှူးချုပ်ဟူးဂျုံး ယူဆသည် ။ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မနက်စောစောတွင် ဗိုလ်မှူးချုပ်ဟူးဂျုံး က တံတားကို ဖောက်ခွဲရန် နောက်တစ်နေ့လယ်အထိ ဆိုင်းနိုင်မည်လောဟု ဗိုလ်မှူးအော်ဂီးလ်ကို မေးသည် ။ 'အော်ဂီးလ်သည် ထိုအာမခံချက်ကို မပေးနိုင်'ဟု တရားဝင် မှတ်တမ်းများ တွင် ဖော်ပြ ထားသည် ။ နောက်တစ်နေ့ နေ့လယ်အထိ ဆိုင်းထားပါက ဂျပန်လက်ဖြောင့်တပ်သားတို့ ၏ လက်ချက်ဖြင့် တံတားကို ဖောက်ခွဲရမည့် ဆက်ပါးတပ်သားတို့ ၏ အကျအဆုံးသည် များ ပြားနိုင် သည် ။ ယခုပင်လျှင် တံတားကို ဖောက်ခွဲရန် ကိရိယာများ တပ်ဆင်ရာတွင် ဆက်ပါး တပ်သားတစ် ဆယ့်နှစ်ယောက် ကျဆုံးခဲ့ကာ အများ အပြား ဒဏ်ရာရခဲ့ပြီ မဟုတ်လော။ မြင်မြင်ထင်ထင်ဖြစ်သည့် နေ့အချိန်တွင် တံတားဖောက်ခွဲပါက စနက်တံများကို မီးရှို့သည့် တပ်သားများကို ဂျပန်တို့ က ကောင်းကောင်း မြင်နေသဖြင့် သူတို့ ကို ပစ်ကွင်းပေးသလို ဖြစ်နေမည်။

တံတားအရှေ့ဘက်ကမ်းတွင် နောက်ရံတပ်ကင်းများကို ဖွဲ့စည်းပြီးသည့် အချိန်တွင် မူ ဟတ်ဆန်မှာ ပင်ပန်းလှပြီ။ အော်ဂီးလ်

ရောက်လာကာ တပ်ဗိုလ်ကလေးတစ်ယောက်ကို လွှဲပေးခဲ့ဖို့ ပြောသည်။

"ဒါနဲ့ ကျွန်တော်လည်း ဌာနချုပ် စခန်းချတဲ့ နေရာကို ပြန် လာပြီး ရေမိုးချိုး၊ ကြက်ကြော် ကလေးစားနဲ့ ညဆယ်နာရီလောက်ကျတော့ တံတားဆီကို ပြန်လာခဲ့တယ်။ ညက တိတ်နေတာပဲ။ မှောင်လိုက်တာကလည်း ပိန်းလို့ ။ ဘာမှ မမြင်ရဘူး။ ကျွန်တော်လည်း တံတားပေါ်မှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေတယ်။ ပြီးတော့ အော်ဂီးလ်ကို လိုက်ရှာတယ်။ တံတားတစ်နေရာရောက်တော့ အိပ်နေတဲ့ ဆက်ပါး တပ်သား တစ်သိုက်ကြားထဲမှာ အော်ဂီးလ်ကို သွားတွေ့တယ်။ သူက တံတားမှာ အားလုံး အဆင်သင့်ဖြစ်နေပြီ။ ဗိုလ်မှူး အိပ်ချင်သွားအိပ်ပါလို့ ပြောတယ်။ သူ့ကြည့်ရတာ ခါတိုင်းလို တည်တည်ငြိမ်ငြိမ်ပဲ။ ဒါနဲ့ ကျွန်တော်လည်း ဌာနချုပ်စခန်းကို ပြန်ပြီး အိပ်နေတယ်။ မနက်လင်းအားကြီးလောက်မှာ တံတားဖောက်ခွဲလိုက်သံကြီးကို ကြားပြီး ကျွန်တော်လည်း နိုးလာတာပဲ"

ပေါက်ကွဲသံကို ကြားလိုက်ရသည့်အခါတွင် ဗိုလ်မှူးဟတ်ဆန်၏ အင်ဂျင်နီယာ အသိစိတ်သည် 'ထင့်ခနဲ'ဖြစ်သွား၏။ မိမိတို့ သည် ရရာပစ္စည်း မစုံမလင်ဖြင့် စစ်တောင်းတံတားကြီးကို ဖောက်ခွဲခဲ့ရခြင်း ဖြစ်သည် ။ ချောချောမောမောမှ ရှိပါ၏ လော။ လျှပ်စစ်စနက်တံများ သွယ်ထားသည့် နံပါတ် ၅ ခုံး တစ်ခုတည်းသာလျှင် လုံးဝ ပျက်စီးကာ ရေထဲသို့ ကျသွားသည် ။ ခုံးနံပါတ် ၄ နှင့် ၆ တို့ မှာ တစ်စိတ်တစ်ပိုင်းသာ ပျက်သွားသည် ။ ရေထဲသို့ ကျသွားခြင်းမရှိ။ စစ်ဖြစ်စဉ်က ဗိုလ်မှူး တစ်ဦးဖြစ်ခဲ့သည့် ဟတ်ဆန်နှင့် ထိုစဉ်က စစ်တောင်းတံတားအပျက်ကြီးကို ပထမဆုံး လာရောက် စစ်ဆေးသည့်

ဂျပန်စစ်အရာရှိတို့ ၁၉၄၅ ခုနှစ်တွင် ယိုးဒယား၌ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့ကြသည် ။

စစ်တောင်းတံတားကြီးကို လက်တွေ့ ဖောက်ခွဲခဲ့ရသူမှာ မာလာကော့လာ ဆက်ပါးတပ်မှ ဗိုလ်လေးဘရှားခန်ဖြစ်သည် ။ ဘရှားခန်သည် တံတားကို ပစ်ခတ်ဖောက်ခွဲရမည့် တာဝန်ကို ယူရသည် ။ ဘရှားခန်သည် ဝိုင်ယာကြိုးများ ၊ လျှပ်စစ် စီးကြောင်းလမ်းများကို ပြင်တပ်ရသည် ။ မူလတုန်းက အစီအစဉ်မှာ ဖောက်ခွဲရမည့် သူသည် တံတားပေါ်သို့တက်၍ ဖောက်ခွဲရမည် ဖြစ်၏။ သို့ဆိုလျှင် အန္တရာယ် အများကြီး ရှိနိုင်သည် ။ ထို့ကြောင့် ဖောက်ခွဲမည့်အရာရှိက ရေကာတာကြီးဘေးက ကတုတ်ကျင်းထဲတွင် နေရာယူရသည် ။ မိမိ ထိခိုက်ဒဏ်ရာရသွားလျှင် နောက်တစ်ကြိမ် ဖောက်ခွဲရမည့် ကိစ္စတွင် ဖရိုဖရဲဖြစ်နိုင်သည် ။ ထို့ကြောင့် မိမိ ကျဆုံးသွားလျှင် မည်သူက ဖောက်ခွဲရမည်ဟု လူရွေး၍ တာဝန်ပေးရသည် ။ တံတားခုံးသုံးခုစလုံး တစ်ခါတည်း ပြိုကျသွားအောင် ဝိုင်ယာကြိုးများကို ပြင်တပ်ရသည် ။ သူ့ဗိုလ်မှူးအော်ဂီးလ်မှာ သူ့ကို တံတားကို ဖြစ်သည့်နည်းနှင့်အကျ အဆုံးခံ၍ ဖောက်ခွဲရမည်ဟု အမိန့်ပေးပြီးနောက် **'အဗျား (Abya)'**သို့ ထွက်သွားသည် ။ ဘရှားခန်သည် စစ်တောင်းတံတားကို ဖောက်ခွဲခဲ့ပြီးကြောင်းဖြင့် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် 'အဗျား'သို့ ရောက်သည့်အခါတွင် သူ့တပ်မှူး အော်ဂီးလ်ထံ သတင်းပို့သည် ။

ဗြိတိသျှတို့ ဘက်မှ ကြည့်လျှင် စစ်တောင်းတံတားကို ဖောက်ခွဲခဲ့ရသည့် ကိစ္စသည် အကျ အဆုံး၊ အထိအခိုက်ခံ၍ လုပ်ရသည့် လုပ်ငန်းကြီးတစ်ခုဖြစ်သည် ။ ထိုတံတားကျသည် နှင့် မြန်မာ ပြည်တိုက်ပွဲစဉ်၏ ကံကြမ္မာကို ဆုံးဖြတ်ပြီးသား ဖြစ်သည် ဟု မြင်သည် ။ သို့ရာတွင် ဂျပန် **ဗိုလ်မှူးကြီး ဟတ်တိုရီ** (Colonel Hattori)၏

ပစိဖိတ်စစ်ပွဲအကြောင်း မှတ်တမ်းတွင် မူ စစ်တောင်းတံတားကြီးအကြောင်းကို တစ်လုံးတစ်ပါဒမျှ ဖော်ပြခြင်းမရှိ။ ဂျပန်အစိုးရ၏ တရားဝင် စစ်သမိုင်းထဲတွင် မူ ဗြိတိသျှတို့ သည် စစ်တောင်းတံတားတွင် အကြီးအကျယ် ခုခံတိုက်ခိုက်ကြကြောင်း၊ တံတားကို ဖေဖော်ဝါရီလ ၂၃ ရက်၊ မနက် ၆ နာရီတွင် ဖောက်ခွဲလိုက်ကြောင်းဖြင့် အတိုချုပ် ဖော်ပြထားသည် ။

## တစပြင် မြို့တော်ကြီး

မတ်လ ၄ ရက်နေ့၌ ကား ရန်ကုန်မြို့တော်ကြီးသည် တစပြင်မြို့တော်ကြီး ဖြစ်နေလေပြီ။ လမ်းမများ နှင့် ဈေးများ သည် တိတ်ဆိတ်ကာ ဟာလာဟင်းလင်းဖြစ်လျက်။ အမှို က်ပုံများ တွင် စားစရာမရှိတော့သဖြင့် သံရှည်ဆွဲ၍ အူလိုက်သော ခွေးအူသံများ သည် တိတ်ဆိတ်မှုကို ဖြိုခွင်းပစ်လိုက်သည် ။ အရောင်းအဝယ် စည်ကားသည့် ဖယ်ယာလမ်း(ပန်းဆိုးတန်း) တစ်လျှောက်တွင် ဆိုင်တွေ ပိတ်ထားကြသည် ။ ဘာမျှ လှုပ်လှုပ်ရှားရှား မတွေ့ရ။ ဒါလဟိုဇီ (မဟာဗန္ဓုလ)လမ်းတစ်လျှောက်ရှိ မွတ်ဆလင်ကုန်သည် ကြီးများ ၏ ပိုး ထ ည် ဆို င် ကြီး များ မှာ အပျက်အစီးပုံကြီးဖြစ်လျက်။ အပျက်အစီး ပုံတွေကြားထဲမှ မီးခိုးတွေ အူနေသည် ။ လူနေရပ်ကွက်များမှ မီးတောက်များကြောင့် ညအခါတွင် ကောင်းကင်တစ်ခုလုံး ရဲနေသည် ။ လူဆိုးများ ၊ တောကြောင်များက လူချမ်းသာများ ၏ အိမ်များမှ ပစ္စည်းများကို ဝင်ယူပြီးနောက်အိမ်များကို မီးတင်ရှို့ခဲ့ကြခြင်းဖြစ်သည် ။

ထိုသို့ ရတ်ရတ်သဲသဲ ဆူညံသောင်းကျန်းနေကြသည့်အထဲတွင်

အကျဉ်းသားများ နှင့် စိတ်မနှံ့ သူများ လည်း လမ်းမများ တွင် အုပ်လိုက်ဖွဲ့၍ သွားလာနေကြသည် ။ ရန်ကုန်မြို့ကြီးကို ပြောင်းရွှေ့သည့် ပထမညတွင် ဆိုင်ရာတို့ က အကျဉ်းထောင်များ ထဲမှ အကျဉ်းသားများ နှင့် အရူးထောင်မှ အရူးများကို လွှတ်လိုက်ကြသည် ။ ဓာတ်ပုံသတင်းထောက်**ဂျော့ရောဂျား** (George Rodger)ကို ဆိုင်ရာတို့ က အပြင်သို့မထွက်ရန် သတိပေးထားသည် ။ ချောင်းမြောင်းပစ်ခတ်သူတို့ ၏ အန္တရာယ်ရှိကြောင်း အသိပေးထားသည် ။ သို့ရာတွင် သူ မနေနိုင်။ သေငယ်ဇောဖြင့် မြောနေသည့် ရန်ကုန်မြို့ကြီးကို သူ ကြည့်ချင်သည် ။ သေခါနီး ရှန်းကန်လူးလွန့်နေသော ရန်ကုန်မြို့ကြီးကို သူ ကြည့်ချင်သည် ။ ထို့ကြောင့် ခြောက်လုံးပြူးတစ်လက်ကို ကိုင်ကာ မီးတွေ ဟု န်းဟု န်းတောက်နေသော ရပ်ကွက်များကို လိုက်ကြည့်သည် ။ တစ်နေရာတွင် ဘုရားမဟာရုံတံတိုင်းကြီးတစ်ခု ပြိုကျလျက် ရှိပြီး ဆယ့်နှစ်ပေခန့် ညဏ်တော်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်အဆူနှစ်ဆယ်ခန့် မီးလောင်ကျွမ်းနေသည် ကို တွေ့ရသည် ။ အမှောင်ထဲတွင် ရုပ်ပွားတော်များ သည် ရဲရဲနီနေကြသည် ။

အချို့နေရာများ တွင် မူ ဗြိတိသျှ စစ်မြေပြင် လုံခြုံရေးတပ်များက ထိန်းသိမ်းထားသဖြင့် အခြေမပျက် ရှိနေသေးသည် ။ အိန္ဒိယပန်ချာပီနှင့် ဆစ်လူမျိုးတို့ အများ ဆုံးပါဝင်သည့် ရန်ကုန်ပုလိပ်များ သည် ဂျပန်တို့ လာတော့မည်ဆိုသဖြင့် ထိန်းမနိုင်သိမ်းမရဖြစ်ကာ သွေးရူးသွေးတန်း ဖြစ်နေကြသည် ။ တနင်္ဂနွေရီတွင် ဂျပန်တို့ သည် သူတို့ ကို မုန်းနေသည့် လူအုပ်ကြီးထဲသို့ အပ်လိုက်သည် ဟူသော သတင်းများကို သူတို့ ကြားနေကြသည် ။ ရန်ကုန်ဘူတာကြီးထဲတွင် ယူနီဖောင်းဝတ် အိန္ဒိယပုလိပ်

တစ်ရာကျော်တို့ သည် နောက်ဆုံးထွက်မည့် ရထားပေါ်သို့ တက်ရန် ပလက်ဖောင်းသံဆန်ခါများကို အလုအယက် ကျော်တက်နေကြသဖြင့် စစ်မြေပြင် လုံခြုံရေးတပ်အရာရှိ **တိုနီမိန်း** (Tony Mains) က သေနတ်ဖြင့် ပစ်၍ လူစုခွဲပစ်ရသည် ။ သူတို့ ကို ငြိမ်အောင်လုပ်ပြီးမှ ပြည်ရထားပေါ်သို့ တင်ပေး လိုက်ရသည် ။ သူတို့ လက်တွင် ဈေးဆိုင်များမှ ဖောက်ထွင်းယူလာသည့် ပစ္စည်းတွေက တနင့်တပိုး။ အထည်အုပ်ကြီးတွေ၊ အိပ်ရာခင်းတွေ၊ မျက်နှာသုတ်ပဝါတွေ။ တွေ့ရာကို ဆွဲယူလာကြခြင်းဖြစ်သည် ။ သူတို့ ဖောက်ထွင်းယူလာသည့် ပစ္စည်းများကို ထားပစ်ခဲ့ရန်အတွက် တိုနီမိန်းက ပုလိပ်များကို နံပါတ်တုတ်ဖြင့် ရိုက်ရန် သူ့စစ်မြေပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ခိုင်းသည် ။ ထိုအချိန်တွင် ပုလိပ်မင်းကြီး **ပရက်စကော့** (Prescott) ရောက်လာကာ သူ့ပုလိပ်များကို ဘာကြောင့် ရိုက်ရသနည်းဟု စိတ်ဆိုးမာန်ဆိုးဖြင့် အော်သည် ။ သူ အော်သည့်အခါတွင် တိုနီမိန်းမှာ စိတ်မထိန်းနိုင်တော့။ မစ္စတာပရက်စကော့သည် ပရမ်းပတာဖြစ်နေသော သူ့ပုလိပ်အုပ်ကြီးကို မည်သူ့ကိုမျှ ကြိုတင်အကြောင်းမကြားဘဲ အဘယ်ကြောင့် ဘူတာရုံသို့ လွှတ်လိုက်သနည်း။ သူ့ပုလိပ်များ သည် အဘယ်ကြောင့် ဈေးဆိုင်များကို ဖောက်ထွင်းလာသနည်း။ သူ့ပုလိပ်များ သည် အခြားသော လူဆိုးများ ၊ တောကြောင်များ ၊ ပရမ်းပတာလူများ နှင့် ဘာခြားနားသေးသနည်း။

သူ့ပုလိပ်များကို သေနတ်ဖြင့် မပစ်သည့်အတွက် ဝမ်းသာဖို့ ပင် ကောင်းသေးသည် ။ တိုနီမိန်းသည် အေးဆေးတည်ငြိမ်၍ သတ္တိကောင်းသော အင်္ဂလိပ်-မြန်မာကပြား မီးရထားစက်ခေါင်းမိုလ်များ နှင့် ပုလိပ်များ ၏ အပြုအမူများ အကွာကြီး ကွာနေသည် ကို မြင်သည့်အခါတွင် ပို၍ စိတ်ဆိုးသည် ။

မီးရထားစက်ခေါင်းဗိုလ်များ သည် ဂျပန်တွေ ဖြတ်နေသည့် မြောက်ဘက်သို့ အစောင့်အကြပ်မပါဘဲ မီးရထားများကို ခုတ်မောင်းသွားကြသည် ။ ထိုကြားထဲ ရန်ကုန်တွင် ကျန်ရစ်ခဲ့သည့် စစ်ပြေးဒုက္ခသည် တို့ ကို သယ်ရန် ရန်ကုန်သို့ ပြန်မောင်းလာခဲ့ကြသည် ။

တပ်မတော်ဌာနချုပ်ရှိ ပထမတန်း ဦးစီးအရာရှိက တိုနီမိန်းကို ရုံးသို့ လှမ်းခေါ်လိုက်သည် ။ လှေကားပေါ်သို့ အရောက်တွင် ပုလိပ်မင်းကြီး မစ္စတာ ပရက်စကော့၏ ဒေါသတကြီး အော်ဟစ် ပြောဆိုနေသံကို ကြားရ၏။ "ဘာလဲ၊ ခင်ဗျား ကျုပ်ကို စစ်တပ်လက်ထဲကို ရောင်းစားတာလား"ဟု အော်နေသည် ။ အပေါ်ထပ်သို့ ရောက်သည့်အခါတွင် အကျိုးအကြောင်းကို သိရသည် ။

"ခင်ဗျား မြို့ထဲကို ပြန်သွားပြီး ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူပါ။ ရန်ကုန်ကို ထိန်းထား ရမယ်လို့ ချာချီက အမိန့်ပေးလိုက်ပြီ။ ဩစတြေးလျတပ်မ တစ်တပ် သင်္ဘောနဲ့ ရောက်လာမယ်"

ဗိုလ်ချုပ်ဟတ်တန်၏ အမိန့်ကို **ဗိုလ်ချုပ်ကြီး အယ်လိပ်ဇန်ဒါ** (General Alexandar) က ဖျက်ပစ်လိုက်ပြီး ရန်ကုန်တွင် ခံတိုက်ရမည်ဟု ဆိုသည် ။ မြို့စောင့်တပ်များ ၏ တပ်မှူးကို စစ်ဘုရင်ခံ ခန့်လိုက်သည် ။ (ဤတွင် ဘုရင်ခံဒေါ်မန်စမစ်က ထိုနာမည်သည် သူ့ဂုဏ်သိက္ခာကို ထိခိုက်စေသည် ဟု ကန့်ကွက်သဖြင့် အုပ်ချုပ်ရေးမှူးဟု အမည်ပြောင်းပေးလိုက်ရသေးသည် ) တိုနီမိန်းမှာ သူ့လက်ထောက် ဖြစ်သည် ။ သူ့တာဝန်မှာ ရန်ကုန်ကို 'စစ်အုပ်ချုပ်မှု'အောက်တွင် ထားရန်ဖြစ်သည် ။ မာရှယ်လော မထုတ်သော်လည်း လုယက် ဖောက်ထွင်းသူများကိုတွေ့ရာ နေရာတွင်

ပစ်သတ်ခွင့်ရှိသည် ။ တရားဝင်စစ်သမိုင်းတွင် မူ ထိုစဉ်က ရန်ကုန်တွင် နေဝင်မီးငြိမ်း ညမထွက်ရ အမိန့် ထုတ်သည် ဟု ဆိုသော်လည်း တိုနီမိန်းကမူ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်းမရှိဟု အတည်ပြုသည် ။ မြို့သူမြို့သား အားလုံး ထွက်သွားကြပြီ။ စစ်သားများ ၊ အရေးကြီးသည့်ဌာနများမှ အရပ်သား အမှုထမ်းများ နှင့်လူဆိုးများ သာ ကျန်ခဲ့သဖြင့် ညမထွက်ရ အမိန့်ထုတ်စရာအကြောင်းလည်း မရှိတော့။

တောကြောင်များကိုမူ တိုနီမိန်းသည် ပြတ်ပြတ်သားသား အရေးယူသည် ။ ဈေးကြီးကို ဖောက်ထွင်းလုယူနေကြသော လူအုပ်ကြီးကိုသေနတ်ဖြင့် ပစ်၍ ရှင်းလင်းသည် ။ ထိုသတင်းကြောင့် တောကြောင်တွေ လန့်ဖျပ်ကုန်ကြသည် ။ (တိုနီမိန်း၏ တပ်များ သည် တောကြောင်ဒါဇင်ဝက်လောက်ကို ပစ်သတ်ခဲ့ကြသည် ) သင်္ဘောဆိပ်တွင် ပြန့်ကြဲနေသည့် အလောင်းများကိုလည်း ရှင်းလင်းရသည် ။ ထိုအလောင်းများမှာ ဗုံးဒဏ်ကြောင့် သေသူများ မဟုတ်။ တောကြောင်ဂိုဏ်းအချင်းချင်း သတ်၍ သေကြသူများ ဖြစ်သည် ။ ထုံးစံအတိုင်းဆိုလျှင် ထိုအလောင်းများကို မြူနီစီပယ်မှ အိန္ဒိယ သန့်ရှင်းရေးအလုပ်သမားများက ရှင်းလင်းရမည် ဖြစ်၏။ သို့ရာတွင် ထွက်ပြေးကုန်ကြလေပြီ။ တိုနီမိန်းသည် ထိုအလောင်းများကို ရှင်းလင်းပစ်ရန် အိန္ဒိယတပ်များကိုလည်း ခိုင်း၍ မဖြစ်။ အိန္ဒိယ လူမျိုးများမှာ ဇာတ်အစွဲရှိသည် ။ ထို့ကြောင့် စစ်မြေပြင်လုံခြုံရေးတပ်ဖွဲ့ဝင် ဗြိတိသျှ စစ်သားများ ကိုယ်တိုင် ထိုအလောင်းများကို ရှင်းရသည် ။ တိုနီမိန်းသည် ထရပ်ကား တစ်စီးကို ရှာလာကာ ထိုကားပေါ်သို့ ဆေးရည်တွေ ဖျန်းပြီး အလောင်းသယ်သည့် ကားအဖြစ် အသုံးပြုရသည် ။ ဖမ်းမိ ထားသော တောကြောင်များကို အလောင်းသယ်ခိုင်းပြီး သူတို့ ကို ဗြိတိသျှအရာခံတစ်ယောက်အား

ကြီးကြပ်ခိုင်းရသည် ။ တောကြောင်များမှာ ပစ်သတ်ခံရမည်ကို ကြောက်သဖြင့် တပျို့ပျို့တအန်အန် ဖြင့် အလောင်းများကို ထမ်းကြရသည် ။

အရေးကြီးသည့် အစိုးရဌာနတချို့ ထိုအချိန်အထိ လည်ပတ်နေသည် မှာ ကား အံ့ဩစရာပင်။ လျှပ်စစ်ဓာတ်အားပေးဌာနသည် ပုံမှန်အလုပ်လုပ်နေသေးသည် ။ နောက်ဆုံးညနေအထိ လျှပ်စစ်မီး ရှိနေသေးသည် ။ မိလ္လာအညစ်အကြေးပိုက်များကလည်း အလုပ်လုပ်နေကြသည် ။ ရေဘုံပိုင်ကို ဖွင့် လိုက်သည့်အခါ ရေလာနေသေးသည် ။ အစိုးရ တယ်လီဖုန်းအိတ်ချိန်းနှင့် ပုဂ္ဂလိကပိုင် တယ်လီဖုန်း အိတ်ချိန်းနှစ်ခုတို့က ကိုယ်လိုချင်သည့် တယ်လီဖုန်းနံပါတ်ကို ခေါ်ပေးနေသေးသည် ။ အရန်မီးသတ် တပ်ဖွဲ့တစ်ဖွဲ့သည် တစ်မြို့လုံးတွင် လောင်နေသော ရှို့မီးများကို နိုင်နင်းစွာ ငြိမ်းသတ်နေသေးသည် ။ **အိန္ဒိယ ပိုင်အိုနီးယားတပ်ဖွဲ့** (Indian Pioneer Corps) က သင်္ဘောပေါ်မှ မော်တော်ကား အင်ဂျင်များကို ဆင်ပေးကာ ဂျပန်တို့ ရောက်မလာခင် ထွက်နိုင်အောင် တစ်စင်းပြီးတစ်စင်း လွှတ်ပေးနေသည် ။ အမေရိကန် စက်မှုကူညီရေးအဖွဲ့နှင့် တရုတ်စက်မှုပညာသည် များက ဂျပန်တို့ စောစွာ ရောက်လာမည့် အထင်ဖြင့် မြေလှန်စနစ်ကို သုံးကာ ချုံကင်းသို့ ပို့မည့် ထရပ်ကားအစီး ၁၀၀၀ အပါအဝင် စစ်လက်နက်ပစ္စည်းရိက္ခာများကို မီးတင်ရှို့လိုက်သည် မှာ မူ ဝမ်းနည်းစရာကောင်းသည် ။ သင်္ဘောဆိပ်တွင် မီးလောင်ထားသည့် မော်တော်ကားပျက်တွေက ပုံလျက်။ မတ်လ ၇ ရက်နေ့တွင် တိုနီမိန်းနှင့် စစ်မြေပြင်လုံခြုံရေး တပ်ဖွဲ့ဝင်များ သည် အိန္ဒိယသို့ ထွက်ခွာရန်အတွက် လှေများ ဖြင့် မြစ်လယ်တွင် ဆိုက်ထားသည့်

သင်္ဘောပေါ်သို့ တက်ရမည်ဖြစ်သည် ။ ဤတွင် စစ်အုပ်ချုပ်ရေးမှူး ရောက်လာကာ သင်္ဘောများ တွင် ပြည့်နေပြီဖြစ်သဖြင့် သူတို့ တစ်တွေ မြောက်ဘက်မှ ကုန်းလမ်းအတိုင်း သွားကြရမည်ဟု လာပြောသည် ။ သူတို့ နှင့်အတူ သန်လျင်ရေနံချက်စက်ရုံကို စောင့်နေသည့် **ဂလောက်ဆက်စတာ** (Gloucesters) တပ်ခွဲတစ်ခွဲ၊ ရန်ကုန်ကို နောက်ဆုံးကာကွယ်ခဲ့ကြသည့် တပ်များ နှင့်အတူ ကုန်းလမ်းမှ ပြန်ရမည်ဟု ကတိပေးပြီးမှ ယခုကဲ့သို့ အစီအစဉ်ပြောင်းသွားသည့် အတွက် တိုနီမိန်း အကြီးအကျယ် စိတ်ဆိုးသည် ။ သို့ရာတွင် မတတ်နိုင်ပြီ။ ဤတွင် တိုနီမိန်းသည် စောစောက သူနှင့် ရန်ဖြစ်ခဲ့သည့် ပုလိပ်မင်းကြီး ပရက်စကော့နှင့် အတူ စောင့်နေရသည် ။ ထိုနေ့ ညနေ ၃ နာရီတွင် မူ အပူရှိန်ထုကြီးကို အေးအောင်လုပ်ပေးနေသော ပန်ကာသည် ရုတ်တရက် ရပ်သွားလေပြီ။ ထို့နောက် ပေါက်ကွဲသံကြီးတစ်ခု ပေါ်လာသည် ။ ရန်ကုန်မြို့ကို လျှပ်စစ်ဓာတ်အား ပေးနေသည့် ရုံကြီးကို ဖောက်ခွဲလိုက်ကြလေပြီ။

ဂျပန်တို့ ပဲခူးနှင့် ပြည်ကို မသိမ်းမီတွင် ရန်ကုန်မှ ထွက်မည်ဟု **လိုက်ဖ်** (Life) မဂ္ဂဇင်းမှ သတင်းထောက် ဂျော့ရောဂျားနှင့် ဗြိတိသျှ **မူဗီတုန်း** (Movietone News) သတင်းဌာနမှ သူ့ အဖော်တို့ ဆုံးဖြတ်ကြသည် ။ ထို့ကြောင့် သူတို့ နှစ်ယောက်သည် ပြည်ဘက်သို့ ဦးတည်နေသော ယာဉ်တန်းကြီးဖြင့် သူတို့ ကားကို မောင်းလိုက်လာခဲ့ကြသည် ။ ရောဂျားသည် မော်တော်ကားပေါ်မှ နေ၍ ရန်ကုန်မြို့ကို နောက်ဆုံး ကြည့်ခြင်းအနေဖြင့် လှမ်းကြည့်သည် ။ ကောင်းကင်သို့ ထိုးတက်နေသော ရွှေတိဂုံစေတီတော်ကြီးကို မြင်ရသည် ။

ယာဉ်တန်းကြီးဖြင့် လိုက်လာခြင်းသည် နောက်ဒုက္ခတစ်ခု

ထပ်ရှာရန် လိုက်လာခဲ့ကြခြင်း ဖြစ်ကြောင်းကို သဘောပေါက်ကြလေပြီ။ ရန်ကုန်မြောက်ဘက် ဥက္ကံနားသို့ ရောက်သည့်အခါ လမ်းဘေးတစ်ဖက်တစ်ချက် တောအုပ်များ ထဲမှ သူတို့ ကားတန်းကြီးကို ရိုင်ဖယ်များ ဖြင့် ဆီးပစ်ကြသည် ။ သာယာဝတီတွင် အိန္ဒိယနှင့် မြန်မာအဓိကရုဏ်းဖြစ်နေသည် ကို တွေ့ရသည် ။ မြို့ထဲက လမ်းမပေါ်တွင် တုတ်တွေ၊ ဓားတွေကို ကိုင်ထားသည့် လူအများ သည် သူတို့ ကို အော်ဟစ်ဆဲဆိုကာ ခဲများ ဖြင့် ပေါက်ကြသည် ။ သာယာဝတီမြောက်ဘက်တွင် ခြေကျင်ပြေးလာကြသည့် စစ်ပြေးဒုက္ခသည် အုပ်ကြီးကြားထဲတွင် ကားကို ဖြည်းဖြည်း မောင်းလာခဲ့ကြရ၏။ လမ်းဘေးတွင် အလောင်းတွေက ပြန့်ကျဲလျက်။ ဝမ်းရောဂါနှင့် အူရောင်ငန်းဖျား ရောဂါဖြစ်သဖြင့် လူမမာများကို မည်သူမျှ မပြုစုရဲကြ။ ဒီအတိုင်း ပစ်ထားခဲ့ကြရသည် ။

တိုနီမိန်းသည် သူ့တပ်စုကလေးနှင့်အတူ သင်္ဘောဆိပ်သို့ ဆင်းလာခဲ့သည် ။ ဘုရင့်အိန္ဒိယ ရေတပ်မတော်သို့ တွဲပေးထားသည့် ဗြိတိသျှစစ်ဗိုလ်ကလေးတစ်ယောက်က လှမ်းနှုတ်ဆက်သဖြင့် သူ အံ့သြနေသည် ။ ဦးထုပ် ကြက်လျှာစွန်းကလေးမှာ စုတ်ပြတ်နေလေပြီ။ ထိုစစ်ဗိုလ်ကလေးသည် တာဝန်ဖြင့် ဖောက်ခွဲဖျက်ဆီးရန် တစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည် ။ သင်္ဘောကြီးပေါ်သို့ ပို့ပေးသည့် နောက်ဆုံးကူးတို့ မှာ ထွက်ခွာသွားလေပြီ။ သူ့တွင် **အိတ်-အမ်-အက်စ်-ဟိန္ဒူစတန်** (HMS Hindustan) ဟု ရေးထားပြီး စစ်သင်္ဘောရောင် မီးခိုးနုနုသုတ်ထားသည့် ဂျစ်ကားတစ်စီး ပါသည် ။ သူ့ကို တိုနီမိန်းက သူတို့ အဖွဲ့နှင့် လိုက်လာရန် ခေါ်သည် ။ သူကလည်း မဆိုင်းမတွ လက်ခံလိုက်၏။ စစ်ဗိုလ်ကလေးက သူ့ဂျစ်ကားကို

ပေးသည် ။ ဆိပ်ကမ်းအုပ်ချုပ်ရေးမှူးရုံးကလပ်ရှိ ရေခဲ သေတ္တာကြီးများ ထဲတွင် စိမ်ထားသည့် ဘီယာပုလင်းတွေ အများကြီးရှိကြောင်း၊ ထိုပစ္စည်းများကို ဂျပန်တို့ အတွက် ထားပစ်ခဲ့သလို ဖြစ်နေမည်ဖြစ်ကြောင်း ပြောသည် ။ **အိန္ဒိယရီဇာ့ဘဏ်** (Reserve Bank of India) မြေတိုက်ခန်းထဲတွင် တရုတ်အရက်စည်ကြီးများ နှင့် ဝီစကီပုလင်းတွေ အများကြီး တွေ့ခဲ့သဖြင့် ဂျပန်တို့ သုံးမည်စိုးသောကြောင့် သူကိုယ်တိုင် ဖောက်ခွဲပစ်ခဲ့ပြီ။ ယခု ရေခဲစိမ်ဘီယာ များကိုလည်း ဒီအတိုင်း ထားခဲ့၍ မဖြစ်၊ ထို့ကြောင့် တိုနီမိန်းသည် မီးသတ်ရုံထဲမှ စားပွဲများ ၊ ကုလားထိုင်များကို ထုတ်ကာ သူ့လူများ နှင့် ဘီယာတစ်လုံး သောက်ရင်း သန်လျင်မှ ကူးလာမည့် ဂလောက်ဆက်စတာတပ်ကို သယ်လာမည့် မော်တော်ကို စောင့်နေသည် ။

ရန်ကုန်ကို ဆက်လက် သိမ်းပိုက်ထားဖို့ ဆိုသည် မှာ မဖြစ်နိုင်တော့။ အရှေ့အလယ်ပိုင်းမှ လာမည်ဆိုသည့် ဩစတြေးလျတပ်မကိုလည်း အားကိုးနေ၍ မရတော့။ ထိုတပ်ရောက်လာလျှင် ဂျပန်တို့ ကို မောင်းထုတ်နိုင်မည်ဟု ဗိုလ်ချုပ်ကြီးဝေဗယ်မှ အစ တပ်ဗိုလ်တပ်သားအားလုံး မျှော်လင့်ခဲ့ကြသေးသည် ။ သို့ရာတွင် ယခု မျှော်ကိုး၍ မရတော့ပြီ။

ဂျပန်တပ်သားများ သည် ပစိဖိတ်ဒေသတွင် ဩစတြေးလျဆီသို့ ဖြန့်ဆင်းလာကြပြီဖြစ်ရာ ဩစတြေးလျ နန်းရင်းဝန်ကြီး **ကာတင်** (Curtin) သည် သူ့တွင် ရှိသမျှ တပ်များကို ဖဲ့မပေးနိုင်တော့။ မြန်မာပြည်တိုက်ပွဲစဉ်နှင့် ပတ်သက်၍ သူဖတ်ရသလောက်ဆိုလျှင်လည်း မျှော်လင့်ချက် မရှိတော့ပြီ။

ယခုအချိန်ကျမှ သူ့တပ်များကို ပို့ပေးနေလျှင် မီးတောက်ထဲသို့ ဖွဲအိတ်ကို ပစ်ချလိုက် သကဲ့သို့သာ ရှိတော့မည်။ သူ့တပ်တွေကို ပို့ပေးနေလျှင်လည်း အကြောင်းမထူးဟု သဘောပေါက် နေလေပြီ။ ဩစတြေးလျတပ်မ ရောက်လာ၊ မလာကို အမြန်ဆုံးသိလိုပါသည် ဟု မြန်မာဘုရင်ခံက ချာချီထံသို့ ကြေးနန်းရိုက်လိုက်သည် ။ ဩစတြေးလျအစိုးရကို အကြိမ်ကြိမ် မေတ္တာရပ်ခံပြီးပြီ။ ဩစတြေးလျအစိုးရက လုံးဝ ငြင်းဆိုလိုက်သည် ။ 'ဆက်တိုက်ပါ'ဟု ချာချီထံမှ ပြန်လာသည် ။ ကြေးနန်းက စိတ်ပျက်စရာ။

ဆက်တိုက်ရမည်ဆိုသည် မှာ ဘယ်လောက်ကြာကြာ ဆက်တိုက်နေရ ဦးမည်နည်း။ အကန့် အသတ်တော့ ရှိရလိမ့်မည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မြန်မာပြည်ဘုရင်ခံဒေါ်မန်စမစ်က အိန္ဒိယဘုရင်ခံချုပ်ထံ ကြေးနန်းတစ်စောင် ရိုက်လိုက်သည် ။

ယခု ကြေးနန်းမှာ နောက်ဆုံး ရိုက်လိုက်သော ကြေးနန်းဖြစ်ပါသည် ။ ကျွန်တော်တို့ တပ်များ သည် အစွမ်းကုန် တိုက်ခိုက်ကြသော်လည်း များ စွာ ပင်ပန်းနေကြပါပြီ။ ပဋ္ဌလက်ပြလိုက်သည့်နှယ် ထူးခြားဆန်းကြယ်သည့် ပြောင်းလဲမှုရှိလျှင် ရန်ကုန်မြို့ဖောက်ခွဲဖျက်ဆီးရေးကို မတ်လ ၁ ရက်နေ့ ၇ နာရီခန့်တွင် ပြုလုပ်သင့်သည် ဟု ထင်ပါသည် ။ ရန်ကုန်မှ ဆုတ်ခွာရခြင်းအတွက် များ စွာ ယူကျုံးမရ ဖြစ်မိပါသည် ။ ရန်ကုန်ကို ကယ်တင်နိုင်ရန်ကား နည်းလမ်း မမြင်တော့ပါ။ ယခုအချိန်တွင် ဆုတ်ခွာလျှင် တပ်များကို အရှေ့ဖျား စစ်မျက်နှာများ တွင် အသုံးချနိုင်မည် ထင်ပါသည် ။ အထက်မြန်မာပြည်မှ ခံတိုက်နိုင်သည် ဆိုလျှင်ပင် ကျွန်တော်တို့ ကံကောင်းသည် ဟု ထင်ပါသည် ။ သို့ရာတွင် စည်းဝိုင်း ပေါ်တွင် ရောက်နေသူတစ်ယောက်အနေဖြင့် ကျွန်တော် လုပ်ရမည့်

ရှေ့လုပ်ငန်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ထံမှ မည်သည့်ကြေးနန်းမျှ ရောက်မလာပါ။ ရန်ကုန်မြို့ကို ဖောက်ခွဲဖျက်ဆီးရန် အမိန့်ပေးပြီးနောက် မတ် ၁၁ ရက်နေ့ ၈ နာရီတွင် ထွက်ခွာရမည်ဟု ရည်ရွယ်ထားပါသည် ။

ထိုအချိန်တိုင်အောင်ပင် ရန်ကုန်သို့ စစ်ကူပို့လျှင် ရန်ကုန်ကို ကယ်တင်နိုင်မည်ဟု ဗိုလ်ချုပ် ဝေဗယ် ထင်နေသေးသည် ။ ဘုရင်ခံဒေါ်မန်စမစ်က အထက်ပါ ကြေးနန်းကို ဒေလီသို့ ပို့လိုက်သည့်နေ့တွင် အိန္ဒိယ ခြေလျင်တပ်မဟာ ၆၃ သည် ရန်ကုန်မှ ဆုတ်လာခဲ့သည် ။ တပ်မတော်တပ်မှူး ချုပ်ဟတ်တန်၏ အမိန့်အရ ဆုတ်ခွာခဲ့ရခြင်း ဖြစ်သည် ။ ထိုတပ်မဟာသည် တိုက်ပွဲဝင်နိုင်သည့် အနေအထားမရှိကြောင်းကို သူ ကောင်းကောင်း သိနေပြီ။ ထိုတပ်မဟာကို ကာလကတ္တားသို့ ဖြစ်စေ၊ သို့မဟုတ် စစ်တွေသို့ ဖြစ်စေ ပို့ထားရန် အမိန့် တောင်းသည် ။ သို့ရာတွင် ဗိုလ်ချုပ်ကြီးဝေဗယ်က သူ့ဆုံးဖြတ်ချက်ကို ပယ်ချလိုက်ပြီး ရန်ကုန်ဆိပ်ကမ်းတွင် တပ်စွဲထားရန် အမိန့်ပေးလိုက်သည် ။ တပ်မတော် တပ်မှူးကြီးဟတ်တန်သည် ရန်ကုန်မြို့ကို လက်လွှတ်ကာ မြောက်ဘက်သို့ ဆုတ်မည် ကို သိသဖြင့် ဗိုလ်ချုပ်ဝေဗယ်သည် ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ကာလကတ္တားမှ လေယာဉ်ဖြင့် ထွက်လာခဲ့ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း လိုက်လာကာ မကွေးသို့ ရောက်လာသည် ။ ဘုရင်ခံ ဒေါ်မန်စမစ်၊ မြန်မာပြည်တပ်မတော်တပ်မှူး ဟတ်တန်နှင့် ဒုတိယ လေတပ်ဗိုလ်ချုပ် **စတီဗင်ဆင်** (Stevenson) တို့ က သူ့ကို မကွေးမှ ကြိုကြသည် ။

ထို အ စ ည်း အ ဝေး မှာ စိတ်မချမ်းမြေ့ဖွယ်ကောင်းသည့် အစည်းအဝေးဖြစ်သည် ။ ဗိုလ်ချုပ် ဝေဗယ်သည် စိတ်မထိန်းနိုင်တော့။

ဘုရင်ခံနှင့်တပ်မှူးများ ၊ နယ်ဘက်အရာရှိများ ရှေ့တွင် ဗိုလ်ချုပ်ဟတ်တန်ကို ဆဲဆိုကြိမ်းမောင်းခြင်း ပြုသည် ။ မိမိသည် လွန်ခဲ့သည့် လအနည်းငယ်ခန့်က ဗိုလ်ချုပ် ဝေဗယ်၏ စစ်ဦးစီးချုပ် ဖြစ်ခဲ့ဖူးသည် ။ သို့ရာတွင် ဗိုလ်ချုပ်ဟတ်တန်သည် ဘာမျှ မပြောနိုင်တော့ပြီ။ ဗိုလ်ချုပ်ဟတ်တန်သည် သူပြောသမျှကို တစ်လုံးမျှ ပြန်မပြော စင်း၍ ခံနေသည် ။ ဗိုလ်ချုပ် ဝေဗယ်က သူ့ကို အရှုံးပေးဝါဒဝင်သည် ဟု ဆိုကာ ဆူပူကြိမ်းမောင်းသည် ။ သူ့အဖို့ ဂုဏ်အရှိဆုံး တုံ့ပြန်မှုမှာ တိတ်တိတ်နေခြင်းပင် ဖြစ်သည် ဟု နှလုံးပိုက်ကာ တစ်ခွန်းမျှ မပြောတော့။

ဗိုလ်ချုပ်ဝေဗယ်က ရန်ကုန်ကို တတ်နိုင်သမျှ ကြာကြာထိန်းထားရမည်။ အချိန်ရှိခိုက်တွင် ရန်ကုန်ရှိတပ်များကို ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ရေကြောင်းမှ ပြောင်းရွှေ့ပေးရမည်ဟု အမိန့်ပေး လာသည် ။ ဗိုလ်ချုပ်ဝေဗယ်သည် ဗိုလ်ချုပ်ဟတ်တန်ကို ခေါ်၍ ရန်ကုန်သို့ ပြန်လာခဲ့သည် ။ စစ်ဌာနချုပ်သို့ရောက်သည့်အခါတွင် သူတို့ ကို စောင့်နေသည့် ကြေးနန်းတစ်စောင်ကို တွေ့ရသည် ။ ကြေးနန်းမှာ လှည်းကူးတွင် ရောက်နေသည့် အိန္ဒိယတပ်မ ၁၇ ၏ တပ်မမှူး ဗိုလ်ချုပ်စမိုက်ထံမှ ကြေးနန်းဖြစ်သည် ။ ကြေးနန်းတွင် သူ့တပ်များကို ပဲခူးမှ ဆုတ်လိုကြောင်း ဖော်ပြထားသည် ။ ဗိုလ်ချုပ်စမိုက်ထံမှ ဆုတ်ခွာခွင့်ပေးရန် နောက်ထပ် ကြေးနန်းတစ်စောင်ရောက်သည့်အခါတွင် ဗိုလ်ချုပ်ဝေဗယ်သည်းမခံနိုင်တော့။ သူကိုယ်တိုင် မော်တော်ကားဖြင့် လှည်းကူးရှိ တပ်မဌာနချုပ်သို့ လိုက်လာခဲ့သည် ။

'အဲဒီနေ့ဟာ မတ်လ ၁ ရက်နေ့ တနင်္ဂနွေနေ့။ အဲဒီနေ့ဟာ

ကျွန်တော့်စစ်သားဘဝမှာ နောက်ဆုံးနေ့ပဲဆိုတာ ကျွန်တော် မသိခဲ့ဘူး။ စစ်သားဘဝနဲ့ နောက်ဆုံး နေလိုက်ရတဲ့ နေ့လေ’ ဟု ဗိုလ်ချုပ်စမိုက်က ‘အရဏ်မတက်မီ’ဆိုသည့် သူ့မှတ်တမ်းတွင် ရေးခဲ့သည် ။

ဗိုလ်ချုပ်ဝေဗယ် ရောက်သွားသည့်အခါ၌ လူမမာကြီးလုံးလုံးဖြစ်နေသော ဗိုလ်ချုပ်စမိုက်ကို တွေ့ရသည် ။ ဘရင်ဂျီနာပေါက်သဖြင့် စထရက်နိုင်းဆေးများ နှင့် စိန်ပေါသော ဆေးများ ထိုးထားသဖြင့်သာ ဝေဒနာကို ထိုမျှခံနိုင်ခြင်း ဖြစ်သည် ။ ဗိုလ်ချုပ်စမိုက်သည် ဂျပန်နှင့် သူ့ရောဂါကို တစ်ပြိုင်တည်း တိုက်နေရခြင်းဖြစ်ရာ ယခုအခါတွင် အခြေအနေ တော်တော်ဆိုးနေလေပြီ။ ဝေဗယ်သည် ဗိုလ်ချုပ်စမိုက်၏ စစ်ဦးစီးမှူးဖြစ်သော **ကိုဝမ်** (Major-General D.T. Cowan) အား တပ်မကို လွှဲအယူခိုင်းပြီးနောက် ဗိုလ်ချုပ်စမိုက်ကို အထုပ်အပိုးပြင်စေပြီး အိန္ဒိယသို့ ပြန်လွှတ်လိုက်သည် ။

အောက်မြန်မာပြည်ကျသည့်အခါတွင် ကိုယ်ရေးကိုယ်တာ စိတ်မချမ်းမြေ့ဖွယ် အများ အပြား တွေ့ခဲ့ကြသည့်တိုင် ဗိုလ်ချုပ်စမိုက်၏ အဖြစ်လောက် မည်သူမျှ ဆိုးမည်မထင်။ ဗိုလ်ချုပ်စမိုက်သည် ရောဂါဝေဒနာကို ခံနေရင်းက ရှိသမျှ အင်အားကလေးဖြင့် သူ ယုံကြည်ခြင်းမရှိသော စစ်သေနင်္ဂဟဗျူဟာကို အကောင်အထည်ဖော်သည် ။ ဒေလီသို့ ရောက်သောအခါတွင် လည်း တပ်မမှူးအဖြစ်မှ ဖယ်ရှားခံလိုက်ရသည် ။ ဗိုလ်ချုပ်စမိုက်သည် နောက်ထပ် စိတ်မချမ်းသာစရာနှင့် ထပ်၍ ကြုံရပြန်သည် ။ စစ်ဘက်အတွင်းဝန်၏ စာတစ်စောင်က သူ့ကို စောင့်နေသည် ။ ဗိုလ်ချုပ်ဝေဗယ်၏ အမိန့်အရ သူ့အား ဗိုလ်ချုပ်ရာထူးမှ နုတ်ပယ်ကာ အနားယူခွင့်ပေးလိုက်ပြီဖြစ်ကြောင်းဖြင့် ထိုစာတွင် ဖော်ပြထားသည် ။

ဗိုလ်ချုပ်စမိုက်သည် တစ်ချက်တည်းဖြင့် ရာထူးရော၊ ပင်စင်လစာရော ဆုံးရှုံးခဲ့ရရုံမျှ မက အပြစ်နှစ်ခုဖြင့်လည်း အစွဲခံရသည် ။ တစ်ခုမှာ မြန်မာပြည်သို့ တာဝန်လွှဲပေးခြင်း မခံရမီ ဆေးစစ်ခံရန် ပျက်ကွက်ခြင်း။ ထို့ကြောင့် တပ်မတော် ဆေးဘက်ဆိုင်ရာ ဥပဒေပုဒ်မ ၈၆ ကို ဖောက် ဖျက်ခြင်းနှင့် ဆေးစစ်ဘုတ်အဖွဲ့က ကျန်းမာရေးကောင်းသည် ဟု ထောက်ခံပြီးသည့်အခါတွင် ခွင့်ယူ ရန် လျှောက်ထားခြင်းတို့ ဖြစ်သည် ။

စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲသည် ဗိုလ်ချုပ်စမိုက်၏ စစ်သားဘဝကို အဆုံးသတ်လိုက်ခြင်း ဖြစ်လေသည် ။ အမှန်အားဖြင့် စစ်ဘက်ဆိုင်ရာ ဆ ရာ ဝ န် **ဒုတိယဗိုလ်မှူးကြီး မက္ကဇီ** (Lieutenant-Colonel Mackenzie) သည် စစ်တောင်းတံတားကို ဖောက်ခွဲခြင်းမပြုမီကလေးတွင် သူ့ကို ဆေးစစ်ပေးခဲ့ပြီးနောက် စောနိုင်သမျှ စောစော ခွင့်တင်၍ အနားယူရန် ထောက်ခံခဲ့သည် ။ (ဗိုလ်မှူး ကြီးမက္ကဇီမှာ ဂျပန်တို့ လက်သို့ ကျသွားကာ စစ်အတွင်းတစ်လျှောက်လုံး ရန်ကုန်ထောင်ထဲတွင် သုံ့ပန်းအဖြစ် နေခဲ့ရသည် ) မက္ကဇီ၏ ဆေးထောက်ခံချက်သည် ဗိုလ်ချုပ်ကြီးဝေဗယ်ထံသို့ ရောက်ပုံ မရ။ ဗိုလ်ချုပ်စမိုက်သည် ဗိုလ်ချုပ်ကြီးဝေဗယ်ကို တွေ့ခွင့်တောင်းသေးသော်လည်း တွေ့ဆုံခွင့် မရခဲ့။ ဗိုလ်ချုပ်ဟတ်တန်သည် ရန်ကုန်နှင့် မြန်မာပြည်ကျဆုံးရခြင်းအတွက် သူ့အပေါ်တွင် လုံးဝ ပုံချသည် ဟု ဗိုလ်ချုပ်စမိုက်ယူဆသည် ။ (ဗိုလ်ချုပ်ဝေဗယ်သည် မြန်မာပြည်မှ ဆုတ်ခွာရသည့်ကိစ္စတွင် အမိန့်ကို နာခံသော တပ်မှူးများအားလုံးကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ကြေညာခဲ့သော်လည်း ထိုစာရင်းတွင် ဗိုလ်ချုပ်စမိုက်၏ အမည်မပါ)

ဗိုလ်ချုပ်ဟတ်တန် ကိုယ်တိုင်မှာ လည်း မြန်မာပြည် တပ်မတော် စစ်သေနာပတိအဖြစ်မှ ဖယ်ရှားခံရကာ သူ့နေရာတွင် သူ့လက်အောက်မှ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါကို သေနာပတိအဖြစ် ခန့်လိုက်သည် ။ သူ့ကိုမူ ဦးစီးချုပ်အဖြစ် ခန့်ထားလိုက်သည် ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် သူ၏ ရင်းနှီးသော မိတ်ဆွေဖြစ်သည့်တိုင် သူ့အဖို့ သိက္ခာကျရသည့်အဖြစ်သို့ ရောက်ရသည် မှာ မူ အမှန် ဖြစ်သည် ။ စစ်ဌာနချုပ်မှ အပ တပ်မှူး အပြောင်းအလဲဖြစ်သည် ကို မည်သူမျှ မသိကြ။ ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါမှာ သူနှင့်ရာထူးအဆင့်အတူတူ ဖြစ်သည် ။ ဗိုလ်ချုပ်ဟတ်တန်သည် လာမေးသမျှ လူကို ရှင်းပြရသဖြင့် မောလည်း မောလှပြီ။

'ကိုယ်အမိန့်ပေးခဲ့သည် စစ်တပ်ထဲတွင် အမိန့်ပေးခံအဖြစ် ပြန်နေရခြင်းလောက် ဆိုးရွား သည့်အရာလောကတွင် မရှိ'ဆိုသည့် စ စ် သူ ကြီး **ဝယ်လင်တန်** (Wellington) ၏ အတ္ထုပ္ပတ္တိ တစ်ခုမှ စာတစ်ကြောင်းကို ဗိုလ်ချုပ်ဟတ်တန်စိတ်နာနာဖြင့် မကြာခဏ ရွတ်တတ်သည် ။

မတ်လ ၅ ရက်နေ့တွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါရောက်လာသော်လည်း ရန်ကုန်ကို ကယ်တင် ဖို့ ကိစ္စကိုမူ သူလည်း မတတ်နိုင်တော့ပြီ။ နောက်ထပ် တပ်ကူများ ရောက်လာလျှင်လည်း မကယ်နိုင်တော့ပြီ။ နောက်ဆုံးရထားသည် မီးတွေ ဟု န်းဟု န်းတောက်နေသော ရန်ကုန်မှ မတ်လ ၇ ရက်နေ့ ည ၇ နာရီ ၃၀ မိနစ်တွင် ထွက်ခွာသွားသည် ။ မိနစ်အတန်ကြာလျှင် တိုနီမိန်း၏ စစ်မြေပြင် လုံခြုံရေး တပ်ဖွဲ့များ နှင့် ဂလောက်ဆက်စတာတပ်များ သည် ဂျစ်ကားများ ၊ ထရပ်ကားများ ဖြင့် ပြည်လမ်းအတိုင်း ဆုတ်ခွာလာခဲ့ကြသည် ။ နောက်တစ်နေ့မနက်

မွန်းတည့်ချိန်လောက်တွင် ဂျပန်တို့ ရန်ကုန်မြို့ထဲသို့ ဝင်လာခဲ့ကြသည် ။

မြန်မာပြည်တွင် အင်္ဂလိပ်အင်ပိုင်ယာ သမိုင်းခေတ်ကြီးတစ်ခေတ် ကုန်ဆုံးခါနီးကာလကို ဘုရင်ခံ ဒေါ်မန်စမစ်၏ ကိုယ်ရံတော်က အပြီးသတ် နိဂုံးချုပ်ပေးလိုက်သည် ။ ဘုရင်ခံ ရန်ကုန်မှ မထွက်မီ မတ်လ ၁ ရက်နေ့တွင် ဘုရင်ခံအိမ်တော်၌ နောက်ဆုံးညစာစားပွဲတစ်ခု ကျင်းပသည် ။ စားသောက်ပြီးကြ၍ ဘိလိယက်အခန်းထဲသို့ ပြောင်းထိုင်မည်ပြုစဉ် စိတ်မထိန်းနိုင်သော ဘုရင်ခံ၏ ကိုယ်ရံတော် **ဗိုလ်အဲရစ်ဘက်တာစဘီ** (Eric Battersby)က ရွှေပေါင်ကြီးများ ဖြင့် ချိတ်ထားသော ဗြိတိသျှဘုရင်ခံအဆက်ဆက်တို့ ၏ ပုံများကိုကြည့်၍ "ဒီပုံတွေကိုလည်း ဂျပန်တွေ လက်ထဲထားခဲ့ဖို့ မကောင်းဘူး မဟုတ်လား မင်းကြီး"ဟု ပြောကာ ပုံများကို ဘိလိယက်ဘောလုံးဖြင့် လှမ်းပစ်သည် ။ ဤတွင် အခြားသူများကလည်း ဘိလိယက်ဘောလုံးကို ကောက်ကိုင်ကာ နံရံတွင် ချိတ်ထားသည့်ပုံ များကို ရိုက်ခွဲပစ်ကြသည် ။ နောက်တစ်နေ့ ၁၉၄၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မူ မြန်မာပြည်ဘုရင်ခံ ဒေါ်မန်စမစ်သည် ရန်ကုန်မြို့ကြီးကို စွန့်ခွာကာ မေမြို့သို့ ထွက်ခွာခဲ့လေသည် ။

မြန်မာပြည်သို့ရောက်လာသည့်အခါတွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် မြန်မာပြည်တပ်မ တော်ကွပ်ကဲမှုကို လွှဲပြောင်းလက်ခံယူကာ ရန်ကုန်မြို့တော်ကို ဖြစ်သည့်နည်းဖြင့် ကာကွယ်မည်ဟု ဆုံးဖြတ်သည် ။ သူ့ကို ထိုတာဝန်ဖြင့် လွှတ်လိုက်ခြင်း ဖြစ်သည် မဟုတ်လော။

ရောက်သည့်နေ့တွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် လှည်းကူးသို့

မော်တော်ကားဖြင့် ထွက်လာခဲ့ကာ တပ်မဟာ ၄၈ ကို ပဲခူးမှ လှည်းကူးသို့ ဆုတ်လာရန် တပ်မဟာ ၁၆ အား လှည်းကူးမှ ထောက်ကြံ့သို့ ဆုတ်ရန် ဗိုလ်ချုပ်ဟတ်တန် ပေးထားသည့် အမိန့်များကို ပယ်ချလိုက်သည် ။ မြန်မာ ပြည်တပ်မ ၁ က ညောင်လေးပင်မှ တောင်ဘက်သို့ ဆင်းလာကာ ပဲခူးကို တိုက်ရမည်။ တပ်မဟာ ၁၇ က နောက်ထပ် စစ်ကူရောက်လာသည့် တပ်များ ဖြစ်သော တပ်မဟာ ၆၃ နှင့် သံချပ်ကာတပ်မဟာ ၇ တို့ ၏ စစ်ကူဖြင့် ပဲခူး အရှေ့ဘက် ဝေါမှ ဂျပန်တို့ ကို ခံတိုက်ရမည်ဟု အမိန့်ထုတ်လိုက်သည် ။ ဤသို့ဖြင့် အခြေအနေကို ကယ်တင်နိုင်လိမ့်မည်ဟု ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ ထင်နေသည် ။ ဂျပန်ဗိုလ်ချုပ် ကြီး **အီဒါ** (Lieutenant-General Iida Shojiro) ၏ တပ်မ ၃၃ နှင့် တပ်မ ၅၅ တို့ ၏ ချီတက်မှုကို ဟန့်တားနိုင်လိမ့်မည်ဟု တွက်ခဲ့သည် ။ သို့ရာတွင် အချည်းအနှီးမျှသာ။ ဂျပန်တို့ သည် ပဲခူးပတ်လည်ကို စည်းဝိုင်းကြီး ဝိုင်းပိတ်လိုက်ကာ ကွန်မင်ဒိုတပ်ဖွဲ့များ လွှတ်၍ သန်လျင်ရှိ ရေနံချက်စက်ရုံများကို စိမ့်ဝင်ထိုးဖောက်နေကြလေပြီ။ ထို့နောက်တွင် မူ ရန်ကုန်ကို ဆက်လက်ထိန်းသိမ်းထားရန် မဖြစ်နိုင်တော့ပြီ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် မြန်မာပြည်သို့ ရောက်ပြီး တ စ် ရ က် အ ကြာ မှာ ပင် သဘောပေါက်သွားလေပြီ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် မြို့တော်ကို မီးရှို့ဖျက်ဆီးပြီး စွန့်ခွာလာခဲ့ရန် အမိန့် ထုတ်လိုက်သည် ။ ရန်ကုန်မြောက်ဘက် ဧရာဝတီမြစ်ဝှမ်း မြေလတ်ပိုင်းသို့ ရောက်မှ သာလျှင် တပ်များကို ပြန်၍ စုတော့မည်။

ဆိပ်ကမ်းတွင် ရှိသည့် ဝန်ချီစက်ကြီးများကို မြစ်ထဲသို့ ပစ်ချသည် ။

အချို့ကိုလည်း ဖောက်ခွဲ ဖျက်ဆီးပစ်သည် ။ ဆိပ်ကမ်းဂိုဒေါင်များကို မီးရှို့ဖောက်ခွဲပစ်သည် ။ ရန်ကုန်တွင် သိုလှောင်ထားသည့် ရိက္ခာများအားလုံးကို မီးရှို့သည် ။ စစ်မြေပြင် လုံခြုံရေးတပ်များက တရုတ်ဒိုင်းနမိုက်များကို အသုံး ပြုကာ ကြေးနန်းရုံးကြီးကို ဖောက်ခွဲကြသည် ။ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးကိုလည်း ဖောက်ခွဲ လိုက်သည် ။ ပုလိပ်ရုံးကြီးမှာ မီးဟု န်းဟု န်းတောက်နေလေပြီ။ အရေးကြီးဆုံးဖြစ်သည့် သန်လျင် ရေနံချက်စက်ရုံကြီးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲလိုက်ရာ မြို့တော်ကြီး ပေါ်တွင် မည်းမှောင်သော တိမ်တိုက်မီးခိုးလုံးကြီးတွေ ဖုံးနေတော့သည် ။ ‘နောက်ဆုံး ကတုတ်တိုက်ပွဲဝင်များ ’ ခေါ်သည့် ဖောက်ခွဲ ဖျက်ဆီးရေးတပ်များကို သန်လျင်မှ မော်တော်ဖြင့် ခေါ်လာကာ ကာလကတ္တားသို့ပို့ရန် အသင့် စောင့်နေသည့် သင်္ဘောကြီးသုံးစင်းပေါ်သို့ တင်ပေးလိုက်ရသည် ။

ရန်ကုန်မြို့စောင့်တပ်ကာ ထောက်ကြံ့လမ်းဆုံကို ရှင်းလင်းပြီးသည် အထိ တပ်မ ၁၇ သည် လှည်းကူးကို ထိန်းထားရသည် ။ ထောက်ကြံ့လမ်းဆုံကို ရှင်းပြီးသည့်နောက်တွင် မြို့စောင့်တပ် တပ်ဦးကင်းသည် မတ်လ ၇ ရက်နေ့ အရဏ်တက်တွင် ထောက်ကြံ့ကိုဖြတ်၍ မြောက်ဘက်သာယာဝတီသို့ ဆုတ်လာခဲ့သည် ။ ရန်ကုန်မှ မြောက်ဘက်သို့ တက်လာမည့် ဂျပန်တို့ ကို သာယာဝတီမှ ခုခံရန် ဖြစ်သည် ။ မြို့စောင့်တပ်ဦး ရှေ့မှ ဆုတ်သွားသည် နှင့် တပ်မ ၁၇ သည် နောက်ရံတပ်အဖြစ် သူ့ နောက်မှ ဆုတ်လာခဲ့သည် ။ ဧရာဝတီမြစ်ဝှမ်းလွင်ပြင် မြေလတ်ပိုင်းရှိ ရေနံတွင်းများကို ကာကွယ်ရဦးမည် မဟုတ်လော။

## သီသီကလေး လွတ်သွားသော ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ

သို့ရာတွင် ဤသည် မှာ စီမံကိန်းမျှသာ ဖြစ်၏။ ရှေ့မှ ဆုတ်နှင့်သော မြို့စောင့်တပ် တပ်ဦးကင်းသည် ထောက်ကြံ့မြောက်ဘက် ငါးမိုင်သို့ အရောက်တွင် ဂျပန်တို့ က လမ်းကို ဆီးဆို့ပိတ်ထားသည် ကို တွေ့ရသည် ။ ရန်ကုန်မြို့စောင့်တပ်ဦးကင်းသည် ဂျပန်တို့ ၏ လမ်းပိတ်ဆို့မှုကို အကြိမ်ကြိမ်တိုက်၍ ထိုးဖောက်ရန် ကြိုးစားသည့်တိုင် ဖောက်ထွက်၍ မရ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါနှင့် သူ့တပ်များ သည် ထောင်ချောက်ထဲတွင် ပိတ်မိနေလေပြီ။ သံချပ်ကာတပ်မဟာ ၇ ကို လွှတ်၍ အဖောက်ခိုင်းသည် ။ သို့ရာတွင် မတ်လ ၇ ရက်နေ့ ညနေ ၄ နာရီအထိ ဘာမျှ အကြောင်းမထူးသေး။ တပ်မဟာ ၆၃ မှ နယ်ခြားစောင့်တပ်ရင်း ၂ ကို လှည်းကူးမှ ထောက်ကြံ့သို့ ခေါ်ပြီး ဖောက်ထွက်ရန် တိုက်ခိုင်းသည့်တိုင် ဂျပန်တို့ က အပြင်းအထန် လမ်းကိုပိတ်၍ ခုခံကြသဖြင့် အကျအဆုံးများ စွာဖြင့် ဆုတ်လာခဲ့ ရသည် ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါနှင့် သူ့ဌာနချုပ်သည် ထိုညက ထောက်ကြံ့အနီးရှိ ရာဘာတော တစ်တောထဲတွင် အိပ်ကြရသည် ။ သူ့ဌာနချုပ်တွင် ရန်ကုန်အုပ်ချုပ်ရေးနှင့် စစ်ဦးစီးအရာရှိများ ၊ ပြောင်းရွှေ့ရန် အမိန့်ကို ငြင်းဆန်ပြီး ရန်ကုန်တွင် ကျန်ရစ်ခဲ့ကြသည့် အမျိုးသမီးများ ပါဝင်ကြသည် ။ သူ့ဌာနချုပ်အပြင်ဘက် စက်ဝိုင်းခြမ်းကို တင့်ကားများ ၊ ခြေလျင်တပ်များ ဖြင့် ကာရံ ဝိုင်းပတ်ထားသည် ။ သို့ရာတွင် ဂျပန်က သူ့ဌာနချုပ်ကို တိုက်ခိုက်ခြင်းမပြု။

ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါက ထောက်ကြံ့မြောက်ဘက်မှ ပိတ်ထားသော ဂျပန်တပ်များကို အရဏ်တက်တွင် တိုက်ရန် အမိန့်ပေးသည် ။ ဂေါ်ရခါးတပ်ရင်း ၁/၁၀က အနောက်ဘက်မှ တိုက်ရန်၊ ဆစ်လူမျိုးတပ်ရင်း ၁ က အရှေ့ဘက်မှ တိုက်ရန်၊

အမြောက်တပ်ကြီးများ အကာအကွယ်ဖြင့် တင့်ကားတပ်ရင်း ၇ မှ တင့်ကားများက လမ်းမအတိုင်း ရှေ့တည့်တည့်မှ တိုက်ရန်ဖြစ်သည် ။ သို့ရာတွင် ထိုတိုက်ပွဲသည် မတိုက်ရခင်မှာ ပင် ဖရိုဖရဲဖြစ်သွားသည် ။ ဂေါ်ရခါးတပ်သားများ သည် တောထဲတွင် လမ်းပျောက်ပြီး လူစုကွဲသွားကြသည် ။ အရှေ့ဘက်မှ တိုက်မည့် ဆစ်လူမျိုးတပ်ရင်း ၁ သည် လွင်ပြင်သို့ ထွက် လာပြီး စုရုံးနေစဉ် ဂျပန်လေယာဉ်ပျံတို့ က ဗုံးကြဲတိုက်ခိုက်၍ ရှင်းပစ်လိုက်သည် ။

ဂျပန်တို့ ၏ ပိတ်ဆို့မှုကို ဘယ်နည်းနှင့်မျှ ဖောက်ထွင်း၍ မရ။ သူတို့ လက်သည် ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါ၏ လည်မျိုကို တင်းကျပ်သည် ထက် တင်းကျပ်စွာ ညှစ်လာခဲ့လေပြီ။ ထိုစဉ် ဘာကြောင့်မှန်းမသိ။ ဂျပန်တို့ သည် ထိုနေရာမှ ရုတ်တရက် ပျောက်သွားကြကာ လမ်းပွင့်သွားသည် ။ ထိုအခါကျမှ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါနှင့် သူ့တပ်များ သည် မြောက်ဘက်သို့ ဆုတ်လာနိုင်ခဲ့ကြသည် ။

ဗြိတိသျှစစ်သမိုင်းဆရာ **ကွန်ပတန်မက္ကင်ဇီ** (Compton Mackenzie) က 'ထိုစဉ်က ဂျပန်တို့ သည် မည်သို့ စိတ်ရှုးပေါက်၍ လမ်းကို ဖွင့်ပေးလိုက်သည် မသိ။ ရန်သူ၏ ထိုအမှားနှင့်ပတ်သက်၍ ယခုထိ ကျေနပ်လောက်သော အကြောင်းရင်းကို ကျွန်ုပ်တို့ စဉ်းစား၍ မရသေး' ဟု ရေးခဲ့သည် ။ ဗြိတိသျှအစိုးရ၏ တရားဝင်စစ်သမိုင်းဆရာတစ်ဦးဖြစ်၍ ဂျပန်တပ်မတော်နှင့် ပတ်သက်သည့် ကျွမ်းကျင်သူတစ်ဦးဖြစ်သူ **ဗိုလ်မှူးကြီးဝါ့ဒ်** (Colonel G.T. Wards) က ထိုစဉ်က ထောက်ကြံ့ မြောက်ဘက်လမ်းကို ပိတ်ထားရာမှ ဖွင့်ပေးလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ စစ်ပြီးသည့်အခါတွင် တိုကျိုသို့ လှမ်း၍ စုံစမ်းခဲ့သည် ။ အမှန်အားဖြင့် ထိုစဉ်ကလမ်းကိုသာဆက်လက်၍ ပိတ်ထားပါက

ရန်ကုန်မြို့စောင့်တပ်သာမက တပ်မ ၁၇ နှင့် မြန်မာပြည်တပ်မတော်၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါကိုပါ အိတ်ထဲ ပိတ်ဖမ်းမိမည် ဖြစ်သည် ။

ဂျပန်တို့ က ထိုပိတ်ဆို့မှုကိုဖွင့်ပေးလိုက်ခြင်းမှာ အကြောင်းနှစ်ကြောင်းကြောင့် ဖြစ်နိုင်သည် ။ ပထမအကြောင်းမှာ ထိုဒေသထဲတွင် ထိုမျှ အရေးကြီးသည့် ရန်သူတပ်ကြီး ပိတ်မိနေမှန်း မသိ၍ သော်လည်း ဖြစ်ရမည်။ သို့မဟုတ်လျှင်လည်း ထိုနေရာကို ပိတ်ဆို့ထားသည့် ဂျပန်တပ်မ ၃၃ အနေဖြင့် ရန်သူကို ပိတ်ဆို့ဖမ်းဆီးရေးထက် ရန်ကုန်မြို့ကို သိမ်းပိုက်ရေးကို ဦးစားပေးရန် အမိန့် ရထားသောကြောင့်လျှင်လည်း ဖြစ်ရမည်။ ကျွန်ုပ်အထင် ပြောရလျှင် ထိုအမှားသည် ဂျပန်တို့ ၏ တင်းကျပ်သော စစ်ဆင်ရေးအမိန့်များကြောင့် ဖြစ်နိုင်သည် ။ ဂျပန်စစ်ဆင်ရေးအမိန့်များမှာ လွန်စွာ အသေးစိတ်ပြီး ထိုအမိန့်များ အတိုင်း တတ်နိုင်သမျှ တိကျစွာ လိုက်နာရရိုးထုံးစံရှိသည့်အတွက် လက်တွေ့တိုက်ခိုက်နေရသည့် တပ်မှူးများမှာ အောင်ပွဲအခွင့်အရေးများ စွာကို ဆုံးရှုံးခဲ့ကြရသည် ။ ဟု ဗိုလ်မှူးကြီးဝဲ့ဒ်က ရေးခဲ့သည် ။

ထိုနေ့က ထောက်ကြံ့အထက်ငါးမိုင်က လမ်းကို ပိတ်ဆို့ရာတွင် လက်တွေ့ဆောင်ရွက်ရသည့် တပ်မှူးဂျပန်တပ်မ ၃၃၊ ခြေလျင်တပ်ရင်း ၂၁၄ မှ **ဗိုလ်မှူးကြီးဆာကူးမားတာကာနိုဘူ** (Colonel Sakuma Takanobu) ဖြစ်သည် ။ အမိန့်အရ တပ်မ ၃၃ သည် မတ်လ ၃ ရက်နေ့တွင် စစ်တောင်း တံတားပျက် မြောက်ဘက် **ကွမ်းဆိပ်** (Knuzeik) မှ နေ၍ စစ်တောင်းမြစ်ကိုဖြတ်ကူးပြီး လှည်းကူးနှင့်

မော်ဘီအထိ ကန့်လန့်ဖြတ်၍ ပိတ်ထားရန်ဖြစ်သည် ။ ထိုကန့်လန့်ဖြတ်မျဉ်းကြောင်းမှ ရန်ကုန်သို့ စုဆင်းရန် ဖြစ်သည် ။ ထိုအမိန့်ကို အမှတ် ၁၅ ဂျပန်တပ်မတော်စစ်ဌာနချုပ်က ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည် ။ ထိုအမိန့်ကို ဂျပန်တပ်မ ၃၃ တပ်မမှူး **ဒုတိယဗိုလ်ချုပ်ကြီး ဆာကူရိုင်း ရှိုဇို** (Lietutenant-General Sakurai Shozo) က တစ်မျိုး နားလည်သည် ။ မိမိ နားလည်သည့် အတိုင်းဆိုလျှင် တိုက်ပွဲကလေးများကို တတ်နိုင်သမျှ ရှောင်ကွင်းကာ ရန်ကုန်ကို သိမ်းပိုက်ရန် အတွက် မိမိတပ်များ ၏ အင်အားကို တတ်နိုင်သမျှ ထိန်းသိမ်းထားရမည်ဟု နားလည်သည် ။ ရန်ကုန် မြို့စွန်နှင့် မြို့လယ်တိုက်ပွဲများ ဖြစ်ပွားနိုင်သည် ဟု တွက်ထားသည် ။ ထို့ပြင် ရန်ကုန်တိုက်ပွဲကို ကြာကြာမတိုက်ချင်။ မိမိတို့ က ရန်ကုန်ဆိပ်ကမ်းကို ရဖို့ အရေးကြီးသည် ။ ထို့ကြောင့် ဗြိတိသျှတို့ ရန်ကုန်မှ မြန်မြန်ထွက်သွားလေ ကောင်းလေဟု သူတွက်သည် ။ မြို့စောင့်တပ်ဦး ကင်းဆုတ်သွား သည် ကို သိသည့်တိုင် ဗြိတိသျှတပ်မတော်ကြီးတစ်ခုလုံး ပြောသည် ဟု သူ မထင်။ ရန်ကုန်တွင် ကျန် နေသေးသည် ဟု ထင်နေသည် ။

ထိုစဉ် မတ်လ ၆ ရက်နေ့တွင် အမှတ် ၁၅ ဂျပန်တပ်မတော်မှ အမိန့်တစ်ခု နောက်ထပ် ရောက် လာကြသည် ။ ထိုစဉ်က ဗိုလ်ချုပ်ဆာကူရိုင်းရှိုဇိုသည် လှည်းကူးအရှေ့ဘက် ပဲခူးရိုးမထဲသို့ ဝင်သည့် **ဝါးပငယ်** (Wapange) ရွာတွင် ရောက်နေသည် ။ ရန်ကုန်သို့ အမြန်ချီတက်ပြီး ရန်သူကို ချေမှုန်းဟု အမိန့်တွင် ပါရှိသည် ။ သူနှင့် အနီးဆုံးဖြစ်သည့် ဂျပန်တပ်မ ၅၅ သည် ဗြိတိသျှတပ်မ ၁၇ နှင့် ပဲခူးတွင် တိုက်ပွဲမဖြစ်ပွားအောင် တတ်နိုင်သမျှ ရှောင်ကွင်း၍ ရန်ကုန်ကိုဖြစ်သည့်နည်းဖြင့် ဝင်တိုက်ရန် ဆုံးဖြတ်လိုက်သည် ။

မတ်လ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ဆာကူရိုင်းသည် တပ်ရင်းမှူးများအားလုံးကို ခေါ်ကာ မိုးချုပ်သည် နှင့် ရန်ကုန်သို့ ချီတက်မည်ဟု ပြောသည် ။ တပ်ရင်း ၂၁၄ က စစ်ကြောင်းတစ်ကြောင်း၊ တပ်ရင်း ၂၁၅ က စစ်ကြောင်းတစ်ကြောင်းစီ ချီတက်ရန် ဖြစ်သည် ။ သို့ချီတက်ရာတွင် ဗြိတိသျှ တပ်များ နှင့် တိုက်ပွဲမဖြစ်အောင် ရှောင်ကွင်းကာ ရွာကြီးများကို ကွေ့ရှောင်ချီရမည်။ လယ်ကွင်းများ ၊ တောလမ်းများမှ ချီတက်ရမည်ဟု အမိန့်ထုတ်လိုက်သည် ။ ဤသို့ ချီတက် လာပြီး ထောက်ကြံ့နှင့် မှော်ဘီကြားတွင် ပြည်လမ်းကို ဖြတ်လိုက်လျှင် မိမိတို့ တပ်မသည် ရန်ကုန်အနောက်မြောက်ဘက်သို့ ရောက်ပြီးသား ဖြစ်မည်။

ဖြစ်ပုံမှာ ဤသို့ဖြစ်သည် ။ မှော်ဘီ အရှေ့ဘက် ပြည်လမ်းမပေါ်သို့ ထွ က် လာ သော **ဗိုလ်မှူး တာကာနိုဘူ** (Major Takanobu) ၏ တပ်သည် ဆုတ်လာသော ရန်ကုန်မြို့စောင့်တပ် ‘တပ်ဦး ကင်း’ နှင့် သွားတိုးသည် ။ ဤတွင် တာကာနိုဘူသည် လမ်းကို ပိတ်ကာ ထိုတပ်ကို ဝင်တိုက်ပစ် သည် ။ တာကာနိုဘူသည် မူလအမိန့်ကို ကျော်ကာ သူ့သဘောနှင့်သူ တိုက်နေကြောင်းကို တပ်ရင်းမှူး ဆာကူမား သိလိုက်သည် ။ သို့ရာတွင် ဘာမျှမပြောသေးဘဲ သူ့တပ်များကို စုကာ အခြေ အနေကို အရှေ့ဘက်တောထဲမှ စောင့်နေကြသည် ။

ထိုစဉ်ရန်ကုန်ကို ဆက်လက်ချီတက်ရမည်ဟူသော တပ်မမှူး၏ အမိန့်သည် ဗိုလ်မှူးကြီး ဆာကူးမားထံသို့ ရောက်လာသည် ။ ဆာကူးမားသည် လမ်းကို ပိတ်၍ တိုက်နေသော တာကာနိုဘူကို ပြန်လာရန် အမိန့်ပေးလိုက်သည် ။ ဤတွင် ကြာကြာတိုက်နေပါက ရန်ကုန်အနီးတွင် မိမိတို့ ရောက်နေသည် ကို သိရှိသွားကာ ဗြိတိသျှတို့

က ရန်ကုန်တွင် ကာကွယ်မှုကို ကြိုတင် ပြင်ဆင်နေမည်ကို စိုးရိမ်သည် ။ တာကာနိုဘူမှာ ထိုတိုက်ပွဲတွင် ပြင်းထန်စွာ ဒဏ်ရာရသွားသည် ။ ဆာကူးမားသည် လမ်းကို ဖွင့်ပေးလိုက်ရန် တာကာနိုဘူကို အမိန့်ပေးခဲ့ပြီး တောင်ဘက်သို့ ဆင်းလာခဲ့သည် ။ မတ်လ ၈ ရက်နေ့ အရဏ်တက်တွင် မူ ဆာကူးမား၏ တပ်များ သည် မင်္ဂလာဒုံ လေယာဉ်ကွင်းကို သိမ်းလိုက်သည် ။

ထိုအချိန်တွင် အခြားတပ်ရင်းမှူးတစ်ဦးဖြစ်သူ **ဗိုလ်မှူးကြီးဟာရာဒါ** (Colonel Harada Munagi) ကွပ်ကဲသည့်တပ်များ သည် ရန်ကုန်မြောက်ဘက် ဆင်ခြေဖုံးများ သို့ ရောက်နေလေပြီ။

အမှန်အားဖြင့် ထိုအချိန်က မြန်မာပြည်တပ်မတော် ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါနှင့် သူ့ဌာန ချုပ်သည် ထောက်ကြံ့တွင် ပိတ်မိနေကြသည် ။ ထိုအကြောင်းကို ထိုစဉ်က မြန်မာပြည် ဂျပန် တပ်မတော် စစ်ဌာနချုပ်ကလည်း မသိ။ တပ်မ ၃၃ တပ်မှူး ဗိုလ်ချုပ်ဆူကူရိုင်းလည်း မသိ။ တပ်ရင်းမှူး ဗိုလ်မှူးကြီး ဆာကူးမားလည်း မသိ။ နောင်တွင် တိုက်ပွဲအကြောင်းကို ရေးသည့် ဂျပန်စစ် သမိုင်းဆရာများ လည်း မသိခဲ့ကြ။ ယနေ့ ဂျပန်ကာကွယ်ရေးတပ် အရာရှိသင်တန်းကျောင်းတွင် သင်ကြားနေသည့် ဂျပန်တပ်မတော်၏ စစ်သမိုင်း၌ ထောက်ကြံ့မြောက်ဘက်တွင် မိမိတို့ တပ်များ တိုက်ပွဲဖြစ်ပွားသည့် တပ်များ သည် မြန်မာပြည် တပ်မတော် စစ်ဌာနချုပ်၏ ရှေ့ပြေးတပ်ဦးဖြစ်သည် ဟု မဖော်ပြဘဲ တပ်မ ၁၇ ၏ တပ်ဆွယ်ကလေးတစ်ခုဟု သာ ဖော်ပြထားကြသည် ။ သို့ရာတွင် ထောက်ကြံ့မြောက်ဘက် ငါးမိုင်တွင် တာကာနိုဘူလမ်းပိတ်တိုက်သည့်တပ်သည် ဗိုလ်ချုပ်အယ်လိပ် ဇန်ဒါ၏

ရှေ့ပြေး ရန်ကုန်မြို့စောင့်တပ်ဖြစ်သည် ကို ဗြိတိသျှ စစ်သမိုင်းများ တွင် အတိအလင်း ဖော်ပြထားသည် ။

"ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါ တစ်သက်မှာ ဒီလောက် ကံ ကော င်း တာ ရှိ မှာ မဟုတ်တော့ဘူး" ဟု နောင်တွင် ဗိုလ်ချုပ်ဟတ်တန်က မှတ်ချက်ချသည် ။

ဗိုလ်ချုပ်ဆာကူရိုင်းသည် ရန်ကုန်ကို သိမ်းချင်ဇောအားကြီးသွားဖြင့် လူတစ်ယောက်ကို လက်လွတ်သွားခဲ့လေသည် ။ သို့မဟုတ်လျှင်မူ ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါသည် ဂျပန်၏ သုံ့ပန်းအဖြစ် သုံးနှစ်မျှ အကျဉ်းခံနေရပေလိမ့်မည်။

***

## အရှည်လျားဆုံး ဆုတ်ခွာမှု

မြန်မာပြည်တိုက်ပွဲစဉ် ပထမပိုင်း၌ တရုတ်တပ်များ ဝင်တိုက်သေးသည့် ကိစ္စသည် ရှုပ်ထွေး၍ အငြင်းပွားရသော ကိစ္စတစ်ခုဖြစ်သည် ။ သူ၏ ရိက္ခာထောက်ပံ့ရေး လမ်းကြောင်းဖြစ်သော တရုတ် - မြန်မာလမ်းမကြီးကို ဖွင့်လှစ်ထားရေးသည် ချန်ကေရှိတ်အတွက် အရေးကြီးသည် ။ ထိုလမ်းမကြီး လုံခြုံရေးအတွက် ရန်ကုန် ဆိပ်ကမ်းကိုလည်း ထိန်းသိမ်းထားဖို့ လိုအပ်လာသည် ။ တရုတ်တို့ ၏ လေကြောင်း ကာကွယ်ရေးလုပ်ငန်းကို **ဗိုလ်ချုပ် ကလဲယားနော့** (Major-General Claire Chennauld) ဦးစီးသည့် အေဗွီဂျီခေါ် **အမေရိကန်ဖော်လံတီယာတပ်ဖွဲ့** (American Volunteer Group) ရှိ အမေရိကန် လေယာဉ်မှူးများက ချုပ်ကိုင်နေသည် ။ ချန်ကေရှိတ်က အမှတ် ၆ တရုတ် တပ်မတော်မှ တပ်မ ၄၉ နှင့် တပ်မ ၉၃ တို့ ကို စစ်ကူပေးမည်ဆိုသည့်အခါတွင် ဗိုလ်ချုပ်ဝေဗယ် လက်ခံလိုက်၏။ နောက်ထပ် ပေးပို့မည့် အမှတ် ၅ တရုတ်တပ်မတော်ကိုမူ အရန်အဖြစ် **ကူမင်း** (Kunming) မြို့တွင် တပ်စွဲထားရန် ပြောသည် ။ တရုတ်တို့ ၏ အမှတ် ၅ တပ်မတော်နှင့် အမှတ် ၆ တပ်မတော်တို့ မြန်မာပြည်စစ်မြေပြင်သို့ ရောက်လာခြင်းကို ဗိုလ်ချုပ်ဝေဗယ် နွေးထွေးစွာ ဆီးကြို ခြင်းမပြုနိုင်။ ဤသည် မှာ လည်း ဘာမျှမဆန်းပါ။ တရုတ်တပ်များ တွင် ရိက္ခာ ထောက်ပံ့ရေးစနစ် မရှိ။

ထို့ပြင် တရုတ်တပ်များ သည် ကျိုင်းကောင်များကဲ့သို့ နေရာအနှံ့ သွားချင်ရာ လျှောက်သွား တတ်သည် ။ မြန်မာများ နှင့်လည်း ပြဿနာရှိသည် ။ သူတို့ တပ်များ ၏ ဦးစီးကွပ်ကဲမှုကလည်း ဖရိုဖရဲနိုင်သည် ။ ချန်ကေရှိတ်သည် သမ္မတ **ရုစဘဲ့** (Roosevelt) ကို ကျေနပ်စေရန်အတွက် မြန်မာ ပြည်ရှိ တရုတ်တပ်များ ၏ တပ်မှူးအဖြစ် အမေရိကန် ဗိုလ်ချုပ် **စတီးဝဲလ်** (Lieutenant-General J.B. Stilwell) ကို လက်ခံလိုက်သည် ။ စတီးဝဲလ်သည် ချန်ကေရှိန်၏ စစ်ဦးစီးချုပ်အဖြစ် ဆောင်ရွက်ရမည် ဖြစ်၏။ ထို့ကြောင့် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါနှင့် တွေ့သည့်အခါ၌ မိမိသည် မြန်မာပြည်ရှိ တရုတ်တပ်များ ၏ တပ်မှူးဖြစ်ကြောင်း ပြောပြသည် ။ သို့ရာတွင် အမှတ် ၅ တပ်မတော်တပ် မှူး **ဗိုလ်ချုပ် တူလူမင်း** (General Tu Lu Ming) ကလည်း သူသည် မြန်မာပြည်ရှိ တရုတ် တပ်များ ၏ တပ်မှူးဖြစ်ကြောင်း ပြောထားပြီးသား ဖြစ်နေလေပြီ။ မြန်မာပြည် ဘုရင်ခံ ဒေါ်မန်စမစ်သည် သူတို့ ကိုယ်သူတို့ မြန်မာပြည်ရှိ တရုတ်တပ်မှူးဟု ပြောသော လူနှစ်ယောက်ကြားတွင် ဘာလုပ် ရမည် မသိဘဲဖြစ်နေသည် ။ တစ်ယောက်က အမေရိကန် ဗိုလ်ချုပ်စတီးဝဲလ်။ နောက်တစ်ယောက်က တရုတ်ဗိုလ်ချုပ်တူလူမင်း။

"အမေရိကန်ဗိုလ်ချုပ်ကတော့ သူ့ကိုယ်သူ တပ်မှူးလို့ ထင်နေမှာ ပဲ။ ဒါပေမဲ့ တကယ်ကတော့ ဘာမှ မဟုတ်ဘူး ။ ခင်ဗျားလည်း သိသားပဲ။ အမေရိကန်တွေ ကျွန်တော်တို့ ကို ကူအောင် သူတို့ ကို စာရွက်ပေါ်မှာ ရာထူးပေးထားရတာပေါ့ဗျာ။ စာရွက်ပေါ်မှာ ရာထူးပေးထားလိုက်ရင် သူတို့ ကလည်း ကျေနပ်သွားကြတာပဲ" ဟု ဗိုလ်ချုပ်တူလူမင်းက ဘုရင်ခံဒေါ်မန်စမစ်ကို ပြောသည် ။

ဧပြီလ ၅ ရက်နေ့တွင် ချန်ကေရှိတ်သည် မေမြို့ရှိ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါထံသို့ ရောက်လာ၏။ ကေရှိတ်သည် မြန်မာပြည်ရှိ တရုတ်တပ်မှူးများကို ခေါ်ကာ သူတို့ အားလုံး ဗိုလ်ချုပ်စတီးဝဲလ်၏ အမိန့်ကို နာခံရမည်ဖြစ်ကြောင်းဖြင့် ပြောသည် ။ စတီးဝဲလ်ကိုလည်း တပ်မှူးတံဆိပ်ကို တရားဝင် ထုတ်ပေးမည်ဖြစ်ကြောင်းဖြင့် ကတိပေးသည် ။ ဤတွင် စတီးဝဲလ် ကျေနပ်သွားသည် ။ သို့ရာတွင် တရားဝင်တံဆိပ်တုံး ရောက်လာသည့်အခါ၌ 'မြန်မာပြည်ရောက် တရုတ်ပေါင်းစုံ သေနာပတိချုပ်' ဆိုသည့် စာတန်းမဟုတ်။ 'မြန်မာပြည်ရောက် မဟာမိတ်တပ်၏ စစ်ဦးစီးချုပ်'ဆိုသည့် စာတန်းသာလျှင် တံဆိပ်တုံးပေါ်တွင် ပါသည် ။ ဗိုလ်ချုပ်စတီးဝဲလ်အား အာဏာလွှဲကြောင်း ပြန်တမ်းလည်း မပါလာ။ ချန်ကေရှိတ်သည် မေမြို့တုန်းက မည်သို့ ပြောသွားစေကာမူ စတီးဝဲလ်အား တပ်မှူးချုပ် ခန့်ခြင်းမပြုဘဲ အကြံပေးအရာရှိ အဖြစ်သာ ခန့်အပ်ခြင်းဖြစ်ကြောင်း တရုတ်ဗိုလ်ချုပ်များ သဘောပေါက်သွားကြသည် ။ ၁၉၄၂ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်စတီးဝဲလ်သည် ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါနှင့် ပထမအကြိမ် တွေ့သည် ။ (ကံမကောင်းသော ၁၃ ရက်၊ သောကြာနေ့ဟု သူ့ နေ့စဉ်မှတ်တမ်းတွင် ရေးထားသည် )ဟု တစ်ယောက်နှင့် တစ်ယောက် အမြင်မကောင်းကြ။

'အလွန် သတိထားတတ်သူဖြစ်သည် ။ နှာခေါင်းချွန်သည် ။ စကားပြော ပြတ်တောင်း၍ ခပ်တင်းတင်းနေတတ်သူ ဖြစ်သည် ။ တရုတ်စစ်ဦးစီးဌာနမှ ဆက်သွယ်ရေးမှူး **ရှန်ချန်း** (Shang Chen) လာသည် အထိ စောင့်ရဦးမည်။ ရှန်ချန်းရောက်လာသည့်အခါတွင်လည်း ဂရုစိုက်ဟန်မပြ။ ကျွန်ုပ်ကို မြင်သည့်အခါတွင်

တရုတ်တပ်များကို လာရောက်ကွပ်ကဲနေသည့် အမေရိကန်တစ်ယောက် အဖြစ် တအံ့တသြ ဖြစ်နေသည် ။ "အံ့သြစရာပဲဗျာ"ဟု ပြောသည် ။ ဒုက္ခရောက်လာသည့် ဒုက္ခိတ တစ်ယောက်ကို ကြည့်သလို ကျွန်ုပ်ကို ကြည့်သည် ' ဟု စတီးဝဲလ်က သူ့နေ့စဉ်မှတ်တမ်းတွင် ရေးခဲ့သည် ။

ထိုအထဲက စင်ကာပူနှင့် ရန်ကုန်ကျပြီးကတည်းက ချန်ကေရှိတ်ကလည်း ဗြိတိသျှတို့ ၏ မဟာဗျူဟာနှင့် စိတ်ဓာတ်ကို မယုံကြည်တော့။ မြန်မာပြည်ရှိ ဗြိတိသျှတပ်များ နှင့် တရုတ်တပ်များကို စတီးဝဲလ်က ကွပ်ကဲရမည်ဟု ချန်ကေရှိတ်က ယူဆထားသဖြင့် အခြေအနေမှာ ပို၍ ရှုပ်ထွေး နေသည် ။ နောက်ဆုံးတွင် နှစ်ဖက် စေ့စပ်ကြ၍။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် ဗိုလ်ချုပ်ကြီးဝေဗယ်၏ ကိုယ်စား မြန်မာပြည်စစ်မြေပြင်ရှိ ဗြိတိသျှနှင့် တရုတ်တပ်များ နှင့်ပူးတွဲ ဆောင်ရွက်မည်ဟု နှစ်ဖက် သဘောတူကြသည် ။

ထိုအတောအတွင်း၌ (အမှတ် ၅ တရုတ်တပ်မတော်) တပ်မ ၂၀၀ က တောင်ငူတစ်ဝိုက်တွင် တပ်စွဲထားရန်ဖြစ်သည် ။ တပ်မ ၂၂ နှင့် တပ်မ ၉၆ တို့ က မန္တလေးတောင်ဘက်သို့ ဆင်းမလာဘဲ မြောက်ပိုင်းတွင် နေရာယူထားရန် ဖြစ်သည် ။ စတီးဝဲလ်သည် သူ့ကွပ်ကဲမှုအောက်သို့ ရောက်သည် နှင့် ထိုတပ်မနှစ်ခုကို မြန်မာပြည်ထဲသို့ သွင်းလာခဲ့ကာ ချန်ကေရှိတ်၏ သဘောတူညီချက်ဖြင့် တပ်မ ၂၂ ကို တပ်မ ၂၀၀ ရှိရာ တောင်ငူသို့ စစ်ကူပို့လိုက်သည် ။

ထိုစဉ်က တောင်ငူကို ကာကွယ်နေသည့်တပ်မှာ မြန်မာပြည်တပ်မ ၁ ဖြစ်သည် ။ တရုတ် တပ်မ ၂၀၀ သည် သူ့နေရာကို ဝင်ယူ၍ တောင်ငူကို ကာကွယ် ထိန်းသိမ်းထားရန် ဖြစ်သည် ။ မြန်မာ

ပြည်တပ်မ ၁ သည် ရေတာရှည်သို့ ဆုတ်လာကာ ထိုမှ နေ၍ ပဲခူးရိုးမကို ဖြတ်ပြီး တောင်တွင်းကြီးသို့ ဆုတ်ရမည် ဖြစ်၏။ မြန်မာပြည်တပ်မ ၁သည် အသစ်ဖွဲ့လိုက်သည့် **ဘားကိုး** (Burcorps) ခေါ် မြန်မာပြည်တပ်ဖွဲ့ကို ကွပ်ကဲမည့် တပ်မှူးသစ်ကား မြန်မာပြည်တိုက်ပွဲစဉ်ကို လမ်းကြောင်းပြောင်း စေမည့် **ဗိုလ်ချုပ်ဝီလျံဆလင်း** (Lieutenant-General William Slim) ပေတည်း။

ဗိုလ်ချုပ်ဆလင်း၏ မြန်မာပြည်တပ်ဖွဲ့သည် ရေနံချောင်းတစ်ဝိုက်မှ ရေနံတွင်းများကို ကာကွယ်ရန်ဖြစ်သည် ။ ပဲခူးရိုးမအရှေ့ဘက်တွင် ရှိသည့် တရုတ်တပ်များက ရန်ကုန်-မန္တလေးမီးရ ထားလမ်းနှင့် မော်တော်ကားလမ်းကို ကာကွယ်ရန်ဖြစ်သည် ။

ထိုအချိန်၌ ကား ဂျပန်တို့ ကလည်း သူတို့ တပ်များကို မြန်မာပြည် စစ်မြေပြင်တွင် အကြီးအကျယ် အားဖြည့်ထားလေပြီ။ တရုတ်တပ်များက **ယူနန်** (Yunnan) ထဲမှ ဆင်းလာကာ မြန်မာပြည်စစ်မြေပြင်တွင် ဝင်တိုက်လာကြသည့်အခါတွင် ဂျပန်တို့ ကလည်း သူတို့ တပ်များကို အားဖြည့်လာခဲ့ကြသည် ။ မတ်လနှင့်ဧပြီလထဲတွင် ဂျပန်တို့ သည် တပ်မ ၃၃ ကို အားဖြည့်သည် ။ တပ်မ ၁၈ နှင့် တပ်မ ၅၆ ကို ရေကြောင်းဖြင့် ရန်ကုန်သို့ ပို့သည် ။ အားဖြည့်ထားသည့် တပ်မ ၃၃ က ဧရာဝတီ မြစ်ဝှမ်းလွင်ပြင်အတိုင်း ပြည်မြို့ကိုဖြတ်၍ ရေနံချောင်းကို တိုက်ရန် ပြင်ဆင်ထားသည် ။ တပ်မ ၅၅ က ပဲခူး-ညောင်လေးပင်ဒေသမှ မြောက်ဘက်သို့ တက်လာကာ တောင်ငူကို သိမ်းပြီး နောက် ပျဉ်းမနားနှင့် မန္တလေးသို့ ဆက်၍ တက်ရန် တာစူနေသည် ။ တပ်မ ၅၆ က တောင်ကြီးအရှေ့ ဘက်မှ ကွေ့ပတ်လာကာ ရှမ်းပြည်မြောက်ပိုင်းသို့ တက် လာပြီး တရုတ်-

မြန်မာလမ်းမကြီးကို ဖြတ်တောက်ရန် ဦးတည်နေသည် ။ တပ်မ ၁၈ က စစ်တောင်းမြစ်ဝှမ်း လွင်ပြင်အတိုင်း နောက်မှ တက်လာကာ တပ်မ ၅၅ ကို တပ်ကူအဖြစ် လိုက်လာရန် စုရုံးနေသည် ။

တရုတ်တပ်မ ၂၀၀ တွင် တပ်သားအင်အား ၈၅၀၀ ရှိသည် ။ အခြား တပ်မနှစ်ခုတွင် တပ်သားအင်အား ၆၀၀၀ စီ ရှိသည် ။ သို့ရာတွင် ခက်သည် မှာ သူတို့ အင်အားကို အတည်ယူ၍ မဖြစ်။ ထိုအင်အားများ ထဲတွင် သယ်ယူပို့ဆောင်ရေးအတွက် လိုက်လာကြသည့် အထမ်းသမားများကိုပါ ထည့်တွက်ထားတတ်သောကြောင့် ဖြစ်သည် ။ ထိုတပ်မများ တွင် စက်တပ်ယာဉ်များ ပါသည် ။ သံချပ်ကာ ကားအချို့ပါသည် ။ ၇၅ မမ အမြောက် ၃၆ လက်နှင့် ၁၀၅ မမ အမြောက်တပ်ရင်း တစ်ရင်းပါသည် ။ သို့ရာတွင် သူတို့ တပ်များ တွင် ဆေးတပ်ဖွဲ့မပါ။ ဗြိတိသျှနှင့် ဆက်သွယ်ရန် စကားပြန်မပါ။ ထို့ကြောင့် တိုက်ပွဲစဉ်တစ်လျှောက်လုံးတွင် များ စွာ အခက်အခဲ တွေ့ရသည် ။

ဘားကိုးခေါ် မြန်မာပြည်တပ်ဖွဲ့တပ်မှူး ဗိုလ်ချုပ်ဆလင်းအဖို့ ကံကောင်းသည့် အချက်တစ် ချက်တော့ရှိသည် ။ သူ့လက်အောက်ရှိ တပ်မမှူးနှစ်ယောက်စလုံးအကြောင်းကို သူ ကောင်းကောင်း သိသည် ။ သူတို့ သုံးယောက်သည် ဂေါ်ရခါး တပ်ရင်းတစ်ခုတွင် အတူတူ အမှုထမ်းခဲ့ကြဖူးပြီး အနှစ် နှစ်ဆယ်ကျော်မျှ ပေါင်းသင်းလာခဲ့ကြသော မိတ်ဆွေဟောင်းများ ဖြစ်နေကြသည် ။ ဗိုလ်ချုပ်ဆလင်းသည် သူတို့ နှစ်ဦးထံမှ စိတ်ဓာတ်ရေးအရ ထောက်ခံအားပေးမှုကို ရနိုင်သည် ။ သူ့ကို မြန်မာပြည်စစ် မြေပြင်သို့ လွှတ်လိုက်တုန်းက စင်ကာပူ ဘာကြောင့် ကျဆုံးသည် ကို လည်းကောင်း၊ မြန်မာပြည် စစ်မြေပြင် အခြေအနေကိုလည်းကောင်း ဗိုလ်ချုပ်ဝေဗယ်က တစ်လုံးမျှ ပြောပြလိုက်ခြင်း မရှိ။ မြန်မာပြည်မှ ခုခံရမည်လော၊ လုံး၀

ဆုတ်ခွာရမည်လောဆိုသည် ကိုလည်း တစ်ခွန်းမျှ ပြောပြခြင်း မပြု။ ဗိုလ်ချုပ်ဆလင်းသည် ဘုမသိဘမသိဖြင့် စစ်မြေပြင်သို့ထွက်လာခဲ့ရခြင်း ဖြစ်သည် ။ သူ့တပ် ဖွဲ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးပစ္စည်း စုံစုံလင်လင် မရှိ။ ကြိုးမဲ့ ကြေးနန်းစက်ပင် လုံလုံ လောက်လောက် မရှိ။ ပြည်မြို့တွင် ရှိနေသည့် သူ့တပ်ဖွဲ့ဌာနချုပ်သို့ ရောက်သည့်အခါ၌ ကား သူ့တွင် လေတပ်အကူပင် မရှိတော့။ မတ်လ ၂၁ ရက်နေ့တွင် မကွေးရှိ လေယာဉ်ကွင်းကို ဂျပန်တို့ က ဗုံးကြဲ တိုက်ခိုက်ခဲ့သည့်၌ ဘုရင့်လေတပ်မတော် လေယာဉ်များအားလုံးနှင့် အမေရိကန် ဗော်လံတီယာ တပ်ဖွဲ့မှ လေယာဉ်များ အားလုံးမှာ ပျက်စီးသွားခဲ့ကြပြီ။

မတ်လ ၂၂ ရက်နေ့ ညနေတွင် မူ မြန်မာပြည်စစ်မြေပြင် တစ်ခုလုံး၌ သူတို့ ပိုင်သော လေယာဉ် ဆို၍ **ဘလင်းဟိန်း** (Blenheims) လေ ယာ ဉ် ခြော က် စ င်း ၊ **တိုမာဟောက်** (Tomahawks) တိုက်လေယာဉ်သုံးစင်းနှင့် **ဟာရီကိန်း** (Hurricanes) တိုက်လေယာဉ် ဆယ့်တစ်စင်းတို့ သာ ကျန် တော့သည် ။ ထိုလေယာဉ်များကိုလည်း ဧရာဝတီလွင်ပြင်တွင် ထား၍ မဖြစ်တော့။ ဘုရင့်တပ်မတော်ကို စစ်တွေသို့ ပြောင်းလိုက်ရပြီး အမေရိကန် ဗော်လံတီယာတပ်ဖွဲ့ဝင် လေယာဉ်များကို လားရှိုးသို့ ပြောင်းရွှေ့လိုက်ရသည် ။ မကွေးလေယာဉ်ကွင်းတွင် မိမိတို့ လေယာဉ်အားလုံး ပျက်စီးသွားသည် ကို ဗိုလ်ချုပ်ဆလင်း ဘာမျှ အံ့ဩခြင်း မဖြစ်တော့။ ပြည်မြို့သို့အသွား မကွေးသို့ ဝင်သည့်အခါတွင် အကာအကွယ်မဲ့ ဖြစ်နေသော မိမိတို့ လေတပ်ကို တွေ့ရသည် ။ ဘုရင့်လေတပ်မတော်ကလည်း လေယာဉ်များကို ကာကွယ်ရေးကိစ္စသည် သူတို့ အလုပ် မဟုတ်။ ကြည်းတပ်၏ အလုပ်ဖြစ်သည် ဟု ခပ်လွယ်လွယ်

သဘောထားနေသည် ။ ထို့နောက်တွင် မူ သူ၏ မြန်မာပြည်တပ်ဖွဲ့တွင် လေယာဉ် ကင်းထောက်လည်း မရှိ။ လေကြောင်း အကာအကွယ်လည်း မရှိ။ လေတပ်အကူလည်း မရှိတော့။ ကောင်းကင်တွင် ပျံဝဲနေသည့် လေယာဉ်ဟူသမျှသည် ဂျပန်လေယာဉ်တွေချည်း ဖြစ်နေသည် ။

**ဗိုလ်ချုပ် ဘရုစ်စကော့** (Major-General Bruce Scott) က တောင်ငူဒေသကို တရုတ် ဗိုလ်ချုပ် **တိုင်အန်လန်း** (General Tai An-lan) သို့ လွှဲပြောင်းပေးသည့်အခါ၌ တရုတ်တို့ တွင် မြေပုံများ မရှိခြင်း၊ စကားပြန်များ မရှိခြင်းတို့ ကြောင့် များ စွာ အခက်အခဲတွေ့ရသည် ။ ထိုသို့ ရှုပ်ထွေးနေစဉ် ဘရုစ်စကော့သည် သူ့တပ်မဌာနချုပ်ကို တောင်ငူဒေသမှ အချိန်မီကလေးတွင် ဆုတ်လာခဲ့သည် ။ တရုတ်တပ်များ သည် သူ့တပ်မဌာနချုပ် အဆောက်အအုံ အပါအဝင် တောင်ငူရှိ အဆောက်အအုံများအားလုံးကို မီးတင်ရှို့နေကြသည် ။ သူတို့ အယူအဆအရ မီးရှို့သည့်နည်းသည် အကောင်းဆုံးသော ကာကွယ်နည်း ဖြစ်သည် ဟု ယူဆဟန်တူသည် ။

မတ်လ ၂၄ ရက်နေ့၌ တာကီအူချီ၏ တပ်မ ၅၅ က တောင်ငူကို အပြင်းအထန်တိုက်သည် ။ တရုတ်ဗိုလ်ချုပ်တိုင်အန်လန်း၏ တပ်များကလည်း အပြင်းအထန် ခုခံကြပါ၏။ သို့ရာတွင် ရန်သူတို့ က လေယာဉ်ကွင်းကို သိမ်းကာ မတ်လ ၂၇ ရက်နေ့တွင် မြို့ကို ဝိုင်းမိနေလေပြီ။ ထိုတပ်များကို စစ်ကူပေးနိုင်သည့် အနီးဆုံးတပ်မှာ ပျဉ်းမနားမြောက်ဘက်တွင် ရောက်နေသည့် **ဗိုလ်ချုပ် လျောင်ရောက်ရှန်း** (Liao Yao-shang) ၏ တရုတ်တပ်မ ၂၂ ဖြစ်သည် ။ သို့ရာတွင် ဧရာဝတီမြစ်ဝှမ်း လွင်ပြင်တွင် ဂျပန်တို့ ကို ဖိတိုက်ပေးခြင်းဖြင့် တောင်ငူတွင် ရှိသည့် ဂျပန်တို့ ၏ ဖိအားကို

လျော့သွားအောင် လုပ်ရမည်ဟု ချန်ကေရှိတ်က ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါကို အမိန့်ပေးနေသည် ။ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်တွင် မိမိတပ်များကို စုရုံးနေချိန်ဖြစ်သဖြင့် ဗိုလ်ချုပ်ဆလင်းက ထိုဒေသတွင် တိုက်ပွဲ မဆင်လိုသေး။ ထိုသို့ ဧရာဝတီမြစ်ဝှမ်း လွင်ပြင်တွင် တိုက်ပွဲများ ဆင်ခြင်းဖြင့် တောင်ငူမှ ဂျပန်တို့ ကို အာရုံပြောင်းအောင် မလုပ်နိုင်ဟု လည်း ဗိုလ်ချုပ်ဆလင်း ယူဆသည် ။

သို့ရာတွင် အမိန့်အတိုင်း လုပ်ရတော့မည်။ ဗိုလ်ချုပ်ဆလင်းသည် ပြည်မြို့၏ အရှေ့တောင်ဘက် မိုင်ခြောက်ဆယ်အကွာရှိ အုတ်ဖိုကို သွေးတိုးစမ်းကြည့်ရန် ဗိုလ်ချုပ်ဝမ်ကို လွှတ်လိုက်သည် ။ **ဗိုလ်မှူးချုပ် အင်းစတစ်** (Brigadier J. Anstice) ကိုလည်း ပေါင်းတည်ကို သိမ်းရန် လွှတ်လိုက်၏။ သူ့တွင် တင့်ကားတပ်ရင်းတစ်ရင်း၊ ခြေလျင်တပ်ရင်း သုံးရင်းနှင့် အမြောက်တပ်စုတစ်စု ပါသွားသည် ။ ဗိုလ်မှူးချုပ်အင်းစတစ်သည် ပေါင်းတည်တွင် ဂျပန်တို့ ကို ဖိအားပြင်းသဖြင့် ဆုတ်လာခဲ့ရသည် ။ ပြည်မြို့တောင်ဘက် ဆယ်မိုင်ခန့်အကွာရှိ ရွှေတောင်မှာ ဂျပန်တို့ လက်သို့ ကျသွားလေပြီ။ ဂျပန်ဗိုလ်မှူး **ဆာတိုမီဆာအို** (Major Sato Misao) ၏ တပ်များက မတ်လ ၂၉ ရက် နေ့ မနက် ၉ နာရီတွင် ရွှေတောင်ကို သိမ်းမိခဲ့ကြသည် ။

ပြည်နှင့်ပေါင်းတည်ကြားရှိ ရွှေတောင်ကို ဂျပန်တို့ သိမ်းလိုက်သဖြင့် ပေါင်းတည် စစ်မျက်နှာတွင် ရောက်နေသည့် ဗိုလ်မှူးချုပ်အင်းစတစ်သည် ပိတ်အဝိုင်းခံရသလို ဖြစ်နေသည် ။ ဗိုလ်ချုပ် ကိုဝမ်သည် ဗိုလ်မှူးချုပ် အင်းစတစ်၏ တပ်များ ဆုတ်လာနိုင်အောင် တပ်ရင်းနှစ်ရင်းကို ရွှေတောင်သို့ လွှတ်ပြီး

အရှင်ခိုင်းရသည် ။ တင့်ကား ၃၀၊ အမြောက် ၂၀ နှင့်လော်ရီ ၂၀၀ ပါသည့် ဗိုလ်မှူးချုပ် အင်းစတစ်၏ တပ်များက ရွှေတောင်ကို တောင်ဘက်မှ တိုက်ကာ ဗိုလ်ချုပ်ကိုဝမ် လွှတ်လိုက်သည့် တပ်ရင်းနှစ်ရင်းက ရွှေတောင်ကို မြောက်ဘက်မှ တိုက်ကြသည် ။ ပြည်လမ်းမကြီးကို ပိတ်ဆို့ထားသည့် ပိတ်ဆို့မှုများကို လောက်ဆက်စတာ တပ်ရင်း ၁ နှင့် **ဟတ်ဆား** (Hussars) တပ်ရင်း ၇ တို့ က တိုက်၍ လမ်းဖွင့်ပေးကြသည် ။ ဂျပန် လေယာဉ်တို့ က မိမိတို့ တပ်များကို ကောင်းကင်မှ ဗုံးကြဲ တိုက် ခိုက်ကြသည် ။

ရွှေတောင်တိုက်ပွဲတွင် ထူးခြားချက်မှာ ဗိုလ်ရန်နိုင်နှင့် ဂျပန်အရာရှိနှစ်ဦးဖြစ်သော **ဟီရာယာမာ** (Hirayama) နှ င့် **အီကေဒါ** (Ikeda) တို့ ၏ ကွပ်ကဲမှုအောက်တွင် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ဖွဲ့ဝင် အမြောက်အမြားပါဝင် တိုက်ခိုက်လာခြင်းပင် ဖြစ်သည် ။ ရွှေတောင်တိုက်ပွဲ၌ ဂျပန်တပ်များက ပြည်လမ်းမကြီး၏ လက်ယာဘက်မှ နေရာယူပြီး မြန်မာတပ်များက လက်ဝဲဘက်မှ နေရာယူကြသည် ။ ထိုတိုက်ပွဲတွင် ဗိုလ်ရန်နိုင်၏ တပ်များ အဝိုင်းခံခဲ့ကြရ သည် ။

သူတို့ သည် တင့်ကားကို မမြင်ဖူးကြသေး။ အနီးသို့ ကပ်၍ အတင်းဝင်ရောက်တိုက်ကြသည် တွင် အစိတ်စိတ်အမြွှာမြွှာဖြစ်၍ ကျဆုံးကြသည် ။




သတ္တိမှ လွဲ၍ အခြား ဘာမျှ မရှိသည့် အစိမ်းသက်သက်

လယ်သမားလူငယ်များ သာ ဖြစ်သည် ဟု ဒေါက်တာဘမော်က ခပ်လှောင်လှောင် ရေးခဲ့သည် ။

ဗိုလ်ရန်နိုင်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်သား ၄၀၀ ခန့်တို့ သည် ပေါင်းတည်မှ ဆုတ်လာသော အင်းစတစ်၏ တပ်များကို ပိတ်ဆို့ကာ မြို့ပြင်လယ်ကွင်းများ ထဲတွင် ဆီးတိုက်ကြသည် ။ ဗြိတိသျှတင့်ကားတစ်စင်းတံတားကို ဖြတ်လာစဉ် ဂျပန်တို့ တွင် ရှိသည့် တစ်လက်တည်းသော တင့်ကားပစ် အမြောက်ထိသဖြင့် မိမိတို့ ယာဉ်တန်းများ အသွားအလာ ပိတ်ဆို့ကုန်ကြသည် ။ အိန္ဒိယတပ်သား ခုနစ်ဆယ်ခန့် လက်နက်ချရန် လက်မြှောက်၍ တက်လာကြသည် ။ ဗိုလ်ရန်နိုင်နှင့် ဟီရာယာမာတို့ က သူတို့ တပ်များအား ပစ်ခတ်မှု အရပ်ခိုင်းပြီး လက်နက်ချရန် အိန္ဒိယတပ်သားများကို အော်ပြောကြသည် ။ လက်နက်ချရန် ဆွေးနွေးနေကြစဉ် ဗြိတိသျှတို့ ဘက်မှ ပစ်ခတ်သံများ ပေါ်လာကာ ဂျပန်အရာရှိများ ကျဆုံးကုန်ကြသည် ။ ဗိုလ်ရန်နိုင်မှာ ဘာမျှ အထိအခိုက်မရှိ။ ဤတွင် ဗိုလ်ရန်နိုင်သည် အိန္ဒိယတပ်သားများ အားလုံးကို ပစ်သတ်ရန် သူ့တပ်သားများကို အမိန့်ပေးသည် ။ 'ပြင်းထန်သော တစ်နေကုန် တိုက်ပွဲအပြီးတွင် ရက်စက်သော အဆုံးသတ်မှုဖြစ်သည် 'ဟု နောင်တွင် ဒေါက်တာဘမော်က ရေးခဲ့သည် ။

"မတတ်နိုင်ဘူး။ ချက်ချင်း ဆုံးဖြတ်ရတယ်။ ကျွန်တော့်မှာ စဉ်းစားဖို့ ယဉ်ကျေးနေဖို့ အချိန် မရှိဘူး။ ကျွန်တော့်ရဲ့ အရင်းအနှီးဆုံး ရဲဘော်နှစ်ယောက် ကျသွားတာ မြင်တော့ ကျွန်တော်လည်း သိပ်စိတ်ထိခိုက်သွားတယ်"ဟု ဗိုလ်ရန်နိုင်က ပြောသည် ။ ရွှေတောင်မှ ဗိုလ်ရန်နိုင် ဆုတ်လာခဲ့သည့်အခါတွင် သူ့တပ်သား တစ်ဝက်ကျော် ကျဆုံးခဲ့လေပြီ။ တပ်သား ၁၃၀၀ အနက် ၆၀ ကျဆုံးပြီး ၆၀ ခန့် သုံ့ပန်း

အဖမ်းခံကြရသည် ။

တပ်သား ၃၀၀ ဒဏ်ရာရပြီး တပ်သား ၃၅၀ ထွက်ပြေးကြသည် ။ ညတွင် တပ်ပြန်စုသည့် အခါတွင် သူ့တပ်၌ တပ်သား ၆၀၀ သာ ကျန်တော့သည် ။ သူတို့ သည် ဟီရာယာမာနှင့် အီကေဒါတို့ ၏ အလောင်းများကို ကောက်၍ အခမ်းအနားဖြင့် သဂြိုဟ်ကြသည် ။ အလောင်းများကို ဓာတ်ဆီလောင်း၍ မီးရှို့ကာ ဆုတောင်းကြသည် ။ 'ရွှေတောင်တိုက်ပွဲသည် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ စည်းကမ်းစိတ်ဓာတ်နှင့် တိုက်ပွဲစိတ်ဓာတ်ကို သွတ်သွင်းပေးလိုက်သည့် တိုက်ပွဲပေတည်း'ဟု ဒေါက်တာဘမော်က ရေးခဲ့သည် ။ သို့ရာတွင် တရားဝင် ဂျပန်စစ်သမိုင်းတွင် မူ ရွှေတောင်တိုက်ပွဲ အကြောင်းကို လုံး၀ ဖော်ပြထားခြင်း မရှိ။

ရွှေတောင်တိုက်ပွဲတွင် ဗြိတိသျှ ဗိုလ်ချုပ်ကိုဝမ်၏ အကျအဆုံးမှာ လည်း များ ပြားလှပါသည် ။ တင့်ကားဆယ်စင်း၊ အမြောက်နှစ်လက်နှင့် တပ်သား ၃၅၀ ခန့် ဆုံးရှုံး ဒဏ်ရာရခဲ့သည် ။ ထိုတိုက်ပွဲသည် တောင်ငူတွင် ဖိနေသည့် ဂျပန်ဖိအားကို လျော့သွားအောင် တိုက်သည့် တိုက်ပွဲဖြစ်သည့်တိုင် တောင်ငူတွင် ဘာမျှ အခြေအနေမထူး။ ဗိုလ်ချုပ်စတီးဝဲလ်သည် တရုတ်တပ်မ ၂၂ ကို ပျဉ်းမနားမှ ဆင်းလာစေကာ မတ်လ ၂၈ ရက်နေ့တွင် တောင်ငူကို ဝင်တိုက်ပေးမည်ဟု ကတိပေးသည် ။ သို့ရာတွင် ဘာမျှ ဖြစ်မလာ။ တောင်ငူတွင် အဝိုင်းခံနေရသည့် တရုတ်တပ်မ ၂၀၀ သည် အတင်း ဖောက်ထွက်လာခဲ့ကာ ရေတာရှည်သို့ ဆုတ်လာခဲ့သည် ။ သို့တိုင် စစ်တောင်းကို ကူးထားသည့် တံတားများကို ဖောက်ခွဲဖို့ မေ့လာခဲ့သဖြင့် ဂျပန်တပ်များ သည် မော်ချီးနှင့် ရှမ်းပြည်တောင်ပိုင်းသို့ အလွယ်တကူ ကူးသွားနိုင်ခဲ့ကြသည် ။ ဂျပန်တပ်မ ၅၅ နှင့် တပ်မ ၅၆ တို့ သည်

အကောင်းပကတိ ကျန်နေခဲ့သော တံတားများကို ဖြတ်ကာ တောင်ကြီးနှင့် လားရှိုးသို့ တက်လာခဲ့ကြသည် ။ ထိုနေရာ တစ်လျှောက်မှ တရုတ်နယ်စပ်အထိ ဘာမျှ အကာအကွယ် ကောင်းကောင်း မရှိ။ ဂျပန်တပ်မ ၅၆ မှ တပ်ရင်းတစ်ရင်းသည် ဧပြီလ ၂၉ ရက်နေ့တွင် ငါးနာရီကြာတိုက်ပြီးနောက် လားရှိုးကို သိမ်းပိုက်မိသည် ။ ရိက္ခာနှင့် လက်နက်ပစ္စည်း တန်ပေါင်း လေးသောင်းကျော်ကိုလည်း ရရှိသွားကြသည် ။

တောင်ငူကျသွားသည့်အခါ၌ ဗိုလ်ချုပ်ဆလင်း၏ မြန်မာပြည်တပ်ဖွဲ့သည် ဧရာဝတီမြစ်ဝှမ်း လွင်ပြင်တောင်ပိုင်းတွင် အထီးတည်း ကျန်ရစ်ခဲ့သည် ။ ထို့ကြောင့် မြောက်ပိုင်းသို့ ဆုတ်ကာ ရေနံချောင်းမှ ရေနံတွင်းများကို ကာကွယ်ထိန်းသိမ်းရန် အလျင်အမြန် ဆုံးဖြတ်ရသည် ။ တပ်မ ၁၇ ကို တောင်တွင်းကြီးသို့ လွှတ်ကာ ပဲခူးရိုးမအရှေ့ဘက်တွင် ရှိနေသည့် တရုတ်တပ်များ နှင့် အဆက်အသွယ် အယူခိုင်းရသည် ။ ရေနံချောင်းတွင် စစ်ပန်းနေသည့် ဂလောက်ဆက်စတာတပ်ရင်း ၁ သာလျှင် ကျန်တော့သည် ။ သို့ရာတွင် ထိုတပ်မှာ လည်း အရာရှိခုနစ်ဦးမှာ တပ်သား ၁၇၀ မျှသာ ရှိသည် ။ တပ်မှူးဖြစ်သူ **ဗိုလ်မှူးကြီး ဘဂေါ့** (Colonel Bagot) မှာ ဆေးရုံတက်နေရလေပြီ။

ဂျပန်တို့ က စိမ့်ဝင် ထိုးဖောက်လာသဖြင့် မြန်မာပြည်တပ်ရင်း ၁ သည် **ယင်းချောင်း** (Yin Chaung) ကမ်းပါးအရောက် ဆုတ်လာခဲ့ရသည် ။ ယင်းချောင်းမှာ တောင်တွင်းကြီး မြောက်ဘက်ကိုဖြတ်၍ ဧရာဝတီထဲသို့ စီးဝင်သော ချောင်းခြောက်ကြီး ဖြစ်သည် ။ နောက်ချောင်းတစ်ချောင်းမှာ မိုင်လေးဆယ်အကွာ ရေနံချောင်းမြောက်ဘက်ရှိ **ပင်းချောင်း** (Pin Chaung) ဖြစ်သည် ။

ထိုစစ်ကြောင်းတစ်လျှောက်တွင် မိမိတို့ တပ်များမှာ အချိန်ဆွဲတိုက်ပွဲများကိုသာ တိုက်နိုင်တော့သည် ။ ဧပြီလ ၁၄ ရက်နေ့တွင် **ကွိုင်လီ** (KOYLI) တပ်ရင်း ၂ သည် မြင်ကွန်းတွင် အဝိုင်းခံရသည် ။ ဂျပန်တို့ ၏ ဝိုင်းပိတ်မှုကို ဖောက်ထွက်ကာ မကွေးသို့ ဆုတ်လာခဲ့ရသည် ။ မကွေးတွင် မူ ကြွံကြွံခံရတော့မည်။ မြောက်ဘက်တွင် မဟာမိတ်များအား လောင်စာဖြည့်တင်းပေးနေသည့် ရေနံတွင်းများ ရှိသည် ။ ထိုမှ လွဲလျှင် လောင်စာရမည့် အခြားနေရာမရှိတော့။

ဧပြီလ ၁၅ ရက်နေ့၌ ဗိုလ်ချုပ်ဆလင်းကိုယ်တိုင် ရေနံတွင်းများကို ဖျက်ဆီးရန် အမိန့်ပေး လိုက်တော့သည် ။ ရန်ကုန်တွင် ဖျက်ဆီးရေးလုပ်ငန်းများကို လုပ်ခဲ့ရသည့် မြို့ပြအင်ဂျင်နီယာ **ဖော်ရက်စတား** (W.L. Forester)နှင့် သန်လျင်ရေနံချက်ရုံကို ဖောက်ခွဲဖျက်ဆီးခဲ့ရသည့် အသက် ၂၃ နှစ်ရှိ အင်ဂျင်နီယာတပ်ဗိုလ်ကြီး **ဝေါလတာစကော့** (Walter Scott) တို့ သည် ရေနံတွင်းတို့ ပြည့်နေသော ကွင်းပြင်ကြီးကို မီးတောက် မီးလျှံ ပင်လယ်ကြီးအဖြစ်သို့ ပြောင်းခဲ့ကြသည် ။ တန် သန်းပေါင်းများ စွာရှိသော ရေနံများကြောင့် ကောင်းကင်သည် မီးလျှံတို့ ဖြင့် ရဲနေကာ ပေါက်ကွဲသံတို့ ဖြင့် ဆူညံမြည်ဟည်းနေတော့သည် ။ ရေနံချောင်းတွင် ရေနံတွင်းများ ဖောက်ခွဲနေစဉ် မြန်မာပြည် တပ်မသည် ရေနံချောင်းတောင်ဘက်တွင် ရှိနေသေးသည် ။ မြန်မာပြည်တပ်မသည် မြောက်ဘက်ရှိ ပင်းချောင်းအရောက် ဆုတ်ခွာရမည် ဖြစ်၏။ ဧပြီလ ၁၆၊ ၁၇ ရက်နေ့များ တွင် မြန်မာပြည်တပ်မသည် ၁ သည် လည်း ယင်းချောင်း တောင်ဘက်တွင် ရှိနေသေးသည် ။ မြန်မာပြည်တပ်မဟာသည် နောက်မှ လိုက်လာသော ဂျပန်တပ်တို့ ကို တတ်နိုင်သမျှ

ခုခံတိုက်ခိုက်သော်လည်း နောက်ဆုံးတွင် မခံနိုင်တော့ဘဲ မကွေး၊ ရေနံချောင်း ပေတရာအတိုင်း ဆုတ်လာခဲ့ရသည် ။ ဂျပန်တပ်မ ၃၃ က အိန္ဒိယ တပ်မ ၁၇ နှင့် မြန်မာပြည်တပ်မ ၁ ကြားထဲသို့ စိမ့်ဝင်လာခဲ့သည် ။ တပ်မဟာ ၄၈ က ဂျပန်တို့ ကို **ကုက္ကိုခွ** (Kokkogwa) တွင် ဆီးပိတ်၍ ခုခံတိုက်ခိုက်သောလည်း အချည်းနှီးမျှသာ။ မြန်မာပြည်မှ ဆုတ်ခွာလာခဲ့ရသည့်တိုက်ပွဲစဉ်၌ ကုက္ကိုခွတိုက်ပွဲသည် အပြင်းထန်ဆုံး တိုက်ပွဲတစ်ပွဲ ဖြစ်သည် ဟု ဗိုလ်ချုပ်ဆလင်းက ရေးခဲ့သည် ။

အမှန်အားဖြင့် ထိုအချိန်၌ တရုတ်တပ်များ သည် တောင်တွင်းကြီး အရှေ့မြောက်ဘက် တော် တော်ဝေးဝေးသို့ရောက်နေကြပြီး မြန်မာပြည်တပ်မ ၁ မှာ လည်း ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တစ်ဆုတ်တည်း ဆုတ်နေရသည် ။ ဤတွင် တပ်မ ၁၇ ကို တောင်ပိုင်းတွင် အထီးတည်းထားခဲ့၍ မဖြစ်တော့။ ရှေ့တန်းစခန်းများ သည် တဖြည်းဖြည်း ပြိုနေကြသည် ။ ဗိုလ်ချုပ်ဆလင်းသည် တပ်မ ၁၇ ကို နောက်တန်းသို့ ပြန်ဆုတ်ချင်နေသည် ။ သို့ရာတွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါက တပ်မ ၁၇ ကို နဂိုနေရာမှာ ပင် တပ်စွဲထားရမည်ဟု အမိန့်ပေးနေသည် ။ တပ် ၁၇ ကို ပြန်ရုပ်လိုက်လျှင် စစ်တောင်း မြစ်ဝှမ်းလွင်ပြင်တွင် ရှိနေသည့် တရုတ်တပ်များ အဖိခံရမည်ကို သူ စိုးရိမ်သည် ။ ဆက်ပါးတပ်များက တောင်တွင်းကြီး ကြေးနီမီးရထားလမ်းကို မော်တော်ကားလမ်းဖြစ်အောင် ပြင်နေကြရသည် ။ ထိုသို့ မပြင်နိုင်ခဲ့လျှင် စစ်တောင်းမြစ်ဝှမ်းရှိ တရုတ်တပ်များ အတွက် ရိက္ခာ ထောက်ပံ့ရေးပင် အခက်အခဲရှိနိုင်သည် ။

ဗိုလ်ချုပ်ဆလင်းသည် တောင်ဘက်တွင် အထီးတည်း

ကျန်ရစ်ခဲ့သည့် တပ်မ ၁၇ အတွက် စိုးရိမ်သည် ။ ထိုအတိုင်းသာ စွတ်၍ တိုက်နေလျှင် သူ့မြန်မာပြည်တပ်ဖွဲ့တစ်ခုလုံးသည် ပိတ်မိနေပေတော့မည်။ တောင်ပေါ်ပစ် အမြောက်တပ်ရင်းတစ်ရင်း ပါလာသည့် ဆာကူးမား၏ တပ်ရင်းကြီး ၂၁၄ သည် မြောက်ဘက်သို့ ဆုတ်လာမည့် မြန်မာပြည်တပ်ဖွဲ့ဝင် တပ်များကို ပိတ်ဆို့ရန် ပင်းချောင်း ထိပ်တွင် လမ်းများကိုပိတ်ထားသည် ။ ဧပြီလ ၁၆ ရက်နေ့ ညသန်းခေါင်၌ မြောက်ဘက်သို့ ဆုတ်လာခဲ့သော မြန်မာပြည်တပ်မမှ တပ်ဦးကင်းများ သည် ဂျပန်တို့ ပိတ်ဆို့မှုနှင့် ပက်ပင်းသွားတိုးနေသည် ။ ထိုအချိန်၌ မြန်မာပြည်တပ်မ ပင်မတပ်မှာ တောင်ဘက် တစ်ဆယ့်နှစ်မိုင်အကွာတွင် ရှိနေသေးသည် ။ ဤတွင် ပင်းချောင်းထိပ်တွင် လမ်းကိုပိတ်၍ ထားသော ဂျပန်တို့ ကို ရှင်းရန်အတွက် မန္တလေးတွင် ရှိနေသည့် အမှတ် ၆၆ တရုတ်တပ်မတော်မှ တပ်မ ၃၈ (**ဗိုလ်ချုပ် ဆွန်လီဂျင်း**) (Sun Li-jen)ကို လှမ်းခေါ်သည် ။

သို့ရာတွင် ချန်ကေရှိတ်က စိတ်အပြောင်းအလဲမြန်သူ ဖြစ်သည် ။ ဗြိတိသျှတို့ အာလံမြို့(မြေထဲ)မှ ဆုတ်ခွာလာခြင်း၊ စတီးဝဲလ်၏ ဌာနချုပ်မှ ဗြိတိသျှ ဆက်သွယ်ရေးအရာရှိတစ်ဦး၏ စကားအရ ဗြိတိသျှတို့ အခြေအနေဆိုးနေသည် ဟု ထင်ခြင်း၊ တင့်ကားတပ်များကို အသုံးမပြုနိုင်ခြင်းတို့ ကြောင့် ချန်ကေရှိတ်သည် မြန်မာပြည်ရှိ ဗြိတိသျှတို့ ကို အားမလိုအားမရ ဖြစ်နေသည် ။ ဤတွင် ချန်ကေရှိတ်သည် မန္တလေးရှိ တရုတ်တပ်များမှ တပ်ရင်းတစ်ယောက်ရင်းကိုသာ ပို့ရမည်ဟု အမိန့်ထုတ်လိုက်သည် ။ ခပ်စောစောက တပ်မကြီးတစ်ခု ပို့ပေးမည်ဆိုသည့် စကားကို ပြန်ရုပ်သွားလေပြီ။ ဗြိတိသျှတို့ အခြေအနေမှာ မကောင်းသည့်အတွက်

တရုတ်တပ်များ သည် မိမိတို့ ဘာသာ လွတ်လပ်စွာ လှုပ်ရှားတော့မည်ဟု အကြောင်းကြားသည် ။ နောက်ငါးရက်အကြာတွင် ချန်ကေရှိတ် စိတ်ပြောင်းသွားပြန်သည် ။ ဗြိတိသျှတို့ ကို ဝင်ကယ်မှ ဖြစ်မည်ဟု စတီးဝဲလ်ကို ပြောပြန်သည် ။

ထိုအချိန်က ဗိုလ်ချုပ်ဆလင်းတွင် တပ်သား ၁၀၀၀၀ နှင့် အမြောက်ကြီး သုံးဆယ့်ခြောက် လက်ရှိသည် ။ ထိုမျှသော အင်အားဖြင့် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ကို ထိန်းသိမ်းထားနိုင်ဖို့ ဆိုသည် မှာ မလွယ်။ ဂျပန်ဗိုလ်ချုပ်ဆာကူးရိုင်းတွင် တပ်သား ၁၅၀၀၀ ရှိနေပြီ။ တွေ့သမျှသော ကွက်လပ်ကြားမှ နေ၍ ရှေ့သို့ အတင်းတိုးဝင်နေသည် ။

ဗြိတိသျှတို့ ထိုမျှ အခြေအနေဆိုးနေသည့်တိုင် ဗိုလ်ချုပ်စတီးဝဲလ်ကလည်း တုတ်တုတ်မျှ မလှုပ်သေး။ ဗြိတိသျှတို့ အရှုံးကြီး ရှုံးနေပြီဟု သာ မြင်နေသည် ။ မတ်လ ၂၈ ရက်နေ့စွဲဖြင့် သူ့ နေ့စဉ် မှတ်တမ်းထဲတွင် ဗြိတိသျှတို့ သည် ရေနံတွင်းများကို ဖျက်ဆီးနေကြပြီ။ ရေနံချောင်းတွင် ဗြိတိသျှ တပ်သားချင်း အဓိကရုဏ်းဖြစ်နေကြပြီ။ ဘာအတွက် တိုက်ခိုက်နေကြသနည်းဟု စတီးဝဲလ်က ရေးထားသည် ။ တရုတ်ဗိုလ်ချုပ်တူလူမင်းကလည်း ဗြိတိသျှတပ်တို့ လုံးဝ စိတ်ဓာတ်ပျက်ပြားနေကြပြီဟု သတင်းပို့သည် ။

တရုတ်တပ်များ မန္တလေးက ရောက်လာသည့်အခါတွင် ဗိုလ်ချုပ်ဆလင်းသည် ပင်းချောင်းထိပ်ကို ပိတ်ထားကြသည့် ဂျပန်တို့ ကို တိုက်ရန် ပြင်သည် ။ ဗိုလ်ချုပ်ဆလင်းသည် သူ့စီမံကိန်းကို ကျောက်ပန်းတောင်းတွင် ရှိသည့် ဗိုလ်ချုပ်ဆွန်လီကျင်း၏ တပ်ရင်း ၁၁၃ တပ်ရင်းမှူးထံသို့ ပို့လိုက်၏။ တပ်မှူးမှာ ထက်မြက်သည့် ဗိုလ်မှူးကြီးတစ်ဦးဖြစ်သည် ။ တပ်ရင်းမှူးသည် ဗိုလ်ချုပ်ဆလင်း၏

အဆိုပြုချက်ကို လက်ခံပြီးနောက်မှ သူ့တွင် ဗိုလ်ချုပ် ဆွန်လီဂျင်း၏ အမိန့်မရှိသဖြင့် မလိုက်နိုင်ဟု ငြင်းလိုက်သည် ။ တစ်နာရီခွဲလောက် အကြောက်အကန်ပြောတော့မှ တပ်ရင်းမှူးသည် သူ့တပ်သားများကို ဗိုလ်ချုပ်ဆလင်း လွှတ်လိုက်သည့် ထရပ်ကားများ ပေါ်သို့ တင်ပေးလိုက်၏။ ညနေ ပိုင်းတွင် မူ ဗိုလ်ချုပ်ဆွန်လီဂျင်းကိုယ်တိုင် ရေနံချောင်းသို့ ပေါက်လာသည် ။ ဗိုလ်ချုပ်ဆွန်လီဂျင်းမှာ ခွန်တိုက်အားတိုက် လုပ်တတ်သူတစ်ဦးဖြစ်ပြီး ခေါင်းအေးအေးထားနိုင်သူ ဖြစ်သည် ။ ရိုးသားသည် ။

အစသော် ဗိုလ်ချုပ်ဆွန်လီဂျင်းသည် ဗြိတိသျှတို့ က သူ့တပ်သားများအား သက်သက် အသေခံခိုင်းခြင်း ဖြစ်သည် ဟု သံသယဖြစ်နေသည် ။ သို့ရာတွင် ဗိုလ်ချုပ်ဆလင်းက ပင်းချောင်း မြောက်ဘက်တွင် ရှိသည့် မြန်မာပြည်တပ်ဖွဲ့၏ အမြောက်ကြီးများ အားလုံးနှင့် ဗိုလ်မှူးချုပ်အင်းစ တစ်၏ သံချပ်ကာတပ်မဟာ ၇ ကို သူ့ကွပ်ကဲမှုအောက်သို့ ပြောင်းပေးလိုက်သည့်အခါတွင် ဗိုလ်ချုပ် ဆွန်လီဂျင်း သံသယပြေပျောက်သွားသည် ။ တရုတ်ဗိုလ်ချုပ်အောက်တွင် အမိန့်ကို နာခံမည် ဆိုသည့် အခါတွင် ဗိုလ်ချုပ်အင်းစတစ်၏ မျက်နှာသည် မဲ့နေလေပြီ။ ဗိုလ်ဆလင်းသည် မိမိ စကားကျွံသွားပြီကို သိလိုက်၏။ ထို့ကြောင့် သံချပ်ကာ တပ်မဟာကို သုံးလိုလျှင် ဗိုလ်မှူးချုပ်အင်းစတစ်နှင့် တိုင်ပင်ရမည်ဟု ခြွင်းချက်ထည့်ပေးလိုက်သည် ။ ရေနံချောင်း တောင်ဘက်တွင် ရှိနေသည့် မြန်မာ ပြည်တပ်မ ၁ သည် ရေနံချောင်းသို့ အရောက်တိုက်၍ ဆုတ်လာခဲ့ရပြီး ပင်းချောင်းထိပ်ရှိ တွင်းကုန်းရွာအနီးတွင် ပိတ်ဆို့ထားသည့် ဂျပန်တို့ ၏ ပိတ်ဆို့မှုကို အတင်းဖောက်ထွက်ခဲ့ရသည် ။ ချောင်း မြောက်ဘက်တွင် လည်း

ပိတ်ဆို့မှု တစ်ခု ရှိနေသေးသဖြင့် ရေနံချောင်းသို့ရောက်အောင် ပိတ်ဆို့မှု နှစ်ခုကို ဖောက်ခဲ့ရသေးသည် ။ တွင်းကုန်းအနီးတွင် ဂျပန်တို့က တကုတ်ကျင်းများ တူးကာ စက်သေနတ်များကို ပွစာကြဲအောင် ဆင်ထားကြသည် ။

"ကျွန်တော်တို့ တပ်သားတွေလည်း တော်တော် ပင်ပန်းနေကြပြီ။ ဒါပေမဲ့ စိတ်ဓာတ်ကတော့ ကောင်းသေးတယ်။ တွင်းကုန်းနားလည်း ရောက်ရော လုံ့စွပ်တွေတင်ပြီး အတင်းတက်တိုက်တာပဲ။ ဒါပေမဲ့ ပင်ပန်းရတော့ ရိုင်ဖယ်တောင် ကောင်းကောင်း မကိုင်နိုင်ကြတော့ဘူး။ အရက်မူးသမားလို တဗုန်းဗုန်း ပစ်လဲကုန်ကြတာ။ ဒါပေမဲ့ ရန်သူတွေကိုတော့ တွင်းကုန်းက မောင်းထုတ်နိုင်ခဲ့ကြတယ်" ဟု အင်းစတစ်တပ်ရင်းမှ ဗိုလ်မှူးတစ်ဦး အမေရိကန် သတင်းထောက်တစ်ဦးကို ပြောခဲ့သည် ။

ထိုသတင်းထောက်မှာ **ဒါရဲဘာရင်ဂန်** (Darrell Berrigan) ဖြစ်သည် ။ ထိုစဉ်က သူသည် တပ်မှူးဘရစ်စကော့ စကားပြောနေသော ကြိုးမဲ့ကြေးနန်းစက်တင်သည့် ထရပ်ကား အနီးတွင် ရှိနေသည် ။

"ကျွန်တော့်တပ်တွေ ပိတ်မိနေပြီ ဗိုလ်ချုပ်။ တပ်တွေလည်း တော်တော် ပန်းနေပြီ။ သောက်ရေလည်း လုံးလုံးမရှိတော့ဘူး။ အရေးကြီးဆုံးကတော့ ရေပဲ။ ကျွန်တော်တို့ တွင်းကုန်းကို ရောက်မှာ မဟုတ်တော့ဘူး ထင်တယ်။ ကျွန်တော့်တပ်တွေကို တရုတ်တွေကို မပစ်ဖို့ သတိပေး နေရတယ်"ဟု ဘရစ်စကော့က ဗိုလ်ချုပ်ဆလင်း သတင်းပို့နေသည် ။

ဗြိတိသျှ၊ အိန္ဒိယနှင့် ဂေါ်ရခါးတပ်များ သည် ဗိုလ်ချုပ်ဆွန်လီဂျင်း၏ တရုတ်တပ်များကို ဂျပန်တပ်များ ထင်ကာ မှားပစ်နေကြသည် ။

တရုတ်တပ်မှူးနှင့် ဗိုလ်ချုပ်ဘရစ်စကော့တို့ နားလည်မှု ယူကြရသည် ။ တရုတ်မှန်း ဂျပန်မှန်း ခွဲခြားသိနိုင်ရန် တရုတ်ဦးထုပ်များကို ရိုင်ဖယ်ထိပ်ဖျားတွင် မြှောက်ပြရန်ဖြစ်သည် ။ မကြာမီ ဂျပန်တို့ ထိုအချက်ပြနည်းကို သိသွားကြပြီး သူတို့ ဦးထုပ်များကို ရိုင်ဖယ်များတွင် စွပ်ပြီး မြှောက်ပြကြသည် ။ သို့ဖြင့် ဘရစ်စကော့၏ တပ်မှ တပ်ခွဲနှစ်ခွဲမှာ ပင်းချောင်း ထိပ်ရှိ ဂျပန်များကို တရုတ်များ ထင်ပြီး ဝင်ရောက်သွားမိသည် တွင် တပ်ခွဲနှစ်ခွဲစလုံး အဖမ်းခံကြရ သည် ။

ဧပြီလ ၁၈ ရက်နေ့ နေကျဲကျဲတောက်ပူနေသည့်အချိန်၌ ဘရစ်စကော့သည် ထနောင်းပင် တစ်ပင်အောက်တွင် ထိုင်ရင်း မြောက်ဘက်နှင့် အရှေ့ဘက်မှ နေ၍ ရေနံချောင်းမြို့စွန်ကို တိုက်ရန် အမိန့်ပေးနေသည် ။ ထိုနေရာများကို သိမ်းနိုင်လျှင် ပင်းချောင်းကို ဖြတ်နိုင်မည် ဖြစ်၏။ သို့ရာတွင် တပ်များ ရှေ့သို့ မတိုးနိုင်ဘဲ ဖြစ်နေကြသည် ။ ဗိုလ်ချုပ်ဆွန်လီဂျင်း၏ တပ်မ ၃၈ သည် ကျောက်ပန်းတောင်းမှ တက်လာကာ ဧပြီလ ၁၈ ရက်နေ့ မနက် ၁၀ နာရီတွင် ပင်းချောင်းထိပ်ရှိ ရန်သူတစ်စိတ် တစ်ဒေသကို ရှင်းခဲ့ပြီး ဖြစ်သည် ။ သို့ရာတွင် ရှေ့သို့ ဆက်မတက်ဘဲ ထိုနေရာတွင် ရပ်နေသည် ။




ဗိုလ်ချုပ်ဆလင်းက ရှေ့ဆက်၍ တိုက်ရန် ဗိုလ်ချုပ်ဆွန်လီဂျင်းကို

တိုက်တွန်းသည် ။ သို့ရာတွင် လုံလောက်သည့် ရှေ့ပြေးကင်းထောက်မှု မရှိသဖြင့် မတိုက်နိုင်ဟု ဆွန်လီဂျင်းက ငြင်းနေသည် ။ ဤတွင် ဗိုလ်ချုပ်ဆလင်းသည် ရန်သူတို့ ကို ဆီးပိတ်ခံတိုက်ရန် ဘရစ်စကော့ကို အမိန့်ပေးရသည် ။ ဘရစ်စကော့သည် သယ်ယူပို့ဆောင်ရေးယာဉ်များကို စွန့်ပစ်ခဲ့ကာ ကုန်းစပ်ချိုင့်ကျင်းများကို ဖြတ်၍ ဆုတ်လာရန် စိတ်ကူးကြောင်း ပြောသည် ။ ဗိုလ်ချုပ်ဆလင်းက တရုတ်တို့ က နောက် တစ်ရက်တွင် ဝင်တိုက်ပေးမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ခံ၍ တိုက်ရမည်ဖြစ်ကြောင်းဖြင့် ပြောသည် ။ သို့ဖြင့် ဘရစ်စကော့သည် ဧပြီလ ၁၈၊ ၁၉ ရက်နေ့ ညများ တွင် သူ့ခံစစ် စက်ဝိုင်းခြမ်းကို ထိန်းထားရသည် ။ သူ့တပ်များ တွင် ရေမရှိတော့။ ရေနံချောင်းမှ လောင်စာကန်များကို မိမိတို့ ဖောက်ခွဲရေး တပ်များက ဖောက်ခွဲ ဖျက်ဆီးပစ်ခဲ့ပြီးလေပြီ။

"ကျွန်တော်တို့ တတ်နိုင်သမျှတော့ ခံတိုက်မှာ ပဲ ဗိုလ်ချုပ်။ ဒါပေမဲ့ တရုတ်တွေက နောက်ပိုင်းက မြန်မြန်ဝင်တိုက်ပေးမှ ခံနိုင်တော့မှာ "ဟု ဗိုလ်ချုပ်ဆလင်းက သတင်းပို့သည် ။

ထိုအချိန်၌ ဘရစ်စကော့သည် တောင်ပိုင်းဘက်မှ ရန်သူတို့ ၏ အထိကိုလည်း ခံနေရသည် ။ ရန်ကုန်ကို သိမ်းပိုက်ခဲ့သည့် တာရာဒါ၏ တပ်ရင်း ၂၁၅ သည် သူ့ကို ဝိုင်းပိတ်ညှပ်မည့် ကဏန်းလက်မနှစ်ခုအနက် တစ်ခုအဖြစ် ရှေ့သို့ တက်လာနေပြီး ထိုတပ်ရင်းသည် ဧရာဝတီမြစ်ရိုးအတိုင်း ကမ်းတက်ယာဉ်များ ဖြင့် ဆန်တက်လာကာ ရေနံချောင်းမြို့ထဲသို့ အနောက်ဘက်မြစ်ဆိပ်မှ ဝင်လာခဲ့သည် ။ အခြားတပ်ရင်းတစ်ခုမှာ ဆာကူးမား၏ တပ်ရင်းဖြစ်ပြီး အရှေ့ဘက်မှ ပန်း၍ တက်လာနေသည် ။ ထိုအထဲတွင်

ကျောက်ပန်းတောင်းတွင် ဂျပန်တို့ ရောက်နေပြီဟူသော သတင်းများကြောင့် ရှိသည့် တင့်ကားအချို့နှင့် တပ်များကို မြောက်ဘက် ဝွေးချိုသို့ ပို့လိုက်ရသေးသည် ။ သို့ရာတွင် ကျော က် ပ န်း တော င်း မှာ ဂျပန်တို့ လက်သို့ မကျသေး။ တရုတ်တပ်များကို ဂျပန်တပ်များ ထင်သဖြင့် မှား၍ သတင်းပို့ခြင်းဖြစ်သည် ။

ဧပြီလ ၁၉ ရက်နေ့ ညနေ ၂ နာရီအထိ တရုတ်စစ်ကူများ ရောက်မလာသည့်အခါတွင် ဘရစ်စကော့ မစောင့်နိုင်တော့။ ရန်သူဖိအားက ပြင်းနေပြီ။ ထို့ကြောင့် အမြောက်များကို ရှေ့တွင် တင်ကာ လှမ်းလမ်းကြောင်းတစ်ခုအတိုင်း ဆုတ်လာခဲ့ရသည် ။ နောက်တွင် ထရပ်ကားများက စီတန်းလိုက် လာခဲ့ကြသည် ။ ဂျပန်အမြောက်များက သူ့စစ်ကြောင်းကို တွေ့သွားကာ အမြောက်ကြီးများ ဖြင့် လှမ်းထုသဖြင့် တင့်ကားတစ်စီးနှင့် ထရပ်ကားအချို့ ဆုံးရှုံးခဲ့သည် ။ ကျန်ထရပ်ကားများ နှင့် တင့်ကားများ လည်း ပင်းချောင်းသဲပြင်တွင် နစ်ကုန်ကြသည် ။ ဘရစ်စကော့သည် သူ့ထရပ်ကားများ နှင့် အမြောက်များကို စွန့်ပစ်ခဲ့ရန် ဆုံးဖြတ်လိုက်၏။ သူ့ လူ များ မှာ လည်း ရေငတ်သည့်ဒဏ်နှင့် အပူဒဏ်ကြောင့် အားကုန်နေကြလေပြီ။ ချောင်းတစ်ဖက်ကမ်းသို့ ရောက်သွားသည့် တင့်ကားများ ပေါ်တွင် ဒဏ်ရာရသူများကို ကောက်တင်လာကာ ကျန်တပ်သားတို့ က ခြေကျင်လိုက်ခဲ့ကြရသည် ။ ညနေမိုး ချုပ်တွင် မူ သူ့တပ်သားများ သည် ပင်းချောင်းမြောက်ဘက် ငါးမိုင်အကွာ ရေနံချောင်း ပေတရာပေါ်သို့ ရောက်နေကြလေပြီ။ ကျောက်ပန်းတောင်းသို့ ရောက်သည့်အခါတွင် ဘရစ်စကော့၏ တပ်မဟာ နှစ်ခုမှာ အင်အားတစ်ဝက်စီမျှသာ ကျန်တော့သည် ။

ကျောက်ပန်းတောင်းမှ ထွက်လာသောအခါတွင် ကျန်သည့်တစ်ဝက်မှာ လက်နက်ရောလူပါ ငါးပုံတစ်ပုံခန့် ဆုံးရှုံးခဲ့ရပြန်သည် ။ ထိုအချိန်၌ မြန်မာ ပြည်တပ်မ ၁ သည် တိုက်ခိုက်ရေးတပ်တစ်တပ်အဖြစ် ရပ်စဲသွားခဲ့လေပြီ။

'ရန်သူ (ဗြိတိသျှ) တို့ ၏ တိုက်ခိုက်ရေးစိတ်ဓာတ်သည် ပြိုကွဲသွားလေပြီ။ ရန်သူသည် မော်တော်ယာဉ်များကို စွန့်ပစ်ခဲ့ကာ မြောက်ဘက်သို့ ဆုတ်သွားခဲ့ရသည် ။ မကြာမီ အစိတ်စိတ် အမြွာမြွာပြိုကွဲသွားသည် ။ လုံးဝ တပ်ပျက်သွားခြင်းဖြစ်သည် 'ဟု ဂျပန်တို့ ၏ တရားဝင် စစ်သမိုင်းတွင် ရေးထားသည် ။

ကျောက်ပန်းတောင်းတွင် ရှိနေသည့် တရုတ်တပ်တို့ က ဧပြီလ ၁၉ ရက်နေ့ အရုဏ်တက်တွင် ဝင်တိုက်ပေးမည်ဟု ကတိပေးထားသော်လည်း ၁၂ နာရီခွဲမှ ဝင်တိုက်မည်ဟု အချိန်ပြောင်းလိုက်သည် ။ ထို့နောက် နာရီပြန်နှစ်ချက်ကျမှ ဝင်တိုက်ပေးမည်ဟု ပြောင်းပြန်သည် ။ နောက်တစ်ဖန် ညနေ လေးချက်တီးမှ ဝင်တိုက်မည်ဟု အချိန်ပြောင်းပြန်သည် ။ ဗိုလ်ချုပ်ဆလင်း အတင်းတိုက်တွန်းသည့် အခါတွင် မှ ညနေ သုံးချက်တီးတွင် ဝင်တိုက်ပေးသည် ။

ညနေသုံးချက်တီးတွင် မြန်မာပြည်တပ်ဖွဲ့၊ အင်းစတစ်၏ အမြောက်များ နှင့် တင့်ကားများ အကူဖြင့် ဆွန်လီကျင်း၏ တပ်များ သည် တွင်းကုန်းကို ဝင်သိမ်းကာ အဖမ်းခံနေရသည့် **အင်စကီးလင်း** (Inniskillings) တပ်များကို ကယ်ခဲ့သည် ။ ဧပြီလ ၂၀ ရက်နေ့တွင် ရေနံချောင်းကို ဝင်လာခဲ့ပြီး ရန်သူတို့ ကို အမြောက်အမြား ကျဆုံးစေခဲ့သည် ။ သို့ရာတွင် ရေနံချောင်းကို ထိန်းသိမ်းထားရန်

အကြောင်းမရှိတော့။ ရေနံတွင်းများ ၊ လောင်စာကန်များကို ဖျက်ဆီးပစ်ခဲ့ပြီးပြီ။ စွမ်းစွမ်းတမံ ဝင်တိုက်ပေးခဲ့သော တရုတ်တပ်မကို အချည်းနှီး အပြုန်းမခံနိုင်တော့။ ထို့ကြောင့် ဗိုလ်ချုပ် ဆလင်းက ဆွန်လီဂျင်း၏ တပ်များကို ပင်းချောင်းသို့ ဆုတ်လာခဲ့ရန်၊ ထိုမှ ငွေးချိုသို့လာခဲ့ရန် အမိန့်ပေးလိုက်သည် ။ ဆွန်လီဂျင်းသည် မြန်မာပြည်မှ ဗြိတိသျှတပ်များ နောက်ဆုံး ဆုတ်ခွာရေးတွင် သူ တတ်နိုင်သလောက် လုပ်ပေးခဲ့ပြီးပြီ။ ထို့ကြောင့် ဗိုလ်ချုပ်ဆလင်း ကျေနပ်သည် ။ ဆွန်လီဂျင်း၏ တပ်မ ၃၈ ကို အိန္ဒိယပြည်ထဲအထိ ခေါ်သွားပြီး အနားခိုင်းထားဖို့ ချန်ကေရှိတ်ထံ ခွင့်တောင်းလိုက်သည် ။

ယခုမှ ရှင်းသွားသည့် အချက်နှစ်ချက်ရှိသည် ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ၏ မြန်မာပြည် တပ်မ တော်သည် မြန်မာပြည်မြောက်ပိုင်းတစ်ခုလုံးကို အချိန်အကန့်အသတ်မရှိ ထိန်းမထားနိုင်ဆိုသည့် အချက်ဖြစ်သည် ။ မြန်မာပြည်မြောက်ပိုင်းတွင် ရိက္ခာအပို နှစ်လစာမျှသာ ရှိ၏။ အာသံပြည်နယ်မှ ပို့မည်ဆိုလျှင် တစ်နေ့လျှင် တန်သုံးဆယ်ထက် ပို၍ မပို့နိုင်။ အလွယ်ဆုံး ရိက္ခာပို့လမ်းကြောင်းဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းလည်း ကျခဲ့ပြီ။ လောင်စာရင်းမြစ်တစ်ခုဖြစ်သော ရေနံချောင်းလည်း ကျခဲ့ပြီ။ ထို့နောက်တွင် မူ ဆုတ်ခွာခြင်း ပြု၊ မပြု ဆိုသော ပြဿနာမပေါ်တော့။ မည်သည့်နေရာသို့ ဆုတ်ခွာမည်နည်းဆိုသည့် ပြဿနာသာ ကျန်တော့သည် ။ ထိုကိစ္စနှင့် ပတ်သက်၍ အထက်စစ်အာ ဏာပိုင်တို့ တွင် ဘာမျှ တိတိကျကျရှိဟန် မတူ။ မည်သည့်မှတ်တမ်းကိုမျှ မတွေ့ရ။ ရေနံချောင်း မကျ မီ လေးရက်အလိုခန့်ကဆိုလျှင် ဗိုလ်ချုပ်ဝေဗယ်က မြန်မာပြည်ကိုပြန်သိမ်းရန် ထိုးစစ်စီမံကိန်းကို အမြန်ဆုံးရေးဆွဲရမည်ဟု ပင် သူ့စစ်ဦးချုပ် **ဒုတိယဗိုလ်ချုပ်ကြီး**

အက်ဒွင်မောရစ် (Lieutenant-General Sir Edwin Morris)ကို ညွှန်ကြားခဲ့သေးသည်။

ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါကမူ ရန်ကုန်ကို ထိန်းထားရန် ဆိုသည့် ညွှန်ကြားချက်ကိုရပြီး သည့်နောက်ပိုင်းတွင် မြန်မာပြည်တိုက်ပွဲစဉ်နှင့် ပတ်သက်၍ အထက်စစ်အာဏာပိုင်များ ထံမှ ဘာ ညွှန်ကြားချက်မျှ မရတော့ဟု ပင် ပြောခဲ့သေးသည်။

အ မှ န် မှာ ထိုသို့မဟုတ်ပါ။ ရေနံချောင်းမှ မဟာမိတ်တပ်များ မဆုတ်ခွာမီ နှစ်ရက်အလိုတွင် ဗိုလ်ချုပ်ဝေဗယ်က ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါထံ စာတစ်စောင် ရေးခဲ့သည်။ တရုတ်တို့ နှင့် ဆက်သွယ်ပြီးနောက် ကလေးဝ-တမူးလမ်းအတိုင်း အိန္ဒိယပြည်ထဲသို့ ဆုတ်လာခဲ့ရန် ထိုအထဲတွင် ဖော်ပြထားသည် ။ ဗိုလ်ချုပ် အယ်လိပ်ဇန်ဒါကလည်း ပျော်ဘွယ်-မန္တလေး မီးရထားလမ်း အရှေ့ဘက်ရှိ တရုတ် တပ်များအားလုံး မြောက်ဘက်သို့ ဆုတ်လာခဲ့ကာ လားရှိုးသို့ သွားသည့်လမ်းများကို ကာကွယ်ရမည်ဖြစ်ကြောင်း။ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ရှိ ဗြိတိသျှတပ်များ နှင့် ဆွန်လီကျင်း၏ တ ရု တ် တ ပ် မ များ မှာ ရွှေဘိုနှင့်ချင်းတွင်းကြားရှိ အိန္ဒိယသို့ သွားသည့်လမ်းများကို ကာကွယ်ရန် အတွက် မန္တလေးမြို့ကို ထိန်းကာကွယ်ရာတွင် ပါဝင်နိုင်တော့မည် မဟုတ်ကြောင်းဖြင့် ဧပြီလ ၃၀ ရက်နေ့တွင် စစ်ဆင်ရေး အမိန့်တစ်ခု ထုတ်ခဲ့သေးသည် ။ တပ်မဟာ ၃၈ က အမြောက်ကြီးများ ဖြင့် ကျောက်ဆည်တွင် ဂျပန်တို့ ကို တားထားချိန်၌ မိမိ၏ မြန်မာပြည်တပ်မဟာက(ဧပြီ ၃၀ ရက်နေ့ ညတွင် ) ဧရာဝတီ မြစ်ဝှမ်းမှ ဆုတ်ခွာရန်လည်း ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ ညွှန်ကြားခဲ့သည် ။ ဧပြီ ၂၉ ရက်နေ့တွင် ကျင်းပသည့် စစ်ကွန်ဖရင့်၌ ကလေးဝ၊ ကသာ၊ ဗန်းမော်၊

သိန္နီမျဉ်းကြောင်းအတိုင်း ခံစစ်ဆင်ရန် ဆုံးဖြတ်ခဲ့သည် ။ ထိုခံစစ်ကြောင်း ကျိုးသွားခဲ့လျှင် အိန္ဒိယပြည်ထဲသို့ ဆုတ်ခွာရန်ဖြစ်သည် ။ မန္တလေးကို ကြာရှည် ခုခံတိုက်ခိုက်ခြင်းအားဖြင့် မိမိတပ်များကို ပိတ်အမိမခံနိုင်ကြောင်းဖြင့်လည်း ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါက ပြောခဲ့သည် ။

ဧပြီလ ၃၀ ရက်နေ့ညတွင် မန္တလေးအောက်နားရှိ အင်းဝတံတားကြီးကို ဖောက်ခွဲ ဖျက်ဆီးလိုက်၏။ ထိုအချိန်ထိ ဗိုလ်ချုပ်ဆလင်းသည် မြန်မာပြည်တွင် ထိုးစစ်တပ်ရင်းကို ဆင်နွှဲဖို့ စိတ်ကူးနေဆဲဖြစ်သည် ။ သူ့စိတ်ကူးထဲတွင် မြန်မာပြည်တပ်မကို ပြန်ဖွဲ့မည်။ ထို့နောက် မြန်မာပြည်တပ်ဖွဲ့နှင့် တရုတ်တပ်မ ၂၀၀ တို့ ဖြင့် ဗိုလ်ချုပ်ဆာကူရိုင်း၏ တပ်မ ၃၃ ကို တိုက်မည်။ ထို့နောက် စစ်တောင်းမြစ်ဝှမ်းကို ဖြတ်ကာ ဂျပန်တပ်မ ၅၅ ကို မိမိက တောင်ပံမှ တိုက်မည်။ တရုတ်တပ်များက ထိပ်တိုက် မျက်နှာချင်းဆိုင် တိုက်မည်ဟု စိတ်ကူးထားခဲ့သည် ။ စိတ်ကူးကောင်းသည် မှန်သော်လည်း အခြေအနေနှင့် မဟပ်မိတော့ပြီ။ ဂျပန်တို့ သည် ရက်တိုတိုအတွင်း အပြင်းအထန် တိုက်ပစ်လိုက်သည် တွင် အမှတ် ၆ တရုတ်တပ်မတော်ကို တပ်ပျက်သွားအောင် တိုက်ပစ်လိုက်ကာ အထက်ဘက်သို့ ဖြန့်၍ ချီတက်လာခဲ့ကာ ရှမ်းပြည်တောင်ပိုင်းရှိ လွယ်လင်သို့ ရောက်လာကြသည် ။ အမှတ် ၆ တရုတ် တပ်မတော် **ဗိုလ်ချုပ်ကန်** (General Kan) သည် ရှိသမျှ အင်အားဖြင့် ကျိုင်းတုံသို့ ဆုတ်လာ ခဲ့သည် ။ သို့ရာတွင် ကျိုင်းတုံကို ထိုင်းတပ်တို့ က ဂျပန်အကူအညီဖြင့် သိမ်းပိုက်ထားပြီး ဖြစ်သဖြင့် တရုတ်ပြည်ထဲသို့ ဆုတ်လာခဲ့ရသည် ။

အမှတ် ၆ တရုတ်တပ်မတော် ပျက်သွားသည့် သတင်းကို

ကြားရသည့်အခါတွင် တရုတ် တပ်မ ၂၀၀ ကို ဗိုလ်ချုပ်ဆလင်းနှင့်အတူ ထည့်လိုက်မည် ဆိုသည့် ဗိုလ်ချုပ်စတီးဝဲလ်၏ ကတိသည် လည်း ဘာမျှ ရေရာခြင်း မရှိတော့။ တရုတ်တပ်မ ၂၀၀ ကျောက်ပန်းတောင်းသို့ ရောက်သည် နှင့် အရှေ့မြောက်ပိုင်းသို့ ပြန်လာခဲ့ရန် ဗိုလ်ချုပ်စတီးဝဲလ်ထံမှ အမိန့်ရောက်လာသည် ။ ထိုတပ်များ ဖြင့် ဗိုလ်ချုပ်စတီးဝဲလ်သည် ဧပြီလ ၂၄ ရက်နေ့တွင် တောင်ကြီးကို ဂျပန်တို့လက်မှ ပြန်သိမ်းသည် ။ ထို့နောက် လွယ်လင်ကို ပြန်သိမ်းရန် ကြိုးစားသည် ။ 'ခမ်းနားသော အောင်မြင်မှုကြီးတစ်ခုပါပေ' ဟု ဗိုလ်ချုပ်ဆလင်းက ရက်ရောစွာ ချီးကျူးခဲ့သည် ။ သို့ရာတွင် ထိုအကြံသည် ပျက်ပြားသွားခဲ့ကာ နောင်တွင် တရုတ်တပ်များ သည် လွယ်လင်-လားရှိုးလမ်းအတိုင်း ယူနန်နယ်ထဲသို့ ပြန်သွားခဲ့ကြ သည် ။

ဗိုလ်ချုပ်စတီးဝဲလ်ကိုယ်တိုင်ကလည်း တရုတ်ပြည်ထဲသို့ ပြန်ဝင်ချင်နေသည် ။ မေလ ၅ ရက် နေ့ မြစ်ကြီးနားသို့ သွားမည်ကြံဆဲ အင်းတော်၏ တောင်ဘက်နှင့် မြောက်ဘက်ရှိ မီးရထားလမ်းများကို ဂျပန်တို့ က ပိတ်ဆို့ထားလိုက်ပြီဆိုသည့် သတင်းများ ရောက်လာသည် ။ ဂျပန်တို့ သည် ဗန်းမော်ကိုလည်း သိမ်းပြီးနေပြီ။ ထို့ကြောင့် အနောက်ဘက် အိန္ဒိယပြည်ဆီသို့ ချီတက်လာခဲ့သည် ။ သူ့အဖွဲ့တွင် တရုတ်အရာရှိများ ၊ ဗြိတိသျှအရာရှိများ ၊ သတင်းစာဆရာများ နှင့် **ဒေါက်တာ ဆီးဂရေး** (Dr. Seagrave) ၏ ဆေးအဖွဲ့ဝင်များ ပါလာကြသည် ။ လမ်းတွင် အပူရှိန်ကြောင့် လဲကျသူလဲ ကျကြသည် ။ ချောင်းကျယ်တွေ့လျှင် ဖောင်များ ဖွဲ့ကာ ကူးလာခဲ့ကြရသည် ။ သူတို့ အဖွဲ့သည် မေလ ၁၃ ရက်နေ့တွင် ချင်းတွင်းမြစ်ဖျားတစ်နေရာကို ကူးလာခဲ့ကြကာ မေလ ၂၀ ရက်နေ့တွင် အင်ဖာသို့ ရောက်လာခဲ့ကြသည် ။ ထိုတိုက်ပွဲစဉ်နှင့်ပတ်သက်၍

ဗိုလ်ချုပ်စတီးဝဲလ်က မကြာခဏ ကိုးကားခံရသော စကားတစ်ခွန်းကိုပြောသည် ။

"ကျုပ်တို့ ရှုံးလိုက်ပုံကတော့ ခွက်ခွက်ကိုလန်နေတာပဲဗျာ။ ကျုပ်တို့ ခွက်ခွက်လန်ပုံက ရှက်ဖို့ တောင် ကောင်းတယ်။ ဘာဖြစ်လို့ ဒီလို အရှက်တကွဲ ဖြစ်ခဲ့ရသလဲဆိုတာ ရှာကြည့်ဖို့ ပြန်သွားရမယ်"ဟု သူက ပြောခဲ့သည် ။

နောက်ဆယ်ရက်အကြာတွင် တရုတ် ဗိုလ်ချုပ်ဆွန်လီဂျင်း၏ တပ်မ ၃၈ သည် အိန္ဒိယပြည်ထဲသို့ ရောက်လာခဲ့သည် ။ သူတပ်ကို မြင်သည့်အခါတွင် အာသံနယ်ဘုရင်ခံက 'လူဆိုးဓားပြ'များ ဟု ဆိုကာ ဖမ်းဆီးလက်နက်ဖြုတ်မည်ပြုသည် ။ ဗိုလ်ချုပ်စတီးဝဲလ်၏ ကိုယ်စားလှယ်က ဗိုလ်ချုပ်ဝေဗယ်ကို သွားပြောသဖြင့်သာ အချုပ်ခံရမည့်ဆဲဆဲမှ သီသီကလေး လွတ်လာခဲ့ခြင်း ဖြစ်သည် ။ အခြားသော တရုတ်တပ်များ ဖြစ်သည့် တပ်မ ၂၂ လည်း ရောက်လာသည် ။ တပ်မ ၂၈၊ ၉၆ နှင့် တပ်မ ၂၀၀ မှ တပ်ကြွင်းများ လည်း အိန္ဒိယပြည်ထဲသို့ ရောက်လာကြသည် ။ တပ်မ ၉၆ သည် ပင်ပန်းခက်ခဲစွာ ဆုတ်လာခဲ့ရသည့်တိုင် လမ်းတစ်လျှောက်တွင် အရပ်သားများကို သတ်ဖြတ်ကာ ပစ္စည်းများကို လုယူခဲ့ကြသည် ။ အိန္ဒိယနယ်ထဲသို့ ရောက်သည့်အခါတွင် ထိုတပ်များ သည် မြောက်ဘက် **ရှင်ဘွေယံ** (Shingbwiyang)သို့ ချီတက်သွားကာ ထိုမှ **ဖို့ ဟတ်** (Fort Hertz)၊ ထိုမှ တော တောင်များကိုဖြတ်ကျော်၍ ယူနန်နယ်ထဲသို့ ပြန်ဝင်သွားခဲ့ကြသည် ။ ဂျပန်တပ်မ ၁၈ နှင့် ၅၆ တို့ ၏ လိုက်လံတိုက်ခိုက်ခြင်းခံရသော အခြား တရုတ်တပ်မ ခြောက်ခုတို့ သည် လည်း ယူနန်နယ်ထဲသို့ ဆုတ်လာခဲ့ကြသည် ။ ဂျပန်တို့ သည် ယူနန်နယ်ထဲသို့ ရောက်အောင် လိုက်တိုက်လျှင်လည်း မည်သူမျှ

တားနိုင်မည် မဟုတ်တော့။ သို့ရာတွင် ဗိုလ်ချုပ်အီဒါက သူ့တပ်များကို သံလွင်မြစ်ကမ်းအရောက်တွင် ရပ်တန့်ထားရန် အမိန့်ပေးခဲ့သဖြင့် ထိုနေရာမှာ ပင် ရပ်သွားကြသည် ။

ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ၏ မြန်မာပြည်တပ်မတော်သည် ချင်းတွင်းမြစ် ကမ်းပါးဆီသို့ ဆုတ်လာခဲ့၏။ သို့ရာတွင် ချောချောမောမော အသေအပျောက် မရှိ ဆုတ်လာခဲ့ရခြင်း မဟုတ်။ သံချပ်ကာ တပ်မဟာ ၇ နှင့် ဗိုလ်ချုပ် ကိုဝမ်၏ တပ်မဟာများကို တရုတ်တို့ နှင့်အတူ တရုတ်ပြည်ထဲသို့ ဆုတ်ခွာပေးရန်လျာထားသည့် ဗိုလ်ချုပ်ဝေဗယ်၏ စီမံချက်ကိုမူ လန်ဒန်ရှိ စစ်ရုံးချုပ်နှင့် ဗိုလ်ချုပ်ဆလင်းတို့ က အလန့်တကြားဖြင့် ဝေဖန်ကြသည် ။ သူ့စီမံကိန်းကို မည်သူမျှ လက်မခံကြ။

နောက်ဆုံးတွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် မည်သည့် ဗြိတိသျှတပ်ကိုမျှ တရုတ်ပြည်ဘက်သို့ ဆုတ်ခွာခွင့်မပေးတော့ဘဲ ကလေးဝမှ အိန္ဒိယပြည်ထဲသို့ ဆုတ်ခွာလာရန် အမိန့်ထုတ်လိုက်သည် ။ သံချပ်ကာတပ်မဟာ ၇ ကမူ မန္တလေး အနောက်ဘက် ရွှေဘိုလမ်းတစ်လျှောက်အတိုင်း တရုတ်တပ်များ၊ ဆုတ်ခွာရေးလမ်းကို ထိန်းသိမ်းပေးရန် ထားပစ်ခဲ့သည် ။ ဧရာဝတီမြစ်ကမ်း၏ တောင်ဘက်တွင် ရောက်နေသည့် တချို့တပ်များ သည် အင်းဝတံတားကြီးကို ဖောက်ခွဲမပစ်မီ မြောက်ဘက်ကမ်းသို့ ရောက်ရန် လိုသည် ။ မြန်မာပြည်တပ်မ ၁ မှ မော်တော်ယာဉ်များမှာ အင်းဝတံတားကို ဖြတ်၍ ဆုတ်ကြရပြီး တပ်သားများမှာ မူ အောက်ဘက် **ဆီမီးခုံ** (Sameikkon) မှ နေ၍ အနောက်ဘက် ကမ်းသို့ ကူးကြရသည် ။ ဧပြီ ၃၀ ရက်နေ့တွင် မူ မြန်မာပြည်တပ်မမှ တပ်သားများ အားလုံးလောက် အနောက်ဘက်ကမ်းသို့

ရောက်လာခဲ့ကြကာ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ မုံရွာသို့ လာခဲ့ကြသည် ။ ရှေ့တွင် သူတို့ ထက် စော၍ ရောက်နှင့်သော တပ်ပြေးများက အရပ်သူ အရပ်သားများကို လုယက် သွားကြသဖြင့် တပ်ပျက်လာသည် နှင့် တူနေသည် ။

ထိုအတောအတွင်း ဂျပန်တို့ က ဗြိတိသျှတပ်များ ၏ ဆုတ်ခွာမှုကို ပိတ်ဆို့ရန် မြစ်သာမြစ် ဝှမ်းလွင်ပြင် (ပေါက်၊ ဂန့်ဂေါ၊ ကလေးဝဒေသ)သို့ တပ်များ စေလွှတ်မည်ဆိုသည့် ကောလာဟလ ဖြစ်သဖြင့် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါသည် မြန်မာပြည်တပ်မဟာ ၂ ကို မြစ်သာမြစ်ဝှမ်းလွင်ပြင်သို့ ပို့ရသေးသည် ။ မြန်မာပြည် တပ်မဟာ ၁ ကို ချင်းတွင်းအတိုင်း ကလေးဝအထိ ဆန်တက်ကာ ထိုမှ ကလေးမြို့သို့ ကုန်းလမ်းအတိုင်း ဆုတ်ရန် အမိန့်ထုတ်သည် ။ တပ်မဟာ ၁၃ ကိုမူ မုံရွာတွင် ထားရစ်ခဲ့ပြီး တပ်မ ၁၇ မှ တပ်များ ရောက်လာသည် နှင့် ချင်းတွင်းမြစ်အတိုင်း ဆန်တက်လာကာ ကလေးဝနှင့် မျက်နှာချင်းဆိုင် ရွှေကျင်သို့ ဆုတ်လာခဲ့ရန် အမိန့်ထုတ်ခဲ့သည် ။

တပ်မ ၁၇ နှင့် သံချပ်ကာ ၇ တို့ ကမူ ၁၉၄၄ ခုနှစ် အမှတ် ၁၄ တပ်မတော် မြန်မာပြည်ထဲသို့ ဝင်ခဲ့သည့်လမ်းဖြစ်သော လမ်းအတိုင်း ဆုတ်ရန် ဖြစ်သည် ။ ရေဦးနှင့် ချင်းတွင်းမြစ်ကမ်းမှာ ကျိုးကန်းပုံလမ်းအတိုင်းဆိုလျှင် မိုင် နှစ်ဆယ်ခန့် ရှိသည် ။ ရေဦးနှင့် မုံရွာမှာ ကျိုးကန်းပုံလမ်း အတိုင်း မိုင်ငါးဆယ်ခန့်ရှိသည် ။ ထိုခရီး၏ တစ်ဝက်တွင် ဘုတလင်ရှိသည် ။ ဗိုလ်ချုပ်ဆလင်းသည် ဆုတ်ခွာခဲ့ရာတွင် သူ့တပ်ဖွဲ့ဌာနချုပ်ရုံးကို ဘုတလင်အနီးသို့ ရွှေ့လာခဲ့သည် ။ သို့ရာတွင် လမ်းအတိုင်း သွားသည့်အခါတွင် ထိုခရီးမှာ မိုင် ၁၄၀ ခန့်ရှိသည် ။ **ကဒူးမ (Kaduma)** ကိုလွန်လျှင် မူ မဟာမြိုင်တောကြီးကို ဖြတ်ရတော့သည် ။ ကျဉ်းမြောင်းမတ်စောက်၍

ရေရှားသည့် တောလမ်း ကြမ်းဖြစ်လေသည်။

ယခုအချိန်တွင် ဂျပန်တို့ ထက် စိုးရိမ်စရာကောင်းသည့် ရန်သူတစ်ဦး ပေါ် လာလေပြီ။ ယင်းမှာ အခြားမဟုတ်။ မေလ ၂၀ ရက် တစ်ဝိုက်လောက်တွင် ရောက်လာတတ်သော မုတ်သုံရာသီ ဖြစ်သည် ။ မိုးကြောင့် ရေပြဿနာ ပြေလည်သွားသည် မှန်ပါ၏။ သို့ရာတွင် အခြားပြဿနာတစ်ရပ် ပေါ်လာသည် ။ မြစ်များ ၊ ချောင်းများ ရေလျှံပြီး အကူးရခက်လာသည် ။ လမ်းများ ဗွက်ထူ၍ ယာဉ်များ နစ်မြုပ်ကုန်တတ်သည် ။

ဧပြီလကုန်၌ တပ်မ ၁၇ သည် စစ်ကိုင်းမှ **အာလာကပ္ပ** (Allagappa) သို့ ဧရာဝတီမြစ် ဘေးအတိုင်း ကပ်၍ ဆုတ်လာခဲ့သည် ။ မြန်မာပြည်တပ်မ ၁ သည် မုံရွာ တောင်ဘက်လေးမိုင်အကွာ ရှိ **မအူ** (Ma-U) ရွာတွင် ရောက်နေသည် ။

ထိုအချိန်တွင် ဗိုလ်ချုပ်ဆလင်းသည် အရေးကြီးသော အမှားတစ်ခုကို လုပ်လိုက်မိလေသည် ။

ထိုအချိန်က တပ်မဟာ ၁ နှင့် တပ်မဟာ ၁၃ (မြန်မာပြည်တပ်မ ၁) မုံရွာသို့ မရောက်သေးဘဲ မုံရွာတောင်ဘက် မိုင်နှစ်ဆယ်ခန့်အကွာတွင် ရောက်နေသည် ။ တပ်မဟာ ၂ မှာ မြစ်သာမြစ်ဝှမ်းလွင်ပြင်သို့ ထွက်ရမည် ဖြစ်သည် ။ ထိုနေရာတစ်ဝိုက်တွင် ဂျပန်တို့ ရောက်နေပြီဖြစ်သည့် သတင်းများကြောင့် မြစ်သာမြစ်ဝှမ်းလွင်ပြင်ကို ကိုယ်က ထိန်းထားနိုင်အောင် တပ်များကို မြန်မြန် ပို့ချင် သည် ။ ထို့ကြောင့် မုံရွာတွင် ရှိသည့် တပ်မဟာ ၂ ကို ပုလဲ-ဂန့်ဂေါလမ်းအတိုင်း မြစ်သာမြစ်ဝှမ်းသို့ ချက်ချင်း ပို့လိုက်သည် ။ သို့ဖြင့် မုံရွာသည် အနည်းဆုံး တစ်ရက်မျှ မြို့စောင့်တပ်မရှိဘဲ ဟင်းလင်း

ပွင့်ကျန်ရစ်ခဲ့သည် ။

ဗိုလ်ချုပ်ဆလင်း၏ မြန်မာပြည်တပ်ဖွဲ့ဌာနချုပ်သည် မုံရွာမြောက်ဘက် မိုင်အနည်းငယ် အကွာရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းအနီး တောအုပ်ကလေးထဲတွင် ရှိနေသည် ။ ဧပြီလ ၃၀ ရက်နေ့ ညနေ ထမင်းစားပြီးချိန်လောက်၌ ဗိုလ်ချုပ်ဆလင်းသည် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ၏ တပ်မဟာ ဌာနချုပ်မှ အရာရှိငယ်တစ်ဦးကို ဆူပူကြိမ်းမောင်းလျက်ရှိ၏။ ထိုစဉ် ဂျပန်တို့ မုံရွာကို သိမ်းလိုက်ပြီ ဆိုသည့် သတင်းရောက်လာသည် ။ အဝေးမှ အမြောက်သံသဲ့သဲ့ကို သူတို့ ကြားနေရသည် ။

အမှန်အားဖြင့်မူ မုံရွာကို ဂျပန်တို့ မသိမ်းရသေး။ ဟာရာဒါ၏ တပ်ရင်း ၂၁၅ မှ ရှေ့ပြေးကင်း များ သည် ချင်းတွင်းမြစ်ကို လှေသမ္ဗန်များ ဖြင့် ဆန်တက်လာခဲ့ကြကာ မုံရွာနှင့် မျက်နှာချင်းဆိုင်ရှိ **ရွာရှည်** (Ywashe) ရွာသို့ ဝင်လာခဲ့ကြပြီးနောက် မုံရွာမြို့တွင် ရှိသည့် မြန်မာပြည်တပ်မ ၁ ၏ အချို့ မြို့စောင့်တပ်ကို အမြောက်ဖြင့် လှမ်းပစ်နေကြခြင်းသာ ဖြစ်သည် ။ မေလ ၁ ရက်နေ့ မနက်၌ ဂျပန်များ နှင့် မြန်မာအချို့သည် မအူရွာရှိ မြန်မာပြည်တပ်မ ၁ ဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်ကာ မအူကို သိမ်းခဲ့ကြသည် ။ ထို့နောက် မုံရွာနှင့် မအူကြားတွင် လမ်းများကို ပိတ်ဆို့ထားခဲ့ကြသည် ။ မြန်မာပြည်တပ်မ ၁ ဌာနချုပ် အစောင့်တပ်စုတစ်ခုလုံး ပြုတ်သွားခဲ့သဖြင့် တပ်မှူး ဘရစ်စကော့နှင့် ရုံးအဖွဲ့သည် ရန်သူတို့ ကို တိုက်၍ ဖောက်ထွက်ခဲ့ကြရသည် ။ ထိုတိုက်ပွဲတွင် အရာရှိ အများ အပြားနှင့် တပ်သားများ ကျဆုံးခဲ့သည် ။ တပ်မဌာနချုပ်ရှိ ပစ္စည်းများ လည်း ဆုံးရှုံးခဲ့သည် ။ သို့ရာတွင် လျှို့ဝှက် သင်္ကေတများ နှင့် လျှို့ဝှက်စာရွက်စာတမ်းများကိုမူ သယ်ယူနိုင်ခဲ့သည် ။ မေလ ၁

ရက်နေ့တွင် ဂျပန် ကင်းထောက် လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ကာ မုံရွာဆိပ်ကမ်းကို ရှင်းပေးကြသည် ။ မကြာမီ မော်တော်သုံးစင်းဖြင့် ဂျပန်တို့ မုံရွာဆိပ်ကမ်းသို့ တက်လာသည် ။ မော်တော်တစ်စင်းလျှင် တပ်သား ၂၀၀ ခန့် ပါသည် ။ မုံရွာမြို့မှာ တစ်နာရီအတွင်း ဂျပန်တို့ လက်သို့ ကျသွားခဲ့လေပြီ။ ဗြိတိသျှတို့ သည် မုံရွာမြောက်ဘက်ရှိ ဘုတလင်သို့ ဆုတ်လာခဲ့ကြရ၏။ မုံရွာတောင်ဘက်တွင် ကျန်ရစ်ခဲ့သည့် မြန်မာ ပြည်တပ်မ ၁ နှင့် တပ်မ ၁၇ မှ တပ်ကြွင်းများ သည် မုံရွာကို ပန်း၍ ဘုတလင်သို့ ဆုတ်လာခဲ့ကြရ လေသည် ။

ဗိုလ်ချုပ်ဆလင်းသည် မြန်မာပြည်တပ်မ ၁ မှ တပ်မဟာ ၁ နှင့် ၁၃ တို့ ကို မုံရွာတောင်ဘက်ရှိ ချောင်းဦးသို့ ရွှေ့လာခဲ့ပြီးနောက် တပ်ဖွဲ့ဌာနချုပ်ကို ရေဦးသို့ ပို့လိုက်သည် ။ ရေဦးတွင် ကား ဌာနချုပ်တွေ စုံနေတော့သည် ။ ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါ၏ မြန်မာပြည်တပ်မတော်စစ်ဌာနချုပ်လည်း ရှိသည် ။ ဗိုလ်ချုပ်ဆလင်း၏ မြန်မာပြည်တပ်ဖွဲ့စစ်ဌာနချုပ်လည်း ရှိသည် ။ ဗိုလ်ချုပ်ကိုဝမ်၏ တပ်မ ၁၇ ဌာနချုပ်လည်း ရှိသည် ။ သူတို့ အားလုံးသည် မုံရွာပြဿနာအတွက် စိတ်မအေးဖြစ်နေကြသည် ။ မုံရွာသာ ဂျပန်တို့ လက်သို့ ကျသွားခဲ့လျှင် ရွှေကျင်၊ ကလေးဝသို့ သွားသည့် ချင်းတွင်းမြစ်ကြောင်း လမ်းသည် ပွင့်သွားကာ ဆုတ်ခွာရေးစီမံကိန်းတစ်ခုလုံး အန္တရာယ်ဖြစ်လာနိုင်သည် ။

မေလ ၂ ရက်နေ့၌ ဟာရာဒါ၏ တပ်ရင်း ၂၁၅ သည် မုံရွာကို ဘက်ပေါင်းစုံမှ တိုက်ခိုက်ရန် အသင့်ဖြစ်နေလေပြီ။ ဗြိတိသျှတို့ သည် တင့်ကား ၁၀ စင်းနှင့် အမြောက်အလက် ၂၀ ခန့် ရှိမည်ဟု ဟာရာဒါခန့်မှန်းသည် ။ သို့ရာတွင် ထိုတပ်များကို မောင်းထုတ်ပြီးလေပြီ။ ဗြိတိသျှတို့ သည် သုံ့ပန်း ၄၀၃ ယောက်၊

စက်သေနတ်ကြီး ၃၁၊ တင့်ကားပစ်အမြောက် ၆၊ ထရပ်ကား ၁၅၈ စင်းနှင့် တင့်ကား နှစ်စီးတို့ ကို စွန့်ပစ်ကာ မြောက်ဘက်သို့ ဆုတ်ခွာလာခဲ့ကြသည် ။ ဟာရာဒါသည် မေလ ၃ ရက်နေ့ ညတွင် နောက်မှ ထက်ကြပ်လိုက်လာခဲ့ကာ တပ်သား ၇၀၀ နှင့် တင့်ကား ၁၂ တစ်ဆယ့်နှစ်စီးတို့ ပါသော မြန်မာပြည်တပ်ဖွဲ့ကို ဘုတလင်အနီးတွင် တိုက်ပြီးနောက် မေလ ၄ရက်နေ့ မွန်းမတည့်မီတွင် ဘုတလင်မြို့ထဲသို့ ဝင်လာခဲ့လေသည်။

ထိုအတောအတွင်း၌ ဗိုလ်ချုပ်ဆာကူရိုင်းသည် ဆားကူးမား ကွပ်ကဲသည့် တပ်ရင်း ၂၁၄ ကို နောက်မှ စစ်ကူအဖြစ် လွှတ်လိုက်၏။ ဆာကူးမားသည် မေလ ၂ ရက်နေ့ မနက်တွင် ချင်းတွင်းမြစ် မြစ်တစ်ဖက်ကမ်းသို့ ကူးလာခဲ့ကာ မေလ ၃ ရက်နေ့တွင် မုံရွာတောင်ဘက်နားသို့ ရောက်လာခဲ့ သည် ။ သို့ရာတွင် ထိုအချိန်၌ ကား မုံရွာတိုက်ပွဲမှာ ပြီးသွားလေပြီ။ **အီဆာဂိုဒါ** (Major Isogoda Chotaro) ၏ တပ်ရင်း ၂၁၃ သည် လည်း မုံရွာတွင် ဗြိတိသျှတို့ ကို တိုက်ရန် မိတ္ထီလာမှ တောလမ်းများကိုဖြတ်၍ မုံရွာဘက်သို့ ချီတက်လာခဲ့သည် ။ သို့ရာတွင် ဗြိတိသျှတို့ ကို တစ်ယောက်မျှ မတွေ့ရ တော့။

ထိုအတွင်း၌ ဗိုလ်ချုပ်ဆလင်းသည် တပ်မဟာ ၁၆ ကို ရှေ့ပြေးအဖြစ် လွှတ်လိုက်ကာ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ရွှေကျင်ကို ထိန်းထားရန် စီစဉ်သည် ။ ထိုနေရာမှ တပ်များအားလုံး ချင်းတွင်းကို ဖြတ်ကူးမည့်နေရာဖြစ်သည် ။ ထိုနေရာသို့အရောက် ချီတက်ဖို့ ယာဉ်များအားလုံးတွင် လောင်စာ အလုံအလောက် ကျန်သေးသည် ။ သို့ရာတွင် ကြိုတင် ကာကွယ်သည့်အနေဖြင့် နေ့စဉ် ရိက္ခာကိုမူ တစ်ဝက်လျှော့ချလိုက်၏။ ဆုတ်ခွာလာသည့် တပ်သားများ အပြင်

ဒဏ်ရာရသူ ၂၃၀၀ နှင့် စစ်ပြေးဒုက္ခသည် ရာပေါင်းများ စွာတို့ ပါလာသေးသည် မဟုတ်လော။ ဗိုလ်ချုပ်ဝေဗယ်က ရိက္ခာ ထောက်ပံ့ရေး ပြဿနာကို ပြေလည်စေရန်အတွက် တပ်များကို ကလေးဝတွင် ရပ်မထားဘဲ ကဘော် ချိုင့်ဝှမ်းထဲရှိ တမူးသို့အရောက် တောက်လျှောက် ဆုတ်ခွာလာခဲ့ရန် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါကို အမိန့်ပေးသည် ။

သို့ဖြင့် မြန်မာပြည်တပ်ဖွဲ့သည် မြန်မာပြည်ထဲမှ ဆုတ်ခွာလာခဲ့လေသည် ။ နောက်ရံတပ်များ အဖြစ် တပ်မဟာ ၄၈ နှင့် သံချပ်ကာ တပ်မဟာ ၇ တို့ က နောက်မှ လိုက်လာခဲ့ကြသည် ။ သူတို့ ဆုတ်လာသည့် လမ်းဝမှာ တောလမ်းကြီးဖြစ်သည် ။ ရေဦးမှ ကဒူးမသို့ ရောက်သည် ။ ထိုမှ **ပြင်ကိုင်း** (Phyingaing) သို့ ရောက်သည် ။ ထိုမှ **မောက်ကတော်** (Maukkadaw) ချောင်းကိုဖြတ်ကာ ရွှေကျင်သို့ ဆုတ်လာခဲ့သည် ။ ဂျပန်တို့ နှင့် မုတ်သုံရာသီသို့ မရောက်မီ ကြိုရောက်နှင့်အောင် လုပ်ရသည့် အပြေးပြိုင်ပွဲကြီးဖြစ်သည် ။

သူတို့ တပ်များ သည် ချောင်းခြောက်များကို ဖြတ်ခဲ့ရသည် ။ ဝါးတံတားများကို ဆောက်၍ ကူးခဲ့ရသည် ။ ထိုလမ်းကို ပထမဆုံးမြင်ရသူတို့ အဖို့ မူ စက်ယန္တရားအပြည့် တပ်ဆင်ထားသည့် စစ်တပ်ကြီးတစ်တပ် မည်သို့ ဖြတ်သန်းခဲ့လေသနည်းဟု တအံ့တသြဖြစ်ကြပေလိမ့်မည်ဟု နောင်တွင် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါက ရေးခဲ့သည် ။

သူတို့ တပ်များ သည် ရွှေကျင်သို့အရောက်တွင် မိုင်တစ်စိတ်ခန့်ကျယ်သည့် မြင်းခွာပုံရှိသော ကမ်းခြေသို့ ကပ်လာကြသည် ။ ထိုနေရာတစ်ဝိုက် ပတ်ပတ်လည်တွင်

မတ်စောက်သော သဲကမ်းပါး ကြီးတွေရှိသည် ။ အချို့နေရာများ တွင် ပေ ၂၀၀ ခန့် မြင့်လိမ့်မည်။ သူတို့ နှင့်အတူ သင်္ဘောခြောက်စင်းပါလာခဲ့ရာ ထိုသင်္ဘောများ ဖြင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းကို ကူးရသည် ။ သို့ရာတွင် သင်္ဘောတစ်စင်းလျှင် လူ ၆၀၀ နှင့် ထရပ်ကားလေးစီးမျှသာ တင်နိုင်သဖြင့် ကျန်ထရပ်ကားများကို အရှေ့ဘက်ကမ်းတွင် ဖျက်ဆီးပစ်ခဲ့ကြရသည် ။

နောက်မှ ချင်းတွင်းအတိုင်း ဆန်တက်လိုက်လာသော ဂျပန်တို့ မကူးနိုင်ရန်အတွက် ရွှေကျင် အောက်တွင် ရှိသည့် တံတားများ ၊ လှေများ ၊ သင်္ဘောများကိုလည်း မေလ ၇ ရက်နေ့တွင် ဖျက်ဆီး နှစ်မြုပ်ပစ်ခဲ့ရသည် ။ နောက်နှစ်ရက်အကြာတွင် ဂျပန်လေယာဉ်တို့ က ရွှေကျင်တွင် စုရုံးနေသော ဗြိတိသျှတပ်များကို လာရောက် ဗုံးကြဲကြသည် ။


MONYWA
Scale
Alon
Chindwin River
Ettaw
Zalok
MONYWA

ဗိုလ်ချုပ်ဆာကူရိုင်းသည် တပ်မတော် ဗိုလ်ချုပ်အီဒါ၏ အမိန့်ဖြင့် နောက်မှ အတင်းလိုက်တိုက်သည် ။ အိန္ဒိယပြည်ထဲသို့ ဗြိတိသျှတပ်သားတစ်ယောက်မျှ ပြန်မရောက်ရဟု ကြွေးကြော်သည် ။ မေလ ၉ ရက်နေ့၌ ဗိုလ်ချုပ်အီဒါသည် **ခင်ဦး** (Kinu) သို့ ရောက်လာကာ ဆာကူရိုင်းနှင့် တွေ့ဆုံပြီးနောက် မြန်မာပြည်မြောက်ပိုင်းသို့ ချီတက်ရန် စီမံကိန်းများကို ချပြခဲ့သည် ။ ဆာကူရိုင်းသည် စိတ်အားထက်သန်ခြင်း ကင်းစွာဖြင့် တိတ်ဆိတ်နေသည် ။ သူ့တပ်မ ၃၃ သည် တောက်လျှောက်တိုက် လာရသဖြင့် ပင်ပန်းနေပြီ။ သူ့တပ်များအား ဧရာဝတီမြစ်ရိုးနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှ တပ်များကို တိုက်ဖို့ လောက်ကိုသာ သုံးသင့်သည် ဟု ယူဆ၏။ နောက်ထပ် တိုက်ပွဲမဝင်ရသေးသော ဂျပန် တပ်မဟာ ၅၆ ရှိသေးသည် ။ ဗိုလ်ချုပ်အီဒါသည် အဘယ်ကြောင့် တပ်မ ၅၆ ကို မသုံးလေသနည်း။

မိမိသည် ဗိုလ်ချုပ်အယ်လိပ်ဇန်ဒါနှင့် ဗိုလ်ချုပ်ဆလင်းတို့ ကို လူကိုယ်တိုင် ဖမ်းမမိရုံတမည်မျှ နောက်က ထက်ကြပ်လိုက်၍ တိုက်ခဲ့ပြီ မဟုတ်လော။ မြန်မာပြည်မြောက်ပိုင်းမှ တံမြက်လှည်း စစ်ဆင်ရေးမျိုးကို တပ်မ ၅၆ အား အဘယ်ကြောင့် တာဝန်မပေးလေသနည်း။

ဗိုလ်ချုပ်ဆလင်းသည် တကယ်ပင် ဆာကူရိုင်းလက်မှ လွတ်ရုံကလေးမျှသာ ဆုတ်လာနိုင်ခဲ့ ခြင်းဖြစ်သည် ။

မေလ ၁၀ ရက်နေ့ မနက်လင်းအားကြီး၌ ဗိုလ်ချုပ်ဆလင်းသည် ကလေးဝမှ ရွှေကျင်သို့ မော်တော်ကလေးဖြင့် စုန်ဆင်းလာခဲ့သည် ။ ရွှေကျင်တွင် ပြွတ်သိပ်နေသော မော်တော်ယာဉ်များ ၊ တပ်များ ၊

သင်္ဘောများ ၊ ခရီးသည် များအား ရှင်းလင်းပြောင်းရွှေ့ရေးကို စီမံကွပ်ကဲရန် ဆင်းလာခဲ့ခြင်း ဖြစ်၏။ မော်တော်ဦးမှ ကမ်းပေါ်သို့ အဆင်း၌ သူ့ခေါင်းပေါ်၌ ထရေဇာကျည်ဆန်များ တရှိန်ရှိန် မြည်၍ ဖြတ်သန်းသွားကြသည် ။ တစ်ဖက်ကမ်းရှိ ဂျပန်စက်သေနတ်များ ၊ အမြောက်များက သူ့ကို တွေ့သွားကာ လှမ်းပစ်နေကြခြင်းဖြစ်သည် ။ ထိုတပ်များမှာ ဗိုလ်ချုပ်ဆာကူရိုင်းကိုယ်တိုင် ကွပ်ကဲသည့် တပ်မ ၃၃ မှ ခြေလျင်တပ်များ ဖြစ်သည် ။ ရွှေကျင်ဆိပ်ကမ်းရှိ ချိုင့်ထဲတွင် လူတွေ၊ ယာဉ်တွေ ပြည့်နေသည် ။ ဆာကူရိုင်းသည် ဗြိတိသျှရှေ့ကင်းများကို သုတ်သင် ရှင်းလင်းလိုက်ပြီးနောက် ရှေ့သို့ ချီတက်လာကာ ချိုင့်ထဲသို့ အလုံးအရင်းနှင့် ပစ်နေခြင်းဖြစ်သည် ။ လက်ဖြောင့်တပ်သားများကလည်း အတွင်းစည်းဝိုင်းထဲသို့ အစုလိုက် စိမ့်ဝင်လာခဲ့ကြကာ ရှေ့သို့ တက်လာနေကြသည် ။ သင်္ဘောများ ပေါ်မှ ပစ္စည်းများကို ချ၍ မပြီးသေး။ ဘေးပတ်ဝန်းကျင်တွင် မူ အမြောက်သံ၊ သေနတ်သံတို့ ဆူညံလျက်။ ထို့အတူ စစ်ပွဲအနိဋ္ဌာရုံတို့ ကလည်း မမြင်ချင်၍ မရ။

ဗိုလ်ချုပ်ဆလင်းက ထိုမြင်ကွင်းကို သူ့မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးခဲ့သည် ။

ကျွန်ုပ်စကားပြောနေသည့်တင့်ကားနှင့် မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ဦးသည် လမ်းဘေး ကုန်းစောင်းကို မှီ၍ လဲနေသည် ။ ကျောက်ကြီးရောဂါဖြင့် သေအံ့မူးမူးအဆင့်သို့ ရောက်နေလေပြီ။ သူ့ဘေးတွင် မူ အသက်လေးနှစ်ခန့်ရှိ သားငယ်သည် ဗြိတိသျှတပ်သားတစ်ဦး ပေးခဲ့သော နို့ဘူးကို အမေ့ပါးစပ်တွင် တေ့ကာ နို့တိုက်ပေးနေသည် ။ ကျွန်ုပ်တို့ တပ်ဆရာဝန်များက ကလေးကို တွေ့သဖြင့် ကျောက်ဆေးထိုးပေးခဲ့ကြသည် ။ သူ့အမေအတွက်မူ ဘာမျှ

မတတ်နိုင်တော့ပြီ။ အမေမှာ မကြာခင် ဆုံးသွားခဲ့သည် ။ ကျွန်ုပ်တို့ က အိန္ဒိယမိသားစုတစ်ခုကို လာဘ်ထိုးသည့်အနေဖြင့် စောင်များ နှင့် သဘော်စီးခွင့်ပေးပြီး ကလေးငယ်ကို ခေါ်လာခဲ့ရန် ပြောရသည် ။

တပ်မ ၁၇ တွင် ပါလာသည့် ကရင်အရာရှိ **စမစ်ဒွန်း** (Smith Dun) သည် ကားပျက်ကြီး တစ်စီးပေါ်မှ ညည်းသံကြားရသဖြင့် သွားကြည့်ရာ ဗိုက်နာပြီး မျက်နှာမြင်နေသော မိန်းမငယ် တစ်ဦးကို တွေ့ရ၏။ သေခြင်းတရား၏ အလယ်တွင် ရှင်ခြင်းတရားကိုဖော်ပြသည့် ပြယုဂ်တစ်ခုပေတည်း။

ဗိုလ်ချုပ်ကိုဝမ်သည် သူ၏ တပ်မ ၁၇ ကို ရွှေကျင်ချိုင်နှင့် နှစ်မိုင်အကွာတွင် စခန်းချသည် ။ ရွှေကျင်ချိုင်ထဲတွင် လူတွေ ပြည့်နေသဖြင့် ဝေးရာတွင် စခန်းချရခြင်း ဖြစ်၏။ သို့ရာတွင် ပစ်ခတ်သံများကို ကြားရသည့်အခါ၌ ကိုဝမ်သည် ချိုင်ထဲသို့ ပြောင်းလာခဲ့သည် ။ အတင်းတိုးဝှေ့ကာ ကလေးဝသို့ သွားမည့် သဘော်များ ပေါ်သို့ တက်ရန် ကြိုးစားကြသည် ။ သို့ရာတွင် သဘော်ဆလင်တို့ က အသက်အသေခံ၍ ရွှေကျင်သို့ ပြန်မလာတော့ပြီ။ သူ့တပ်မမှ တပ်သားများ ပင်ပန်းနေကြပြီ။ သေနတ်များကိုပင် ကောင်းကောင်း မလွယ်နိုင်တော့။ ဤတွင် ဝန်ပေါ့သွားအောင် ပါလာသည့် ကျည်ဆန်တွေကို အကုန်ထောင်ပစ်ပြီး ခြောက်မိုင်ဝေးသည့် (ကလေးဝနှင့် မျက်နှာချင်းဆိုင်) **ကိုင်း** (Kaing) ရွာသို့ ခြေကျင် ဆုတ်လာခဲ့ကြရသည် ။


ဂျပန်တို့ သည် နောက်မှ လိုက်မလာကြတော့။ အောက်ရွှေကျင်ချိုင်ထဲတွင် ပစ္စည်းတွေ အများကြီး ရလိုက်ပြီ မဟုတ်လော။ ရာပေါင်းများ စွာသော မော်တော်ယာဉ်များ ၊

အမြောက်ကြီးများ နှင့် တင့်ကားများ ပါဝင်ကြသည် ။ ဗိုလ်ချုပ်ဆလင်းသည် တင့်ကားများကို စွန့်ပစ်ခဲ့ရသဖြင့် နှမြော၍ မဆုံးနိုင်။ သို့ရာတွင် ထိုတင့်ကားများကို ချင်းတွင်းကိုဖြတ်၍ မည်သည့်နည်းနှင့်မျှ မသယ်နိုင်တော့ပြီ။ သူ့သဘော်ပေါ်တွင် **စကော့တလန်ကျိန်စာ** (The Curse of Scotland) ဆိုသည့် စတူးဝပ် အမျိုးအစား တင့်ကားကြီးတစ်စင်းကိုသာ တင်လာနိုင်ခဲ့သည် ။ ထိုတင့်ကားသည် နောက်နှစ်နှစ် အကြာတွင် မြန်မာပြည်ထဲသို့ ခေါင်းဆောင်၍ ဝင်လာခဲ့သည့် တင့်ကားကြီးဖြစ်သည် ။

ဗိုလ်ချုပ်ဆာကူရိုင်းသည် ကလေးဝတွင် စစ်နားချင်လှပြီ။ သို့ရာတွင် ချင်းတွင်းအတိုင်း ဆန်တက်ပြီး ဗြိတိသျှတို့ ၏ စစ်ဆုတ်လမ်းမှန်သမျှကို ပိတ်ဆို့ ထားရန် ဗိုလ်ချုပ်အီဒါထံမှ အမိန့်ရသည် ။ ထို့ကြောင့် သူ့တပ်များ သည် အထက် မိုင် ၂၅၀ အကွာရှိ **ထမန်သီ** (Tamanthi) သို့ အရောက် ဆန်တက်ခဲ့ကြရာ မေလကုန်တွင် ထမန်သီသို့ ရောက်ကြသည် ။ ဂျပန်တို့ က မေလ ၁၂ ရက်နေ့တွင် ကလေးဝကို သိမ်းပိုက်သည့်အခါ ဗိုလ်ချုပ်အီဒါက တိုက်ပွဲတွင် ရရှိလိုက်သည့် ပစ္စည်းစာရင်းကို အားရဝမ်းသာ မှတ်တမ်းတင်ခဲ့သည် ။ ထိုပစ္စည်းများ ထဲတွင် ရန်သူအလောင်း ၁၂၀၀၊ မော်တော် ယာဉ် ၂၀၀၀၊ တင့်ကား ၁၁၀ နှင့် အမြောက်အလက် ၄၀ တို့ ဖြစ်သည် ။ ထိုပစ္စည်းများ ရရှိရန်အတွက် ဆာကူရိုင်း၏ တပ်မသည် ရက်ပေါင်း ၁၂၇ ရက် ချီတက်ခဲ့ရသည် ။ တိုက်ပွဲပေါင်း သုံးဆယ့်လေးပွဲ တိုက်ခဲ့ရသည် ။ တစ်နေ့လျှင် မိုင်သုံးဆယ်နှုန်းဖြင့် မိုင်ပေါင်း ၁၅၀၀ ချီတက်ခဲ့ရသည် ။

ဂျပန်တို့ သည် ဗြိတိသျှတို့ ကို အောင်နိုင်ခဲ့လေပြီ။ ဗြိတိသျှအင်ပိုင်ယာထဲမှ ချမ်းသာကြွယ်ဝသည့် တိုင်းပြည်တစ်ပြည်ကို ဖဲ့ထုတ်သွားကြလေပြီ။ ဗိုလ်ချုပ်ဆလင်းသည် သူ့တပ်များကို

ကလေးမြို့မှ တမူးသို့ အရောက်ခေါ်လာခဲ့သည် ။ ဗိုလ်ချုပ်ဆလင်းသည် အခြားသောအရာရှိများကဲ့သို့ပင် ဆုတ်ခွာရာ လမ်းတစ်လျှောက်တွင် မုတ်ဆိတ်ကိုပင် မရိတ်ခဲ့။ မေလ ၂၄ ရက်နေ့ **အင်ဖာ** (Imphal) သို့ ရောက်သည့်အခါတွင် သူ့လိုပင် ဆုတ်လာသော တရုတ်ဗိုလ်ချုပ်ဆွန်လီဂျင်း၏ တပ်မ ၃၈ ကို တွေ့ရသည် ။ ဗိုလ်ချုပ်ဆွန်လီဂျင်းသည် အခြားသောတ ရုတ်ဗိုလ်ချုပ်များကဲ့သို့ ယူနန် နယ်ထဲသို့ ပြန်ဝင်မသွားဘဲ အနောက်ဘက် **အာသံ** (Assam) ပြည်နယ်ထဲသို့ ဝင်လာခဲ့သည် ။ လမ်းတွင် ဂျပန်တို့ ပိတ်ဆို့ဖမ်းဆီးသည့် အန္တရာယ်မှ သီသီကလေး လွတ်လာခဲ့သည် ။ အာသံနယ်ထဲသို့ ရောက်လာသည့်အခါ၌ သူ့တပ်သည် ‘တိုက်ခိုက်ရေး အနေအထားဖြင့် ဝင်ရောက်လာနိုင်သေးသည် ’ဟု ဗိုလ်ချုပ်ဆလင်းက ထောက်ပြသည် ။ အခြားသော တရုတ်တပ်များကား လမ်းတစ်လျှောက်လုံး လုယက် သောင်းကျန်းသွားခဲ့ကြလေသည် ။




မြန်မာပြည်တပ်မတော်သည် အင်ဖာသို့ ရောက်သည့်အခါတွင်

အားတက်စရာမတွေ့ရ။ သူတို့ တပ်တွေ စခန်းချရသည့် နေရာမှာ မုတ်သုံမိုးကြောင့် စိမ့်တောကြီးဖြစ်နေသည် ။ ရွက်ဖျင်တဲ မရှိ၊ စောင် မရှိ၊ ရေလှောင်ကန် မရှိ၊ ဆေးရုံ မရှိ၊ ဂျပန်တို့ လက်မှ လွတ်လာသည့်တိုင် ငှက်ဖျားရောဂါနှင့် ဝမ်းကိုက်ရောဂါတို့ က သူတို့ ကို စောင့်နေကြသည် ။ ဆယ်ယောက်တွင် တစ်ယောက် နာမကျန်းဖြစ်ကာ အများ အပြား သေခဲ့ကြသည် ။

ဗိုလ်ချုပ်ဆလင်းသည် မြန်မာပြည်မှ ဆုတ်ခွာရေးကို စာရင်းချုပ်သည် ။

မိမိတို့ ဘက်မှ တပ်သားပေါင်း ၁၃၀၀၀ ကျဆုံး၊ ဒဏ်ရာရ ပျောက်ဆုံးခဲ့သည် ။ ဂျပန်တို့ ဘက်မှ ၄၀၀၀ ကျဆုံး ဒဏ်ရာရခဲ့သည် ။ ဗိုလ်ချုပ်ဆလင်းသည် သူ တာဝန်ယူ ကွပ်ကဲခဲ့သည့် ကြွင်းကျန်ရစ်သော အမှတ် (၄) တပ်ဖွဲ့ကို **ဒုတိယဗိုလ်ချုပ်ကြီး အာဝင်း** (Lieutenant-General N.M.S. Irwin) သို့ တရားဝင် လွှဲပြောင်းပေးလိုက်သည် ။ ဘားကိုးခေါ် မြန်မာပြည်တပ်ဖွဲ့သည် မရှိတော့ပြီ။ ထိုတပ်များ မြန်မာပြည်ထဲမှ ဆုတ်ခွာလသည် ကို သူ စောင့်ကြည့်သည် ။ အခက်အခဲတွေကြားထဲက ပင် အုပ်စည်းမပျက် ဆုတ်လာနိုင်သဖြင့် သူ ဂုဏ်ယူသည် ။

မိုင်ကိုးရာရှိသော ဆုတ်ခွာမှုပြီးသည့် နောက်ဆုံးနေ့၌ ကျွန်ုပ်သည် လမ်းဘေးမြစ်ကမ်းနဖူးတွင် ရပ်ကာ အိန္ဒိယပြည်ထဲသို့ဝင်လာနေသော နောက်ရံတပ်ကို လှမ်းကြည့်နေမိသည် ။ ဗြိတိသျှ၊ အိန္ဒိယ၊ ဂေါ်ရခါး စသည့် တပ်သားများအားလုံးသည် ပိန်ချုံးချည့်နဲ့ စုတ်ပြဲကာ စာခြောက်ရုပ်တွေလို ဖြစ်နေကြပြီ။ သို့တိုင် ကျန်ရှိနေသေးသော အရာရှိများ နောက်တွင် သနားဖွယ်သေးငယ်သော အစုကလေးများ

ဖွဲ့၍ လိုက်လာသော သူတို့ သည် လက်နက်များကို ကိုင်ထားကြဆဲဖြစ်သည် ။ တန်းစီမပျက် ရှိနေကြဆဲဖြစ်သည် ။ တိုက်ခိုက်ရေးတပ်စုများ အသွင်ကို ဆောင်နေကြဆဲဖြစ်သည် ။ သူတို့ သည် စာခြောက်ရုပ်များ နှင့် တူကောင်းတူနေလိမ့်မည်။ သို့ရာတွင် တစ်ပြိုင်နက်တည်းတွင် လည်း စစ်သားနှင့် တူနေကြဆဲပင် ဖြစ်လေသည် ။ ဟု ဗိုလ်ချုပ်ဆလင်းက သူ့မှတ်တမ်းတွင် ဖော်ပြခဲ့လေသည် ။

### စစ်ပြေးဒုက္ခသည် များ

မြန်မာပြည်တပ်မတော်က မြောက်ပိုင်းသို့ ဆုတ်လာခဲ့သည့်အခါ၌ အရပ်သူအရပ်သား စစ်ပြေးဒုက္ခ သည် အုပ်ကြီးသည် လည်း နောက်မှ ပါလာခဲ့သည် ။ ထိုအထဲတွင် တာဝန်အရ နေရစ်ခဲ့သည့် ဗြိတိသျှ လုပ်ငန်းရှင်များ နှင့် အရာရှိများ ပါကြသည် ။ သူတို့ ထွက်ပြေးသဖြင့် နောက်မှ လိုက်ပြေးလာကြသော မြန်မာအရာရှိများ လည်း ပါကြသည် ။ သို့ရာတွင် တကယ့်စစ်ပြေးဒုက္ခသည် အုပ်ကြီးမှာ အိန္ဒိယ အမျိုးသားများ ဖြစ်သည် ။

၁၉၃၀ ခုတွင် ကောက်သည့် နောက်ဆုံး သန်းခေါင်စာရင်းအရ မြန်မာပြည်တွင် အိန္ဒိယ အမျိုးသားတစ်သန်းရှိသည် ။ ယင်းတို့ အနက်ငါးပုံသုံးပုံမှာ အိန္ဒယပြည်ပေါက်များ ဖြစ်သည် ။ ထိုစဉ်က မြန်မာပြည်သည် အိန္ဒိယပြည်ထဲမှ ပြည်နယ်ကလေးတစ်နယ်သာ ဖြစ်နေသေးသည့်အတွက် အကြောင်းမဟုတ်သေး။ သို့ရာတွင် ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယနှင့် ခွဲပြီးနောက် ဂျပန်တို့ ကလည်း

ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆော်ပေးထားသည့်အခါတွင် မူ(ရန်ကုန်၊ ပဲခူး၊ သန်လျင်၊ မော်လမြိုင်၊ ဖျာပုံ၊ ပုသိမ်၊ တောင်ကုတ်၊ စစ်တွေ) စသည့်မြို့ကြီးမြို့လတ်များ တွင် စုပြုံနေထိုင်ကြသော အိန္ဒိယအမျိုးသားများ သည် သူတို့ အခြေအနေကို သူတို့ စိတ်မချနိုင်ဘဲ ဖြစ်လာခဲ့ကြသည် ။ အသက်နှင့် စည်းစိမ်အတွက် စိုးရိမ်လာခဲ့ကြသည် ။ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ စ၍ ဂျပန်က ရန်ကုန်ကို ဗုံးကြဲသည့်အခါ၌ အချို့တို့ သည် လေယာဉ်ဖြင့် အိန္ဒိယသို့ ပြန်ကြသည် ။ ရန်ကုန်တွင် ဗြိတိသျှတို့ ရှိနေသေးသရွေ့ မိုင် ၇၅၀ ဝေးသည့် ကာလကတ္တားသို့လည်းကောင်း၊ မိုင်တစ်ထောင်ဝေးသည့် **မဒရပ်** (Madras) သို့လည်းကောင်း သင်္ဘောဖြင့်ပြန်နိုင်သည် ။ ပင်လယ်ကူးသင်္ဘော စီးရသည် မှာ ငြီးငွေ့စိတ်ပျက်စရာကောင်းသည့်တိုင် အိန္ဒိယအမျိုးသား ၇၀၀၀၀ ကျော်တို့ သည် ရန်ကုန်ကို ဂျပန်တို့ မသိမ်းမီ ကတည်းကပင်လျှင် ရေကြောင်းမှ ပြန်သွားခဲ့ကြသည် ။

ထို့နောက်မှ စ၍ ပြဿနာပေါ်တော့သည် ။ အိန္ဒိယအမျိုးသားများ သည် ဗြိတိသျှတပ်များ ဆုတ်ခွာသွားသည့် ပေတရာလမ်းများ ၊ တောလမ်းများ ၊ မြစ်ချောင်းများ အတိုင်း လိုက်လာကာ ပထမတွင် မော်တော်ကားများ ဖြင့် အိန္ဒိယပြည်ထဲသို့ ဝင်ပေါက်ကို ရှာကြသည် ။ ထို့နောက်တွင် လှည်းများ ဖြင့် သော်လည်းကောင်း၊ ခြေကျင်သော်လည်းကောင်း ထွက်ပြေးကြသည် ။ ခပ်စောစောပိုင်းတွင် ပြည်မြို့မှ တစ်ဆင့် ဧရာဝတီကိုဖြတ်ပြီး တောင်ကုတ်သို့ ထွက်ကြသည် ။ ထိုမှ တစ်ဆင့် စစ်တွေသို့ မော်တော်ဖြင့် သွားကာ စစ်တွေမှ စစ်တကောင်းသို့ ကမ်းရိုးတန်းသွားသင်္ဘောဖြင့် လိုက်ကြသည် ။ သို့ရာတွင် လူတိုင်း မော်တော်ဖြင့် သွားကာ စစ်တွေမှ စစ်တကောင်းသို့

ကမ်းရိုးတန်းသွား သင်္ဘောဖြင့် လိုက်ကြသည် ။ သို့ရာတွင် လူတိုင်း မော်တော်ဖြင့် မလိုက်နိုင်။ ဤတွင် လှေများ ဖြင့် စစ်တွေသို့ သွားကြရသည် ။ ထိုခရီးမှာ တစ်ပတ်လောက်ကြာသည် ။ ထိုစဉ် အိန္ဒိယပင်လယ်ရပ်ခြား ဌာနမှ **ဘောဇ်မင်း** (G.S. Bozman) ဆိုသူက ခြေလျင်ဖြင့် သုံးပတ်သွားရသော တောလမ်း တစ်လမ်းကို တွေ့လာခဲ့သည် ။

သို့ရာတွင် သူတို့ ခရီးမစခင်မှာ ပင် ပြဿနာတွေ ပေါ်စပြုလေပြီ။ အိန္ဒိယအမျိုးသားတို့ အား ရန်ကုန်မှ ထွက်ပြေးခြင်းမပြုရန် ဆိုင်ရာတို့က ညွှန်ကြားထားခဲ့သည် ။ သူတို့ ထွက်ပြေးလျှင် သင်္ဘောဆိပ်များ နှင့် ရန်ကုန်မြူနီစီပယ်လုပ်ငန်းများ အားလုံး ရပ်ဆိုင်းသွားနိုင်သည် ။ ဆိုင်ရာအရှိများ သည် ရန်ကုန်-ပြည်လမ်းမကြီး တစ်လျှောက်တွင် စောင့်ကြပ်ကာ ထွက်ပြေးနေသော အိန္ဒိယအမျိုးသားများကို ရန်ကုန်သို့ ပြန်ရန် နားချကြသည် ။ မြို့ပြင် အစိုးရအဆောက်အအုံများ တွင် နေရာပေးမည်ဟု ပြောကြသည် ။ ပြည်မှ တစ်ဖက်ကမ်းသို့ ကူးသည့် စစ်ပြေးဒုက္ခသည် များအား ပုလိပ်များက ကူးခွင့် မပေးဘဲ တားထားကြသည် ။ တောင်ကုတ်လမ်းမှ သွားလျှင် အန္တရာယ်များကြောင်း ရှင်းပြကြသည် ။ ချမ်းသာသည့် အိန္ဒိယကုန်သည် များကို အထူးခန်းလက်မှတ်များ ရောင်းသော်လည်း အရှယ်ရောက်သည့် ကျန်အိန္ဒိယအမျိုးသားမှန်သမျှကို သင်္ဘောကုန်းပတ်လက်မှတ် မရောင်းဘဲထားကြသည် ။ ထိုသို့ အဆင့်အတန်း ခွဲခြားသဖြင့် အိန္ဒိယနိုင်ငံရေးသမားများ နှင့် အရာရှိအချို့က မကျေမနပ် ဖြစ်ကြသည် မှာ လည်း သဘာဝကျပါသည် ။

ရန်ကုန်မြို့မှ ပြောင်းရွှေ့သည့်အခါ၌ ကား မြန်မာပုလိပ်တို့ ကို

ထုတ်ထားသည့် အမိန့်များကို ပယ်ဖျက်ခြင်း မပြုခဲ့သဖြင့် ထိုအမိန့်သည် အတည်ဖြစ်နေသည် ။ ထိုမျှမက ပုလိပ်တို့ ကလည်း သူတို့ သဘောနှင့် သူတို့ ထင်ရာစိုင်းကုန်ကြတော့သည် ။ တစ်ယောက်လျှင် နှစ်ကျပ်ပေးမှ ဧရာဝတီမြစ်ကို ဖြတ်ကူးခွင့်ပြုမည်၊ ကျောက်ထိုးပြီးသား လက်မှတ်ပါရမည်၊ လက်မှတ်မပြနိုင်လျှင် တစ်ယောက်ကို ခြောက်ကျပ်ပေးမှ ဖြတ်ကူးခွင့်ပေးမည်၊ တောင်ကုတ်သို့ရောက်လျှင်လည်း တစ်ယောက်ကို သုံးကျပ်ပေးမှ သင်္ဘောတက်ခွင့် လက်မှတ်ပေးမည်၊ သင်္ဘောစီးခွင့် လက်မှတ်ကို ရအောင် ဘယ်လောက်ပေးရမည် စသဖြင့် အမျိုးမျိုး လုပ်လာကြသည် ။ **မက္ကင်နွန်မက္ကင်ဇီ** (Mackinnon Mackenzie) ကုမ္ပဏီမှ သင်္ဘောသည် စစ်တွေနှင့် စစ်တကောင်းကို တစ်နေ့ ငါးခေါက် အပို ဆွဲပေးသည် ။ အချို့စစ်ပြေးဒုက္ခသည် များအား အမေရိကန်လေယာဉ်မှူးများ မောင်းသည့် တရုတ်ပြည်လေကြောင်း ကုမ္ပဏီမှ လေယာဉ်ပျံများ ဖြင့် ပို့ပေးသည် ။ သို့ရာတွင် အစီအမံသည် သမုဒ္ဒရာထဲမှ ရေတစ်စက်နှယ်ဖြစ်နေသည် ။ အိန္ဒိယပြည်သို့ ထိုလမ်းမှ ရောက်လာသည့် စစ်ပြေးဒုက္ခသည် စာရင်းနှင့် တကယ့်စာရင်းမှာ ရာနှုန်းတစ်ရာလောက် ကွာနေသည် ။ လမ်းတွင် အများ အပြား သေခဲ့ကြသည် ။ ၁၉၄၂ ခု မေလ လယ်တွင် ထုတ်ပြန်သည့်စာရင်းအရ အချို့က စစ်ပြေးဒုက္ခသည် တစ်သိန်း ရောက် လာပြီး အချို့ နှစ်သိန်းရောက်လာသည် ဟု ကွဲပြားနေသည် ။

မြန်မာပြည်တွင် ရှိသည့် အိန္ဒိယအစိုးရ၏ ကိုယ်စားလှယ် **ရောဗတ်ဟတ်ချင်း** (Robert Hutchings) က အိန္ဒိယ စစ်ပြေးဒုက္ခသည် များ နှင့်ပတ်သက်၍ အစီအစဉ်တစ်ခု လျင်မြန်စွာ ချမှတ် ရန် အိန္ဒိယအစိုးရသို့ တိုက်တွန်းခဲ့သည် ။ စစ်ပြေးဒုက္ခသည် များ အတွက်

စစ်ကိုင်းတွင် စခန်းတစ်ခု ဖွင့်လှစ်ရန်၊ ထိုစခန်းမှ တစ်ဆင့် မုံရွာ၊ ကလေးဝ၊ တမူး၊ အင်ဖာလမ်းအတိုင်း သယ်ပို့ပေးရန် အဆိုပြုသည် ။ ကလေးဝနှင့် တမူးကြားတွင် မော်တော်ကားသွားနိုင်သည့်လမ်း မရှိသေး။ သို့ရာတွင် တမူးမှ တစ်ဖက်နိုင်ငံရှိ ပုလဲသို့ လားဝန်တင်လမ်းရှိသည် ။ ပုလဲမှ အင်ဖာသို့ နွေရာသီသွားနိုင်သည့် မော်တော်ကားလမ်းရှိသည် ။ အင်ဖာမှ အာသံပြည် မီးရထားလမ်းဆုံးမြို့ဖြစ်သည့် **ဒီမာပူ** (Dimapur) သို့ ရာသီမရွေး သွားလာနိုင်သော မော်တော်ကားလမ်းရှိသည် ။

အိန္ဒိယအစိုးရသည် အုပ်လိုက်ချီ၍ ဝင်လာနေသော စစ်ပြေးဒုက္ခသည် များအား နေရာမပေးနိုင်။ ထို့ကြောင့် တမူးမှ တစ်နေ့လျှင် လူ ၅၀၀ သာ ဝင်ခွင့်ပြုဖို့ ဟတ်ချင်းကို အကြောင်းကြားသည် ။ ထိုအချိန်၌ မြန်မာပြည်အစိုးရသည် ရန်ကုန်တွင် မရှိတော့ဘဲ မေမြို့သို့ ရောက်နေလေပြီ။ အမိန့်ကို ထုတ်ပြန်နိုင်သည့် အာဏာလည်း မရှိတော့ပြီ။ ဟတ်ချင်းကိုလည်း မည်သို့မျှ မကူညီနိုင်တော့ပြီ။ ဤသည် ကို အိန္ဒိယအစိုးရက ဘာမျှ မသိ။

ဟတ်ချင်းသည် အိန္ဒိယအစိုးရ၏ အမိန့်ကို သူ တတ်နိုင်သမျှ ကြိုးစား၍ အကောင်အထည် ဖော်ပါ၏။ ထို့ကြောင့် စစ်ပြေးဒုက္ခသည် တစ်သိန်းကို တစ်စုတည်း ပြေးခွင့်မပေးဘဲ မန္တလေးတွင် စခန်းတစ်ခု ဖွင့်၍ ထိန်းသိမ်းထားသည် ။ ၁၉၄၂ ခုနှစ် **ဂွတ်ဖရိုက်ဒေး** (Good Friday) နေ့တွင် ဂျပန်က မန္တလေးကို ဗုံးကြဲတိုက်ခိုက်သည့်အခါတွင် စစ်ပြေးဒုက္ခသည် အများ အပြား သေဆုံးကုန် ကြသည် ။ ဤတွင် ကျန်စစ်ပြေးဒုက္ခသည် များ လည်း မည်သည့်အမိန့်ကိုမျှ မနာခံတော့ဘဲ အုပ်လိုက် ထွက်ပြေးကြသည် ။ ဟတ်ချင်းလည်း ဘာမျှ

မတတ်နိုင်တော့ပြီ။

မတ်လထဲတွင် စစ်ပြေးဒုက္ခသည် များကို ပို့သည် မော်တော်ယာဥ်တန်းများ မန္တလေးမှ တမူးသို့ ထွက်လာကြသည် ။ ထိုမော်တော်ယာဥ်များ ပေါ်တွင် ဥရောပတိုက်သားများ ၊ ဘီအိုစီကုမ္ပဏီတွင် အမှုထမ်းသည့် အင်္ဂလိပ်-မြန်မာကပြားများ နှင့် အင်္ဂလိပ်-အိန္ဒိယကပြားများ သာ စီးခွင့်ရှိကြသည် ။ ဤတွင် လူမျိုးခွဲခြားသည် ဆိုကာ ကန့်ကွက်ဆူပူကြသဖြင့် အချို့ယာဥ်များက အိန္ဒိယအမျိုးသားများကို တင်ခေါ်လာခဲ့ကြသည် ။ စစ်ပြေးဒုက္ခသည် ဦးရေကို ကန့်သတ်၍ မရတော့။ ထိုအတွင်းမှာပင် အင်ဖာသို့ စစ်ပြေးဒုက္ခသည် ၃၀၀၀၀ ရောက်လာခဲ့သည် ။

ထိုလအတွင်းတွင် အိန္ဒိယစစ်ပြေးဒုက္ခသည် များ နှင့် ဗြိတိသျှတပ်သားတို့ သည် ၁၃၂ မိုင်ရှည်သော တမူး-ပုလဲလမ်းအတိုင်း တသောသော ဝင်လာနေကြသည် ။

လအနည်းငယ်ကြာ၍ တမူးသို့ ဗြိတိသျှတပ်များ ပြန်ဝင်လာသည့်အခါတွင် အသက်ထွက်သွားစဉ်က အနေအထားအတိုင်း ထိုင်လျက်၊ လဲလျက်၊ မှီလျက်ရှိသော အရိုးစုများကို တွေ့ရသည် ။ တမူး စာတိုက်ထဲတွင် စားပွဲခုံရှည်ကြီးကို ဝိုင်းထိုင်နေကြသော အရိုးစုနှစ်ဆယ်ကို တွေ့ရပြီး အရိုးစု တစ်ခုမှာ ကျိုးပဲ့နေသော တယ်လီဖုန်းတစ်လုံးကို ကိုင်ထားသည် ။ စစ်ပြေးဒုက္ခသည် တို့ ၏ ခိုကိုးရာမဲ့ အတိဒုက္ခရောက် ကြပုံတို့ ကို အလွယ်နှင့် စိတ်ကူးကြည့်နိုင်ပါသည် ။ ရောဂါစွဲကပ်ခြင်း၊ ငတ်မွတ်ခြင်း၊ ပင်ပန်းခြင်းတို့ ကြောင့် အသက်ရှင်နေလိုစိတ်တို့ သည် လည်း ကုန်ခန်းသွားခဲ့ဟန် တူပါသည် ။ ခိုက်ခိုက်တုန် ချမ်းအေး၍

မိုးရေတို့ စိုစွတ်လျက်ရှိသော တောင်ကြောတစ်ကြောကို ကျော်လိုက်လျှင် တစ်ဖက်သို့ ရောက်မည်ကို သိသည့်တိုင် နောက်ထပ် ဒဏ်မခံနိုင်ကြတော့ပါ။ ကြွခိုင်သန်မာသူတို့ သာလျှင် မသေမပျောက် ရှင်ကျန်ရစ်ခဲ့ကြသည် ။ သို့တိုင်အောင် စစ်ပြေးဒုက္ခသည် နှစ်သိန်းတို့ သည် တမူးမှ အင်ဖာသို့ ရောက်လာကြသေးသည် ။ သို့ရာတွင် အချို့မှာ အင်ဖာသို့ ရောက်သည် နှင့် ဗုန်းဗုန်း လဲကျ သေဆုံးသွားကြပြီး အချို့မှာ လည်း လူနာတွေ တင်းကြမ်းပြည့်နေသော ဆေးရုံများ ပေါ် အရောက်တွင် သေသွားကြသည် ။ ထိုလမ်းကို ဖြတ်ကျော်လာသော စစ်ပြေးအုပ်ကြီးအနက် ကိုးဆယ် ရာခိုင်နှုန်းကျော်ကျော်တို့ မှာ ငှက်ဖျားစွဲကပ်လာခဲ့ကြသည် ။

ဟု မှတ်တမ်းဆရာ **ရွိုင်းမက်အယ်လဗီ** (Roy Me Kelvie) က ရေးခဲ့သည် ။

အင်ဖာမြို့တောင်ဘက်ရှိ **ကန်လတ်တုန်ဘီစခန်း** (Kanglatongbi) သို့ လော်ရီများ ဖြင့် ရောက်လာသည့် တပ်သားအချို့မှာ ကံအကောင်းဆုံးဟု ဆိုနိုင်သည့်တိုင် သူတို့ အခြေအနေသည် လည်း မကောင်းလှ။ အိန္ဒိယအင်ဂျင်နီယာတပ်ခွဲ ၂၄ တပ်သားများ သည် ရွက်ဖျင်တဲမရှိ၊ မိုးကာ အခင်း မရှိဘဲ မိုးရွာကြီးထဲတွင် ထိုအတိုင်း နေကြရသည် ။ ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါတို့ စွဲကပ်သည့်တိုင် ရွှံ့ထဲမှာ ပင် အိပ်ကြရသည် ။

၁၉၄၂ ခု၊ မေလ ၁၈ ရက်နေ့တွင် ကန်လတ်တုန်ဘီသို့ ရောက်လာသည့် တပ်ခွဲ ၇၀ မှာ ကံ အကောင်းဆုံးဟု ဆိုရတော့မည်။ သူတို့ တပ်သည် ကိုင်းတောထဲတွင် စခန်းချခွင့်ရသည် ။ သို့ရာတွင် ရွက်ဖျင်တဲမရှိ၊ ခြင်ထောင်မရှိ၊ စောင်မရှိ၊ မိုးကာအခင်းမရှိ။

'အိန္ဒိယပြည်မှ ကြိုဆိုမှုသည် အေးစက်၍ စိတ်မချမ်းမြေ့ဖွယ်ကောင်းသော ကြိုဆိုမှုဖြစ်ပေသည် 'ဟု ဗိုလ်မှူး (နောင်တွင် ဒုတိယ ဗိုလ်ချုပ်) **လိုင်ယယ်ဂရန့်** (Major Lyall-Grant) က ရေးခဲ့သည် ။

အင်ဂျင်နီယာတပ်သားများ သည် သူတို့ ဘာသာ တဲဆောက်၍ တာလပတ်များ မိုးရသည် ။ သို့ရာတွင် လဲစရာ အဝတ်အစား မရှိသဖြင့် ရေစိုကြီးတွေဖြင့် သုံးရက်လောက် ထိုအတိုင်း နေရသည် ။ မေလ ၂၂ ရက်နေ့တွင် အင်ဖာသို့ ပို့လိုက်သည့်အခါတွင် မှ အနည်းငယ် သက်သောင့်သက်သာ ရှိသွားသည် ။ ထိုအချိန်၌ ကား ငါးယောက်လျှင် တစ်ယောက်ကျ ဆေးရုံသို့ တင်လိုက်ရလေပြီ။ ပုလဲနှင့် အင်ဖာသွား လမ်းတစ်လျှောက်မှာ ပုပ်ပွနေသည့် အလောင်းတွေနှင့် ပြည့်နေသည် ။ ထို အလောင်းများကို မြှုပ်နှံပစ်ရန်အတွက် ကျန်ရစ်သူတို့ တွင် ခွန်အားမရှိကြတော့။ အသေကောင်ကို စားသည့် လင်းတများ လည်း ထိုဒေသတွင် မရှိ။

မြန်မာပြည်အစိုးရသည် စစ်ပြေးဒုက္ခသည် များအား စောင့်ရှောက်ရန် တာဝန်ကို ရှောင်ဖယ်ခဲ့သည် ဟု အရှေ့ဘက်နယ်စပ် ဆက်သွယ်ရေးဌာန အထွေထွေအုပ်ချုပ်ရေးမှူး တာဝန်ပေးအပ်ခြင်းခံရသည့် **ဗိုလ်ချုပ် ဝုဒ်** (Major-General Wood) က ရေးခဲ့သည် ။

ဝုဒ်သည် တမူးနှင့် ပုလဲကြားရှိ မိုင်ပေါင်းငါးဆယ့်လေးမိုင် ရှည်သော လမ်းကို ရာသီမရွေး သွားလာနိုင်သော လမ်းတစ်လမ်းဖြစ်အောင် ဖောက်ခဲ့ရသည် ။ ဟတ်ချင်းက စစ်ပြေးဒုက္ခသည် များကို မော်တော်ကားများ ဖြင့် ကလေးဝမှ ပုလဲသို့

ပို့ပေးရန် ဝုဒ်ကို ပြောသည် ။ ဝုဒ်က အိန္ဒိယအစိုးရသို့ တင်ပြရာ အိန္ဒိယအစိုးရက ပယ်ချလိုက်သည် ။

ယင်းသို့ ပယ်ချလိုက်ခြင်းမှာ ရက်စက်ရာတော့ ရောက်သည် ။ သို့ရာတွင် ဗိုလ်ချုပ်အယ်လိပ် ဇန်ဒါသည် သူ့တပ်များကို ဧပြီလ ၂၆ ရက်နေ့ နောက်ဆုံးထားပြီး အိန္ဒိယသို့ အရောက်ပြန်ပို့ချင်သည် ။ ထို့ကြောင့် စစ်ရေးကိစ္စများကို ဦးစားပေးရတော့မည်။ ဝုဒ်သည် စစ်ပြေးဒုက္ခသည် များကို ကလေးဝမှ တမူး၊ တမူးမှ အင်ဖာသို့ သယ်ယူပို့ဆောင်ပေးလိုသည့်တိုင် လမ်းအဆက်အသွယ် တစ်ခုလုံးကို အမှတ် ၄ တပ်ဖွဲ့က သိမ်းပိုက်လိုက်ပြီ ဖြစ်သဖြင့် ဘာမျှ မတတ်နိုင်တော့။

ဒုက္ခသည် များကို ပိတ်လိုက်ပြီးနောက်တွင် မြန်မာပြည်တပ်မတော်သည် အိန္ဒိယပြည်ထဲသို့ ဝင်လာခဲ့သည် ။ ဝင်လာသည့်တပ်အသီးသီးမှာ စိတ်ဓာတ်အမျိုးမျိုး ဖြစ်နေသည် ။ အချို့တပ်များမှာ စိတ်ဓာတ်အခြေအနေ ကောင်းမွန်နေဆဲ ဖြစ်ပြီး အချို့တပ်များမှာ စိတ်ဓာတ်ကျဆင်းကာ ပြိုကွဲ နေကြပြီဟု **ဟူးတင်ကာ** (Hugh Tinker) က မှတ်တမ်းတင်သည် ။

ထိုစဉ်က (သမိုင်းဆရာ) ဟူးတင်ကာသည် လူငယ်အရာရှိကလေးတစ်ဦး ဖြစ်သည် ။ ဆက်သွယ်ရေးဌာန အရာရှိကလေးအဖြစ် ဒုက္ခသည် များကို မော်တော်ကားဖြင့် တမူး- ပုလဲလမ်းတွင် သယ်ပို့ပေးရသည့် တာဝန်ကို ယူရသည် ။

ကျွန်တော်တို့ ဌာနမှ ကားများ ဖြင့် စစ်ပြေးဒုက္ခသည် များကို ပို့ရာတွင် အမျိုးသမီးများ ၊ ကလေးငယ်များ နှင့် လူနာများကို ဦးစားပေး၍ ပို့ရသည် ။ သို့ရာတွင် ယောကျ်ားကြီးများက အတင်း

တိုးဖော့ကာ ကားများ ပေါ်သို့ တက်ကြသဖြင့် ဒရိုင်ဘာများက အော်ဟစ်၍ မောင်းချကြရသည် ။ အလွန်စိတ်ပျက်ဖွယ်ကောင်း၍ ကသောင်းကနင်းနိုင်လှသည် ။ အချို့ မိသားစုများ ကွဲသွားကြသည် ။ အချို့ အရေးကြီးသည့် ပစ္စည်းများ ပျောက်ဆုံးကုန်သည် ။ အရေးကြီးသည့် လူနာများ မပါဘဲ ကျန်ရစ်ခဲ့ပြီး အရေးမကြီးသူတွေ ပါလာကြသည် ။ အိန္ဒိယ ဒရိုင်ဘာများမှာ တစ်နေ့လျှင် ဆယ့်ရှစ်နာရီလုံးလုံး ကားမောင်းရပြီး ထိုလမ်းကို ခေါက်တုံ့ခေါက်ပြန် ကူး၍ သယ်ပို့နေရသည် ။ သို့ရာတွင် သူတို့ တစ်တွေမှာ စခန်းသို့ ညဆယ်နာရီ၊ ဆယ့်တစ်နာရီစခန်းသို့ ပြန်ရောက်လျှင် ထမင်းစားစရာ ရှိသေးသည် ။ အိပ်စရာ ရှိသေးသည် ။ ဒုက္ခသည် များ တွင် မူ စားစရာလည်း မရှိ။ အိပ်စရာလည်း မရှိ။ ဟု ဟူးတင်ကာက ရေးခဲ့သည် ။

အိန္ဒိယနယ်စပ်အရောက်၌ စစ်တပ်တွင် ပထမဆုံး ပေါ်ပေါက်ရသည့် ပြဿနာမှာ စည်းကမ်း ပြဿနာဖြစ်သည် ။ မိုးကျသည် နှင့် ရောဂါဘယထူပြောစ ပြု လာလေပြီ။ ဝမ်းကိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ ကျောက်ကြီးရောဂါတို့ အနှံ့အပြား ဖြစ်လာသည် ။ ဇွန်လထဲသို့ ရောက်သည် နှင့် ကြောက်စရာ အကောင်းဆုံးသော ကာလဝမ်းရောဂါ ဖြစ်စပြုလာသည် ။ ရန်သူလေယာဉ်များကလည်း အင်ဖာကို ဗုံးကြဲ တိုက်ခိုက်စပြုလာသည် ။

အာသံပြည်နယ် လက်ဖက်ခြံပိုင်ရှင်များ အသင်းက လော်ရီများ ဖြင့် အင်ဖာသို့ အရောက် ရိက္ခာများကို ပို့ပေးနေသည် ။ သို့ရာတွင် အင်ဖာ၏ အရှေ့ဘက်သို့ ရောက်အောင် ပို့ပေးခြင်းမပြု။ ထိုအထဲတွင် ဗြိတိသျှအစိုးရက ဥရောပတိုက်သားများ ၊ အင်္ဂလိပ်၊ အိန္ဒိယကပြားများကို ဦးစားပေး၍ ကယ်ဆယ်ရေး လုပ်ငန်းများကို

လုပ်နေသည့်အခါတွင် ထိုအပြုအမူကို ကန့်ကွက်သောအားဖြင့် လက်ဖက်ခြံပိုင်ရှင်များ အသင်းက သူတို့ ကယ်ဆယ်ရေးအဖွဲ့များကို ရုပ်သိမ်းသွားလေသည် ။

အင်ဖာမြောက်ဘက်တွင် လည်း အိန္ဒိယပြည်ထဲသို့ ဝင်လာသည့် တရုတ်တပ်များက စခန်းများ ထဲသို့ ဝင်ရန် ငြင်းဆိုနေကြသည် ။ စခန်းများက ညစ်ပတ်သောကြောင့် မဝင်နိုင်ဟု အကြောင်းပြကြသည် ။ အင်ဖာမြောက်ဘက်ရှိ ဟူးကောင်းချိုင့်ဝှမ်းထဲတွင် **လီဒို** (Ledo) သို့သွားသော **ပန်ဆော** (Pangsau) တောင်ကြားရှိသည် ။ **ချောကန်** (Chaukan) တောင်ကြားရှိသည် ။ **ဒီဖူး** (Diphu) တောင်ကြားရှိသည် ။ ထိုတောင်ကြားများ ထဲတွင် စစ်ပြေးဒုက္ခသည် တွေ ရှိနေသေးသည် ။ သူတို့ မူလ အစီအစဉ်မှာ မြစ်ကြီးနားမှ လေယာဉ်ဖြင့် ပြန်ရန်ဖြစ်သည် ။ သို့ရာတွင် ဂျပန်တို့ က လျှင်မြန်စွာ ရောက်လာကာ မြစ်ကြီးနားကို သိမ်းလိုက်သည့်အခါတွင် လေယာဉ်ဖြင့် မပြန်နိုင်တော့ဘဲ တောင်ကြားများမှ ခြေကျင်လာနေကြရသည် ။ ထိုအထဲတွင် ဥရောပတိုက်သား ၅၀၀ နှင့် အိန္ဒိယအမျိုးသား ၁၀၀၀၀ ကျော် ရှိနေသည် ။ **ဗိုလ်လေးဂွဒ်မင်း** (Lieutenant C.J. Goodman) သည် အထမ်းသမား ၆၅၀၀ နှင့် အတူ ဆင်များ ၊ မြင်းများ ၊ လားဝန်တင်များ ဖြင့် သူတို့ ကို သွား၍ ကယ်ရန် ကြိုးစားသေး၏။ သို့ရာတွင် မိုးသည် သည်းထန်သဖြင့် ဟူးကောင်းချိုင့်ဝှမ်းထဲသို့ ရောက်အောင် မဆင်းနိုင်တော့ပြီ။ မြစ်တွေ ရေလျှံသဖြင့် စစ်ပြေးဒုက္ခသည် တို့ လည်း အိန္ဒိယပြည်ထဲသို့ မဝင်နိုင်တော့ပြီ။

သူတို့ အခြေအနေကို ဥရောပတိုက်သားတစ်ဦးဖြစ်သော ဗိုလ်လေးဂွဒ်မင်း၏ ဖော်ပြချက်ကို ကြည့်လျှင် သိနိုင်သည် ။

ဗိုလ်လေးဂွဒ်မင်းသည် အင်ဂျင်နီယာတပ်ဗိုလ်ကလေးတစ်ဦး ဖြစ်သည် ။ ရှမ်းပြည်တောင်ပိုင်းရှိ ဟဲဟိုးလေယာဉ်ကွင်းကို ဆောက်နေကြစဉ် ဂျပန်တို့ လွိုင်ကော်သို့ ပေါက် လာကြောင်းကို သူတို့ ကြားရသည် ။ သူတို့ အဖွဲ့သည် ပစ္စည်းများကို သိမ်းကာ ထရပ်ကားနှစ်စီး၊ မော်တော်ကားနှစ်စီးဖြင့် ဟဲဟိုးမှ ထွက်လာခဲ့ကြသည် ။ သူတို့ အဖွဲ့တွင် အခြား အင်ဂျင်နီယာတပ် ဗိုလ်လေးယောက်၊ တပ်ကြပ်နှစ်ယောက်၊ အိန္ဒိယမှ တပ်သားနှစ်ဆယ်နှင့် ထမင်းချက်များ ပါသည် ။ ကလောတွင် သောင်တင်နေသော အင်္ဂလိပ်အမျိုးသမီးနှစ်ယောက်ကို တွေ့သဖြင့် သူတို့ ကိုလည်း ခေါ်လာခဲ့သည် ။ အမျိုးသမီးတစ်ယောက်မှာ ဗိုလ်မှူးကြီးတစ်ဦး၏ ဇနီး မုဆိုးမဖြစ်ပြီး နောက်တစ်ယောက်မှာ သူ့တူမဖြစ်သည် ။ သူ့ယောက်ျားမှာ စစ်မြေပြင်တစ်နေရာသို့ ရောက်နေသည် ။ ဂွဒ်မင်း၏ အော်စတင် ၂၀ ကားကလေးကို ငှက်ကလေးတစ်ကောင်လို လျင်မြန်စွာ ပြေးလာခဲ့သည် ။ သူတို့ တစ်သိုက်သည် တရုတ်တပ်တွေ ပြည့်နေသော သီပေါကို ဖြတ်ခဲ့ကာ လားရှိုး၊ သိန္နီနှင့် ကွတ်ခိုင်သို့ ရောက်လာခဲ့သည် ။ တစ်နေရာတွင် ခြောက်ဘီးကားကြီးကို မောင်းလာသည့် တရုတ်ဒရိုင်ဘာတစ်ဦး က သူ့ကားကလေးကို ကျော်တက်ပြီး လမ်းပိတ်ထားသည် ။ ဂွဒ်မင်းက ကားပေါ်မှ ဆင်း လာပြီး သူ့ကို လက်သီးဖြင့် ထိုးသည် ။ တရုတ်ဒရိုင်ဘာက သူ့လက်သီးကို ရှောင်လိုက်ပြီး တစ်ပေခန့်ရှိသည့် ခွကြီးတစ်ချောင်းဖြင့် ရိုက်သည် ။ မရိုက်မိ။ ဤတွင် ဂွဒ်မင်းက ယမ်းထိုးထားသည့် ရိုင်ဖယ်တစ် လက်ကို ကောက်ကိုင်ပြီး လမ်းဖယ်မပေးလျှင် မော်တော်ကားတာယာတွေကို ပစ်ဖောက်မည်ဟု ကြိမ်းသည် ။ ထိုအခါကျမှ လမ်းဖယ်ပေးတော့သည် ။

ဗန်းမော်တွင် နှစ်ရက်နားပြီးနောက် သူတို့ တစ်သိုက်သည် ကူးတို့

ဆိပ်တွင် တရုတ်ကားများကို ထားပစ်ခဲ့ကာ တစ်ဖက်ကမ်းသို့ ကူးလာခဲ့ကြသည် ။ ကားများ နှင့် ပစ္စည်းများကို မီးရှို့ပစ်ခဲ့ကြသည် ။ သို့ရာတွင် ပါလာသည့် ဂေါ်ဒန်ဂျင်ပုလင်း ခြောက်လုံးကိုမူ ယူလာခဲ့ပြီး နှစ်ဆယ့်လေးနာရီ အတွင်း ကုန်အောင် သောက်ပစ်ခဲ့ကြသည် ။ မြစ်ကြီးနားသို့ရောက်သည့်အခါတွင် သူ့ဗိုလ်မှူးနှင့် အမျိုးသမီးနှစ်ယောက်ကို မနက်ဖြန် ထွက်မည့် ပထမဆုံးလေယာဉ်ဖြင့် ပို့ရန် စီစဉ်ထားသည် ။

နောက်တစ်နေ့ မနက်ခြောက်နာရီခွဲတွင် လေယာဉ်ကွင်းသို့ ရောက်ပြီး လေယာဉ်ပျံစောင့်သည် ။ နေတော်တော်မြင့်သည် အထိ တစ်စီးမျှ မပေါ်လာ။ အတော်ကြီးကြာမှာ **ဒါကိုတာ** (Dakotas) လေယာဉ်နှစ်စင်း ဆိုက်လာသည် ။ ထိခိုက်ဒဏ်ရာရသည့် အိန္ဒိယစစ်သားများ နှင့်အတူ ဂွဒ်မင်း၏ ဗိုလ်မှူးနှင့် အမျိုးသမီးနှစ်ယောက်ကို လေယာဉ်ပေါ်သို့ တင်ပေးလိုက်၏။ လေယာဉ်စက်နှိုးနေပြီး ဂွဒ်မင်းက လက်ပြနှုတ်ဆက်နေစဉ် ဂျပန်တိုက်လေယာဉ်နှစ်စင်း ပေါက်လာကာ လေယာဉ်ကွင်းကို ဗုံးကြဲပြီး လေယာဉ်ကို စက်သေနတ်များ ဖြင့် ပစ်သည် ။ ဂွဒ်မင်းသည် မြေကြီးပေါ်တွင် ဝပ်နေသည် ။ သူ့ကို မထိခိုက်သည့်တိုင် အကာအကွယ်မဲ့ ခံနေရသော လေယာဉ်ကွင်းအတွက် စိတ်မကောင်းဖြစ် သည် ။ ခေါင်းကို မော့ကြည့်လိုက်သည့်အခါတွင် ပျက်စီးနေသော လေယာဉ်ကွင်းကို တွေ့ရသည် ။

ဒါကိုတာ လေယာဉ်နှစ်စင်းမှာ မြင်မကောင်းတော့။ တူမဖြစ်သူ အင်္ဂလိပ်အမျိုးသမီးမှာ ချက်ချင်း သေဆုံးသွားပြီး အဒေါ်နှင့် သူ့ဗိုလ်မှူးမှာ နောက်တစ်နေ့၌ ဆေးရုံတွင် သေဆုံးသွားကြသည် ။ သူတို့ ဟဲဟိုးမှ မြစ်ကြီးနားသို့ လာခဲ့ရသည့် ခရီးသည်

အပျော်ခရီးမဟုတ်။ စွန့်စားခန်းကြီး တစ်ခုဖြစ်သည် ။ ယခု စွန့်စွန့်စားစား လာရပြီးမှ မြစ်ကြီးနားတွင် မလှမပ အဆုံးသတ်သွားရပြီ။

ဂွဒ်မင်းသည် ကျန်သည့် သူ့တပ်စုဝင်များ နှင့်အတူ မြစ်ကြီးနားမှ ခြေကျင်ထွက်လာခဲ့သည် ။ ရိက္ခာအချို့၊ စောင်တစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်၊ ခြေအိတ်နှင့် ဘောင်းဘီတိုအချို့တို့ ကို ယူကာ မိုးကောင်း-မိုင်းခွမ်းလမ်းဆီသို့ လာခဲ့သည် ။ ထိုလမ်းသည် မြစ်ကြီးနားမှ မိုင်သုံးလေးဆယ်လောက် ဝေးလိမ့်မည်ဟု သူ ထင်သည် ။ လမ်းတွင် ကားကြုံတွေ့လျှင်လည်း မိုင်းခွမ်းသို့ လိုက်သွားရန် ဖြစ်သည် ။

မိုးကောင်း-မိုင်းခွမ်းလမ်းကိုတွေ့ပါ၏။ ရွာတစ်ရွာသို့ဝင်၍ လှည်းတစ်စီးဝယ်ပြီး ပစ္စည်းများကို တင်လာခဲ့သည် ။ မိုင်းခွမ်းသို့ ရောက်သည့်အခါတွင် လမ်းဆုံးသွားလေပြီ။ မိုင်းခွမ်းအလွန်တွင် တောလမ်းကြမ်းသာလျှင် ရှိတော့သည် ။ လမ်းတစ်လျှောက်တွင် မိုင်ပေါင်းများ စွာ ရှည်လျားသော လူတန်းကြီးကို တွေ့ရသည် ။ ဗြိတိသျှစစ်သားများ ၊ အရာရှိများ ၊ အိန္ဒိယနှင့် မြန်မာစစ်သားများ ၊ မွန်ရည်သည့် အင်္ဂလိပ်-မြန်မာကပြား လင်မယားနှစ်ယောက်ကို တွေ့ရသည် မှာ စိတ်မချမ်းသာစရာ။ ဇနီးလုပ်သူမှာ ကိုယ်ဝန်ခုနစ်လသားကို လွယ်လျက်။

သူတို့ အစုသည် ရက်များ မကြာမီ ချင်းတွင်းမြစ်ကမ်းသို့ ရောက်လာခဲ့ကြသည် ။ မြစ်ကို ကူးစရာဆို၍ ဝါးဖောင်တစ်ခုမှ အပ တခြား ဘာမျှမရှိ။ ထိုဝါးဖောင်ကို ဝါးဖြင့်ရက်ထားသည့် ကြိုးဖြင့် တစ်ဖက်ကမ်းအရောက် ဆွဲယူရသည် ။ ကမ်းတစ်ဖက်မှ

လူရာပေါင်းများ စွာကို ထိုဝါးဖောင်ဖြင့်ပင် ပို့ရသည် ။ တစ်ခေါက်ထက်တစ်ခေါက် ဖောင်ပေါ်တွင် လူတွေများ လာပြီး ဖောင်ကြိုးပြတ် သွားသည် ။ သူတို့ လှည်းကို ဤဖောင်ပေါ်တွင် တင်၍ မဖြစ်တော့။ ထို့ကြောင့် ဂွဒ်မင်းက သူ့လှည်း ကိုလည်း မီးရှို့ပစ်ခဲ့ရသည် ။ တစ်ချိန်လုံး မိုးတွေရွာနေသဖြင့် အိပ်၍ မရကြ။ ကွင်းပြင်တွင် ရှစ်ပေခန့် မြင့်သည့်မီးဖိုကြီးတစ်ဖိုဖိုကာ မီးဖိုဘေးတွင် ဝိုင်းထိုင်ကြရသည် ။ အင်္ဂလိပ်-မြန်မာကပြား လူငယ်ကလေးနှစ်ဦးက တစ်ဖက်ကမ်းသို့ လက်ပစ်ကူးကာ ဖောင်ကြိုးကို ဆက်ကြသည် ။ ဆက်၍ မရသည့် အခါတွင် သူ့လှေကလေးကို ထုတ်ပေးရန် ရွာသူကြီးကို နားချရ၏။ ပထမသော် သူကြီးက ထုတ်၍ မပေး။ အရင် ဆုတ်သွားသော တပ်များက ရွာသားများကို ရိုင်ဖယ်သေနတ်တွေ ပေးပစ်ခဲ့သဖြင့် သူကြီးမှာ ရွာသားများကို လန့်နေသည် ။ နောက်ဆုံးတွင် သူကြီးက သူတို့ အသိုက်ကို တစ်သုတ်စီ လိုက်ပို့ပေးသည် ။ ဂွဒ်မင်း၏ နွားများမှာ မြစ်ကိုကူးသွားကြသည် ။ ဂွဒ်မင်းသည် ကျန်သည့် လူသိုက်ဖြင့် ခရီးဆက်ခဲ့သည် ။

တစ်ညနေမှာ ရွာကြီးတစ်ရွာကို လှမ်းမြင်ရလို့ ကျွန်တော်တို့ ဝမ်းသာသွားကြတယ်။ ရွာရောက်ရင် နွေးနွေးထွေးထွေး အိပ်ရတော့မယ်လို့ ကျွန်တော်တို့ အားတက် သွားကြတယ်။ ဒါပေမဲ့ ရွာကို ရောက်တော့ ဒီနေရာမှာ ဘယ်သူမှ နားခဲ့ဖူးဟန်မတူဘူး။ ပြင်းထန်တဲ့ အနံ့ကြီးကို ရတော့မှ ဒီနားမှာ ဘာကြောင့် မနားကြသလဲဆိုတာ ကျွန်တော်တို့ သိတော့တယ်။ ဘယ်သူနားပါ့မလဲ။ တစ်ရွာလုံး အလောင်းတွေ တောင်ပုံရာပုံ ပြည့်နေတာကိုး။ ဒါနဲ့ ကျွန်တော်တို့ တစ်တွေ ခပ်ဝေးဝေးက ကွင်းထဲမှာ သွားအိပ်ကြတယ်။ မိုးရွာလာတော့ ကျွန်တော်တို့ တစ်တွေ ကျိုန်ဆဲမိကြတယ်။

နောက်တော့ ကျွန်တော်တို့ တစ်တွေလည်း လူသေတွေနဲ့ ယဉ်ပါးသွားကြပါတယ်။ ကျွန်တော်တို့ ရှေ့က ဖြတ်သွားတဲ့ အရပ်သား စစ်ပြေးဒုက္ခသည် တွေရဲ့ အလောင်းတွေပဲ ဖြစ်မှာ ပေ့ါ။ ဒီနေရာမှာ အလောင်းတွေ ပုံနေတာ ဘယ်လောက်များ ကြာပြီလဲ မဆိုနိုင်ဘူး။ 'ပုပ်သိုးဆွေးမြည့်' ဆိုတဲ့ စကားကို ဒီတော့မှ ကျွန်တော် ရေရေလည်လည် နားလည်တော့တယ်။ တချို့အစာငတ်လို့ သေကြတယ်။ တချို့လည်း ရောဂါကြောင့် သေကြတယ်။ အများအားဖြင့် အိန္ဒိယအမျိုးသား ဆင်းရဲသားတွေပဲ။ ဒီလောက်များ တဲ့ အလောင်းတွေကို မြင်တော့ ရိုးသွားပြီလေ။ ဘာမှ အံ့သြစရာတော့ မရှိပါဘူး။ တချို့လည်း လမ်းဘေးမှာ ထိုင်ရင်း၊ လဲရင်း သေမယ့်အချိန်ကို စောင့်နေကြတယ်။ ကျွန်တော်တို့ လည်း ဘာမှ မတတ်နိုင်တော့ဘူးလေ။ စိတ်မကောင်းလိုက်တာလို့ ပြောပြီး ကိုယ်လည်း ဒီလို အဖြစ်မျိုး မရောက် အောင် ဆုတောင်းရုံပဲ တတ်နိုင်တော့တယ်။ တချို့အလောင်းတွေကိုလည်း အဖော်တွေက ကျင်းတူး ပြီး မြှုပ်ခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တွေ့ရသလောက် ဆိုရင် ထူးပြီး မြှုပ်တဲ့ နေရာဆိုလို့ နှစ် နေရာပဲ တွေ့ခဲ့ရတယ်။

ကျွန်တော်တို့ လည်း ခရီးဆက်ခဲ့တယ်။ ရာသီဥတုက ဆိုးသထက် ဆိုးလာတယ်။ လမ်း တစ်လျှောက်လုံး ရွှံ့ဗွက်တွေချည်းပဲ။ အချို့က ဒူးဆစ်လောက် ရှိတယ်။ ရွှံ့ထဲမှာ တစွပ်စွပ်နဲ့ လျှောက်ရတာဟာ ပင်ပန်းလှတယ်။ မကြာခဏ နားရတယ်။ နားပြီးတိုင်းလည်း ခရီးဆက်ဖို့ မနည်း အားတင်းရတယ်။

ဟု ဂွဒ်မင်းက မှတ်တမ်းတင်သည် ။

ထိုအချိန်ထိ သူတို့ စိတ်ဓာတ်မကျကြသေး။ ဘီယာနှင့်

ယဉ်ကျေးမှုကို တမ်းတသည့် အိပ်မက်များ မပြယ်ကြသေး။ သူတို့ ၏ အိန္ဒိယထမင်းချက်များက သူတို့ ကို အစားအသောက် ကြံဖန် ကျွေး နိုင်ကြသေးသည် ။ မနက်လင်းလျှင် လက်ဖက်ရည်နှင့် ယာဂုကို ရနိုင်သေးသည် ။ နေ့လယ်တွင် ဘီစကွတ်ကလေး နည်းနည်းပါးပါး စားရသေးသည် ။ ညစာအဖြစ် ထမင်းတစ်လုတ်စာနှင့် အမဲသား ပြုတ် နည်းနည်းရနိုင်သေးသည် ။ နောက်တွင် မှ အမဲသားပြုတ် မရတော့ဘဲ ထမင်းချည်း သက်သက် စားရသည် ။ ရေမပြတ်၍ တော်သေးသည် ဟု ဆိုရတော့မည်။

ထို့နောက်တွင် မူ လူတွေ ပန်းစပြု လာလေပြီ။ ရိက္ခာကလည်း နည်း လာလေပြီ။ ဘုရင့်လေ တပ်မတော်က ရိက္ခာတွေ ချပေးနေသည် ဆိုသည့် သတင်းကို အယုံအကြည်မရှိကြတော့။ ရွာကြီး တစ်ရွာနားသို့ အရောက်တွင် လေယာဉ်ပျံသံ ကြားပြီး လေယာဉ်တစ်စင်းဝဲနေသည် ကို မြင်သည့်အခါတွင် သူတို့ အားတက်လာကြသည် ။ ဗြိတိသျှ အမျိုးသားတစ်စုက လေယာဉ်မှ ချပေးသွားသော ရိက္ခာများကို ဝေငှပေးနေသည် ကို မြင်ရသဖြင့် သူတို့ တစ်သိုက်လည်း သွား၍ တန်းစီကြသည် ။ သုံးရက်လုံးလုံး အိန္ဒိယအမျိုးသားများအား စားစရာ မဖြစ်စလောက်လေးကို ဝေငှပေးသည် ။ ထိုအထဲတွင် သားသည် အမေများ နှင့် ကလေးငယ်များ ၊ ကလေးများ ပါကြသည် ။ ဆန်၊ နို့ဆီ၊ သစ်သီးဘူး၊ အသားဘူး စသည် တို့ ဖြစ်သည် ။ ထိုအချိန်၌ ဂွဒ်မင်းတို့ အဖွဲ့သည် ခရီးတစ်ဝက်လောက် ပေါက်လာခဲ့လေပြီ။ သို့ရာတွင် ရှေ့ကာဆီးနေသော တောင်တန်းကြီးများကို မြင်နေရသေးသည် ။ အစားစားရသဖြင့် စိတ်ဓာတ်အနည်းငယ် တက်လာကြသည် ။

တောင်တွေက ဆုံးပဲ မဆုံးနိုင်တော့ဘူး။ တောင်ထိပ်တွေပေါ်ကို ရောက်တော့ မောလွန်းလို့ ကျိန်ဆဲခြင်းပင် မပြုနိုင်တော့ဘူး။ ပေ

၆၀၀၀ ခန့်ရှိတဲ့ အမြင့်ဆုံးတောင်ထိပ်ကို ရောက်သွားတော့လည်း ရှေ့ မှာ တောင်ကြီးတွေ ပိတ်ဆီးနေတာကို တွေ့ရပြန်တယ်။ တစ်တောင်ကို ဆင်းပြီး တစ်တောင်ကို ကျော်ရပြန်တယ်။ လမ်းက သုံး၊ လေးပေထက် မကျယ်ဘူး။ နွံ့တွေချော်နေလို့ ခြေချော်ကျသွားရင် အောက် မှာ အရိုးအသားတောင် ရှာရတော့မှာ မဟုတ်ဘူး ။ ဟု ဂွဒ်မင်းက သူ့မှတ်တမ်းတွင် ရေးခဲ့သည် ။

သူတို့ သည် နေ့တွင် ကိုယ့်အစုနှင့် ကိုယ်သွားပြီး ညစခန်းချသည့်အခါတွင် မှ လူချင်းဆုံကြသည် ။ လမ်းတွင် ဂွဒ်မင်းမှာ ငှက်ဖျားဖျားရာ သူ့ထမင်းချက်က သူ့ကို ပြုစုရသည် ။ အဖျားကျချိန်တွင် အစာစားသည် ။ ရက်ပေါင်းများ စွာ ကြာလာသည့်အခါတွင် သူတို့ အထဲမှ လူများမှာ မျက်တွင်း ဟောက်ပက်ဖြစ်ကာ ပိန်ချုံးကုန်ကြလေပြီ။ သို့ဖြင့် ငါးပတ်ခန့် ခြေကျင်လာမိသည့်အခါတွင် ဂွဒ်မင်း၏ ခြေထောက်တွေ ပေါက်ကုန်သည် ။ ကောင်းကောင်း လမ်းမလျှောက်နိုင်တော့။ သူနှင့်အတူ ပါလာသည့် အင်္ဂလိပ်အရာရှိတစ်ဦးဖြစ်သူ **ကွတ်** (Major Cooke) အား သူ့ကို ထားခဲ့ပြီး ခရီးဆက် သွားရန် ပြောသည် ။ သို့ရာတွင် ကွတ်က လက်မခံ။ ရှေ့က ဘယ်လောက်ရောက်ရောက် တစ်နေရာသို့ ရောက်လျှင် သူ့ကိုစောင့်ခေါ်သည် ။ တစ်နေ့တွင် မူ ဂွဒ်မင်း ထိုင်ရာမှ မထနိုင်တော့။ ဤတွင် သူတို့ နှစ်ယောက် လူချင်းခွဲခဲ့ကြသည် ။ အချို့နေရာများ တွင် အာသံပြည်နယ်ရှိ လက်ဖက်ခြံပိုင်ရှင်များ အသင်းက ကယ်ဆယ်ရေး စခန်းများ ဖွင့်ထားသည် ဟု သူ ကြားသည် ။ စခန်းတစ်ခုမှာ ရှေ့နားတွင် ရှိသည် ဆိုသဖြင့် ထော့နင်းထော့နင်းဖြင့် လျှောက်လာခဲ့သည် ။

အဲဒီအချိန်ရောက်တော့ ကျွန်တော့်ခြေထောက်တွေ ဖူးရောင်လို့

နှစ်ဆလောက်ကြီးနေပြီ။ ဒူးဆစ်အထိ ခြေသလုံးတစ်လျှောက်လုံး ဖူးဖူးရောင်နေတယ်။ တောင်ပေါ်က ဆင်းရတဲ့ အခါမျိုး၊ တရွတ်တိုက် ဆင်းရသည့်အခါမျိုးဆိုရင် နာလိုက်တာ ဘာပြောကောင်းမလဲ။ ညနေမိုးချုပ်သည် အထိ စခန်းကို မမြင်ရတော့ ကျွန်တော့်ကိုယ် ကျွန်တော် ဒီတောင်က ကျော်နိုင်ပါတော့မလားလို့ သံသယ ဖြစ်လာတယ်။ စားစရာဆိုလို့ တမင် မဖောက်သေးဘဲ ချန်ထားတဲ့ ဒိန်ခဲဘူးတစ်ဘူးသာ ရှိတော့တယ်။ ညနေစောင်းကျတော့ ခြေတံရှည် တောင်ယာတဲကလေးတစ်လုံးကို တွေ့ရတယ်။ တဲကလေး အောက်မှာ အိန္ဒိယစစ်သားသုံးယောက် ထိုင်နေတာ မြင်ရတယ်။ မီးဖိုကလေးဖိုထားတယ်။ အဖော်ကိုမြင်ရလို့ လက်ဖက်ရည်ပူပူကလေးတစ်ခွက် ဖျော်သောက်ဖို့ ခွင့်ရလို့ သူတို့ ဆီကို လေးဖက်ထောက် လာခဲ့တယ်။ တဲအပေါ်မှာ သူတို့ အဖော်နှစ်ရှိပြီး တစ်ယောက်က ဖျားနေတယ်။ သူတို့ မှာ ဘီစကွတ်လေး နည်းနည်းပါလို့ ကျွန်တော့်မှာ ပါလာတဲ့ ဒိန်ခဲနဲ့ မျှဝေစားကြတယ်။ ပြီးတော့ ပုလင်းထဲမှာ ပါလာတဲ့ ရေကလေးကို စုပေါင်းပြီး လက်ဖက်ရည်ကျိုရင်း စကားပြောကြတယ်။ သူတို့ က ဆယ့်ငါး ပေအကွာခန့်မှာ ရှိနေတဲ့ အလောင်းတစ်လောင်းကို ပြတယ်။ ဒါပေမဲ့ ဒီအသေးအဖွဲ့ကလေးကို ကျွန်တော် ဂရုမစိုက်တော့ဘူးလေ။ ဟု ဂွဒ်မင်းက ရေးသည် ။

သို့ရာတွင် သူ့အားတက်မှုသည် တစ်ညသာခံပါသည် ။ နောက်တစ်နေ့ မနက်ရောက်သည် နှင့် သူလည်း ထိုအလောင်း၏ ကံကြမ္မာမျိုးနှင့် ရင်ဆိုင်ရတော့မည်ဟု တွေး၍ သူ စိတ်ဓာတ်ကျသွား သည် ။ အိန္ဒိယ စစ်သားများအား သူနှင့် အတူလိုက်ရန် ခေါ်သော်လည်း သူတို့ က နေရစ်ခဲ့တော့မည် ဟု ပြောသည် ။ သို့ဖြင့် ဂွဒ်မင်းသည်

တစ်ယောက်တည်း ခရီးဆက်လာခဲ့သည် ။

ကျွန်တော့်ခြေထောက်က ကိုက်ခဲနေပြီ။ လက်ထဲမှာ တောင်ဝှေးတစ်ချောင်းကို ကြာရှည် ကိုင်ခဲ့ရလို့ ညာဘက်လက်ကလည်း လေဖြတ်သလို မလှုပ်နိုင်တော့ဘူး။ နောက်ထပ်ကူညီမယ့်သူ တစ်စုံတစ်ယောက်တွေ့မှ ကျွန်တော် အိမ်ပြန်ရောက်တော့မှာ ။ မတွေ့ဘူး ဆိုရင်တော့ မျှော်လင့်ချက် မရှိတော့ဘူးလို့ စိတ်လျှော့လိုက်တယ်။ ဒီနေ့ တစ်နေ့လုံး ဘယ်လို လျှောက်လာခဲ့တယ်ဆိုတာ ကျွန်တော် မသိတော့ဘူး။ ညနေစောင်းမှာ အတော်အတန်ကြီးတဲ့ ဝါးတဲတစ်သိုက်ကို ကျွန်တော် တွေ့လိုက်ရတယ်။ ပထမဆုံး တွေ့တဲ့ တဲကို ဝင်လို့ အင်္ဂလိပ်အမျိုးသားတစ်ယောက်က ဝမ်းသာအားရ နှုတ်ဆက်ပြီး လက်ဖက်ရည်တစ်ခွက်ပေးတဲ့ အခါမှာ ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ မိုးတွေက တဖြိုင်ဖြိုင် ရွာချပြီး မြေပြင်မှာ ရွှံ့ဗွက်တွေ ဖြစ်နေသည့်တိုင် အဲဒီနေရာကလေးဟာ ကျွန်တော့်အတွက် နိဗ္ဗာန်ဘုံပဲ။

ခြေထောက်ကြီးမှာ နှစ်ဖက်စလုံး ဖူးဖူးရောင်နေသည့်အတွက် သူ့ကို ထမ်းစင်တစ်ခုပေါ်တွင် တင်၍ ပုခက်ကြိုးသိုင်းကာ အလုပ်သမားနှစ်ယောက်က သယ်သွားသည် ။ မကြာခဏ ချော်လဲသဖြင့် သူ့ကို တစ်ကြိမ်၊ နှစ်ကြိမ်မျှ ပစ်ချရန် လုပ်ကြသေးသည် ။ သို့ရာတွင် အဆိုးဆုံးကျော်ခဲ့ပြီဆိုသည် ကို သူ သိသည် ။ အသက်အရွယ်ငယ်ခြင်း၊ နာလန်ထမြန်ခြင်း၊ တစ်ခါတစ်ရံတွင် မိတ်ဆွေတို့ ၏ ကူညီ စောင်မမှုကို တွေ့ခဲ့ရခြင်းတို့ ကြောင့် သူ မသေဘဲ အသက်ရှင်ကျန်ရစ်ခဲ့ခြင်း ဖြစ်သည် ။

လီဒိုသို့ရောက်လာသူများ ၏ အခြေအနေမှာ ပို၍ ပင်ဆိုးသေးသည် ။ အားလုံး အားပြတ်လျက် စိတ်ဓာတ်ကျလျက်၊ ရောဂါဖိစီးလျက် ရှိကြသည် ။ 'အားလုံးပင် တစ်ယောက်ကိုတစ်ယောက် ကူညီ ရိုင်းပင်းသည့် စိတ်တွေ ပျောက်ကုန်ကြလေပြီ။ အားလုံး ခြောက်အိပ်မက်မက်သကဲ့သို့ ကယောင်ကတမ်း ဖြစ်နေကြပြီ။ သူတို့ အားလုံး၏ မျက်စိထဲတွင် တဟီးဟီး အော်မြည်စီးဆင်းနေသည့် မြစ်ကြီးများ ၊ ချောင်းကြီးများ ၊ ရွှံ့ဗွက်များ နှင့် အလောင်းများကိုသာ မြင်နေကြသည် ။ အားလုံး ပိန်ချုံးကာ အရိုးပေါ်အရေတင် ဖြစ်နေကြသည် 'ဟု ဗိုလ်မှူးချုပ်တစ်ယောက်က ရေးခဲ့သည် ။

အိန္ဒိယစစ်ပြေးဒုက္ခသည် များ ဤသို့ အတိဒုက္ခရောက်ခဲ့ရခြင်းသည် မြန်မာပြည်အစိုးရအနေဖြင့် အမြော်အမြင်ရှိမှုနှင့် စာနာရိုင်းပင်းမှု အားနည်းခြင်းကြောင့် ဖြစ်သည် ။ အာသံနယ်ရှိ လက်ဖက် စိုက်ပျိုးသူများကဲ့သို့သော ရဲရင့်၍ ကိုယ်ကျိုးမငဲ့သူများ သာ မရှိခဲ့လျှင် စစ်ပြေးဒုက္ခသည် နောက်ထပ် ထောင်ပေါင်းများ စွာ ဆုံးရှုံးခဲ့ရဦးမည်။ အိန္ဒိယအစိုးရ၏ စာရင်းအရ အိန္ဒိယပြည်သို့ ချောမောစွာ ရောက်ရှိခဲ့သူမှာ ငါးသိန်းဖြစ်ပြီး လမ်းတွင် ဒုက္ခသည် တစ်သိန်းလောက် သေဆုံးခဲ့သည် ဟု ဖော်ပြသည် ။ ၁၉၄၂ ခုနှစ်က ဖြစ်ခဲ့သော စစ်ပြေးဒုက္ခသည် တို့ ၏ ရွှေ့ပြောင်းမှုကြီးသည် မြန်မာပြည်တွင် အိန္ဒိယအမျိုးသားတို့ တစ်စုတစ်ဝေးတည်း ရှိနေခြင်းကို အဆုံးသတ်လိုက်ခြင်း ဖြစ်သည် ဟု ဟူးတင် ကာက ရေးခဲ့သည် ။ မှန်သင့်သလောက် မှန်ပါသည် ။ သို့ရာတွင် ရန်ကုန်တွင် အများ အပြား ကျန်ရစ် ခဲ့ပါသေးသည် ။ ဂျပန်ခေတ်တွင် ဂျပန်စစ်တပ်၏ ကန်ထရိုက်တာအဖြစ် အလုပ်လုပ်နေကြသည့် အိန္ဒိယလူမျိုးတွေ အများကြီး ရှိနေပါသေးသည် ။

မြန်မာပြည်မှ ထွက်ပြေးခဲ့ရာ လမ်းတစ်လျှောက်တွင် စစ်ပြေးဒုက္ခသည် များကို နောက်ဆုံး ရှာဖွေခဲ့ရသည့် အရာရှိတစ်ဦးဖြစ်သူ **ဂျော်ဖရီတိုင်ဆန်** (Jeoffery Tyson)က ဒုက္ခသည် စခန်း တစ်ခုဖြစ်သည့် လီဒိုအနီးရှိ **တံခွန်တောင်** (Tagun Hill) တွင် တွေ့ခဲ့ရသည့် စခန်းတစ်ခု အကြောင်းကို ဤသို့ ရေးသားခဲ့လေသည် ။

တောထဲရှိ ကွက်လပ်ကလေးထဲတွင် တဲပျက်တွေ ပြန့်ကျဲလျက်ရှိသည် ။ အချို့မှာ ထိုတဲစခန်းများ တွင် နားရင်း သေသွားခဲ့ကြသည် ။ တစ်ယောက်ကို တစ်ယောက် ပွေ့ဖက် သေဆုံးနေကြသော မိခင်နှင့်ကလေးငယ်တို့ ကို ကျွန်တော် မြင်ခဲ့ရသည် ။ အခြားတဲတစ်လုံးတွင် မီးဖွားရင်းတန်းလန်း သေဆုံးနေသော မိခင်တစ်ယောက်ကို မြင်ခဲ့ရသည် ။ ကလေးငယ်မှာ အပြင်သို့ တစ်ပိုင်းထွက်လျက် ရှိ၏။ ထိုစခန်းတွင် လူငါးဆယ်ထက်မနည်း သေခဲ့ကြသည် ဟု သိရသည် ။ အချို့ ခရစ်ယာန်ဘာသာဝင်တို့ မှာ မသေခင် သူတို့ အနီးတွင် သစ်သားလက်ဝါးကပ်တိုင် စိုက်ထားကြသည် ။ အချို့သော အရိုးစုလက်ချောင်းများ ထဲတွင် မယ်တော်မာရီ၏ ပုံတော်ကို ဆုပ်ကိုင်ထားကြသည် ။ စစ်သားတစ်ယောက်၏ အရိုးပုံပေါ်တွင် သိုးမွေးဦးထုပ်ကလေးမှာ အကောင်းပကတိ ရှိနေသေးသော်လည်း ခြေထောက်တွင် စည်းထားသည့် ပတ်တီးမှာ ဆွေးမြည့်နေလေပြီ။

အ ချို့ တဲ များ မှာ သစ်ပင်တွေ၊ ချုံနွယ်တွေ ဖုံးနေလေပြီ။ ထိုချုံနွယ်များ သည် အရိုးစုများကို ဖုံးအုပ်ပစ်လိုက်ကာ ဖုန်မှုန့်နှင့် ရေညှိများ အဖြစ်သို့ ပြောင်းပစ် လိုက်လေသည် ။

ဟု ထိုခရီးတစ်လျှောက်တွင် ဒုက္ခသည် များကို ရှာဖွေခဲ့ရသူ

ကျော်ရှိတိုင်ဆန်က ရေးခဲ့သည် ။

***